
The LIGHT Arts MEDIA

တက္ကသိုလ်ဘုန်းမောင် စီစဉ်သည်

# ရင်ထိတ်သည်းဖို

ရသဝတ္ထုတိုများ စုစည်းမှု (၈)



မောင်သိန်းဆိုင်၊ မြေနီသစ္စာ၊ နန္ဒာမိုးကြယ်၊ မောင်သွေးရင့်၊ ကိုမောင်သန့်ဇင်း၊ တင်တင်မြင့်
အောင်မြတ်ဦး၊ မောင်မြင့်မား(ဘိုကလေး)၊ ဒါရိုက်တာမိုးဇော်အောင်၊ မောင်မေသ၊ မင်းဇံသာ
ဇလွန်ကျော်ဦး၊ ဟိန်းထက်နေဇော်၊ ဇာနီအောင်(ရွှေဝတီ)၊ မြင့်မြတ်မြူခင်(အရှေ့ပိုင်းတက္ကသိုလ်)

THE LIGHT ARTS MEDIA

Design: Ye' Min

## နိုင်ငံတော်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — နိုင်ငံတော်အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — နိုင်ငံတော်အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — နိုင်ငံတော်အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး တက္ကများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


တက္ကသိုလ် ဘုန်းမောင် စီစဉ်သည်


# ရင်လှိုက်သည်းဖို

## ရသဝတ္ထုတိုများ

## စုစည်းမှု (၈)


The LIGHT Arts MEDIA

၄၂/၇ သီရိဂုဏ်ရည်ခြံ၊ ဆရာစံ (မ/န) ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၁-၅၅၇၅၆၅

# ရင်လှိုက်သည်းဖို

ရသဝတ္ထုတို...
စုစည်းမှု (၈)

e Light Arts Media



မာ တိ ကာ


၁။ မောင်သိန်းဆိုင်
ဆိုသာဆို ပိုပိုသည့်စကား

၂။ မြေနီသစ္စာ
ရင်နာစရာ နှစ်မင်္ဂလာ

၃။ နန္ဒာမိုးကြယ်
ဥပဒေရဲ့လက်ဆောင်

၄။ မောင်သွေးရင့်
ဂမ္ဘီရ နှင်းဆီတစ်ပွင့်

၅။ တင်တင်မြင့်
မနောဝိညာဉ်၏ပဋိပက္ခ

၆။ မောင်မြင့်မား(ဘိုကလေး)
တိုက်ပွဲ နှင့် ရလဒ်

၇။ မောင်မေစ
မြေလှိုင်လှိုင်းမိုးပျံ့ပျံ့




# ရင်လှိုက်သည်းဖို

ရသဝတ္ထုတိုများ
စုစည်းမှု (၈)

တိ ကာ


အောင်မြတ်ဦး ၁၄၃
အချစ်ရူးည

မင်းကံသာ ၁၅၅
ကဗွီယကံကောင်း နှင့် ကိုးနဝင်းဂေဟာ

ကိုမောင်သန်းဝင်း ၁၆၉
ဂမ္ဘီရဗြောင်မျိုးနွယ်နှင့်သဘာဝကုထုံးဆန်း

ဒါရိုက်တာ မျိုးဇော်အောင် ၁၇၉
ကျွန်တော်နှင့် အဘဖိုးလူ

ဇာနီအောင် (ရမ္မာဝတီ) ၁၉၁
ထောင်နဲ့ရင်းစားသူ

ဇလွန်ကျော်ဦး ၁၉၉
အဆိပ်သင့်နှလုံးသား

မြင့်မြတ်မြူစင် (အင်္ဂလိပ်စာတက္ကသိုလ်) ၂၁၀
ကာရန်မှားသောသီချင်းတစ်ပုဒ်

ဟိန်းထက်နေဇော် ၂၂၅
ဆင်သွားလမ်းပေါ်ကရွာကလေး


မျက်နှာဖုံး ဒီဇိုင်း နှင့်
အပြင်အဆင် - ရဲမင်း
ပန်းချီ
အောင်နိုင်လတ်
ကွန်ပျူတာ
The Light Arts Media Gr





ပုံနှိပ်မှတ်တမ်း

တာမူခွင့်ပြုအမှတ် ၅၀၀၀၆၈၀၁၁၁
မျက်နှာဖုံးခွင့်ပြုအမှတ် ၅၀၀၉၁၂၀၈၁၁

မျက်နှာဖုံး ဒီဇိုင်း၊ အပြင်အဆင် - ရဲမင်း
အတွင်းပန်းချီ ဒေအာင်နိုင်လတ်
ဖြန့်ချိရေး ဆောင်ရွက်သူ The Light Arts Media Group
ဖလင် ဝိန်နှဂါး၊ A-7 Group

/၇ သီရိဝှက်ရည်ဖြူ၊ ဆရာစံ (မြောက်/အနောက်) ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၅၅၇၅၆၅

ဤစာအုပ်အား ဒေါ်ခင်မာချို ပန်းဝေဝေစာပေ အမှတ် ၃၆၀ ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့မှ
ထုတ်ဝေ၍၊ မျက်နှာဖုံး နှင့် အတွင်းပုံနှိပ်သူ ဦးမျိုးမြင့် စန်းသီဂီပုံနှိပ်တိုက်
အမှတ် ၇ လမ်း ၁၆၀ တာမွေမြို့နယ် မှ ပုံနှိပ်ပြီး ၂၀၁၁ ခုနှစ် အောက်တိုဘာလ
ထမအကြိမ်၊ အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၅၀၀ ကျပ်ဖြင့် The Light Arts Media မှဖြန့်ချိပါသည်၊

စာအုပ်ကတ်တလောက် အညွှန်း ' (CIP)

၈၀၈.၈၃
ဘုန်းမောင်၊ တက္ကသိုလ် (စီစဉ်သည်)
ရင်လှိုက်သည်းဖို ရသဝတ္ထုတိုများ စုစည်းမှု (၈)/
တက္ကသိုလ်ဘုန်းမောင် (စီစဉ်သည်)။
- ရန်ကုန်
န်းဝေဝေစာပေ၊ ၂၀၁၁
တမျက်နှာ ၂၄၀၊ ၁၃ x ၂၀.၅ စင်တီ
(၁) ရင်လှိုက်သည်းဖို ရသဝတ္ထုတိုများ စုစည်းမှု (၈)



မောင်သိန်းဆိုင်

ဆိုသာဆို
ပိုမိုသည့်စကား

# မောင်သိန်းဆိုင်

# ဆိုသာဆိုပိုပိုသည့်စကား

(၁)

မစ္ဆရိယစိတ်ကင်းသောအချစ်သည် ဆားမရှိသောဟင်းကဲ့သို့ ပေါ့ပျက်ပျက်နိုင်သည်ဟု စာရေးဆရာတစ်ဦးကရေးဖူးသည်။ ပမာအားဖြင့် သတိုးမင်းဖျားနှင့်စောဥမ္မာ၊ မတ်အန်တော်နီနှင့် ကလီယိုပထရာတို့၏ အချစ်ရေးကိစ္စများကို ညွှန်ပြပါသည်။

မှားသည်မှန်သည် မဝေဖန်လိုပါ။သို့သော် မစ္ဆရိယစိတ်မကင်းသောအချစ်မှာမူ ကြောက်မက်ဖွယ်ကောင်းသည်။ခါးသီးနာကျည်းဖွယ်ဖြစ်သည်ဆိုခြင်းကိုတော့ ကျွန်တော်ပြောလိုပါသည်။ ပမာအားဖြင့် ကျွန်တော်တို့၏အဖြစ်ကိုပင် တင်ပြလိုပါသည်။

စင်စစ်ကျွန်တော်တို့သည် ပင်ကိုယ်သဘာဝအားဖြင့်လူသတ်သမားဟူသောအမည်ဆိုးနှင့် လုံးဝထိုက်တန်သူများမဟုတ်ကြောင်း ကျွန်တော်တို့ကိုယ်ကျွန်တော်တို့သိပါသည်။ သို့သော်ဝန်တိုမစ္ဆရိယစိတ်က စေစားလာသောအခါ ကျွန်တော်တို့သည် ရူးနှမ်းမိုက်မဲသူများဖြစ်ခဲ့ရသည်။အိပ်မက်ဆိုးပမာဖြစ်သော ပြစ်မှုတစ်ရပ်ကို ကျူး





လွန်မိသူများဖြစ်ခဲ့ရသည်။ ကျွန်တော်တို့၏ဦးနှောက်နှင့်သန့်စင်သောအတွေးများကို တွေဝေမှိုင်းသွဲ့စေခဲ့သည်။ ကျွန်တော်တို့၏သာမန်ဘဝများကို ပျက်ပြားအရုပ်ဆိုးစေခဲ့သည်။

မစ္ဆရိယစိတ်သည် ကြောက်မက်ခါးသီးဖွယ်ကောင်းသည်ကို ယခုတော့ ကျွန်တော်တို့ပြောနိုင်ခဲ့ကြပြီ။သို့သော်လည်း ယခုအခါ နောင်တတရားမှတပါး အခြားဖေးမကယ်တင်မည့်အရာကို ကျွန်တော်တို့ ရှာမတွေ့နိုင်ကြတော့ပါ။

အဖြစ်က သည်လို။

ကျွန်တော်၏နာမည်မှာ အောင်ဇော်ထူး။အများကမူဇော်ဇော်ဟုခေါ်ကြသည်။

အသက်မှာ နှစ်ဆယ့်နှစ်ကိုသီသီသာကျော်သေးသည်။ကြည့်ကောင်းသောလူရွယ်တစ်ယောက်ဟု အများကပြောကြသည်။ထိုက်သင့်သလောက်ဝင်ငွေကောင်းကာ ဆွေမျိုးအသိုက်အဝန်းကောင်းများအကြားတွင် ကြီးပြင်းခဲ့သည်။

ပြီး သည်မှာ မြတ်ကျော်သူရှိသည်။သူသည် ယောကျ်ားပီသသူဖြစ်သည်။အရပ်မြင့်မြင့်အသားညိုညိုနှင့် မည်းနက်တောက်ပသောမျက်ဝန်းများရှိသူ။ဆံပင်လှိုင်းတွန့်ကလေးတွေနှင့် စကားကိုအေးဆေးစွာပြောတတ်သူ။ သူ့ကိုတော့အမျိုးသမီးများ ကျလောက်သူဟု ပြော၍ရနိုင်ပါသည်။

ကျွန်တော်တို့အကြားမှာ အောင်ဌေးဝင်းဆိုသူပါလာသေးသည်။ သူကမူမြတ်ကျော်သူနှင့် နေရာအတော်များများတွင် ဆန့်ကျင်ဘက်နိုင်သည်ဟုပြော၍ရသည်။ သူသည်အားကစားသမားတစ်ယောက်ဖြစ်သည်။ အရပ်သိပ်မရှည်ကျယ်ပြန့်ထွားကျိုင်းသောရင်အုပ်ရှိသည်။ သန်မာသောလက်မောင်း၊လက်ဖျံများကို ပိုင်ဆိုင်သည်။စကားကိုအော်ကြီးဟစ်ကျယ်ပြောတတ်ပြီး ရိဝေဝေနိုင်သောမျက်ဝန်းများရှိသည်။

ကျွန်တော်တို့သုံးယောက်သည် မိတ်ဆွေများမဟုတ်ခဲ့ကြ။

အသီးတခြားစီဟစ်နေရာစီမှာဖြစ်သည်။ အမှတ်မထင်ဆိုသလို ဆုံတွေ့ခဲ့ကြခြင်းဖြစ်သည်။

အကယ်၍ နွယ်လှိုင်ဝင်းဆိုသော မိန်းကလေးတစ်ယောက်ကို ကျွန်တော်တို့ မချစ်မိခဲ့ကြလျှင် ကျွန်တော်တို့ချင်းဆုံတွေ့နိုင်စရာ အကြောင်းမရှိ။ အမှုတွဲတစ်တွဲတည်းဖြစ်လာစရာအကြောင်းမရှိ။ ကိုယ့်ဆွေမျိုးအသိုက်အဝန်း၊ကိုယ့်ရေမြေသဘာဝနှင့်ကိုယ် ကျွန်တော်တို့ကြီးပြင်းခဲ့ကြခြင်းဖြစ်သည်။

ပြီးမိန်းကလေးတစ်ယောက်ကို ဝိုင်း၍ချစ်မိကြပြီဆိုသောအခါ ထိုသူချင်းစိမ်းသွားကြသည်မှာ သဘာဝဖြစ်သည်။ယင်းသဘာဝကို ကျော်လွန်ပြီးကျွန်တော်တို့ သုံးယောက်သားမှာမူ နွယ်လှိုင်ဝင်းကို ချစ်မိသည့်အတွက် စိမ်းမသွားသည့်အပြင် ခင်မင်ရင်းနှီးသောမိတ်ဆွေများဖြစ်ခဲ့ကြရသည်။

ဝင်စစ် သည်အဖြစ်ကိုလည်းကျွန်တော်တို့သုံးယောက်သားက တခုတ်တရဖန်တီးခဲ့ကြသည်မဟုတ်ပါ။

ကျွန်တော်သည် နွယ်လှိုင်ဝင်းနှင့်စတင်ကြုံတွေ့လာရသည့် အကြောင်းကို သတိရသည်။

နွယ်လှိုင်ဝင်းနှင့် ပတ်သက်သောအကြောင်းကို ကျွန်တော် သိခဲ့သည်မှာကြာပြီဖြစ်သော်လည်း တင်ဦးမောင်ကမိတ်ဆက်မပေးခဲ့မီအထိ သူမကို ကျွန်တော်အလေးအနက်ထားခဲ့သည်မဟုတ်။

နွယ်လှိုင်ဝင်းသည် ကျောင်းတွင်သော်လည်းကောင်း၊အရပ်ထဲတွင်သော်လည်းကောင်း ကျော်စောသူမဟုတ်ခဲ့။ကျွန်တော်တို့ ကျောင်းတွင် ခုနစ်တန်းအထိပညာသင်ခဲ့သော်လည်း ကျောင်းတွင် သူမက မျက်စိရှုန်းနေခဲ့မိသည်။ ခုနစ်တန်းနှစ်မှာပင် သူမကျောင်းမှထွက်သွားခဲ့ခြင်းကြောင့်လည်း ဖြစ်ကောင်းဖြစ်မည်။သူမသည် ဆင်းရဲနွမ်းပါးသောမုဆိုးမနှင့် ပင်ပန်းဆင်းရဲစွာရှန်းကန်ခဲ့ရသော မိန်းကလေးတစ်ယောက်ဖြစ်၍ ကျွန်တော်တို့အကြား၌ မကျော်ကြားခြင်းဖြစ်သည်။





သူမ၏မိခင်လက်ထပ်ခဲ့သောဦးကောင်းစံမှာ မြို့တွင်ချမ်းသာကြွယ်ဝသူတစ်ဦးဖြစ်သည်။ သားထောက်သမီးခံမရှိသော မုဆိုးဖိုတစ်ဦးဖြစ်သည်။ သူမအသက်ဆယ့်ခွန်ဆယ့်ရှစ်အရွယ်တွင် ဦးကောင်းစံက သူမ၏မိခင်ကိုလက်ထပ်ခဲ့သည်။ သူမသည်နွမ်းပါးသောမိခင်မုဆိုးမနှင့်အတူနေရာမှ ချမ်းမြေ့ရိပ်သာအိမ်ကြီးတွင် တင့်တောင့်တင့်တယ် နေခဲ့ရသည်။

ဦးကောင်းစံသည် နွယ်လှိုင်ဝင်းအား ထိုချမ်းမြေ့ရိပ်သာအိမ်ဝိုင်းထဲတွင် ငါးနှစ်နီးပါးပိတ်လှောင်ထားခဲ့သည်ဟု တင်ဦးမောင်က ပြောသည်။ထိုငါးနှစ်အတွင်း ကျွန်တော်တို့ တက္ကသိုလ်တွေဘာတွေ ရောက်ခဲ့သည်။ထို့ကြောင့် သူမနှင့်အဆက်ပြတ်နေခဲ့ခြင်းလည်း ဖြစ်နိုင်စကောင်းပါသည်။

ဦးကောင်းစံဆုံးပါးသွားသည်။ သူမ၏မိခင်မှာလည်း မရှေးမနှောင်းမှာပင် ဆုံးပါးသွားခဲ့သည်။

နွယ်လှိုင်ဝင်း၏ဘဝကဏ္ဍဆစ်ချိုးသည် ထိုအခါမှစခဲ့သည်။ သူမသည်အရပ်ထဲတွင်သွားလာ လှုပ်ရှားခြင်းပြုလာပြီး ငယ်ရွယ်၍ ကြွယ်ဝ သောမိန်းကလေးတစ်ဦးအနေဖြင့် ထင်ရှားလာသည်။

သည်ကာလမှာတင်ဦးမောင်က ကျွန်တော့်ကို နွယ်လှိုင်ဝင်းနှင့် မိတ်ဆက်ပေးခဲ့ခြင်းဖြစ်သည်။အမှတ်မထင် ဆုံတွေ့ရမှုပင်ဖြစ်သည်။ ဘုရားကိုးဆူတစ်ခုတွင် စားပွဲတစ်ခုထဲ၌ အတူထိုင်မိရာမှရင်းနှီးလက်စရှိသော တင်ဦးမောင်က သူမနှင့်ကျွန်တော့်ကို မိတ်ဆက်ပေးခဲ့ခြင်းဖြစ်သည်။

အချို့ကသူမကို လှသည်ဟုပြောကြပါလိမ့်မည်။အချို့ကလည်း မလှဟုပြောကောင်းပြောမည်။သူမတွင် သာမန်မိန်းမတစ်ယောက်တွင်ရှိသင့်ရှိအပ်သည့် ရုပ်ရည်ရူပကာယမှလွဲ၍ တစုံတရာ ပြောစမှတ်ပြုစရာမရှိပါ။အသားညိုပြေပြေ၊ကိုယ်ဟန်သွယ်နွဲ့နွဲ့နှင့် မည်းနက်ပြီးအုံကြီးသော ဆံပင်ရှိသည်။အပြာဘက်သို့အနည်းငယ်လှနေသော မျက်ဝန်းများရှိသည်။နှုတ်ခမ်းပါးလှပ်လှပ်၊အတန်ကြီး

သောမေးရိုးများရှိသည်။သူမသည်ပင်၊ကိုယ်ထက် ပိုမိုလှပအောင်ခြယ်သလေ့ရှိသူလည်းမဟုတ်။

သို့သော် သူမတွင်ပြောမပြတတ်သော ဆွဲဆောင်မှုရှိသည်၊ ရှင်းလင်းတင်ပြခြင်းမပြုတတ်သော ညို့မာတ်ရှိသည်။သေချာသည်မှာ တစ်ခုသာရှိသည်။အကယ်၍ ယောကျ်ားတစ်ယောက်သည် သူမအားချစ်မိပြီဆိုလျှင်တော့ အသက်ထက်ဆုံးချစ်သွားမိမည်သာဖြစ်သည်။သူမအား ဘယ်အခါမှမေ့ပျောက်စွန့်ပစ်သွားနိုင်လိမ့်မည်မဟုတ်ချေ။

သူမသည်ကျွန်တော့်ထက် အသက်အနည်းအပါးပိုကြီးသည်ဆိုခြင်းကိုမေ့ပျောက်ကာ ဘုရားကိုးဆူ၌ဆုံမိပြီး ရက်သတ္တပတ်အနည်းငယ်အတွင်းမှာပင် ကျွန်တော်သူမကို ချစ်ရေးဆိုခဲ့မိသည်၊

သူမ၏အဖြေကမူ 'ဟင့်အင်း'သာတည်း။

နွယ်လှိုင်ဝင်းကို မြတ်ကျော်သူသည်ပုဂံ၌ ဆုံခဲ့ခြင်းဖြစ်သည်၊ သူကားပန်းချီအနုပညာဝါသနာပါသော အင်ဂျင်နီယာကျောင်းသားဖြစ်သည်။ပုဂံတွင်နံရံဆေးရေးပန်းချီများ၊ ဘုရားပုထိုး၊ဂူကျောင်းတို့' ဗိသုကာအတတ်များကိုလေ့လာရင်း ပုဂံသို့ဘုရားဖူးလာသောနွယ်လှိုင်ဝင်းနှင့်ဆုံခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ပန်းချီအနုပညာသမားတစ်ယောက်ဖြစ်သော မြတ်ကျော်သူအနေဖြင့် နွယ်လှိုင်ဝင်း၏မျက်နှာမှာ ဆွဲဆောင်ညို့ငင်ခြင်းအပြည့်ရှိသည်ကို သတိပြုမိမည်မှာသဘာဝကျပါသည်။ သူသည် လေ့လာလက်စကောက်ကြောင်း ပန်းချီနှင့်အာနန္ဒာဘုရား၏ သပ္ပယ်ပုံတို့ကိုစွန့်ပစ်ကာ သူမနောက်သို့ကောက်ကောက်ပါခဲ့သည်။ သူကားဦးကောင်းဇနှင့်ဆွေရိပ်မျိုးရိပ်မကင်းလှသော သူတစ်ယောက်လည်းဖြစ်သည်။

မြတ်ကျော်သူသည် နွယ်လှိုင်ဝင်းအား ချစ်ရေးဆိုခဲ့သည်၊

သူမအဖြေမှာ 'ဟင့်အင်း'သာဖြစ်ခဲ့ပါသည်။

နွယ်လှိုင်ဝင်းသည် အောင်ငွေးဝင်းအား နမ္မတူ၌ဆုံခဲ့ခြင်း





ဖြစသည်။

သူမသည်မကြာခဏဆိုသလို ခရီးထွက်လေ့ရှိရာ ညီမဝမ်းကွဲရှိသောနမ္မတူသို့ ထိုနှစ်ကရောက်သွားသည်။

အောင်ငွေးဝင်းသည် ဘူမိဗေဒအရာရှိဖြစ်သည်။ နမ္မတူ၌သုသတ္တုတူးနေခြင်းဖြစ်သည်။ နွယ်လှိုင်ဝင်းနှင့်ဆုံမိပြီးနောက်သူသည် တူနှင့်ပေါက်တူးဂေါ်ပြားများကိုပစ်ကာ မြို့သို့ပြန်ရောက်လာခြင်းဖြစ်သည်။

ကျွန်တော်နှင့်မြတ်ကျော်သူနှယ်ပင် သူသည်နွယ်လှိုင်ဝင်းအားလက်ထပ်ခွင့်တောင်းခဲ့သည်။

အထူးပြောစရာမလိုပါ။အဖြေမှာ 'ဟင့်အင်း'သာဖြစ်သည်။

ထို့ကြောင့် ကျွန်တော်တို့အချစ်ဘေးဒုက္ခသည်သုံးယောက်သည် တနေရာတည်းမှာလာ၍ဆုံမိကြသည်။ နွယ်လှိုင်ဝင်း၏အချစ်ကိုလိုနီမှာ ဓနသဟာယအဖြစ်နေထိုင်လာခဲ့ကြသည်။ ကျွန်တော်တို့တွင် တစ်ယောက်နှင့်တစ်ယောက်ဝန်တိုစရာအကြောင်းမရှိ။ ခိုက်ရန်ဒေါသဖြစ်စရာ အကြောင်းမရှိ။အကြောင်းမှု သုံးယောက်လုံးပင်မည်သူ့ကိုမည်သူကမျှမပို၊ မည်သူထက်မည်သူကမျှမသာ။ မျှော်လင့်ချက်မရှိပဲ ရှိသေးသယောင်အတွေးဖြင့် အတူတူနှင့်အနှုန်းနေလာကြသည်။ နွယ်လှိုင်ဝင်း၏မျက်နှာသာပေးခြင်း မခံရပဲမေ့ပျောက်စွန့်ပစ်ခြင်းငှာလည်း မစွမ်းသာပဲ ချစ်အိပ်မက်မက်နေကြရသူချည်းသာဖြစ်သည်။

နွယ်လှိုင်ဝင်းအနေဖြင့် သည်အခြေအနေကို ကျွမ်းကျင်စွာသို့သော်တင်းမာစွာ ကိုယ်တွယ်ထားသည်။

သူမက ကျွန်တော့်ကိုပြောခဲ့သည်။

"မင်းကို နွယ်ဘယ်တော့မှပစ်ပယ်ထားခဲ့ဖို့ မကြိုးစားပါဘူးဇော်ဇော်။အဲဒါပေမယ့် လက်ထပ်ဖို့ဆိုတာကိုလဲ တွေးလို့မရနိုင်သေးဘူး။ မင်းကိုနွယ်သိပ်ခင်တယ်ဆိုတာတော့ ယုံပါကွယ်"

သည်စကားကို ကျွန်တော့်မိတ်ဆွေနှစ်ဦးအားလည်း သူမ

ပြောကောင်းပြောမည်ဟု ထင်ပါသည်။

သည်စကားကြောင့်ပင် ကျွန်တော်တို့သုံးဦးသားမှာ ချည်ပြီ တုပ်ပြီးဖြစ်နေသည်။ လှုပ်မရရှားမရဖြစ်နေသည်။ကျွန်တော် မြတ်ကျော်သူနှင့်အောင်ငွေးဝင်းတို့မှာ နွယ်လှိုင်ဝင်း၏ ကွန်ယက်တွင် ဝကွက်အပ်နှံပြီးဖြစ်နေသည်။

သူမအားမြင်တွေ့နိုင်ခွင့်၊စကားပြောနိုင်ခွင့်ကို စောင့်ရင်း တစ်စုံတရာထူးခြားလာနိုးနှင့် သူမဖိတ်ကြားသည့်ဝတ်ပြုသည့် ထမင်းစားပွဲများကို တက်ရောက်ရင်း အချင်းချင်းတွေ့ရှိလာကြသည်။ သည်လိုကနေ ရင်းနှီးလာကြသည်။ခင်မင်လာကြသည်။အဆုံးတွင်တော့ အတွယ်တာဆုံးသောသူငယ်ချင်းများ ဖြစ်လာခဲ့ပါသည်။

သည်လိုကနေ မိုးပြိုသောနေ့တစ်နေ့ ဆိုက်ရောက်လာသည်။

ကျွန်တော်တို့ထင်ထားကြသည်မှာ နွယ်လှိုင်ဝင်းသည် ကျွန်တော်တို့သုံးယောက်လုံးကိုခင်သည်။ သုံးယောက်လုံးမှာလည်း အရည်အချင်းအရ၊ပညာဂုဏ်အရ၊ဆွေမျိုး အသိုင်းအဝန်းအရ၊ ရုပ်ရည်အရ မပိုမလိုရှိသည်။ထို့ကြောင့် မရွှေးရခက်နေသည်။ တနေ့သောအခါတွင်တော့ သူမသည် ကျွန်တော်တို့သုံးယောက်အနက်မှ တစ်ယောက်ယောက်ကို ရွေးချယ်ပေလိမ့်မည်ဟူ၍ ဖြစ်သည်။

သည်အထဲကတစ်ယောက်ယောက်သည် 'ဖိုးကံကောင်း' ဖြစ်မည်ဟု တွက်ထားကြသည်။သူလားကိုယ်လားနှင့် ရင်ထိတ်စွာ စောင့်နေကြသည်။

ယခုအခါတွင်တော့ ကျွန်တော်တို့သုံးယောက်မှာ ဘယ်သူ ဖိုးကံကောင်းဖြစ်ဖြစ် တစ်ယောက်ကိုတစ်ယောက် မနာလိုဝန်တို စိတ်မမွေးနိုင်တော့လောက်အောင် ခင်မင်နေမိကြပြီလည်းဖြစ်သည်။ အကယ်၍ သည်သုံးယောက်ထဲမှ တစ်စုံတစ်ယောက်ကို နွယ်လှိုင်ဝင်းရွေးလိုက်လျှင် ကျန်နှစ်ယောက်က ဝမ်းမြောက်ဝမ်းသာ လက်ခုပ်တီးမိကြမည်သာ ဖြစ်သည်။

ယခုမူသည်သို့မဟုတ်ခဲ့။





နွယ်လှိုင်ဝင်းသည် တစ်စုံတယောက်ကိုကား ရွေးချယ်ခဲ့သည်။ထိုတစ်စုံတစ်ယောက်သည် ကျွန်တော်တို့အထဲမှတစ်ယောက်မဟုတ်ပဲ အခြားတစ်ယောက်ဖြစ်နေခဲ့လေသည်တကား။

သူ၏အမည်မှာ ကိုဇင်မောင်။

ကျွန်တော်ရှေ့မှာ ပြောခဲ့ပါသည်။ နွယ်လှိုင်ဝင်းသည် ယောကျ်ားတစ်ယောက်စိတ်ဝင်စားလာအောင်၊ ချစ်လာအောင် ဆွဲဆောင်နိုင်စွမ်းရှိသည်ဟု။

ထိုအထဲတွင် ကိုဇင်မောင်လည်းပါဝင်နိုင်သည်ကို ကျွန်တော် သိပါသည်။သူလည်း လူသားတစ်ဦးအနေနှင့် နွယ်လှိုင်ဝင်းကို ချစ်ခွင့်ရှိပါသည်။

သို့သော်လည်း နွယ်လှိုင်ဝင်းအနေဖြင့် ကိုဇင်မောင့်အား ချစ်နေသည်ဆိုခြင်းကိုတော့ ကျွန်တော်တို့ ဘဝင်မကျနိုင်။ သူကား လူသားတစ်ဦးအနေနှင့်အောက်တန်းနောက်တန်းကျလှသည်။ ပညာမတတ်၊ အလုပ်မယ်မယ်ရရမရှိ။ ရုပ်ရည်အနေနှင့်လည်း ကျွန်တော်တို့သုံးယောက်ထက်အကွာကြီး ကွာသည်။ကိုယ့်ငါးချဉ် မို့ ချဉ်သည်မဟုတ်။

နွယ်လှိုင်ဝင်းသည် ကျွန်တော်တို့ကိုမချစ်ချင်မချစ်ပဲ နေနိုင်သည်။ ကိုဇင်မောင်လိုလူတစ်ယောက်နှင့် ချစ်မသွားစေချင်။

သူကားလူမုန်းများသူလည်းဖြစ်သည်။ အထူးသဖြင့်တော့ ကျွန်တော်တို့သုံးယောက်၏ အမုန်းကို သူခံနေရသည်။သူ့လိုလူတစ်ယောက်ကို နွယ်လှိုင်ဝင်းဘာကြောင့် ချစ်ခဲ့ကြောင်းကျွန်တော်တို့ မတွေးတတ်။

သူ့ကို ကျွန်တော်တို့မုန်းသည်။ဤသည်မှာ နွယ်လှိုင်ဝင်းက သူ့ကိုချစ်သွားသောအကြောင်းတစ်ခုတည်းကြောင့်မဟုတ်။ မုန်းစရာကောင်း၍မုန်းခြင်းသာဖြစ်သည်။

"ဒီငနဲကြီးကို နွယ်ဘယ်လိုလုပ်ပြီး ချစ်နိုင်သလဲမသိပါဘူးဗျာ"

အောင်ဌေးဝင်းက လက်သီးကိုကျစ်ကျစ်ပါအောင်ဆုတ်ရင်း ယူကျုံးမရဆိုသည်။

"ဟုတ်တယ် လူ့ဗာလနဲ၊လူ့အနှ"

ကျွန်တော်ကလည်း ဝင်၍ဖြည့်စွက်မိချေသည်။

မှန်ပါသည်။

ကိုဇင်မောင်သည် အသက်သုံးဆယ်ရှိနေပြီ။အသားနီစပ်စပ်၊ အရပ်ပုပျပ်ပျပ်နှင့်။

သူ၏လည်ကုပ်မှာ မိုးအစ်ပြီးအရစ်ထနေသည်၊သူ့ဆံပင်သည် နီကြောင်ကြောင်နှင့် အစဉ်လိုဖွာလံကျဲနေတတ်သည်။ မျက်ဝန်းမှာ သွေးနီကြောင်းများယှက်သန်းနေသည်။ ကြောင်စီစီနိုင်သည်၊ တုတ်ခိုင်သောကိုယ်ရှိသည်။ ဝမ်းဗိုက်မှာဝရွဲနေသည်။ လေးထောင့်ကျသောမျက်နှာနှင့် တုတ်ခိုင်သောမေးရိုးရှိသည်။

စကားကို ခပ်ကျယ်ကျယ်ပြောတတ်ပြီး အကြောင်းမဲ့ရယ်သွမ်းသွေးတတ်သည်။

ကျွန်တော်တို့ဘယ်လိုမှ မလိုလားနိုင်သည့်လူတစ်ယောက်။

ပြီး ပညာတတ်ဖြစ်ပုံမရ။သူ၏လုပ်ငန်းမှာ မော်တော်ကားဝပ်ရှော့ဖြစ်သည်။ထို့ကြောင့် သူ၏လက်ချောင်းများမှာသစ်သားများလိုပုတိုကာ အဆစ်အမြစ်များကြီးနေသည်။ လူတေလူကြမ်းအသွင်အပြင်မျိုး။

သူဘယ်ကလေလွင့်ပြီး ရောက်လာသည်မသိ။ သိချင်စိတ်လည်းမရှိတော့။ သူကျွန်တော်တို့မြို့တွင်ရှိနေသည်။ ရှိမနေဟုသည်ကိုလည်း စေ့ငုမနေတော့ပါ။သူ့ကိုနွယ်လှိုင်ဝင်းက လက်ထပ်တော့မည်ဆိုမှ သတိပြုမိခြင်းဖြစ်သည်။

သူ့ကို အကြံကြီးသူဟု ကျွန်တော်တို့ထင်သည်။ဖြစ်နိုင်လျှင် စာနဖူးသိုက်တူးမည့်လူမျိုးဟု ကျွန်တော်တို့ယူဆသည်။ နွယ်လှိုင်ဝင်းကိုလည်း သိုက်တူးသည့်အနေဖြင့် လက်ထပ်ခဲ့ခြင်းပင်ဖြစ်မည်၊

သူတို့ချင်းဘယ်လိုတွေ့ခဲ့ကြသည်မသိ။ အစပိုင်းကလည်း





သူ့အမည်ကို နွယ်လှိုင်ဝင်းထည့်သွင်း ပြောကြားလေ့မရှိ။အောင်သွယ်ကောင်း၍လား၊ နွယ်လှိုင်ဝင်း၏အချစ်ကို မရအရအကြမ်းဖက်၍ယူခဲ့လေသလား မတွေးတတ်တော့ပါ။

သတင်းကြောင့်ကျွန်တော်တို့မှာ မိုးကြိုးအပစ်ခံလိုက်ရသလိုဖြစ်သည်။ တုန်လှုပ်ချောက်ချားသွားမိခဲ့ကြသည်။သတင်းပျံ့နှံ့လာစက ကျွန်တော်တို့မယုံကြည်ကြပါ။ ကောလာဟာလဖြစ်မည်ထင်ခဲ့သည်။ တစထက်တစသေချာလာသောအခါ ကျွန်တော်တို့နွယ်လှိုင်ဝင်းနှင့်တွေ့ဆုံရန် ကြိုးစားခဲ့ကြသည်။ သူမကလည်း ထိုသတင်းကို ပြောကြားရန်ကျွန်တော်တို့အား စောင့်စားနေဟန်တူသည်။

ထိုနေ့မှာ တနင်္ဂနွေနေ့တစ်နေ့ဖြစ်သည်။

'ချမ်းမြေ့ရိပ်သာ'သို့ ကျွန်တော်တို့စိတ်မချမ်းမြေ့စွာ ရောက်သွားကြသည်။ နွယ်လှိုင်ဝင်းသည် ကျွန်တော်တို့ကိုကြိုဆိုနေသည်။

သူမသည်အစိမ်းရောင်ဝတ်စုံဖြင့် လှပနေပါသည်။ မျက်နှာကလည်းစိမ်းနေသည်။ မျက်ဝန်းတွေကလည်းစိမ်းနေသည်။ အကြည့်ကလည်း စိမ်းနေသည်ဟု ကျွန်တော်ထင်သည်။စိမ်းကားခြင်းနိမိတ်ပုံဖြင့် သူမက ကြိုဆိုနေသည်မှာ အမှန်ပါပင်တည်း။

သူမ၏အသွင်အပြင်မှာ ပြောင်းလဲနေသည်ကို ကျွန်တော်အမှတ်ရနေမိပါသေးသည်။ မည်သို့မည်ပုံပြောင်းလဲနေသည်ဟူ၍တော့မသိတတ်။ စင်စစ်နွယ်လှိုင်ဝင်းသည် အသိရခက်ခဲသောမိန်းကလေးဖြစ်သည်။သူမ၏မျက်ဝန်းထဲမှ နက်နဲမှုကို အမိပ္ပါယ်ဖော်ရန် ကျွန်တော်မတတ်သာနိုင်။ပါးပြင်တွင် အနည်းငယ်ရှုက်သွေးကြွေနေသယောင်ရှိသည်ကိုသာ သတိထားမိသည်။

"နွယ်လက်ထပ်တော့မယ်ဆို" ဆိုသောအခါ သတင်းမှာမှန်နေပြီဟု ကျွန်တော်တို့စိတ်ထဲမှာ သေချာလာသည်။ "ကိုဇင်မောင်နဲ့ပါပဲ" ပြောသောအခါ ကျွန်တော်တို့အနည်းငယ်မျှ အံ့သြတုန်လှုပ်ဟန်မပြနိုင်အောင် ကြိုးစားနေကြသည်။ ကျွန်တော်တို့ကိုယ်

ကျွန်တော်တို့ လူကြီးလူကောင်းများလို သဘောထားပြီးဟန်ဆောင်ထားကြသည်။

"ဘာပဲပြောပြောလေ၊ တနေ့မှာတော့ နွယ်တစ်ယောက်ယောက်နဲ့လက်ထပ်ရမှာပဲ မဟုတ်လား" ပြောရင်း အောင်ဒွေးဝင်းက သက်ပြင်းကလေးတစ်ချက်ရှိုက်လိုက်သည်။ မှန်ပါသည်။

တစ်နေ့မှာတော့ နွယ်တစ်စုံတစ်ယောက်နှင့်လက်ထပ်ရမည်။ ကိုဇင်မောင်နှင့်တော့မဟုတ်။

ကျွန်တော်သို့မဟုတ်မြတ်ကျော်သူ၊သို့မဟုတ် အောင်ဒွေးဝင်းသာဖြစ်ရမည်။ ဖြစ်လည်းဖြစ်ထိုက်သည်ဟု ထင်သည်။ကျွန်တော်တို့လောက် သူမအပေါ် ချစ်သူသည်ကမ္ဘာ၌မပေါ်ပေါက်နိုင်ဟု ယုံကြည်နေသည်။

ကျွန်တော်တို့ထူးထူးခြားခြားစကားမဆိုပဲ ချမ်းမြေ့ရိပ်သာမှပြန်ခဲ့ကြသည်။ကျွန်တော်သည် အဖျားတက်နေသော လူတစ်ယောက်လိုဖြစ်သည်။ အော့ချင်အန်ချင်နေသည်။စိတ်ရောကိုယ်ပါညှိုးချုံးနေသည်။ သေပစ်လိုက်ချင်သည်။ နွယ်လှိုင်ဝင်းကို ဘယ်အခါမျှ သွားမတွေ့တော့ဟူ၍လည်း ဆုံးဖြတ်မိသည်။

အောင်ဒွေးဝင်းမှာလည်း ကျွန်တော့်လိုပင် ခံစားနေရဟန်ရှိသည်။

"ကိုယ်နမ္မတူကို ပြန်တော့မယ်" သူကလှိုက်လှဲစွာဆိုသည်။ "ကိုဒီမှာနေပြီး သူတို့လက်ထပ်တာကို ဒီအတိုင်းကြည့်မနေနိုင်ဘူး တစ်ယောက်က သိပ်လှတယ်၊ တစ်ယောက်ကသိပ်အကျည်းတန်တယ်၊ ကိုယ်တို့ငယ်ငယ်က ဖတ်ခဲ့ရတဲ့ဖတ်စာထဲကလိုပဲ။ ဗြူတီအင်သယ်ဘိစ် ပုံပြင်ထဲကအတိုင်းပဲ။ အို ကိုယ်နမ္မတူကို ပြန်တာပဲကောင်းပါတယ်လေ"

သို့ပေမယ့် သူမပြန်ဖြစ်။ကျွန်တော်တို့အထဲက တစ်ယောက်မှအခြားသို့ ထွက်မသွားဖြစ်ခဲ့။ ရင်ထဲတွင်ပူလောင်ခါးသီးစွာဖြင့်ပင်အဆိပ်ရည်ပြည့်နေသော အချိန်ကာလများကို သောက်မျိုရင်း





ကုန်ဆုံးပစ်ခဲ့ကြသည်။

သူတို့လက်ထပ်ရန်အတွက် ပြင်ဆင်သည်ကိုစောင့်ကြည့်ရင်း ထမင်းလုံးတစ္ဆေအချောက်ခံရသည့်နွယ် ကျွန်တော်တို့အရက်သောက်ဖြစ်ကြသည်။ ရန်ဖြစ်ကြသည်။အမှားများကို အကြိမ်ကြိမ်ကျူးလွန်မိကြသည်။ အကြိမ်တစ်ရာမကသော ရှန်းရင်းဆန့်ခတ်မှုများကျွန်တော်တို့အကြားမှာ ဖြစ်ပေါ်ခဲ့သည်။

အဆုံးမှာတော့ မြတ်ကျော်သူကစတင်သတိတရားရလာပြီးအေးချမ်းတည်ငြိမ်စွာဖြင့် ကျွန်တော်တို့ကို တရားချလာပါသည်။

"ကိုယ်တို့နွယ့်ကို တကယ်ချစ်တယ်ဆိုရင် သူပျော်ရွှင်နေတာကို မြင်ချင်တယ်ဆိုရင် သူ့ကြောင့်ကိုယ်တို့စိတ်လှုပ်ရှားကြရတယ်၊ရောက်ရက်ခတ်ဖြစ်ရတယ်ဆိုတာတွေကို ထိန်းချုပ်ထားကြမှဖြစ်မယ်။ မိန်းကလေးတွေရဲ့စိတ်ထားဆိုတာကလဲ အဆန်းသားမဟုတ်လား။ သူကိုဇင်မောင်နဲ့ပျော်ပျော်ရွှင်ရွှင်ရှိနေတာကို တို့များလက်ခံတယ်ဆိုရင် အခြေအနေတမျိုးပြောင်းချင်ပြောင်းလာနိုင်တယ်။ တို့များအပေါ် ကရုဏာသက်ချင်သက်လာနိုင်တယ်။ ဘာပဲပြောပြောကိုယ်တို့ဘက်က သဘောထားကြီးတဲ့အကြောင်းကိုတော့ပြကြရမှာပဲ"

ကျွန်တော်တို့နှစ်ယောက်က သူ့စကားကိုလက်ခံသည်။ သို့ဖြင့် ကျွန်တော်တို့ပြန်လည်တည်ငြိမ်ပြီး အေးဆေးစွာရှိလာကြသည်။ ကျွန်တော်တို့မှာ လုပ်စရာများများစားစားလည်းမရှိ။

နွယ်လှိုင်ဝင်းနှင့်ကိုဇင်မောင်တို့ ဖြတ်သန်းသွားလေ့ရှိသောလမ်းနံ့ဘေးမှာထိုင်ပြီး သူတို့ဖြတ်သန်းသွားသည်ကိုစောင့်ကြည့်ကြသည်။ သူမနှင့်မျက်နှာချင်းဆိုင်မိသောအခါ နှုတ်တွေဘာတွေဆက်ပြီး လူကြီးလူကောင်းများလို ဣန္ဒြေရရဆက်ဆံကြသည်။ သဘောထားကြီးဟန်ကိုပြခဲ့ကြသည်။

မည်သို့ပင်ဆိုစေ နွယ်လှိုင်ဝင်းမှာ သူမ၏ပတွေးမှအမွေအမြောက်အမြားကိုရရှိထားရာ မြို့တွင်ပစ္စည်းဥစ္စာချမ်းသာသူ အဖြစ်

လူတို့မှတ်ယူခြင်း ခံထားရသည်။လက်မထပ်မီကပင် သူမ၏ပစ္စည်းဥစ္စာများအပေါ် ကိုဇင်မောင်က လက်ဝါးကြီးအုပ်လွှမ်းမိုးစပြုလာသည်ဆိုသောသတင်းများကို ကျွန်တော်တို့ကြားခဲ့ကြရသည်။ ထိုသတင်းမှာ ကျွန်တော်တို့မကြားချင်ဆုံး သတင်းဖြစ်သည်။ အကြောင်းမှု နွယ်လိုင်ဝင်းအား ပစ္စည်းဥစ္စာအတွက်ကိုဇင်မောင်က လက်ထပ်ခဲ့သည်ဆိုခြင်းကို မေ့ပျောက်နိုင်ရန် ကျွန်တော်တို့ကြိုးစားနေရသောကြောင့်ဖြစ်သည်။

သို့သော်ကျွန်တော်တို့ အကောင်းဆုံးတုံ့ပြန်ခဲ့ပါသည်။

မင်္ဂလာပွဲသို့ ကျွန်တော်တို့သုံးယောက်လုံးတက်ရောက်ခဲ့ကြသည်။အဖိုးတန်ပစ္စည်းများ လက်ဖွဲ့ခဲ့ကြသည်။ကိုဇင်မောင်က သတို့သမီးကိုလူတွေရှေ့မှာ တွဲပြသောအခါတွင်သာ ကိုယ်လက်များတင်းတောင့်ပြီး စိတ်မအီမသာဖြစ်ခဲ့ရသည်။ သူတို့တစ်လနီးပါးဟန်းနီးမွန်းထွက်သွားသည်အထိ ကျွန်တော်တို့မြို့မှမခွာနိုင်ခဲ့။ သူတို့ပြန်ရောက်လာပြီး သူတို့ရှေ့ရေးအတွက် အစီအစဉ်များချမှတ်ဆောင်ရွက်နေသည့်တိုင် ကျွန်တော်တို့မှာ သူတို့တကယ်တန်းလက်ထပ်ခဲ့သည် ဆိုခြင်းကိုမယုံနိုင်သလိုဖြစ်နေသည်။ အိပ်မက်ပမာခံစားရဆဲသာရှိသည်။

အောင်ဌေးဝင်းကဆိုသည်။

"အဖြစ်ကတော့ ပြီးသွားပါပြီ။နွယ်ဟာ လူ့တိရစ္ဆာန်ကြီးနဲ့ဟန်းနီးမွန်းထွက်သွားခဲ့ပြီ၊အဲဒီနောက် ဘာဖြစ်လာမလဲ၊ သူ့အတွက်ထမင်းချက်၊အဝတ်လျှော်၊ ကလေးတွေမွေးပေးဖို့ပဲ ကျန်တော့တာပေါ့၊ ကိုယ်နမ္မတူပြန်တော့မယ်"

ပြောမည့်သာပြောသည် သူမပြန်ဖြစ်သေး။

ကျွန်တော်တို့လည်း မြို့မှမခွာနိုင်ကြသေး။ ကျွန်တော်တို့ကို မည်သည့်အင်အားကဆွဲဆောင်ညှို့ငင်ထားကြောင်းမသိ။ တခြားသို့ ထွက်သွားလျှင် ပို၍ပျော်ရွှင်နိုင်မည်ဖြစ်ကြောင်း သိသည်။ သို့စင်လျက် မဖြစ်နိုင်သောကြိုးများက ကျွန်တော်တို့ကိုနှောင်တဲ





ထားသည်။

မျှော်လင့်ခြင်းတဝက်၊စိတ်ပျက်ခြင်းတဝက်နှင့်ပင် ကိုဇင်မောင်တစ်ယောက်သူ့စီမံကိန်းများ ရေးဆွဲပြုလုပ်နေသည်ကို စောင့်ကြည့်နေမိကြသည်။ အားကျခြင်းတဝက်၊ ဝန်တိုစိတ်တဝက်နှင့်ပင် မိမိတို့ရှေ့မှာ ကြီးထွားပြောင်းလဲလာသော လူတစ်ယောက်ကို သူမသိအောင်အကဲခတ်လေ့လာနေမိလျက်သား ရှိကြသည်။

ကိုဇင်မောင်သည် မြို့ပြင်မှမြေကွက်ကျယ်ကြီးကို ဝယ်ယူသည်။အိမ်အသစ်ဆောက်သည်။ စက်မှုလုပ်ငန်းများ လုပ်ကိုင်ဖို့အခြေချသည်ကို စောင့်ကြည့်နေမိကြသည်။

ဤသည်မှာ ကျွန်တော်တို့အဖို့ မဖြစ်မနေထမ်းရွက်ရမည့်တာဝန်ဝတ္တရားကြီးတစ်ရပ်လိုဖြစ်နေသည်။

တနေ့မှာတော့ သည်အဖြေကို ကျွန်တော်လဲရလာသည်။

စားသောက်ဆိုင်တစ်ဆိုင်တွင် နွယ်လိုင်ဝင်းနှင့်ကိုဇင်မောင်ကို ဆုံတွေ့ခဲ့ရခြင်းမှစသည်။

သူတို့စုံတွဲသည် မနီးမဝေးစားပွဲ၌နေရာယူသည်။ သူနှင့်အတူအခြားစုံတွဲနှစ်တွဲလည်းရှိသည်။ ကြည့်ရသည်မှာရပ်ဝေးမှဧည့်သည်များကို ဆိုင်၌လာရောက်ဧည့်ဝတ်ပြုခြင်းဖြစ်ပုံရသည်။

သူတို့ဘာတွေပြောနေသည်ကိုကား မသိနိုင်ပါ။သို့သော် ကိုဇင်မောင်တစ်ယောက်အခါတိုင်းကထက် လေလုံးထွားနေသည်ဆိုခြင်းကိုတော့ အဝေးကပင်မြင်နိုင်ပါသည်။တဝိုင်းလုံးတွင် သူတစ်ယောက်တည်း စကားဒိုင်ခံပြောနေသည်။မြင်းကိုချိုတပ်ပေးသလိုပင်ဖြစ်မည်။ ယခင်ကပင်ခပ်ကြွားကြွားနိုင်သောကိုဇင်မောင်သည် ယခုအခြေအနေမှာတော့ ပို၍ကြွားနိုင်ခဲ့ပြီဖြစ်ဟန်ရှိသည်။

ခဏအကြာတွင် နွယ်လိုင်ဝင်းသည် ရုတ်တရက်ထိုင်ရာမှ ထရပ်လိုက်ကြောင်းတွေ့ရသည်။သူမနှင့် မျက်မှန်းတန်းမိနေသောသူများ၊ မိတ်ဆွေများကိုပင် နှုတ်မဆက်အားပဲ စားပွဲများအကြားမှ အလျှင်အမြန်လျှောက်သွားသည်။ထွက်ပေါက်မှလျင်မြန်စွာ

လျှောက်ထွက်သွားသည်။

"တစ်စုံတစ်ခုတော့ မှားခဲ့ပြီထင်တယ်"

ကျွန်တော်ပြောလိုက်မိသည်။

ကျွန်တော်တို့ ပြိုင့်ကူလိုပင် နေရာမှထကာသူမနောက်သို့ လိုက်ခဲ့ကြပါသည်။ ကိုဇင်မောင်အပါအဝင် အခြားသူများက ကျွန်တော်တို့ နွယ်လှိုင်ဝင်းနောက်သို့ လိုက်သွားကြောင်းသိကုန်မည် ဆိုခြင်းကို ဂရုမစိုက်ပဲနှင့်ဖြစ်သည်။

အပြင်တွင်လသာနေသည်။လရောင်ဖြင့် နွယ်လှိုင်ဝင်း၏ အဖြူရောင်ဝတ်စုံမှာ ထင်းနေကာကျွန်တော်တို့ကို လမ်းပြပေးသလို ဖြစ်သည်။ သူမသည်ကားများရပ်ထားရာပလက်ဖောင်းဘက်သို့ လျှောက်သွားသည်။ကျွန်တော်တို့အပြေးတပိုင်းလိုက်ခဲ့ကြသည်။ ကျွန်တော်တို့၏ခြေသံများက သူမကိုသတိပေးလိုက်သလိုရှိကာ ကားရပ်ထားရာသို့မရောက်မီမှာပင် သတိပြုမိသွားပြီး သူမလှည့် ကြည့်လိုက်သည်။

"ရှင်တို့ဘာလိုချင်လို့လဲ"

သူမက ကျွန်တော်တို့ကို ရင်ဆိုင်လိုက်ကာသူစိမ်းဆန်စွာ မေးလာသည်။

"မင်းငိုနေတယ်နော်"

ကျွန်တော်မေးလိုက်မိသည်။ ထိုမှတပါးကျွန်တော့်တွင် အခြားပြောစရာစကားမရှိ။ အမှန်ပင် သူမမျက်ဝန်း၌မျက်ရည်ပြည့် နေသည်။ပါးပြင်သို့ မျက်ရည်များစီးကျနေသည်။

"အဲဒါ ရှင့်အပူမဟုတ်ပါဘူး"

နွယ်လှိုင်ဝင်း၏ တုံ့ပြန်မှုက မာကြောလှသည်။

သည်နောက် ကျွန်တော်တို့အကြားမှာ ကြာမြင့်စွာဆိတ်ငြိမ် နေသည်။ ကျွန်တော်တို့ရင်ထဲမှာ ဒေါသဂယက်ထနေသည်ကား အမှန်ဖြစ်သည်။သို့သော် ထိုဒေါသမှာ သူမတုံ့ပြန်လာသောဒေါသ ကြောင့် မေးမှိန်သွားသလိုဖြစ်သည်။





"မင်းကို သူကဘာလုပ်တာလဲ"

အဆုံးတွင် အောင်ဌေးဝင်းက မေးသည်။

"ဘယ်သူ့ကိုပြောနေတာလဲ"

"ဘယ်သူရှိရမှာလဲ ကိုဇင်မောင်ပေါ့၊ မင်းကိုကြည့်ရတာ သိပ်စိတ်မကောင်းစရာပဲနွယ်ရယ် သူမင်းကိုဘာလုပ်သလဲပြောပါ"

"ကျွန်မ ဘာမှစိတ်မကောင်းမဖြစ်ဘူး"

"ဒါနဲ့ မင်းငိုနေရတယ်လား"

နွယ်လှိုင်ဝင်း သက်ပြင်းရှိုက်လိုက်သည်။

"ကောင်းပြီ၊ကျွန်မစိတ်မကောင်းဖြစ်နေတယ်ပဲထားပါ၊ ဒါကိုဇင်မောင်ကြောင့်လို့ ရှင်တို့ဘာလို့ပြောနိုင်ရတာလဲ"

စင်စစ် သည်နေရာမှာတင် ကျွန်တော်တို့ရပ်လိုက်ကြဖို့ ကောင်းသည်။ နားလည်ခဲ့ကြဖို့ကောင်းသည်။ သည်ခဏမှာ အရာတိုင်းသည် ရှင်းလင်းပြတ်သားနေပြီဖြစ်သည်။ ကျွန်တော်တို့ တစုံတရာကို သိမြင်လိုက်ရသလိုတော့ရှိသည်။ သို့ပင်လျက်နား လည်မှုကို ဝန်တိုမစ္ဆရိယနှင့် ဆန်းကြယ်သောခံစားမှုများက လွှမ်း မိုးဖုံးအုပ်ပစ်လိုက်သည်။

"ရှင်တို့ ကိုဇင်မောင်ကိုသဘောမကျဘူးမဟုတ်လား"

နွယ်လှိုင်ဝင်း၏အမေး

"နွယ့်ကိုလက်ထပ်ခဲ့တဲ့ ဘယ်သူ့ကိုမဆို ကိုယ်တို့သဘောမ ကျနိုင်ပါဘူး"

မြတ်ကျော်သူက အမှန်တရားကိုထုတ်ဖော်လိုက်သည်။ သူ့အသံမှာရင်းနှီးကျွမ်းဝင်မှုနှင့် စာနာမှုရောပြွမ်းနေသည်ပင် ဖြစ်စေ ကာမူ နွယ်လှိုင်ဝင်းက အလိုမကျသလို မဲ့လိုက်ကြောင်းတွေ့ရ သည်။

"ဖယ်ပါရှင်" သူမစိတ်တိုလာသလိုအော်လိုက်သည်။ "ကျွန်မ ဖာသာကျွန်မ အိမ်ပြန်ပါရစေ"

ကျွန်တော်တို့သည် ဘာမျှမတတ်နိုင်သလို သူမကားအတွင်း

ဝင်ထိုင်သည်ကို တိတ်ဆိတ်စွာစောင့်ကြည့်နေမိကြသည်။ ကားစက်နှိုးလာသည်။ နွယ်လှိုင်ဝင်း၏ကားသည် ကျွန်တော်တို့ရှေ့မှ အရှိန်ပြင်းစွာမောင်းထွက်သွားသည်။ ကားဘီးများက ကတ္တရာလမ်းကို မုန်းတီးစွာ ကြိတ်ချေသွားသလိုဖြစ်သည်။

"ဘာပဲပြောပြော နွယ်ဟာကိုဇင်မောင့်ကို လက်ထပ်မိတဲ့အတွက် ပျော်ပျော်ရွှင်ရွှင်မရှိဘူးဆိုတာ သေချာတယ်"

အောင်ငွေးဝင်းကဆိုသည်။

"ဟုတ်တယ် သူတို့အဆင်ပြေပုံမရဘူး"

ကျွန်တော်ဝင်ပြောမိသည်။

"ယောကျ်ားတစ်ယောက်က လူအများရှေ့မှာ ကိုယ့်ဇနီးနဲ့ ရန်ဖြစ်တယ်၊ သူစိမ်းတွေရှေ့မှာ မျက်ရည်ကျအောင် လုပ်တယ်ဆိုတာ တကယ်ဆိုးရွားတဲ့အဖြစ်ပဲ၊လူမဆန်တဲ့အဖြစ်ပဲ"

မြတ်ကျော်သူက ဖြည့်စွက်သည်။

ဤသည်မှာ ကျွန်တော်တို့အနေဖြင့် နွယ်လှိုင်ဝင်းနှင့်ပတ်သက်၍ တွေးဆထင်မြင်ချက်ဖြစ်ပါသည်။ ခံစားထိတွေ့ရချက်များဖြစ်ပါသည်။ ကျွန်တော်တို့သည် ချက်ချင်းလက်ငင်းမှာပင် စားသောက်ဆိုင်ထဲ ပြန်ဝင်သွားပြီး ကိုဇင်မောင်ကိုရန်စကာ စိန်ခေါ်ဖို့ပင် စိတ်ကူးခဲ့ကြသေးသည်။ သို့သော်လက်တွေ့၌မူ ကျွန်တော်တို့၏ဒေါသများကို ထိန်းသိမ်းနိုင်ခဲ့ကြပါသည်။

အခြေအနေဆိုးသည် လာချိန်မတန်သေးဟုအောက်မေ့သည်။

သည်လပိုင်းများအတွင်းမှာပင် ကိုဇင်မောင်၏လုပ်ငန်းအခြေအနေများ တိုးပွားကြီးထွားလာသည်။ ချဲ့ထွင်လာနိုင်သည်။ ဤသည်မှာ နွယ်လှိုင်ဝင်းငွေနှင့်ပစ္စည်းများကိုယူ၍ တည်ဆောက်လာနိုင်ခြင်းဖြစ်ကြောင်း သံသယရှိစရာမလိုပါ။သည်အကြောင်းကိုလည်း တမြို့လုံးကသိကြသည်။ကောလဟာလမဟုတ်ပဲ အတတ်ဖွင့်ပြောဆိုနိုင်သောအရာဖြစ်လာသည်။

နွယ်လှိုင်ဝင်း၏ပစ္စည်းများဖြင့် သူ့လုပ်ငန်းကိုချဲ့ထွင်လာနိုင်





သော်လည်း သူသည်နွယ်လှိုင်ဝင်းအား ကျေးဇူးတင်ပုံမရပါ။ ဆက်ဆံရာတွင် နူးညံ့သိမ်မွေ့ပုံမရပါ။ အတွင်းသိများ၏သတင်းပေးချက်အရ သူသည်နွယ်လှိုင်ဝင်းအားများစွာကြိုးစိုးလွှမ်းမိုးသည်။ အနိုင့်အထက်ဆက်ဆံသည် ဆိုခြင်းများကိုကြားရသည်။

ကျွန်တော်တို့ စိတ်မကောင်းနိုင်ကြ။သို့သော်ဘာမျှလည်း မတတ်နိုင်။

သည်အချိန်အတန့်တွင် ကျွန်တော်တို့လုပ်နိုင်သောအရာမှာ ကိုဇင်မောင်နှင့်နွယ်လှိုင်ဝင်းတို့၏ အိမ်သစ်ကလေးကိုမနီးမဝေးမှ အလှည့်ကျစောင့်ကြည့်ကြခြင်းဖြစ်သည်။

ရံခါ ကျွန်တော်၏ကားကို ခြံတစ်ခြံကျော်လောက်မှာရပ်ကာ ကားထဲမှစောင့်ကြည့်သည်။ရံခါ မော်တော်ဆိုင်ကယ်များကို သူတို့ခြံရှေ့မှ ဖြတ်ကျော်မောင်းနှင်သွားကြသည်။

နွယ်လှိုင်ဝင်းပိုင်'ချမ်းမြေ့ရိပ်သာ'အိမ်ကြီးမှာ စင်စစ်တော့လည်း ဟောင်းနွမ်းနေပါပြီ။ ပျဉ်ထောင်အိမ်အိုကြီးဖြစ်သည်။ကိုဇင်မောင်ကထိုအိမ်ကြီးတွင် မပျော်ပိုက်နိုင်။ မြို့ပြင်ရှိခြံထဲကတိုက်ကလေးမှာ အနေများသည်။နွယ်လှိုင်ဝင်းသည် ချမ်းမြေ့ရိပ်သာကို အစေခံများလက်တွင်အပ်ကာ ကိုဇင်မောင်နှင့်လိုက်၍နေသည်ဟု ကျွန်တော်သိထားရသည်။

တနေ့မှာတော့ သူတို့ချင်း ကတောက်ကဆဖြစ်ကာ နွယ်လှိုင်ဝင်းသည် ချမ်းမြေ့ရိပ်သာသို့ နှစ်ရက်မျှပြန်နေသည်ကို တွေ့ရသည်။ အမှန်အတိုင်းဝန်ခံရလျှင်တော့ ထိုအဖြစ်ကိုကျွန်တော် သဘောကျနေမိပါသည်။သူတို့အိမ်ထောင်ရေးကွဲပြိမည့် နိမိတ်ဟု ဝင်နိုင်ခဲ့ကြသည်တော့မဟုတ်။ နှစ်ရက်မြောက်သောနေ့၌ နွယ်လှိုင်ဝင်းသည် ကိုဇင်မောင်ထံ ပြန်လည်ရောက်ရှိသွားသည်။

သူမတွင် စိတ်ပျက်စရာများအလိုမကျဖွယ်ရာများရှိနေပြီဆိုခြင်းမှာ သေချာသည်။ မကြာခဏဆိုသလိုမှာပင်နွယ်လှိုင်ဝင်းသည် အဝတ်များထုပ်ပိုးကာခြံထဲမှ ချမ်းမြေ့ရိပ်သာအိမ်သို့ပြန်လာ

တတ်လေ့ရှိကြောင်း တွေ့ရသည်။အလိုမကျသောမျက်နှာ၊ရှံခါ ငိုယို လက်စအခြေအနေဖြင့်။ သို့သော်ရက်ပိုင်းအတွင်းမှာပင် သူမသည် ကိုဇင်မောင်ထံပြန်ရောက်လာတတ်မြဲ။

သည်တစ်ကြိမ်မှာတော့ ဆန်းကြယ်သည်ဆိုရမည်။နွယ်လှိုင်ဝင်းသည်ငါးရက်ခန့်ကြာအောင် အိမ်တွင်းအောင်းနေကြောင်း တွေ့ရသည်။သူမ၏လှုပ်ရှားမှုကိုမတွေ့ရပဲရှိသည်။ ကိုဇင်မောင်သာသွားလာလှုပ်ရှားနေသည်။ကိုဇင်မောင်အိမ်တွင်မရှိသောညများတွင် ပိတ်ထားသောမှန်တံခါး၊ဈေထားသောစာခန်းဆီးများအကြားမှ မီးရောင်တွင်သူမ၏အရိပ်အယောင်ကိုမြင်ရသည်။ ထို့ကြောင့်သူမအိမ်တွင်ရှိနေကြောင်းသိရခြင်ဖြစ်သည်။

ကျွန်တော်တို့အိမ်၏အခြေအနေကို အမြဲမပြတ်တစ်ယောက်တစ်လှည့်စောင့်ကြည့်ကြသည်။ကျွန်တော်တို့ မျက်ချည်ဖြတ်ပြီး သူမထွက်ခွာမသွားနိုင်ကြောင်းသေချာသည်။ အဘယ်ကြောင့်ဆိုသည်မှာမူ ပဟေဠိဖြစ်သည်။

သိချင်စိတ်များသည်။ တစ်နေ့တခြားတိုးပွားလာသည်။ စိတ်မရှည်နိုင်အောင်ပင်ဖြစ်သည်။ သို့ဖြစ်တစ်နေ့တွင်တော့ ကိုဇင်မောင်ထွက်သွားသည်ကို စောင့်ပြီးကျွန်တော်တို့ခြံအတွင်းဝင်ခဲ့ကြသည်။ အိမ်တံခါးဝမှလူခေါ်ခေါင်းလောင်းကိုနှိပ်လိုက်သည်။

အတွင်းမှ ရုတ်တရက်တုံ့ပြန်မှုကိုမရသောအခါ စိုးရိမ်စိတ်များဆပွားလာသည်။ ခေါင်းလောင်းကိုထပ်နှိပ်သည်။နွယ်လှိုင်ဝင်းအနေဖြင့် ကျွန်တော်တို့အား ကြောက်လန့်မနေစေရန်နှင့်လူသိရှင်ကြားဖြစ်စေရန် နှိပ်မိခြင်းဖြစ်သည်။

သို့ဖြင့် အဆုံးမှာတော့တံခါးမင်းတုန်းပွင့်သံကို ကြားရသည်။ တံခါးရွက်ပွင့်သွားသည်။သို့သော်အပြည့်အဝဖွင့်ပေးခြင်းမဟုတ်။ လက်ဝါးတဝါးစာမျှသာ ဟပေးခဲ့ခြင်းဖြစ်သည်။

နွယ်လှိုင်ဝင်း၏အသံသည် အမှောင်ရိပ်ထိုးနေသောတံခါးကြားမှ ပေါ်ထွက်လာသည်။





"ဩော် ဇော်ဇော်၊ ဘာကိစ္စများပါလိမ့်"

"ကိုယ်တို့ မင်းနဲ့တွေ့ချင်လို့ပါနွယ်"

"ဆောရီးပါပဲ၊ နွယ် ဘယ်သူနဲ့မှ မတွေ့ချင်ဘူး"

"ဘာကြောင့်လဲ နွယ်ရယ်"

"ဒီမှာ ဇော်ဇော်၊ နွယ်ရဲ့ပုဂ္ဂလိကသဘာဝဟာ တခြားသူတွေနဲ့ ဘာမှမဆိုင်ဘူးဆိုတာ မင်းတို့သဘောပေါက်ဖို့ကောင်းတယ်"

ထုံးစံအတိုင်းပင်ဖြစ်သည်။ နွယ်လှိုင်ဝင်း၏လေသံမှာ မာကြောပြီး လိုလားနှစ်ခြိုက်မှုမရှိနိုင်သည့် လေသံမျိုးပင်ဖြစ်သည်။

"မင်း နေမကောင်းဘူးလား၊ ဒါမမဟုတ် တစ်ခုခုဖြစ်နေသလား၊ မင်းအိမ်ပြင်မထွက်တာကြာပြီဆိုတာ တွေ့နေရတယ်။ ကိုယ်တို့မင်းကို ဘယ်လိုအကူအညီများပေးနိုင်မလဲလို့ သိချင်တယ်။ မင်းမှာအခက်အခဲတစ်ခုခုတော့ရှိနေတာ သေချာပါတယ်လေ"

ကျွန်တော်သည် လေသံအေးအေးဖြင့် တတ်နိုင်သမျှ တည်ငြိမ်အောင်ကြိုးစားပြီးပြောခဲ့ခြင်းဖြစ်သည်။ ရင်းနှီးကျွမ်းဝင်ခြင်းနှင့် ကရုဏာတရားကိုပေါ်လွင်နိုင်သမျှ ပေါ်လွင်အောင်ဖော်ပြပြီး ပြောခဲ့ခြင်းဖြစ်သည်။

သို့သော် နွယ်လှိုင်ဝင်း၏တုံ့ပြန်ပုံက အေးစက်ခါးသီးလှသည်။

"နွယ့်မှာ ဘာအခက်အခဲမှ မရှိဘူး၊ ဘာအကူအညီမှလဲ မလိုအပ်ဘူး။ ကဲကျေးဇူးပြုပြီးသွားကြပါတော့။ ပြီးတော့ဘယ်တော့မှလဲ ပြန်မလာကြပါနဲ့တော့"

တံခါးရွက်သည် ကျွန်တော်တို့ရှေ့မှောက်မှာပင် ပိတ်သွားသည်။

ကားဆီသို့ပြန်ရောက်သောအခါ ကျွန်တော်တို့ဆွေးနွေးကြသည်၊ တိုင်ပင်ကြသည်။ကျွန်တော်ကကျွန်တော်မြင်ရသမျှကို ပြောပြသည်။မြတ်ကျော်သူကလည်း သူမြင်ရသမျှကိုပြောသည်။ သူ၏ပန်းချီဆရာမျက်စိသည် သာမန်သူတွေအမြင်ထက် ပိုမိုစူး

ရှိသည်အမှန်။

"သူ့မျက်နှာမှာ အညိုအမည်းတွေစွဲနေတယ်မဟုတ်လား" ကျွန်တော်မေးသည်။

"သူ ထိခိုက်ဒဏ်ရာရထားလိမ့်မယ်"

"ဟုတ်တယ် ထိခိုက်ဒဏ်ရာရထားတာအမှန်ပဲ။ဆရာဝန်ခေါ်သင့်တယ်။ဆေးခန်းမှာပြဖို့ကောင်းတယ်။ ဒါပေမယ့် သူ့အနေနဲ့ ဒဏ်ရာကို သူတပါးတွေမြင်သွားမှာကိုလိုလားပုံမရဘူး။ ဒါကြောင့် အပြင်မထွက်ပဲ၊လူတွေ့မခံပဲနေတာ ဖြစ်ရမယ်။ကိုဇင်မောင်သူ့ကို ရိုက်ခဲ့လို့ရတဲ့ ဒဏ်ရာပဲဖြစ်ရမယ်"

ကျွန်တော်တို့ စိတ်မကောင်းခြင်းကြီးစွာဖြင့် အတန်ကြာ ငြိမ်သက်နေမိကြသည်။

အဆုံးတွင်အောင်ဌေးဝင်းက သူ့စိတ်ထဲတွင် ဘာရှိသည်ကို ဖွင့်ပြောလိုက်သည်။

"ဒီငနဲကြီးကိုတော့ ဆုံးမမှဖြစ်တော့မယ်"

ꩰ

(၂)

ကျွန်တော်တို့သည် ကိုဇင်မောင်အားဆုံးမရန်သန္နိဋ္ဌာန်ချထားပြီး ဖြစ်သည်။ယင်းသို့ဆုံးမလိုက်ခြင်းဖြင့် နွယ်လွိုင်ဝင်းအပေါ် ကျွန်တော်တို့အဘယ်မျှ ချစ်သည်ဆိုခြင်းကိုသက်သေထူရာရောက်မည်ဟုလည်း ယူဆသည်။စင်စစ်ဤသည်မှာသူမ၏ ပျော်ရွှင်မှုအတွက်ဖြစ်သည်ဆိုခြင်းကိုလည်း သူမသဘောပေါက်နိုင်လိမ့်မည်။

သို့ဖြင့် ကျွန်တော်တို့သည်ကိုဇင်မောင်သွားတတ်လာတတ်သောနေရာများသို့ သွား၍စောင့်သည်။နေ့ခင်းကြောင်တောင်ကြီးမှာပင်ဖြစ်စေ သူ့ကိုရန်စကြမည်။သုံးယောက်တစ်ယောက်အနိုင်အထက်ပြုကျင့်ကြမည်ဟု အကြံအစည်ရှိသည်။





စင်စစ်ကျွန်တော်တို့ သည်းမှုရဲဝံ့ခြင်းမှာ အောင်ဌေးဝင်းကြောင့်လည်းဖြစ်သည်။အောင်ဌေးဝင်း၏ ခွန်အားဗလကိုအားကိုးသည်။

သို့သော် ကျွန်တော်တို့ ကိုဇင်မောင်ကိုပြင်ပ၌ကြုံဆုံခွင့်မရခဲ့ကြပါ။ကြံဖန်ပြီးလွှဲနေသည်။အဆုံးမှာတော့ အောင်ဌေးဝင်းက စိတ်မရှည်နိုင်သလိုဆိုသည်။

"သူ့အိမ်ကိုပဲ တိုက်ရိုက်သွားလိုက်ကြရအောင်ပါ။အဲဒါမှာပဲ သူနဲ့ဆုံပြီး ဆုံးမလိုက်ကြရင် မကောင်းဘူးလား"

"နွယ့်ရှေ့မှာလား" မြတ်ကျော်သူမေးသည်။

"ဒါပေါ့"

"အို ဒီလိုတော့ဘယ်ကောင်းမလဲ၊နွယ့်ကိုဆိုးဆိုးရွားရွား မြင်ကွင်းမမြင်စေသင့်ဘူး၊အဲဒီလို မြင်ကွင်းမျိုးကိုမြင်ရရင် သူကိုယ်တို့ကို ကြောက်လန့်သွားလိမ့်မယ်"

"အေး ဒါလဲဟုတ်တာပဲ၊ ပြီးတော့နွယ့်ရှေ့မှာ သုံးယောက်တစ်ယောက်ပုံစံနဲ့အနိုင်ယူခဲ့ရင်လဲ နွယ်ကတို့များကိုအထင်ကြီးတော့မှာမဟုတ်ဘူး။ ဖြစ်သင့်တာကနွယ့်ကွယ်ရာမှာ ကိုယ်တို့သူ့ကိုဆုံးမပြီးနွယ်ဟာ သူထင်သလိုတစ်ကောင်ကြွက်မဟုတ်ဘူး၊ နွယ့်မှာ အသိုက်အဝန်းဆိုတာရှိတယ်။ ကြင်နာတတ်တဲ့လူတွေရှိသေးတယ်။ သူထင်တိုင်းအနိုင်ကျင့်လို့မရဘူးဆိုတာ နားလည်သွားရင် ပြီးတာပဲမဟုတ်လား"

"သိတော့ သိရမှာပဲ။ဒါပေမယ့်ဒီအထဲမှာ နွယ်တိုက်ရိုက်ပါဝင်နေဖို့တော့မသင့်ဘူး"

"ဟုတ်တယ်၊ တွေ့ရာသချိုင်းဓားမဆိုင်းဆိုတာမျိုးတော့ မဖြစ်သင့်ဘူး။အသေအချာပြင်ဆင်ရမယ်။အဲဒါကို ဦးဦးဆုံးတိုင်ပင်ဆွေးနွေးသင့်တယ်"

သူတို့နှစ်ယောက်ကို ကျွန်တော်အိမ်သို့ခေါ်လာခဲ့သည်။ ဘီယာပုလင်းများထောင်ပေးလိုက်သည်။စိတ်ကူးဉာဏ်ထက်သန်စေရန် ဟုတ်မဟုတ်မပြောတတ်ပါ။ ကျွန်တော်တို့၏ဆွေးနွေးပွဲ

မှာ စုံပြည်နေခဲ့သည်တော့အမှန်။

"ကိုယ်တို့အထဲက ဘယ်သူကစပြီးကိုဇင်မောင်နဲ့ရင်ဆိုင်မလဲ။ တခြားတစ်ယောက်ရှိနေရင်တော့ ကိုယ်ကဖော်လံတီယာပဲလုပ်ပါ့မယ်"

အောင်ဌေးဝင်းက ဆိုသည်။

"မောင်ရင်ပဲ စတဲ့သူဖြစ်သင့်တယ်။အောင်ဌေးဝင်း ဒါမှမဟုတ်ပဲ ဝါစဉ်အတိုင်းသွားမယ်ဆိုရင်တော့ ကိုယ်ကရှေ့ကနေရမှာပေါ့။ ဘာကြောင့်လဲဆိုတော့ နွယ်လှိုင်ဝင်းကို မောင်ရင်တို့ထက်စောပြီး ကိုယ်ကသိနေခဲ့တာကလား"

ကျွန်တော်က စိမ်ခေါ်လိုက်ပါသည်။

"ကိုယ့်အနေနဲ့ကတော့ ဒါကိုအကြောင်းလို့မယူဆဘူး၊ဘယ်သူကပဲစစ အားလုံးဝိုင်းတွယ်ကြရမှာပဲ။ကိုယ်တို့ ကိုဇင်မောင်ရဲ့ ခွန်အားကို လစ်လျူရှုထားလို့တော့မဖြစ်ဘူး"

မြတ်ကျော်သူကပြောသည်။

"ဒါဆိုလဲ ငြိမ်ငြိမ်နေစမ်းမြတ်ကျော်သူ၊ မောင်ရင်တို့မပါပဲ ကိုယ်တစ်ယောက်တည်း သူ့ကိုရင်ဆိုင်မယ်။ကိုယ်ကသူ့ကိုဆုံးမချင်နေတဲ့လူမဟုတ်လား။ ကိုယ့်ပြဿနာကိုယ့်ဘာသာဖြေရှင်းတဲ့ သဘောပေါ့။ အဲတစ်ခုပဲရှိတယ်။ တကယ်လို့ကိုယ်တို့ဆုံးမလို့ ကိုဇင်မောင်ကကြောက်လန့်သွားလို့ပဲဖြစ်ဖြစ်။ နွယ့်ကိုစိတ်နာသွားလို့ပဲဖြစ်ဖြစ် သူတို့ချင်းကွဲကွာသွားကြပြီဆိုပါတော့။ နွယ်ဟာ နောက်တစ်ကြိမ်အိမ်ထောင်ပြုချင်ပြုပေလိမ့်မယ်။ အဲဒီအခါကျတော့ ဘယ်သူ့ကိုသူရွေးမယ်ဆိုတာ မပြောနိုင်ဘူး။ဒီတော့ကိုယ်တို့အထဲက တစ်ယောက်မှ နွယ့်ကိုလက်မထပ်ပါဘူးဆိုတဲ့ ကတိပေးချင်တယ်။ ဘယ့်နှယ်လဲပေးနိုင်ကြမလား"

"သိပ်ပေးတာပေါ့၊ကိုယ်တို့ဟာ အခွင့်အရေးအတွက်မဟုတ်ဘူး။ အချစ်အတွက်သက်သက်စွန့်စားကြတယ်ဆိုတာ လေးလေးနက်နက်သဘောပေါက်ပြီးသားပဲ ဥစ္စာ"





"ဒါဆို စိမ်လိုက်ကြကြေးနော်"

"အိုကေ"

ကျွန်တော်တို့သည် ဖန်ခွက်နှုတ်ခမ်းချင်း ချင်ကနဲမြည်အောင် တိုက်လိုက်ကြသည်။ပြီးဘီယာကိုလည်ချောင်းအတွင်း လောင်းထည့်လိုက်ကြသည်။

သို့ဖြင့်....

ဇူဒ္ဓဟူးနေ့နံနက်တွင် နွယ်လှိုင်ဝင်းသည်အိမ်မှ ထွက်ခဲ့ကြောင်းတွေ့ရပါသည်။ ချမ်းမြေ့ရိပ်သာသို့တစ်ကိုယ်တည်းကားမောင်းပြီးပြန်သွားကြောင်း မြင်လိုက်ရပါသည်။

ကျွန်တော်တို့သည် နှစ်ရက်လုံးလုံးချမ်းမြေ့ရိပ်သာနှင့် ကိုဇင်မောင်၏ခြေကိုလှမ်းခွဲ၍ စောင့်ကြည့်ခဲ့ကြသည်။နွယ်လှိုင်ဝင်းသည် ချမ်းမြေ့ရိပ်သာတွင်ပင် ရှိနေပြီးကိုဇင်မောင်ကိုလည်း သူ၏ခြံထဲတွင် အိမ်မှာပင်အထီးတည်းရှိနေခဲ့ကြောင်းတွေ့ရသည်။

နွယ်လှိုင်ဝင်းထွက်သွားသည့်အတွက် တစ်စုံတရာထူးခြားဟန်ကို ကိုဇင်မောင်ထံ၌ မတွေ့ခဲ့ရပါ။သူသည်အခါတိုင်းကလိုပင် လုပ်ရိုးလုပ်စဉ်အလုပ်များကိုလုပ်နေခဲ့သည်။ စင်စစ်သူ့အဖို့နွယ်လှိုင်ဝင်းထွက်ခွာသွားခဲ့သည်ဆိုခြင်းမှာ ဘာမျှမဆန်း၊ ထိုသို့အိမ်ပေါ်မှဆင်းသွားနေကျပင်ဖြစ်သည်။နှစ်ရက်ခန့်ကြာလျှင်တော့ ပြန်ရောက်လာမြဲ။

သို့သော်သည်တစ်ကြိမ်မှာတော့ နှစ်ရက်ထက်ပို၍ကြာနေသည်။

နွယ်လှိုင်ဝင်းသည် ကိုဇင်မောင်အပေါ်အတော်ချည်းနာကျည်းသွားလေသလားမပြောတတ်။ အခါတိုင်းကထက် စိတ်ထိခိုက်သွားပုံတော့ရသည်။

ကျွန်တော်သည် ကိုဇင်မောင့်ကိုစောင့်ကြည့်ရင်း နောက်ယောင်ခံရင်းနှင့်ပင် မုန်းတီးစိတ်များပွားလာမိသည်။ဒေါ်မနသသဖြစ်နေမိသည်။

သည်လူသည်တစ်ကိုယ်ကောင်းသမားတစ်ယောက် ဖြ
ကြောင်းကား ထင်ရှားပါချေသည်။အကြံအစည်ကြီးသည်။အတ္တ
ဆန်သည်။သည့်လိုလူမျိုးကို ရွေးချယ်ခဲ့မိသည့်အတွက် နွယ်လို
ဝင်းတစ်ယောက် နောင်တကောင်းစွာရနေလိမ့်မည် ထင်သည်

သူသည် ချစ်တတ်သောလူတစ်ယောက်ဖြစ်ပုံမရ၊ စိတ်ကူ
ယဉ်ဆန်သော လူတစ်ယောက်ဟုတ်ပုံမရ။ စီးပွားရေးသမားသ
သက်သာဖြစ်ပုံရသည်။ မိမိမှာလှပချောမောသောဇနီးတစ်ယောက်
ရှိသည်ဆိုခြင်းကို လစ်လျူရှုကာ စီးပွားရေးအရ ကိန်းဂဏန်းတွေ
သာတွေးနေခဲ့ပုံရသည်။ လောကတွင်ငွေသာလျှင် အရေးကြီးဆုံးဖြ
ပြီး ငွေရရေးကိုသာတွေးနေသူတစ်ယောက်ဖြစ်ရမည်။ နွယ်လှိုင်ဝ
သည် သူ့အတွက်ငွေထုတ်ပေးနေသော ဘဏ်တိုက်သို့မဟုတ်
သိုက်နန်းတစ်ခုအဖြစ်သာ သဘောထားပုံရသည်။သို့မဟုတ်လျှ
မှ တစ်နေ့ရွှေဥတစ်လုံးဥပေးနေသော ငန်းသာဖြစ်ရပေမည်။

ဇနီးသည်နှင့်ပိုက်ထွေးယုယနေထိုင်မှုမှာ ဟန်းနီးမွန်းကာလ
တွင်ကုန်ဆုံးလေပြီလားဟု ထင်မှတ်စရာရှိသည်။

သူသည် အလွန်ကိုယ်ရည်သွေးသူလည်းဖြစ်သည်။အကြွ
သန်သူလည်းဖြစ်သည်။ကျွန်တော်တွေ့ရသလောက်သူနှင့် ဆက်ဆံ
ကြသောလူတဝက်လောက်မှာ သူ၏ကိုယ်ရည်သွေးမှုကို မခွဲမရ
နိုင်ပဲ စိတ်ပျက်ပြန်သွားကြသည်သာဖြစ်သည်။

ကျွန်တော်တို့ကဲ့သို့ပင် လူအတော်များများကလည်း သူ့ကို
မုန်းတီးနေကြလိမ့်မည်ထင်ပါသည်။

သည်ညမှာတော့ ကျွန်တော်တို့အခွင့်အရေးရလာသည်။

ကျွန်တော်သည် တစ်နေ့လုံးကိုဇင်မောင်ကိုစောင့်ကြည့်လာ
ခဲ့သည်။ ညနေပိုင်းတွင် သူသည်သူ့လိုပင် စီးပွားရေးသမားဖြစ်ဟ
တူသောလူနှစ်ယောက်နှင့်အတူ တခါက ကျွန်တော်တို့နှင့်ဆုံဖူ
သောစားသောက်ဆိုင်တွင် ညစာစားကြောင်းတွေ့ရသည်။သူတို့
ဘီယာအနည်းငယ်စီသောက်ကြသည်။





ထို့နောက်လမ်းခွဲလိုက်ကြသည်။

ကျွန်တော်သည် မြတ်ကျော်သူနှင့်အောင်ဌေးဝင်းတို့ထံလာခဲ့သည်။ အကယ်၍သည်ညနွယ်လှိုင်ဝင်းပြန်မလာဆိုလျှင် အလုပ်စရန် အကောင်းဆုံးအခြေအနေဖြစ်ကြောင်း ပြောပြလိုက်သည်။ သူတို့ကလည်း သည်ညကိုပင်သတ်မှတ်လိုက်ကြသည်။

ညကိုးနာရီခန့်တွင် ကျွန်တော်တို့သုံးယောက်သည်ကိုဇင်မောင်၏ ခြံတံခါးအနီးသို့ရောက်နေကြသည်။ အိမ်ကို အကဲခတ်ကြည့်နေကြသည်။

နွယ်လှိုင်ဝင်းပြန်မလာသည်မှာ သေချာခဲ့ပါပြီ။သူမသည် ချမ်းမြေ့ရိပ်သာသို့ ပြန်ရောက်ပြီးနောက်အိမ်တွင်းပုန်းလုပ်နေခဲ့သည်ဖြစ်ရာ သူမကိုစောင့်ကြည့်ဖို့လွယ်နေသည်။

ကောင်းပါပြီ။

သားကောင်သည် ညွှတ်ကွင်းတွင်း၌မိနေခဲ့ပြီ။ကျွန်တော်တို့အနေဖြင့်အလွယ်တကူဖမ်းရုံသာရှိတော့သည်။

ကျွန်တော်တို့ရောက်သွားသောအခါ ဆောက်ပြီးလက်စတိုက်သစ်ကလေး၏အခန်းနှစ်ခန်းတွင် မီးအလင်းရောင်ရှိနေကြောင်းတွေ့ရသည်။တစ်ခန်းမှာဧည့်ခန်းဖြစ်ပြီး ကျန်တစ်ခန်းမှာ ထမင်းစားခန်းနှင့်တွဲနေသည့် မီးဖိုခန်းဖြစ်သည်။ခန်းဆီးတွင်မီးရောင်ဖြင့်အရိပ်ထိုးကာ ကိုဇင်မောင်၏လှုပ်ရှားမှုများကို တွေ့နေရသည်။

နွယ်လှိုင်ဝင်းကို စောင့်ကြည့်နေသောမြတ်ကျော်သူက သူမ၏ကားကို ကားဂိုဒေါင်ထဲ၌ တွေ့ရကြောင်းပြောသည်။ထို့ကြောင့် သူမရောက်မလာနိုင်ကြောင်းသေချာသည်။

"ဒါပေမယ့် သူစိတ်ပြောင်းပြီးရောက်ချင်ရောက်လာနိုင်တာပဲ"

ကျွန်တော်က ထင်မြင်ချက်ပေးလိုက်သည်။

"ဒါဖြင့် သူရောက်မလာခင်အလုပ်စကြစို့"

အောင်ဌေးဝင်းက ထက်သန်စွာပြောသည်။

ကျွန်တော်တို့မှာ အခါပေါင်းများစွာဆွေးနွေးပြီးဖြစ်သည်။

တိုင်ပင်ပြီးဖြစ်သည်။ ထို့ကြောင့်စကားများများပြောရန်မလိုပဲ အလုပ်စကြရုံသာရှိပါသည်။

ကိုဇင်မောင်၏အရိပ်အယောင်သည် ထမင်းစားခန်းထဲမှာရှိနေသည်။ ညှော်နံ့သင်းနေပြီးမီးဖိုတွင်လည်း မီးရှိနေသည်။သူသည် တစ်ကိုယ်တည်းပင် ညစာကိုမိမိဘာသာချက်စားနေပုံရသည်၊ အရက်ထပ်သောက်လိုလျှင်လည်း သောက်နေပေလိမ့်မည်။

ကျွန်တော်သည် လူခေါ်ခေါင်းလောင်းကိုနှိပ်လိုက်သည်၊ အတွင်းမှရုတ်တရက်လှုပ်ရှားမှုကို မတွေ့ရ။ကိုဇင်မောင်သည်လူကြီးလူကောင်းပီသစွာ ဧည့်သည်အား လာမတွေ့မီနှုတ်ခမ်းပါးနားစေးနေပုံရသည်။

အတော်ကြာမှမင်းတုံးဖွင့်သံကြားရပြီး တံခါးလည်းပွင့်သွားသည်။

တံခါးဝတွင် ကိုဇင်မောင်ကိုတွေ့ရပါသည်။သူသည်အိမ်နေရင်းဖော်သည့်အဝတ်ဝတ်ထားသည်။ ခြေညှပ်ဖိနပ်စီးထားသည်၊ သူ၏မျက်နှာမှာအနည်းငယ်သွေးရောင်လွှမ်းနေသည်။ အဆီပြန်နေသည်။ကျွန်တော်တို့လူသိုက်ကိုတွေ့လိုက်ရသည့်အတွက် အံ့အားသင့်ပုံရနေသည်။

"ဟာလို လူကြီးမင်းများပါလား၊ကိုယ်ဘာလုပ်ပေးရမလဲ"

သူကျွန်တော်တို့ကိုသိနေကြောင်းကား ထင်ရှားပါသည်၊ သို့သော် သူ့ကိုကျွန်တော်တို့မုန်းနေကြောင်းကိုကား သိကောင်းမှသိမည်ဟု၊ ယင်းတဒင်္ဂ၌ကျွန်တော်တွေးလိုက်မိသည်။

"ဦးဇင်မောင်၊ ကျွန်တော်တို့အလုပ်ကိစ္စတစ်ခုအတွက် ခင်ဗျားနဲ့ ဆွေးနွေးချင်လို့ပါ"

သည်လောက်ဆိုလျှင်ပင် လုံလောက်ပြီဖြစ်ပါသည်။သူသည် တံခါးကိုခတ်ကျယ်ကျယ်ဖွင့်လိုက်ပြီး ဧည့်ခန်းအတွင်းသို့ကျွန်တော်တို့ကိုဖိတ်ခေါ်လိုက်သည်။

သည်အိမ်အတွင်းသို့ ကျွန်ပတော်တို့တစ်ခေါက်မှ မရောက်ဖူး





ကြ။ အိမ်မှာထင်သည်ထက်ခမ်းနားနေသည်။ နွယ်လှိုင်ဝင်းသည် အိမ်အတည်တကျနေရန်ဆုံးဖြတ်ခဲ့လေသလားမသိ။ အဖိုးတန်အိမ်ထောင်ပရိဘောဂများကို ပြောင်းရွှေ့ထားသည်။

နွယ်လှိုင်ဝင်း၏ပထွေးမှာ ပန်းချီပန်းပုစုဆောင်းရန် ဝါသနာပါသူဖြစ်သည်။သူ၏အဖိုးတန်ပန်းပုရုပ်များမှာ သည်အိမ်ဧည့်ခန်းတွင်ရောက်နေသည်။

'ကိုယ်ညစာစားဖို့လုပ်ရင်း သောက်နေတယ်။မောင်ရင်တို့ကောသောက်ကြပါလား။ရမ်၊ဘရမ်ဒီ၊ဝီစကီ ဘာသောက်မလဲ"

သူက အရေးထဲဖော်ရွေနေပြန်သည်။သူ့အားအန္တရာယ်ပြုမည့်သူများဟု မသိပဲနှင့် လောကဝတ်ပြုနေသည်။သူဖိတ်ခေါ်မှုမှာ ဟန်ဆောင်မှုကင်းပြီး ရင်းနှီးကျွမ်းဝင်လိုဟန်ရှိနေသည်တော့အမှန်ပင်။

သူသည်ကျွန်တော်တို့ကိုသည့်မြို့သားများဖြစ်ကြောင်း သိပုံရသည်။နွယ်လှိုင်ဝင်းနှင့်ပတ်သက်နေကြောင်းကိုကား သိချင်မှသိပေလိမ့်မည်။နွယ်လှိုင်ဝင်းအနေဖြင့်လည်း သူမအား ချစ်ရေးဆိုသူများအကြောင်းကို ပြောပြခဲ့ပေလိမ့်မည်မထင်ပါ။

"ကျွန်တော်တို့မှာ အချိန်သိပ်မရလို့မသောက်တော့ပါဘူး"

မြတ်ကျော်သူကပြောလိုက်သည်။

"အင်း၊ဒါဆိုလဲ ပြီးတာပါပဲ"

သူကအလုပ်ကိစ္စအကြောင်းကို စစေချင်ပုံရသည်။ ကျွန်တော်တို့အခြေအနေကို အကဲခတ်နေသည်။

အနေအထားမှာစိတ်တိုင်းကျဖြစ်သည်။ ကိုဇင်မောင်၏ရှေ့တည့်တည့်တွင် အောင်ဌေးဝင်းထိုင်နေသည်။ သူ၏တဘက်တစ်ချက်တွင်ကျွန်တော်နှင့်မြတ်ကျော်သူရှိနေသည်။

ကျွန်တော်တို့၏ပြောရေးဆိုခွင့်ရှိသူ အောင်ဌေးဝင်းဖြစ်သည်။

"ဒီမှာ ကိုဇင်မောင်၊ကျွန်တော်တို့ဘာကြောင့် ဒီကိုရောက်လာသလဲဆိုတာ ပြောပြချင်တယ်။ကျွန်တော်တို့ဟာ နွယ်လှိုင်ဝင်းနဲ့

တမြို့တည်းသားချင်းတွေပဲ။ရုပ်ဆွေရုပ်မျိုးတွေပဲ။ ခင်ဗျားနွယ်လိုင်ဝင်းကို လက်ထပ်လိုက်တာ ကျွန်တော်တို့ဘဝင်မကျကြဘူး။ သူကသိပ်လှပြီး ခင်ဗျားကသိပ်အရုပ်ဆိုးနေလို့ပဲ။ဒါပေမယ့်ဒါကိုထားပါ။လက်ထပ်ပြီးတဲ့နောက်ခင်ဗျားဟာ သူ့အပေါ်မှာမကြင်နာဘူးဆိုတာတွေ့ရတယ်။အမျိုးမျိုးနှိပ်စက်နေခဲ့တယ်။တစ်ကြိမ်မှာ စားသောက်ဆိုင်လိုနေရာမျိုး၊သူစိမ်းတွေရှေ့မှာသူ့ကို ခင်ဗျား မျက်ရည်ပေါက်ပေါက်ကျအောင်လုပ်ခဲ့တယ်။ အခုလဲပဲသူဟာ ခင်ဗျားရိုက်နှက်ထားလို့ မျက်နှာမှာအညိုအမည်းအဖုအယောင်တွေ ရနေခဲ့တယ်။ ခင်ဗျားဟာလူမဆန်ဘူး။ဒီတော့ကျုပ်တို့ဟာ နွယ်လိုင်ဝင်းရဲ့ ရုပ်ဆွေရုပ်မျိုးအနေနဲ့ ခင်ဗျားကိုဆုံးမဖို့ ဆုံးဖြတ်ခဲ့ကြတယ်"

အစသော်ကိုဇင်မောင်သည် ကြားလိုက်ရသောစကားအတွက် သူ့နားကိုသူပင် ယုံကြည်နိုင်ပုံမရချေ။အံ့အားတသင့် နားထောင်နေသည်။ ပြီးလျှင်ခံပြင်းမိသလိုမျက်နှာတင်းမာလာသည်။ပြီးမှ ကျွန်တော်တို့ကဲ့သို့ မလောက်လေးမလောက်စားကောင်ကလေးများ၏ခြိမ်းခြောက်မှုကို ရယ်မောစရာအဖြစ်သဘောထားဟန်ဖြင့် ရယ်မောလိုက်သည်။အောင်ဌေးဝင်း၏စကား အလွန်ဟာသရသမြောက်သော ပြက်လုံးတစ်ခုအလား ဟက်ဟက်ပက်ပက်ရယ်မောလိုက်ခြင်းဖြစ်သည်။

"ဒီတော့မောင်ရင်တို့က ဘာလုပ်ချင်ကြသလဲ"

ပြောပြောဆိုဆိုမှာပင် သူထိုင်ရာမှထရပ်လိုက်သည်။သူ၏အရပ်အမောင်းအလုံးအထည်မှာ ကျွန်တော်တို့မျှော်လင့်ထားသည်ထက် တောင့်တင်းသည်အမှန်။

"ကျုပ်တို့ခင်ဗျား နောက်နောင်နွယ့်ကို မနှိပ်စက်နိုင်အောင်ဆုံးမဖို့စိတ်ကူးထားတယ်။နွယ်ရဲ့နောက်မှာ သူ့ကိုခင်မင်တဲ့သူတွေရှိသေးတယ်၊ကြင်နာတဲ့သူငယ်ချင်းမိတ်ဆွေတွေ မားမားရပ်နေကြသေးတယ်ဆိုတာ ခင်ဗျားအသက်ထက်ဆုံး မှတ်မိသွားဖို့အထိဆုံးမဖို့ပေါ့"





ကိုဇင်မောင်ကရယ်ပြီးရင်းရယ်နေသည်။သို့သော် အောင်ဌေးဝင်း၏ဗလနှင့်တစ်ယောက်နှင့်သုံးယောက်ဖြစ်နေသည်ဆိုသည့်အချက်ကိုတော့ သူသတိထားမိပြီးစိုးရိမ်ဟန်ပြလာသည်။

ကျွန်တော်တို့သူနှင့်ပြိုင်တူထရပ်ခဲ့ကြပြီးဖြစ်သည်။ မြားသုံးစင်းသဖွယ်သူ့ထံတိုးလာခဲ့ကြသည်။

သူအရယ်ရပ်သွားသည်။တကယ်တန်းတွင်တော့သူကြောက်လန့်နေကြောင်းထင်ရှားသည်။ကျွန်တော်တို့ကိုသတိကြီးစွာဖြင့်ကြည့်နေသည်။

အောင်ဌေးဝင်းသည် သူ့ဂျာကင်အင်္ကျီအိတ်ထဲမှ တစ်စုံတရာကိုထုတ်ယူလိုက်သည်။ဓားတစ်ချောင်းဖြစ်ပါသည်။သို့သော်တကယ့်သားလှီးဓားကလေးဖြစ်သည်။ကစားစရာပမာဏလောက်သာရှိသော ဓားကလေးဖြစ်သည်။

ကျွန်တော်တို့တိုင်ပင်ခဲ့ကြသည့်အထဲတွင် လက်နက်တစ်စုံတစ်ရာယူဆောင်လာဖို့အကြောင်းမပါပါ။လက်ချည်းသက်သက်ဖြင့်ဆုံးမဖို့သာပါသည်။အောင်ဌေးဝင်းကကျွန်တော်တို့မသိအောင်လက်နက်ဆောင်လာသည့်အတွက် စိုးရိမ်မိစပြုသည်။

အခြေအနေကိုသည်လောက်မြန်မြန်ကြီး ပြောင်းလဲသွားလိမ့်မည်ဟု၍လည်း မအောက်မေ့ခဲ့။ ကိုဇင်မောင်သည်အောင်ဌေးဝင်းကိုဖြတ်ကျော်ဖို့ ကြိုးစားသည်။သူ့အိမ်ခန်းဆီသို့ရောက်လိုဟန် ပြုသည်။အိပ်ခန်းထဲမှ ခေါင်းအုံးအောက်ဝယ်သူ၏ သေနတ်ရှိနေကြောင်း နောက်တော့သိရသည်။

အောင်ဌေးဝင်းက သူနှင့်လူချင်းပူးလိုက်သည်။သူတို့လုံးထွေးကာကြမ်းပြင်ပေါ်သို့ ကျသွားကြသည်။ခြိမ်းခြောက်ခံရသူက တိုက်ခိုက်သောအနေအထားဖြစ်နေသည်။

ကျွန်တော်တို့လူ အောင်ဌေးဝင်းမှာကိုဇင်မောင်၏ကိုယ်အောက်တွင် ကျရောက်နေသည်။ မြတ်ကျော်သူက ဝင်ကူသည်။ ကိုဇင်မောင်ကိုနောက်မှနေ၍ လည်ပင်းညှစ်ရန်ကြိုးစားသည်။

သက်သေမရှိ။ပြီးအဖြစ်ကလည်း တမင်တကာရည်ရွယ်သည်မဟုတ်ပဲ လက်လွန်သွားခြင်းသာဖြစ်သည်။

အမိကမှာ ကျွန်တော်တို့သုံးယောက်တစ်ယောက်အပေါ်တစ်ယောက်သစ္စာမဖောက်လေသမျှ သည်အမှုပေါ်ပေါက်စရာမလို။ ကျွန်တော်တို့အချင်းချင်းကို စိတ်ချယုံကြည်ရပါသည်။သွေးသောက်ရဲဘော်များဖြစ်ခဲ့ကြပြီမဟုတ်လား။

လူစုခွဲရန်ပြောရသည်။ အခြေအနေကိုစောင့်ကြည့်ရန်သဘောတူကြသည်။သို့ဖြင့် ကျွန်တော်တို့လူစုခွဲခဲ့ကြသည်။အသီးသီးအိမ်သို့ပြန်ခဲ့ကြသည်။

အဖြစ်အပျက် တုန်လှုပ်ချောက်ချားခဲ့ရသည်မှာတော့အမှန်ပင်ဖြစ်သည်။ချောက်အိပ်မက်ကြီးတစ်ခုနှယ် ဘဝကိုစိုးမိုးနေတော့မှာအမှန်ဖြစ်သည်။မိမိတို့၏ သွေးစွန်းသောလက်ကိုမိမိတို့ကိုယ်တိုင်မသတိချင်။မှားတာပဲဆိုသောနောင်တရားသည် ရင်ထဲမှာဂယက်ထန်နေသည်။ လွန်ခဲ့ပြီဖြစ်သည်။

အောင်ငွေးဝင်းအားအိမ်သို့ ပို့ပေးပြီးနောက်တစ်ကိုယ်တည်းကားမောင်းလာရင်း သည်အပေါင်းအသင်းများကိုပေါင်းမိသည့်အတွက် သည်သို့ဖြစ်ရသည်ဟုစိတ်ထဲမှာ ထင်လာသည်။

အိမ်သို့ပြန်ရောက်လျှင် မိမိကိုယ်ကိုတယ်လီဖုန်းအနီးတွင်ရပ်နေကြောင်းတွေ့ရသည်။စကားပြောခွက်ကိုကောက်ယူကာအလွတ်ရနေသောနံပါတ်တစ်ခုကို ဆက်လိုက်သည်။တယ်လီဖုန်းထဲမှ ကြည်လင်ပြတ်သားသောအဖြေကို ကြားရသည်။

"ချမ်းမြေ့ရိပ်သာကပါ၊ဘယ်သူနဲ့ စကားပြောချင်ပါသလဲ"

"မနွယ်လှိုင်ဝင်းနဲ့ ပြောချင်ပါတယ်"

"သူအိပ်နေပါပြီခင်ဗျာ"

"အခုပြောနေတာ ဘယ်သူလဲ"

"ကျွန်တော်ခြံစောင့်ပါ။"

"မနွယ်လှိုင်ဝင်းနဲ့ အရေးကြီးတဲ့စကားပြောစရာရှိလို့ပါ"





ကျွန်တော့်လက်တွင်းဘယ်ပုံဘယ်နည်းဖြင့် ပလာစတာပန်းပုရုပ်ထုတစ်ခုပါလာကြောင်းမသိ။ကိုဇင်မောင်ခေါင်းကို ပလာစတာရုပ်ဖြင့် ရိုက်ခဲ့မိလေသလားဆိုသည်ကို မတွေးတတ်။ပြီးဘာတွေဖြစ်ခဲ့သည် ဘာတွေဖြစ်ကုန်ပြီဆိုသည်ကို သိနိုင်လောက်အောင် စိတ်အသိကို မထိန်းချုပ်နိုင်တော့။အရာအားလုံးသည်ဝေနေသည်။ဝါးနေသည်။မျက်ဝန်းများပြာနေသည်။

သတိရ၍ကြည့်လိုက်မိသောအခါ ကိုဇင်မောင်၏ရင်ပတ်၌သွေးစွန်းဝင်နေသည်ကို တွေ့ရသည်။ သူ၏ညည်းညူသံကိုကြားရသည်။ သူသည်အတော်နှင့်လဲကျမသွားခဲ့သေး။ပြီးမှ ဘေးသို့ယိုင်ပြီးကျလဲသွားသည်။

အောင်ငွေးဝင်း၏တုန်လှုပ်ချောက်ချားစွာ ပြောလိုက်သောစကားကိုကျွန်တော်နောက်ဆုံး ကြားရသည်။

"ပြေးကြစို့၊သူသေပြီထင်တယ်၊ ကိုယ်လက်လွန်သွားပြီထင်တယ်"

(၂)

မခွဲခွာမီတွင် ကျွန်တော်တို့ကားကို ဦးတည့်ရာလျှောက်မောင်းနေမိကြသည်။ကျွန်တော်ကောမြတ်ကျော်သူကပါ အောင်ငွေးဝင်းကိုစားယူလာသည့်အတွက် မာန်မဲနေမိကြသည်။ဘာလုပ်ကြမလဲဘာကိုင်ကြမလဲဟု တိုင်ပင်ကြသည်။

အစပိုင်းကတော့ တစ်ယောက်တပေါက်နှင့်ဆုံးဖြတ်ချက်ချ၍မရပဲဖြစ်နေသည်။နောက်တော့ကျွန်တော်တို့ဘာမျှမလုပ်ပဲ ငြိမ်နေရန်သန္နိဋ္ဌာန် ချလိုက်ကြသည်။

ကျွန်တော်တို့သုံးယောက်နှင့် ကိုဇင်မောင်ရန်ငြိုးရှိသည်ကိုမည်သူမျှမသိ။ကျွန်တော်တို့သူ့အိမ်သို့ ရောက်ခဲ့ကြောင်းမျက်မြင်

"ကျွန်တော်ပြောပြီးပါပြီ၊ သူအိပ်နေပါပြီလို့"

"သေချာရဲ့လားဟင်"

"သေချာပါတယ် လွန်ခဲ့တဲ့နာရီဝက်လောက်ကတည်းက သူ့အခန်းမီးငြိမ်းသွားတာ တွေ့ရပါတယ်"

"ဟုတ်ပြီလေ၊ ဒါပါပဲ"

စကားပြောခွက်ကို ပြန်ချထားလိုက်သည်။

နောက်ရှစ်နာရီအကြာတွင် ရဲကကိုဇင်မောင်အသတ်ခံရမှုနှင့် ပတ်သတ်၍ လူသတ်သမားကိုဖော်ထုတ်နိုင်ခဲ့သည်။ကျွန်တော်တို့ တအံ့တသြဖြစ်ရသည်မှာ ရဲကနွယ်လှိုင်ဝင်းအားလူသတ်သမားအဖြစ် ဖမ်းဆီးလိုက်သည်ဆိုသော သတင်းပေတည်း။

ထိုအခါကျွန်တော်တို့သုံးဦးသားသည် အရေးပေါ်ဆွေးနွေးပွဲ ထိုင်ရလေတော့သည်။

သည်တွင်ကျွန်တော်သိလာရသောအရာတစ်ခုမှာ ညကကျွန်တော်ကဲ့သို့ပင် စိတ်မတည်ငြိမ်နိုင်သူတစ်ဦးရှိသည်။ ၎င်းမှာမြတ်ကျော်သူဖြစ်သည်။သူက အိမ်သို့ပြန်ရောက်ပြီးနောက် ရဲစခန်းသို့ တယ်လီဖုန်းဆက်ခဲ့မိပါသည်ဟုဆိုသည်။သူက သူသည်ကိုဇင်မောင်၏ခြံရှေ့မှဖြတ်၍ကားမောင်းလာခဲ့သည်။ ထိုအခါခြံထဲမှလူတစ်ယောက်ထွက်ပြေးလာသည်ကို တွေ့ရသည်။ထိုသူသည် ခြံဝတွင်ရပ်ထားသောကားထဲသို့ ခုန်ဝင်ကာမောင်းထွက်ပြေးသွားကြောင်း ရဲအားဖုန်းဆက်အကြောင်းကြားခဲ့သည်။သူ၏အမည်ကိုမူ ဖွင့်မပြောခဲ့လို့ဆိုပါသည်။

"ဇော်ဇော်ကလဲ နွယ်လှိုင်ဝင်းရဲ့အိမ်ကိုဖုန်းဆက်သေးတယ် မဟုတ်လား"အောင်ဌေးဝင်းကမေးသည်။

"ဟုတ်တယ်လေ၊ နွယ်အိမ်မှာရှိနေတယ်လို့ခြံစောင့်ကပြောတယ်"

"ကိုယ်တို့အိမ်ထဲမှာ အမှားအယွင်းတစ်ခုခုများ လုပ်ခဲ့မိသလား မသိဘူး၊ စင်စစ်မှာတော့ရဲက နွယ်လှိုင်ဝင်းကိုဖမ်းစရာအကြောင်း





မရှိဘူး"

"သူတို့မှာ သံသယတစ်ခုခုရှိနေလို့နေမှာပေါ့။ နွယ်လှိုင်ဝင်းဟာကိုဇင်မောင်နဲ့ ကတောက်ကဆဖြစ်ခဲ့တယ်။ပြီးအိမ်က ထွက်လာခဲ့တယ်။ဒီအကြောင်းလောက်နဲ့ ဖမ်းဖို့ဆိုတာကလဲ မဖြစ်နိုင်သေးပါဘူး။နွယ်လှိုင်ဝင်းကလဲ သူမသတ်ပါဘူးလို့ ငြင်းတယ်လို့သတင်းတွေက ဆိုနေတယ်"

"အဲဒါထောင်ချောက်ဆင်တာဖြစ်မယ်"

"ကိုယ်တို့အတွက်လား"

"ဖြစ်ကောင်းဖြစ်မယ်"

"ဒါဆို ဘာပဲဖြစ်ဖြစ်ကိုယ်တို့ဝန်ခံလိုက်ကြရင် ကောင်းမယ်ထင်တယ်"

ကျွန်တော်တို့တိတ်ဆိတ်နေမိကြသည်။ လောလောဆယ်တွင် အခြေအနေမှာဆိုးရွားနေသည်။ခုတ်ရာတခြားရှရာတလွဲ ဖြစ်နေပြီထင်သည်။ ကျွန်တော်တို့အနေဖြင့်ဝန်ခံလိုက်ခြင်းအားဖြင့် နွယ်လှိုင်ဝင်းကို ကယ်တင်နိုင်သည်ထား။ပတ်ဝန်းကျင်ကသူမအတွက် ကျွန်တော်တို့ပြစ်မှုကျူးလွန်ရသည်ဆိုကာ သူမကိုပင်အပြစ်ဖို့လာကြမှာ သေချာသည်။သည်အခြေအနေမှာလက်ခံနိုင်စရာ ကောင်းပါ့မလား။ ကျွန်တော်တို့စဉ်းစားရသည်။

အောင်ဌေးဝင်းကဆိုလာသည်။

"သူငယ်ချင်းတို့ သူရဲဘောကြောင်တယ်လို့တော့ မထင်စေချင်ဘူး။နွယ်လှိုင်ဝင်းအတွက်ဆိုရင် ကိုယ်ပြုံးပြုံးကလေးနဲ့အပြစ်ဒဏ်ကိုခံယူနိုင်ပါတယ်။ထောင်တန်းကျခံဖို့လဲ ဝန်မလေးဘူး။ဒါပေမယ့် နွယ်လှိုင်ဝင်းကို ဖမ်းဆီးတာနဲ့ပတ်သက်ပြီး ဘာတစ်ခုမှ ခိုင်ခိုင်လုံလုံ မရှိဘူးဆိုတာတွေ့ရတယ်။ ဒီတော့ကိုယ်တို့ ပါးစပ်ပိတ်ပြီး နေလိုက်ကြရအောင် မကြာခင်သူတို့ နွယ်လှိုင်ဝင်းကို ပြန်လွှတ်ပေးလိုက်ရမှာပါ"

ကျွန်တော်ကလည်း ဝင်ရောက်ဖြည့်စွက်လိုက်သည်။

"အဲဒီအကြံအစည်ကောင်းတယ်၊ ကိုယ်တို့စောင့်ကြည့်ကြတာပေါ့။တကယ်လို့ နွယ့်အခြေအနေသိပ်ဆိုးလာတယ်ဆိုရင်လဲ အချိန်မရွေးဝန်ခံလိုက်နိုင်ကြတာပဲမဟုတ်လား"

သည်အကြံအစည်မှာ ကျွန်တော်တို့အဖို့ အကောင်းဆုံးဖြစ်သည်။

ကျွန်တော်တို့ကာလအတန်ကြာအောင် ရေငုံနှုတ်ပိတ်နေကြသည်။

ယခုတော့လည်း ကျွန်တော်တို့အဖြစ်မှာပေါ့စေလို၍ ကြောင်ရုပ်ထိုးကာမှ ဆေးအတွက်လေးဆိုသလိုဖြစ်နေကြောင်း တွေ့ရသည်။တစ်ထက်တစ်စ မီးနင်းကစားသူလိုဖြစ်လာသည်။

ကျွန်တော်တို့၏ မိုက်မဲမှုကိုလည်းနောင်တရမဆုံးရှိသည်။ ထိုအချိန်က ကျွန်တော်တို့လူစုခွဲလိုက်မည်ဆိုလျှင် တမျိုးတစ်ဖုံဖြစ်သွားနိုင်သည်။သို့သော်လူစုမခွဲဖြစ်။ အကြောင်းမှာတရားခံအဖြစ်စွပ်စွဲခံရသူမှာ နွယ်လှိုင်ဝင်းကိုယ်တိုင်ဖြစ်နေသောကြောင့် ဖြစ်သည်။ သူမသည် သူမတွင် အပြစ်မရှိကြောင်းလျှောက်လဲငြင်းဆိုရမှာကော်ဖြစ်သည်။

ကျွန်တော်တို့အခြေအနေကို စောင့်ကြည့်နေမိကြသည်။ ပြီးလျှင် နွယ်လှိုင်ဝင်းအားတစ်စုံတရာအကူအညီပေးနိုင်မည်အထင်နှင့် ကျွန်တော်တို့တာဝန်ရှိပုဂ္ဂိုလ်များထံ ဝန်ခံမိသောအရာရှိသည်ငင်းမှာ မြတ်ကျော်သူက ရဲစခန်းကိုဖုန်းဆက်သူမှာ သူဖြစ်ကြောင်းဝန်ခံခဲ့ခြင်းဖြစ်ပြီး ကျွန်တော်ကအခင်းဖြစ်ပွားချိန်တွင် နွယ်လှိုင်ဝင်းအိမ်သို့ကျွန်တော်ဖုန်းဆက်ခဲ့မိကြောင်း ဝန်ခံလိုက်သည်။

သို့ဖြင့် ကျွန်တော်တို့နှစ်ယောက်သည် အလိုအလျောက်တရားခံပြသက်သေများဖြစ်လာခဲ့ကြသည်။

အမှုလိုက် ဒုရဲအုပ်ဦးလှရွှေမှာ အပြင်ပန်းအနေဖြင့် ကြည့်မည်ဆိုလျှင် အလွန်တည်ငြိမ်အေးဆေးပြီး အန္တရာယ်ရှိသူဟုမထင်ရ။ပြီး သူသည်အလွန်လည်းယဉ်ကျေးသိမ်မွေ့သည်။ သို့သော်





သူကားအလွန်တရာပါးနပ်သူအဖြစ် ကျွန်တော်တို့သိထားကြသည်။ ကြောက်စရာကောင်းသူတစ်ယောက်လည်းဖြစ်သည်။

သူက မြတ်ကျော်သူအား

"အခင်းဖြစ်တဲ့ညက ရဲစခန်းကိုတယ်လီဖုန်းဆက်တာကိုမြတ်ကျော်သူနော်၊ဒီတုန်းက ခင်ဗျားကားနဲ့ကိုဇင်မောင်ရဲ့ အိမ်ရှေ့ကဖြတ်မောင်းလာခဲ့တယ်။ကိုဇင်မောင်ရဲ့အိမ်ထဲက လူတစ်ယောက်ထွက်ပြေးခဲ့တယ်လို့ သတင်းပို့ခဲ့တယ်မဟုတ်လား။ဒီသတင်းအရရဲတွေ ကိုဇင်မောင်အိမ်ကို ရောက်ခဲ့တာလဲဖြစ်တယ်။ခင်ဗျား သတင်းပို့တုန်းက လူတစ်ယောက်ဆိုတာ ယောကျ်ားတစ်ယောက်လား၊ မိန်းမတစ်ယောက်လားလို့ ခွဲခွဲခြားခြားသတင်းပို့ခဲ့ပါသလား"

"ဟင့်အင်း၊ မှောင်နေပြီ အလှမ်းဝေးလို့ ကျွန်တော်ကိုယ်တိုင်ခွဲခွဲခြားခြား မသိခဲ့ပါဘူး"

"ကောင်းပါပြီ၊ သူဘယ်လိုအဝတ်အစားဝတ်ထားသလဲ၊ ဆိုလိုတာက ဘောင်းဘီသို့မဟုတ်လုံချည်ဝတ်ထားမထားဆိုတာပါ"

"ဒါကိုလဲ ကျွန်တော်သတိမပြုမိခဲ့ပါဘူး"

မြတ်ကျော်သူသည် ရဲအားတယ်လီဖုန်းဆက်၍ အကြောင်းကြားခဲ့ပါသည်ဆိုခြင်းကို ဝန်ခံမိသည့်အတွက် နောင်တရနေပုံပေါ်သည်။ တစ်စထက်တစ်စ သူ၏အဖြေများမှာ ယတ္တိတန်လာသည်ကို ကျွန်တော်တို့သဘောပေါက်မိကြပါသည်။

သို့တိုင် ကျွန်တော်တို့အခြေအနေကို စောင့်ကြည့်နေမိကြဆဲဖြစ်သည်။

ထို့နောက်ဦးလှရွှေက ဦးကြီးသောင်းဟုခေါ်သော ချမ်းမြေ့ရိပ်သာမှ ခြံစောင့်ကိုစစ်ဆေးသည်။

"ဦးကြီးသောင်းခင်ဗျား၊ အခင်းဖြစ်တဲ့ညက ဦးကြီးဆီကိုလူတစ်ယောက် ဖုန်းဆက်တာကို ဝန်ခံပြီးပြီနော်။ဘယ်အချိန်လောက်မှာ ဆက်တာပါလဲ"

"ဆယ်နာရီဆယ့်ငါးပါ"

"သူက မနွယ်လှိုင်ဝင်းကိုခေါ်ပေးဖို့ ပြောတယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"သူပြောသလို ခေါ်ပေးခဲ့ပါသလား"

"ခေါ်မပေးခဲ့ဘူး၊ ဘာကြောင့်လဲဆိုတော့ အိပ်ခန်းမှာမီးမရှိတော့လို့ပါ၊ အဲဒီအကြောင်းပြောပြတော့ သူဖုန်းချသွားတယ်"

"ဒါဆို အိပ်ခန်းထဲမှာ မနွယ်လှိုင်ဝင်းရှိနေတာသေချာတယ်ပေါ့"

"ထင်ရတာပါပဲ"

"ထင်ရတာပဲဆိုတော့ နွယ်လှိုင်ဝင်းဟာ အိပ်ခန်းထဲမှာမရှိချင်လဲမရှိဘူးဆိုတဲ့သဘောပေါ့။ ဦးကြီးမသိပဲ သူအပြင်ကိုထွက်ချင်ထွက်သွားနိုင်တယ်ပေါ့၊ဒီလိုဆိုပါသလား"

"ဟုတ် ဟုတ်ကဲ့၊ အိမ်မှာနောက်ဖေးဘက်က လှေကားရှိပါသေးတယ်၊ ခြံနောက်ဘက်မှာ တခြားတံခါးပေါက်တစ်ပေါက်လဲရှိနေပါသေးတယ်"

"ဟုတ်ကဲ့ ဒါပါပဲဦးကြီးသောင်း"

ထို့နောက် နွယ်လှိုင်ဝင်းအလှည့်ဖြစ်သည်။

သူမကို ကျွန်တော်တို့စောင့်ကြည့်နေခဲ့သည်။အနည်းငယ်နွမ်းနယ်နေရုံမှတပါး များစွာစိတ်ခံစားကျနေသည့်ဟန်ကို မတွေ့ရ လှပဆဲပင်ဖြစ်သည်။

"အခင်းဖြစ်တဲ့ညက မနွယ်လှိုင်ဝင်းဆီကို တစ်စုံတစ်ယောက်ကဖုန်းဆက်ပါတယ်လို့ ဦးကြီးသောင်းက ဝန်ခံထားတာကြားတယ်နော်"

"ဟုတ်ကဲ့"

"အဲဒါ ဘယ်သူဖြစ်မယ်လို့ထင်ပါသလဲ"

"ကျွန်မ မပြောတတ်ပါဘူး၊ သူနဲ့ကျွန်မမှ စကားမပြောခဲ့ရဘူးဥစ္စာ"

"ယောကျ်ားတစ်ယောက်ဆိုတာတော့ သိတယ်ပေါ့"





"ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်၊ ကျွန်မမှာ ယောကျ်ားကလေးမိတ်ဆွေတချို့ရှိပါတယ်"

"ခင်ဗျား ဘာကြောင့်ခင်ဗျားယောကျ်ားဆီမှာမရှိပဲ၊ ချမ်းမြေ့ရိပ်သာမှာရှိနေရတာလဲ"

"ကျွန်မတို့ ကတောက်ကဆဖြစ်ထားကြတယ်"

"အဲဒါကို ဒီလူကဘာကြောင့်သိနေရတာလဲ၊ ဘာကြောင့်ခင်ဗျားရဲ့ယောကျ်ားနဲ့အတူရှိတဲ့အိမ်ကို ဖုန်းမဆက်ပဲ ချမ်းမြေ့ရိပ်သာကို လှမ်းဆက်လိုက်ရတာလဲ"

"ကျွန်မယောကျ်ားနဲ့ကျွန်မ ကတောက်ကဆဖြစ်တိုင်း ချမ်းမြေ့ရိပ်သာမှာ ပြန်နေတတ်တာကို တချို့ကသိထားကြပါတယ်။ ဒါကြောင့် အိမ်ကိုလှမ်းဆက်လိုက်တာ ဖြစ်မှာပေါ့"

"သူဘယ်သူလဲဆိုတာ ခင်ဗျားစဉ်းစားလို့မရဘူးလား"

"ယောကျ်ားကလေးမိတ်ဆွေတချို့ထဲက တစ်ယောက်ယောက်ဖြစ်မယ်လို့ပဲ ကျွန်မစဉ်းစားလို့ရပါတယ်"

"သိပ်ပါးနပ်တဲ့ အဖြေပါပဲမနွယ်လှိုင်ဝင်း၊ ဒါပေမယ့် ဒီမေးခွန်းရဲ့အဖြေကို ကျွန်တော်ပဲဖြေပါမယ်၊ အခင်းဖြစ်တဲ့ညက ခင်ဗျားဆီကိုလှမ်းပြီးဖုန်းဆက်ခဲ့တဲ့သူဟာ ကိုအောင်ဇော်ထူးကိုယ်တိုင်ပါပဲ"

နွယ်လှိုင်ဝင်းသည် ကျွန်တော်ကိုလှမ်းကြည့်သည်။သူမ၏အကြည့်ကို ရင်မဆိုင်ရဲသလိုမျက်လွှာချလိုက်မိသည်။

မှန်ပါသည်။ ဦးလှရွှေသည်ကျွန်တော်တို့ထင်မှတ်သည်ထက်ပါးနပ်သည်ကိုတွေ့သည်။ ကျွန်တော်နှင့်နွယ်လှိုင်ဝင်းကို ထိပ်တိုက်ဆုံပေးလိုက်သည်။ ကိုယ့်ကြမ္မာကိုယ်ဖန်းတီးကြဆိုသော သဘောပင်ဖြစ်သည်။

သူ့အနေဖြင့် ကြားမိကောင်းကြားမိပါလိမ့်မည်။ကျွန်တော်တို့သုံးယောက်နှင့် နွယ်လှိုင်ဝင်း၏အကြောင်းကို သူပြောငါပြောနှင့် နားလည်ကောင်းနားလည်နေပေလိမ့်မည်ထင်သည်။

သည်တစ်ခါ ကျွန်တော့်အလှည့်။

"ကိုအောင်ဇော်ထူး၊ ခင်ဗျားအနေနဲ့ မနွယ်လှိုင်ဝင်းဆီကို အခင်းဖြစ်တဲ့ညက ဖုန်းဆက်ခဲ့တဲ့အကြောင်းကို အခင်းဖြစ်ပြီး လေးဆယ့်ရှစ်နာရီအကြာမှာ ရဲစခန်းကိုလာပြီး ဝန်ခံခဲ့တယ်နော်"

"ဟုတ်ပါတယ်"

"အဲဒီလိုဝန်ခံလိုက်တဲ့အတွက် ခင်ဗျားဟာ ဒီအမှုမှာပတ်သက်လာနိုင်တယ်ဆိုတာတွေးမိရဲ့လား"

"တွေးမိပါတယ်"

"ဝန်မခံပဲနေခဲ့ရင် ခင်ဗျားနဲ့ကင်းကင်းရှင်းရှင်းပဲဆိုတာကိုကော သိရဲ့လား"

"သိပါတယ်"

"သိရဲ့သားနဲ့ ဘာကြောင့်ကိုယ့်ဒုက္ခကိုယ်ခံပြီး ပါဝင်လာရပါသလဲ"

"ကျွန်တော်အမှန်တရားအတိုင်း ဖြစ်စေချင်လို့ပါ"

"အမှန်တရားဟုတ်စ၊ ခင်ဗျားဘာကိုဆိုလိုချင်တာလဲ၊ ကိုအောင်ဇော်ထူး"

"အခင်းဖြစ်တဲ့အချိန်တုန်းက နွယ်ဟာသူ့အိမ်မှာပဲသူရှိနေပါတယ်"

"ဪ အလိုင်ဘီ(Alibi)အတွက်ဆိုပါတော့၊စင်စစ်မှာတော့ ဒီကိစ္စကခင်ဗျားနဲ့ သိပ်ပတ်သက်နေတယ်လို့တော့ ကျွန်တော်မထင်ပါဘူး၊ အလိုင်ဘီရဖို့အတွက်က ရဲရဲ့တာဝန်ပါပဲ၊ရဲကစုံစမ်းယူရမယ့်ကိစ္စပါပဲ။တစ်ခုပဲ တစ်ကယ်လို့အဲဒီညက ခင်ဗျား မနွယ်လှိုင်ဝင်းကို စကားပြောခွင့်ရခဲ့ရင်တော့ ခင်ဗျားရဲ့အလိုင်ဘီက ယုံကြည်စိတ်ချလောက်တယ်၊စကားပြောခွင့်မရတဲ့အတွက် ခင်ဗျားရဲ့အလိုင်ဘီက အမှုအတွက် ဘယ်လိုမှအထောက်အကူ မပြုနိုင်ဘူးဆိုတာပါပဲ"

ကျွန်တော်၏ရင်ထဲမှာ စိမ့်တက်လာသည်။အေးစက်ခြင်းသည်တစ်ကိုယ်လုံးကို လွှမ်းမိုးလိုက်သလို ခံစားရသည်။ဦးလှရွှေက





ပါးနပ်စွာဖြင့်ပင် ကျွန်တော်၏ကြိုးစားမှုမှာ အချီးနှီးဖြစ်ကြောင်း သိစေလိုက်သည်။

ရုတ်တရက်မှာပင် နွယ်လှိုင်ဝင်းသည်ထိုင်ရာမှ ထရပ်လိုက်ကြောင်းတွေ့ရသည်။ကျွန်တော့်ရှေ့သို့ လျှောက်လာကာမျက်နှာချင်းဆိုင်၍ ရပ်လိုက်သည်။သူမ၏မျက်ဝန်းများသည် ဝေရီနေသော်လည်း မျက်ရည်ကြည်ကြောင့် တစထက်တစ်စ ရွှန်းလက်လာကြောင်း တွေ့ရသည်။

ပုံးနွေးညှံ့သက်သော လက်တစ်ဖက်သည် ကျွန်တော်ပခုံးကို လာရောက်ဆုပ်ကိုင်မိသည်။

"ဇော်ဇော်" သူမကငြင်သာစွာခေါ်ကာ "ဘာပဲဖြစ်ဖြစ် ဇော်ဇော့်ကို နွယ်ကျေးဇူးတင်ပါတယ်ကွယ်"

ကျွန်တော်တို့အားလုံး ကြက်သေသေနေမိကြသည်။အားလုံးက ကျွန်တော်တို့နှစ်ယောက်အား စောင့်ဆိုင်းအကဲခတ်နေကြသည်။

သူမက လေသံမျှသောအသံဖြင့်

"ဇော်ဇော့်ကို နွယ်ချစ်ပါတယ်"

နွယ်လှိုင်ဝင်းသည် ဆတ်ကနဲပင် နောက်သို့လှည့်ကာသူမ၏ကုလားထိုင်မှာ ပြန်ထိုင်သည်။

ထိုအချိန်တွင် ကျွန်တော်၏နှလုံးသားများမှာ အရည်ပျော်ခဲ့ရပြီထင်ပါသည်။

❐

(၄)

သည်နောက်မှာတော့ အများသိကြသည့်အတိုင်းပင်ဖြစ်သည်။ ကျွန်တော်သည်ဦးလှရွှေအား တွေ့ဆုံကာ "ကျွန်တော်ဖြောင့်ချက်ပေးချင်ပါတယ်"ဆိုပြီး တရားသူကြီးတစ်ဦးရှေ့မှောက်၌ ဖြောင့်

ချက်ပေးခဲ့ပါသည်။

အောင်ငွေးဝင်းနှင့် မြတ်ကျော်သူတို့ကို ကျွန်တော်ဂရုမစိုက်တော့ပါ။ အလေးမထားတော့ပါ။ တွက်ကြည့်ပါကလည်း သူတို့သည် ကျွန်တော်၏မိတ်ဆွေများသာဖြစ်သည်။ချစ်သူမဟုတ်ခဲ့။ ကျွန်တော်တို့အားလုံး 'အချစ်အတွက်ဖြင့် အသက်ပင်သေသေ ဆိုသူများဖြစ်၍ ခွင့်လွှတ်တန်ကောင်းရဲ့ဟုလည်း အောက်မေ့မိပါသည်။

ကျွန်တော့်တွင် ပြောစရာစကားများမရှိတော့ပါ။ သို့သော် နွယ်လှိုင်ဝင်းနှင့် နောက်ဆုံးတွေ့ခဲ့ရသည့်အဖြစ်ကိုမူ မပြော၍မဖြစ်ဟုထင်သည်။

ကျွန်တော်တို့အား ထောင်ကြီးချုပ်သို့ပို့မည်ဆိုသောအခါ နွယ်လှိုင်ဝင်းသည် ကျွန်တော့်ကိုလာတွေ့သည်။

"မင်းတို့ကို နွယ် ခွင့်လွှတ်ပါတယ်ဇော်ဇော်"

လေသံမှျသောအသံဖြင့် ပြောခဲ့သည်။

"ဟင်၊ဘာအတွက် ခွင့်လွှတ်တာလဲနွယ်"

"ကိုဇင်မောင်ကို သတ်ခဲ့မိတဲ့အဖြစ်အတွက်ပေါ့၊ မင်းတို့နဲ့ ကိုဇင်မောင် ကတောက်ကဆဖြစ်ကြတာ၊ သူကနွယ့်ကို ရိုက်ခဲ့နှက်ခဲ့တာတွေကို မင်းတို့သိထားကြတယ်ဆိုတာ နွယ်ယုံကြည်ပါတယ်။ အဲဒီအကြောင်းကမင်းတို့ကို အပြစ်ဖြစ်အောင် လုပ်ခဲ့နေမှာပါပဲ၊မင်းတို့သူ့ကို လက်စားချေတာမဟုတ်ဘူး၊မင်းတို့ကိုယ်ရေးကိုယ်တာအတွက် မဟုတ်ဘူးဆိုတာကို သဘောပေါက်နေမိတယ်၊ တကယ်တော့မင်းတို့ နွယ့်အတွက်၊နွယ့်ကိုကူညီဖို့အတွက် သက်သက်ဖြစ်တယ်ဆိုတာ နွယ်သိပါတယ်ဇော်ဇော်ရယ်"

သူမ၏စကားများသည် ကျွန်တော့်အားတက်ဂုဏ်ယူဖွယ်ရာ ဖြစ်လာသည်။ သူမကျွန်တော်တို့ကို နားလည်နေပါကလားဟု တွေးမိပြီးဝမ်းသာရသေးသည်။

"ကိုယ်တို့ကြောင့်သူသေရတယ်ဆိုတာ နွယ်ဘယ်တုန်းက





သိရတာလဲဟင်"

ကျွန်တော်မေးမိသည်။

"အစကတည်းကပါပဲ"

"ဒါနဲ့ ဘာကြောင့် ဒါကိုရဲတွေရှေ့မှာ ဖွင့်မပြောခဲ့ရတာလဲ"

နွယ်လှိုင်ဝင်းပြုံးသည်။ ချိုသာသည်းခံသော အပြုံးကလေးတစ်ရပ်ဖြစ်သည်။ သည်အချိန်တွင် နွယ်လှိုင်ဝင်းသည် မြင်တွေ့ခဲ့ဘူးသမျှအနက် အလှဆုံးအချိန်ဟုထင်သည်။

"မင်း တကယ်ပဲမသိဘူးလား၊ ဇော်ဇော်"

"တကယ်မသိတာပါ"

ပြောပြီးမှ ကျွန်တော့်၏စိတ်ထဲတွင် အားငယ်ကြောက်ရွံ့မိသလို ခံစားလာရသည်။ အကြောင်းမှာ နွယ်လှိုင်ဝင်း၏မျက်နှာပေါ်မှအပြုံးမှာ ပျောက်ကွက်သွားပြီး မျက်ဝန်းများဝေသီလာသည်ကို မြင်ရသောကြောင့်ဖြစ်သည်။ ကျွန်တော်ဆက်၍ပြောလိုက်သည်။

"သိလျက်နဲ့ဘာကြောင့်ထိန်ချန်ထားရတာလဲ၊ နောက်မင်းကိုရဲက ဖမ်းတဲ့အခါမှာလဲ ဘာကြောင့် ပြင်းပြင်းထန်ထန် မငြင်းရတာလဲ၊ ပြီး လူအများရှေ့မှာ မင်းကိုနွယ်ချစ်ပါတယ်လို့ ဘာကြောင့်ပြောခဲ့ရတာလဲနွယ်"

"မင်းတို့ရဲ့ မသိနားမလည်နိုင်မှုတွေများလွန်းလို့ စာနာစိတ်နဲ့ နှတ်ပိတ်နေခဲ့တာပေါ့၊ ဟုတ်တယ်ဇော်ဇော် လောကမှာမင်းတို့ မသိနားမလည်နိုင်တာတွေအများကြီးပဲ၊ ဥပမာ ကိုဇင်မောင်ကို နွယ်ဘယ်လောက်ချစ်လဲဆိုတာ မင်းတို့မသိနားမလည်နိုင်ကြဘူး။ သူနဲ့နွယ်ဘယ်လောက်ပဲ ကတောက်ကဆဖြစ်ဖြစ်၊ သူကနွယ့်ကို ဘယ်လောက်ပဲရိုက်ရိုက်၊ နွယ်သူ့ကိုချစ်တယ်၊အခုလဲချစ်နေဆဲပဲ၊ နောင်ကိုလဲချစ်နေမိမှာပဲ။ မိန်းမတို့စိတ်ကို မင်းတို့မသိပါဘူး။ အရိုးကွဲအောင်ရိုက်လဲ အသည်းစွဲအောင်ချစ်တယ်ဆိုတာတို့ မင်းတို့နားမလည်ဘူး။ ဒါကြောင့်ပဲ နွယ်ပြောခဲ့တယ်မဟုတ်လား။ မင်းတို့ကိုခွင့်လွှတ်ပါတယ်လို့။ နို့မဟုတ်ရင် မင်းတို့ကိုကျေးဇူးတင်ပါတယ်

လို့သာ ပြောမှာပေါ့။ မဟုတ်လားဇော်ဇော်”

ကျွန်တော်ဘာမျှ ပြန်မပြောတတ်တော့ပါ။ ဘာပြောရမည်ဆိုခြင်းကိုလည်း မသိတော့ပါ။ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်တိတ်ဆိတ်နေမိသည်။အဘယ်မျှကြာသွားသည်မသိ။ အစောင့်က “ကဲ ကိုယ့်လူတို့ သွားကြစို့” ဆိုသည်။ ကားစက်နှိုးနေပြီ။

ကျွန်တော် ကြေကွဲတိတ်ဆိတ်စွာဆိုမိသည်။

“ကိုယ်သွားတော့မယ်နွယ်”

နွယ်လိုင်ဝင်းသည် ကျွန်တော့်ရှေ့မှာ ငြိမ်ငြိမ်ကလေးရပ်နေသည်။တစ်စုံတစ်ရာကို မျှော်လင့်သလိုအနေအထားဖြင့် ဖြစ်သည်။ အကယ်၍ ကျွန်တော့်မှာ ဆန္ဒရှိမည်ဆိုလျှင် သူမကိုထွေးပွေ့၍ နှုတ်ဆက်အနမ်း နမ်းနိုင်လိမ့်မည်ထင်သည်။ ကျွန်တော်မနမ်းခဲ့။

ကျွန်တော်ကြေကွဲစွာပြုံးနေမိသည်။

“အချစ်အတွက်ဖြင့် အသက်ပင်သေသေဆိုသောစကားကို မည်သည့်အနေအထားဖြင့် ယုံကြည်လက်ခံရလေမလဲဆိုသော အတွေးဖြင့် ဖြစ်ပါသည်။

မောင်သိန်းဆိုင်





# ပြေနိုသစ္စာ
## ရင်နာစရာနှစ်မင်္ဂလာ

# မြေနီသစ္စာ

## ရင်နာစရာနှစ်မင်္ဂလာ

လှငယ်သည် အသက်၂၆နှစ်သာရှိသေးသည်။ အရပ် ၅ပေ ၈လက်မ။ မျက်နှာအနေအထားက ကြည့်ကောင်းသည်။ သို့သော် ချောက်ချားအားငယ်နေဟန်အသွင်သဏ္ဍာန်မျိုးရှိသည်။ ရင်အုပ်ကျယ်သည်။ ကိုယ်လုံးကိုယ်ပေါက်ပြေပြစ်သည်။ အသား လတ်လတ်။ သူ့အမည်က စိုးနိုင်။

စိုးနိုင်လက်ထဲမှာ သွေးစွန်းနေသော ဓားတစ်ချောင်း။ ဓားသည် ဓားမြှောင်မဟုတ်။ ဓားမောက်ဖြစ်သည်။ နီးဖြာသည့် အခါ၊ သို့မဟုတ် တောက်တိုမယ်ရလှီးဖြတ်ခုတ်ထစ်သည့်အခါ သုံးသော ဓားမျိုးဖြစ်သည်။

စိုးနိုင်သည် တုန်လှုပ်နေသည်။ မခံနိုင်လွန်း၍ပြုမူခဲ့သော အမှုအတွက် တစိမ့်စိမ့်ချောက်ချားနေသည်။ စိုးနိုင်သည် လှစိုးကို သူ့ဓားမောက်ကလေးဖြင့် တအားထိုးစိုက်ခဲ့ခြင်းဖြစ်သည်။ စင်စစ် လှစိုးက စိုးနိုင်ထက် သုံးလေးနှစ်ကြီးသည်။ အသက်(၃၀)နီးပါး လှစိုးက အရပ်နည်းနည်းမြင့်သည်။ ကိုယ်လုံးကိုယ်ထည်က





စိုးနိုင်နှင့် မတိမ်းမယိမ်း။ မျက်နှာပေါက်ထန်သည်။ လှစိုးသည် အပြောအဆိုရမ်းကားသည်။ ယေဘုယျအားဖြင့် လှစိုးသည် နိုင်ထက်စီးနင်းပြုမူလိုသော၊ တစ်နည်းရန်ရှာလိုသော အသွင် သဏ္ဍာန်မျိုးရှိသည်။

လှစိုးသည် စိုးနိုင်အပေါ် မကျေမနပ်ဖြစ်နေသော အကြောင်းတစ်ခုရှိသည်။ ယင်းကား ထွေးမေနှင့် ပတ်သက်၍ပင်။

ထွေးမေကို လှစိုးရစ်ဝဲနေသည်။ သို့သော်ထွေးမေက လှစိုးထက် စိုးနိုင်ကို မျက်နှာသာပေးသည်။ အကယ်၍တစ်နေ့ သနှဲ့ သူအိမ်ထောင်ပြုခဲ့လျှင် စိုးနိုင်ကိုသာ ရွေးချယ်မည်ဟု သူ စိတ်ကူးထားဟန်ရှိသည်။

ထွေးမေက အသားမဖြူမညို၊ လှသည်ဟုမဆိုနိုင်။ သို့ သော် ကြည့်ကောင်းသည်။ ဖွံ့ဖွံ့ထွားထွားလုံးကြီးပေါက်လှ မဟုတ်။ ကျစ်ကျစ်လျစ်လျစ်နှင့် မပိန်မပါးအနေအထားမျိုးရှိ သည်။ မိဘမရှိ။ အဒေါ်လင်မယားနှင့်အတူနေသည်။ ဟုတ် ကြိုင်ပိုင်သော ခေါက်ဆွဲစက်မှာလုပ်သည်။ စည်းစနစ်ရှိသည်။ ကြီးပွားလိုသော ရည်မှန်းချက်ထားသည်။ ယင်းကြောင့်လည်း လှစိုးထက် စိုးနိုင်ကို ထွေးမေသဘောတွေ့ခြင်းပင်။

လှစိုးမှာ စိုးနိုင်နှင့်စာလျှင် သုံးနိုင်ဖြုန်းနိုင်သည်။ ဝင်ငွေ ကောင်းသည်။ အိုးပိုင်အိမ်ပိုင်ရှိသည်။ အိမ်ထောင်ပရိဘောဂ ဟောင်း၊ သွပ်ဟောင်း၊ သစ်ဟောင်းဝယ်သည်။ အချိုအချောင် ရလျှင် ဘာမဆိုဝယ်သည်။ အမြတ်ရလျှင်ပြန်ရောင်းသည်။ စီးပွား ရေးမျက်စေ့ရှိသည်။ အမြင်ကျယ်သည်။

သို့သော် လှစိုးက အပျော်အပါးမက်သည်။ မိန်းမကိစ္စ တွေမှာ အနံ့ထွက်သည်။ ဖဲဝိုင်းတွေ့လျှင် တစ်ချီကောင်းဝင်ရိုက် တတ်သည်။ အတွက်အချက်မထားတော့ ရှုံးလည်းပါတာပြောင် အောင်ရိုက်သည်။ နိုင်လည်း ဝိုင်းလုံးကျွတ်သူတစ်ယောက်တည်း ဒိုင်ခံသယ်သည်။ ငွေရှာတတ်သူမို့ စကားလုံးကြီးကြီးကျယ်ကျယ်

ပြောတတ်သည်။

သူပြောသမျှကို သည်းခံနားထောင်နေလျှင် သူသဘောကျသည်။ သည်းမခံနိုင်၍ သူမခံချင်အောင်ဝေဖန်ပြောလာလျှင်တော့ ပြဿနာရှာသည်။ လက်ပါလာသည်။ တွေ့တာနှင့်ထိုးခုတ်ရိုက်နှက်တတ်သည့် အကျင့်ရှိသည်။

ယင်းကြောင့် သူ့အကြောင်းကိုသိသူတို့က သူ့အားဝေဖန်ဖို့ကို ဝန်လေးကြသည်။ တစ်ကြောင်းကလည်း သူဘာပြောပြောသည်းခံနားထောင်သူဆိုလျှင် အရက်သောက်လျှင်ခေါ်တိုက်သည်၊ သူဖဲနိုင်လျှင် မုန့်ဖိုးပေးသည်။ သူနှင့်ရေလိုက်ငါးလိုက်နေတတ်လျှင် အခက်အခဲရှိက သူ့သာပြောလိုက်ပါ။ အစိတ်မျိုးငါးဆယ်မျိုးချေးငှားကူညီသည်။ မတောင်းဘဲ အတော်ကြာကြာနေသည်၊ မေ့လောက်ပြီဆိုမှ သို့မဟုတ် ပြန်မဆပ်နိုင်သည့်အခြေအရောက်မှ ပြန်တောင်းသည်။ မပေးနိုင်လျှင် အိမ်ရှိပစ္စည်းကိုအချိုအချောင်နှင့် တန်ဖိုးဖြတ်ပြီးရအောင် ယူသည်။ သူ့လက်သုံးစကားကတော့

"အေး ... လိုရင်ချေးတယ်။ ပြန်ပေးတဲ့အခါမှာလည်း တန်ရာတန်ဖိုးပြန်ပေးမှကြိုက်တယ်"ဟူ၍ပင်။

လှစိုးလိုငွေကြေးမပြေလည်သော်လည်း လှစိုးနှင့်ခပ်ကင်းကင်းနေနိုင်သူမှာ စိုးနိုင်ဖြစ်သည်။ အိပ်ပိုင်မရှိ။ ငှားနေရသည်၊ စိုးနိုင်သည် တချို့လုပ်ရပ်တွေမှာ လှစိုးနှင့်တူသလိုတချို့လုပ်ရပ်တွေကတော့ လှစိုးနှင့်ဆန့်ကျင်သည်။ မိန်းမကိစ္စကင်းသည်၊ ဖဲဝိုင်းဆိုလျှင် ယောင်လို့မျှပင်မထိုင်။

သို့သော် အပေါင်းအသင်းကောင်းလျှင်တစ်ခွက်တစ်ဖလားမော့တတ်သည်။ စွဲစွဲမြဲမြဲအရက်သောက်လေ့မရှိ။ ပွဲစားလုပ်ရသည်ကိုတော့ ဝါသနာပါသည်။ ခွဲကြီးသည်။ အိမ်ရောင်းမလား၊ ခြံရောင်းမလား၊ ဘာပစ္စည်းရောင်းမလဲတည့်အောင်ရောင်းပေးတတ်သည်။ သူ့အတွက်"ဆောင်ရွက်ခ"ဘယ်လောက်ရမှဆိုသည်ကိုလည်း ကြိုပြောထားသည်။ ပြောသည့်အတိုင်းပေးမှကြိုက်





သည်။ စကားအပိုမပြောတတ်။ အပြောပြတ်သည်။ အလုပ်ပြတ်သည်။ အနေအထိုင်ပြတ်သည်။ ဘာပဲလုပ်လုပ်ဟည်တည်ကြည်ကြည် ရိုးရိုးသားသား ဖြောင့်ဖြောင့်မတ်မတ်လုပ်တတ်သည်။

သူ့ပါးစပ်နှင့် သူ့စာရိတ္တကိုရင်းပြီး ငွေရှာတတ်သည်။ သူနှင့်သဘောသဘာဝတူသူဆိုလျှင်ဖြစ်သည့်နည်းနှင့် အကူအညီပေးတတ်သည်။ စင်စစ်ထွေးမေကို သူအလုပ်သွင်းပေးခဲ့ခြင်းဖြစ်သည်။ ခေါက်ဆွဲစက်ပိုင်ရှင် ဟုတ်ကြိုင်က စိုးနိုင်ကို သူ့ဆီမှာလုပ်ရန်ပြောလာသောအခါ ထွေးမေကို ပြေးသတိရလိုက်သည်။

"နေပါဦး။ ခင်ဗျားက ကျွန်တော်မှ လိုချင်တာက ဘာအမိပ္ပာယ်လဲ ကိုဟုတ်ကြိုင်"

"နင်က စားပြောပြတ်တယ် စိုးနိုင်။ ပြီးတော့ တည်တယ်။ ငါကြိုက်တယ်။ နင်က ၈တန်း၊ ၉တန်းတတ်တော့ ငါ့စာရင်းအင်းတွေလည်း မှတ်တတ်တယ်လေ"

"ကျွန်တော့်လိုလူရရင်ကော မဖြစ်ဘူးလား"

ဟုတ်ကြိုင်နည်းနည်းစဉ်းစားသွားသည်။

"နင် အာမခံလား"

"ဒါကတော့ ကျွန်တော့်လူပဲ အာမခံရမှာပေါ့"

"အေး ခေါ်ခဲ့"

ထွေးမေကို သွားခေါ်လာသည်။

"ဒါ ကျုပ်ညီမပဲ။ ခင်ဗျားလုပ်စေချင်တဲ့ အလုပ်တွေ သူလုပ်တတ်တယ်"

ဟုတ်ကြိုင်က ထွေးမေကို နွားတစ်ကောင်ဝယ်သည့်ပုံစံမျိုးနိုးပါးအကဲခတ်သည်။

"စာရင်းအင်း မှတ်တတ်တယ်နော်"

"၈တန်းအောင်လက်မှတ်ရှိတယ်"

"ဟာ .. တယ်ဟုတ်ပါလား။ နင်အာမခံမှတော့ ငါဘာမှ

ငြင်းစရာမရှိတော့ပါဘူးဟာ"

သို့ဖြင့် ထွေးမေခေါက်ဆွဲစက်မှာ အလုပ်ရသွားသည်။ ထွေးမေကိစ္စကို မကျေနပ်သူမှာ လှစိုးဖြစ်သည်။ စိုးနိုင်သည် ပေါက်ဖော်လက်ကို ထွေးမေအား ရောင်းစားလိုက်သည်ဟု အရက် ဝိုင်းတစ်ဝိုင်းမှာ လှစိုးရင်ဖွင့်သည်။

ယင်းမှာ တို့မီးရှို့မီးလုပ်တတ်သော ငပုက ...

"စိုးနိုင်က ဟုတ်ကြိုင်ဆီကပွဲခရသလားမှ မသိတာ"ဟု ဝင်၍ "အဆင်းဘီးတပ်ပေး"သည်။

"ဟုတ်တယ် ဒီကောင်က ပွဲခရရင် နှမတောင်ရောင်းစား မယ့်ကောင်"

အမှန်က လှစိုးသည် ထွေးမေအပေါ် စိုးနိုင်ကျေးဇူးပြု ထားသည်ကို မရှုဆိတ်၍ တမင်ပြောလိုက်ခြင်းပင်။

ယင်းစကားကို စိုးနိုင်ပြန်ကြားသည်။ ပထမတော့ ဒေါ သဖြစ်သည်။ နောက်တွေးရင်း ကြိတ်ဝမ်းသာသွားသည်။

"ဒါ လှစိုးကြီး မနာလိုလို့ပြောတာပဲ ဂရုစိုက်စရာမှတ်လို့"

ထွေးမေအလုပ်ရပြီး သုံးလအတွင်းမှာ စိုးနိုင်ထံသို့ ထွေးမေ မကြာခဏရောက်လာသည်။

"ကိုဟုတ်ကြိုင်ကြီးက ခေါက်ဆွဲတွေ အစ်ကိုစိုးနိုင်အတွက် ပေးလိုက်တာ။ တရုတ်နှစ်သစ်ကူးကိုလည်း အစ်ကိုစိုးနိုင်ကို ဆက်ဆက်လာဖို့ ဖိတ်လိုက်တယ်။ သူက ထွေးမေနဲ့အစ်ကိုစိုးနိုင် ကို တကယ်မောင်နှမပဲ ထင်နေတာ"

ဟုတ်ကြိုင်၏တရုတ်နှစ်သစ်ကူးပွဲကို စိုးနိုင်ရောက်သည်။ ဟုတ်ကြိုင်က အလှူပယ်ကျွေးသည်။ 'အမ်ဘောင်း'ဆိုကာ နှစ်သစ် ကူးလက်ဆောင်ငွေတစ်ရာ စိုးနိုင်ရသည်။ ဟုတ်ကြိုင်သည် ထွေးမေနှင့်ပတ်သက်၍ စိုးနိုင်ကိုသိပ်အလိုလိုက်နေပြီ။

စိုးနိုင်ရင်ခုန်ရသည်။ အကြွေးမထားပါ။ ထွေးမေနှင့်တွေ့ မေးသည်။





"နင့်ကို ကိုဟုတ်ကြိုင်ကြီးက သိပ်မျက်စိကျနေတယ်ဆို" ထွေးမေက တခစ်ခစ်ရယ်သည်။

"ဘာလဲ နှမကောင်းစားတာကို အစ်ကိုစိုးနိုင်က မကြည့် ရက်လို့လား"

"ဟာ ... ဒီအနေတောင်ရောက်နေပြီလား"

"နောက်တာပါ အစ်ကိုစိုးနိုင်ရယ်။ ဒီက စိတ်တောင် မကူးသေးပါဘူး"

"ရှင်းရှင်းပြောမယ် ထွေးမေ။ ငါ တစ်အိုးတစ်အိမ်ထူ ထောင်နိုင်ရင် နင့်ကို လက်ထပ်ယူမလို့"

"ထွေးမေ ရွေးချယ်မယ့် စာရင်းမှာ အစ်ကိုစိုးနိုင်ကို ဦးစားပေးအဆင့်ထားပါ့မယ်ရှင်"

"အေး နင်ကတိတည်ပါစေ"

"စိတ်ချ"

စိုးနိုင် သိပ်အလုပ်ကြိုးစားနေသည်။ နည်းနည်းမျှ အအား မနေ။ လုပ်စရာမရှိလျှင် ခြင်းယက်သည်။ ဖန်စက်သို့သွင်းသည်။ ပွဲစားအလုပ်ကလေးတွေလည်း 'ကော်'ပေါက်တွေ့လျှင်လုပ်လိုက် သည်။ ကိုထွန်းမောင် မြေကွက်ထဲမှာ ပေသုံးဆယ်ပေလေးဆယ် ကျယ်သော အိမ်ဝိုင်းကလေးတစ်ခုပင် ခုနစ်ရာနှင့်ဝယ်ရန် စရန် ခြောက်ရာငွေချေ ထားပြီ။ တစ်ရာပဲ ကျန်တော့သည်။

ကြမ္မာငင်ချင်တော့ ၁၉၇၅ခုနှစ်၊ မေလ ၁၃ရက်နေ့။

လှစိုးနှင့် ငပုတို့လူသိုက် အကြံအဖန်နွားသေတစ်ကောင် ဝယ်ကြသည်။ နွားက မိုးကြိုးပစ်၍သေသွားခြင်းဖြစ်သည်။ ကိုထွန်းမောင်အိမ်ဝိုင်းထဲမှာ နွားကိုဖျက်နေကြသည်။ ကိုထွန်း မောင်က သုံးပုံတစ်ပုံရှယ်ယာပါသည်။

ယင်းအခိုက်မှာ စိုးနိုင်ရောက်လာသည်။ ဒေါ်ဂျစ်ကားပေါ် မှ တိုင်ဟောင်းပျဉ်ဟောင်းကလေးတွေတင်လာသည်။ ဖန်ချက် စက်ရုံက ခြင်းယက်ခရသော ငွေလေးရာနှင့်အိမ်ဆောက်ရန်

သစ်ပေါင်းဆိုင်က ဝယ်လာခြင်းဖြစ်သည်။ သစ်ဖိုးက နှစ်ရာ ငါးဆယ်။ ဒေါ်ဂျစ်ကားခက အစိတ်၊ တစ်ရာ့အစိတ်ကျန်သည်၊ အစိတ်ချန်ပြီး ငွေတစ်ရာကို ကိုထွန်းအောင်အားမြေဖိုးကျန်ငွေ ပေးမည်။ ခြံဝိုင်းရောင်းဝယ်စာချုပ်ရန် တစ်ကျပ်တန်စာချုပ် နှစ်ခု ပင်အသင့်ပါလာပြီ။ ကိုထွန်းမောင်လည်း ပြောထားပြီးပြီ။

နွားဖျက်သမားတစ်သိုက်က အပန်းဖြေပုလင်းပါ ထောင် ထားကြသည်။ ယမကာကလေးမော့လိုက် နွားဖျက်လိုက်နှင့် စည်းစိမ်တွေ့နေသည်။ လှစိုးက ငှက်ကြီးတောင်ဓားနှင့်နွားကို ပယ်ပယ်နယ်နယ် ဖျက်နေသည်။

လှစိုးမျက်ထောင့်နီသွားသည်။ သုံးလေးခွက်သောက်ထား၍ အရှိန်ရနေပြီ။ စိုးနိုင်မြင်လိုက်တော့ သိမ်းထားရသော ဒေါသ တွေ ခုန်ကြွလာသည်။

"ဟေ့ စိုးနိုင်"

သစ်ထမ်းချလာသော စိုးနိုင်ကို လှစိုး လှမ်းခေါ်သည်၊ သစ်တိုင်ချပြီး လှစိုးကို မော့ကြည့်သည်။

"ဘာလဲဗျ"

"မင်းက ထွေးမေကို မင်းယောက်ဖဟုတ်ကြိုင်လက်ထဲ ရောင်းစားပြီး အဲဒီကပွဲခနဲ့ အိမ်ဝိုင်းဝယ်လိုက်တာ မဟုတ်လား"

တမင်ရန်စမှန်း စိုးနိုင်သိသည်။

"အလကားဗျာ။ ရန်မစပါနဲ့။ ခင်ဗျားလုပ်စရာရှိတာ အေးအေးဆေးဆေးလုပ်နေစမ်းပါ"

"မလုပ်တော့ ဘာဖြစ်သလဲ။ မင်းကဘာကောင်လဲ"

"ဘာကောင်လို့ ခင်ဗျားထင်လဲ"

"...ကောင်လို့ ထင်တယ်ကွာ"

ခင်ဗျား သိပ်စော်ကားလာပြီဗျာ"

"စော်ကားတယ်ကွာ ကဲ"

ငှက်ကြီးတောင် ဓားက လေမှာဝဲသည်။ ဓားကိုအတင်း





ဆုပ်ထားသော လှစိုးလက်က စိုးနိုင်ကို တအားခုတ်သည်။ စိုးနိုင်ရှောင်သည်။ လွတ်ရုံကလေးပင်။ သို့သော် စိုးနိုင်မလွတ် ပါ။ စိုးနိုင်ခေါင်းကို ရှပ်ခုတ်မိသည်။

စိုးနိုင်ထပ်ရှောင်သည်။ ခါးကြားက ဓားမောက်ကလေးကို ဖျတ်ခနဲ သတိရသည်။ လှစိုး ထပ်ခုတ်သည်။ စိုးနိုင်ရှောင်လိုက် ၍ ပိဟောက်ပင်ကြီးကို ခုတ်မိသွားသည်။

"ဟေ့ ... ဟေ့ လွန်မယ် လှစိုး။ တော်တော့"ဆို သော ကိုထွန်းမောင်အသံကိုကြားရသည်။

စိုးနိုင်ပိတောက်ပင်ကြီးနောက်ရောက်သွားသည်။ သူ့လက် ထဲသို့ ဓားမောက်ကလေးပါရောက်သွားသည်။

လှစိုး သားရဲမင်းရဲစီးနေသည်။

"ကဲကွာ ... ကဲကွာ"

မထိပေ။ ဒေါသကြီးလေ ဆက်ခုတ်လေပင်။ သည်မှာ လှစိုးခြေက ပိတောက်မြစ်ဖုကြီးနှင့် တိုက်မိသည်။ အခြေပျက် သွားသည်။

လှစ်ခနဲ စိုးနိုင် ပူးကပ်သွားသည်။ ဓားမောက်နှင့်လှစိုး ရင်ဝကို တအားထိုးချလိုက်သည်။

"အား"

ဓားမောက်ကို ပြန်အဆွဲအထုတ်မှာ လှစိုးမြေသို့လဲကျ သည်။ ငှက်ကြီးတောင်နှင့် လှစိုး တခြားစီဖြစ်သွားသည်။

သေတော့မည်။ လှစိုးအသက်ငင်နေသည်။ စိုးနိုင်ချောက် ချားသွားသည်။ ကြက်သေသေကြည့်နေပြီး သူတို့ရှေ့မှ ကြောက် အားလန့်အား ထွက်ပြေးသွားသည်။

စိုးနိုင်သည် ထွေးမေနှင့်ဟုတ်ကြိုင်အား ဖြစ်လာပုံကိုပြော ပြသည်။ ထွေးမေ စိတ်ထိခိုက်နေသည်။ ဟုတ်ကြိုင်တွေးနေ သည်။

"နင့်ကို ရန်စလို့ထိုးတာပဲ။ နင် အဖမ်းခံလိုက်။ နင်အချုပ်

ခံရ ခဏပဲ။ နောက် နင်လွှတ်မှာပဲ။ ငါရှေ့နေကောင်းကောင်းနဲ့ နောက်က လိုက်ပေးမယ်"

ဟုတ်ကြိုင်စကားကြောင့် စိုးနိုင်တွေကျသွားသည်။

ဟုတ်ကြိုင်က ထွေးမေကို ကားငှားခိုင်းသည်။ ဟုတ်ကြိုင် ငှားစီးနေကျ ဖယ်မလီယာကလေးရောက်လာသည်။

"ကဲ ... လာ စိုးနိုင် ရဲစခန်းသွားမယ်"

စိုးနိုင်ဘေးမှာ ထွေးမေနှင့်ဟုတ်ကြိုင်။ ရဲစခန်းသို့ ဦးတည်လာခဲ့ကြသည်။

စိုးနိုင်အမှုမှာ သုံးလနှင့်အရက် ၂၀ကြာသည်။ မြို့နယ်တရားရုံးသို့ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂လူသတ်မှုဖြင့် စွဲဆိုအမှုတင်သည်။ တရားလိုကကိုထွန်းမောင်၊တရားလိုဘက်ကဥပဒေဝန်ထမ်းအဆင့်(၂)ဦးကြည်က ဆောင်ရွက်သည်။စိုးနိုင်ဘက်က ဗဟိုတရားရုံးရှေ့နေကြီး ဦးအောင်မြင့်(ဂြိုဟ်တု)ကို ဟုတ်ကြိုင်က ငှားပေးသည်။

၁၉၇၅ခု၊ စက်တင်ဘာလ ၂ရက်၊အင်္ဂါနေ့။

ယနေ့စိုးနိုင်အမှု အမိန့်ချမည့်နေ့။ ဟုတ်ကြိုင်နှင့်ထွေးမေတို့စောစောစီးစီးရောက်လာသည်။ အချုပ်ခန်းထဲက စိုးနိုင်ရှေ့မှာ လက်ဖက်ရည်မုန့်နှင့်စီးကရက်တို့က အသင့်။စိုးနိုင်တူရှုမှာ ဟုတ်ကြိုင်နှင့်ထွေးမေ။

ဟုတ်ကြိုင်ရွှေသွား တဝင်းဝင်းနှင့်သူ့မျက်နှာကကြည်လင်ရွှင်လန်းနေသည်။

"ကြည့်နေ စိုးနိုင်၊ နင်ကွင်းလုံးကျွတ်လွှတ်မယ်"

"ဟုတ်ပါ့မလားဗျာ"

"ဟုတ်တယ်၊ ရှေ့နေကြီးဦးအောင်မြင့်က ငါ့ပြောပြီးပြီ"

မကြာမီ ရှေ့နေကြီးဦးအောင်မြင့်ရောက်လာသည်။ ဟုတ်ကြိုင်ကိုလှမ်းမေးသည်။

"စိုးနိုင်အတွက် အဝတ်အစားသစ်တွေပါရဲ့လားဟေ့"





"အကုန်ပါတယ်ဆရာ စွပ်ကျယ်၊ဖိနပ်နဲ့အောက်ခံဘောင်းဘီ မကျန်ဘူးဆရာ"

"အေး၊ ကောင်းတယ်"

နံနက် ၁၁နာရီ၊စိုးနိုင် ရင်ခုန်နေသည်။ စီရင်ချက်ဖတ်ပြသံကို မမှိတ်မသုန်နားထောင်နေသည်။

မှုခင်းဖြစ်ပျက်ပုံကို စတင်ဖတ်ပြသည်။နောက်ရဲထွက်ချက်အခန်းရောက်လာသည်။ ဒုရဲအုပ်ဦးခင်လှိုင်ကို စိုးနိုင်လှမ်းကြည့်သည်။

၁၉၇၅ခု၊ မေလ ၁၃ရက်နေ့၊ နံနက် ၁၁နာရီခွဲတွင် ဒုရဲအုပ်ဦးခင်လှိုင် (လိုပြ-၃)က မိမိထံတရားခံမောင်စိုးနိုင် ကိုယ်တိုင် သက်သေခံပစ္စည်းဓားမောက်နှင့်လာရောက်အဖမ်းခံခဲ့သည်။ အဆိုပါဓားမောက်ကို ဓာတုဗေဒဌာနသို့ပေးပို့ရာ ဓာတုဗေဒဌာနမှ သက်သေခံပစ္စည်းဓားမောက်တွင် လူသွေးတွေ့ရှိချက်သက်သေခံ အမှတ်(၁)ပြန်စာကို ရရှိခဲ့ကြောင်းထွက်ဆိုခဲ့သည်။

ဒေါက်တာသောင်းထိုက်(လိုပြ-၄)က သေသူမောင်လှစိုး၏ ဝဲဘက်ရင်အုံ၌အလျား ၁လက်မခွဲ၊ အကျယ်လေးပုံတစ်ပုံလက်မနှင့် နှလုံးထိနက်သောပြင်ပဒဏ်ရာတစ်ခုနှင့် အလောင်းကို ခွဲစိတ်ကြည့်ရှုရာ နှလုံးပေါက်ပြဲသွားသည်ကိုတွေ့ရ၍ ထိုဒဏ်ရာသည် ၎င်းအားဧကန်မုချ သေဆုံးရမည်ဖြစ်ကြောင်းထွက်ခဲ့သည်။

တရားခံမောင်စိုးနိုင်က အခင်းဖြစ်နေ့တွင် သေသူမောင်လှစိုးသည် ၎င်းကိုရန်စပြီးငှက်ကြီးတောင်ဓားနှင့်ခုတ်၍ ခေါင်းကိုရှပ်ထိကြောင်း၊ သေသူက၎င်းအား ထပ်၍ခုတ်သဖြင့် ၎င်းကရှောင်လိုက်ပြီး သေသူကိုဓားမောက်နှင့်ခုခံသည့်အနေဖြင့် ထိုးပြီးထွက်ပြေးခဲ့ရကြောင်း ထုချေခဲ့သည်။

စီရင်ချက်ကိုဆက်လက်ဖတ်ပြသည်။ ရင်ခုန်သံပို၍ပို၍မြန်လာသည်။ ထောင်ကျမှာလား၊လွှတ်မှာလား။ ဒွိဟာသံသယစိတ်က စိုးနိုင်ရင်ထဲမှာ လှည့်ပတ်ပြေးလွှားနေသည်။သို့သော်စီရင်ချက်

ကိုတော့ တရုံမလပ်နားထောင်နေသည်။

"တရားခံမောင်စိုးနိုင်သည် မိမိအသက်ကိုသေသူ မောင်လှစိုးကရန်မူ၍သာ ကြောက်ကြောက်နှင့်ကာကွယ်သည့်သဘော မောင်လှစိုး၏ရင်ဘတ်ကို ဓားမောက်နှင့်ထိုးလိုက်ခြင်းသာဖြစ်သည်။ လူတစ်ဦးတစ်ယောက်သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ၉၇၏ မထမအပိုဒ်အရ လူကိုထိခိုက်ကျူးလွန်သည့်ပြစ်မှုကိုတားဆီးရန်၊ မိမိကိုယ်နှင့်အခြားသူ၏ ကိုယ်ကိုခုခံကာကွယ်ပိုင်ခွင့်ရှိသည်၊ ထို့ကြောင့်တရားခံမောင်စိုးနိုင်သည် မိမိကိုယ်ကိုခုခံကာကွယ်ခြင်းဖြစ်ကြောင်းပေါ်လွင်၍....၎င်းသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၂ အရ ဤပြစ်မှုကို ကျူးလွန်သည်ဟုမယူဆသည့်အတွက် တရားခံမောင်စိုးနိုင်အား ဤအမှုမှအပြီးအပြတ် လွှတ်စေရန်အမိန့်ချမှတ်လိုက်သည်။

စိုးနိုင်လွတ်ပြီ။ စိုးနိုင်အဆုံးစွန်ပျော်သွားသည်။ထွေးမေနှင့်ဟုတ်ကြိုင်တို့လည်း သိပ်ပျော်နေသည်။

နောက်တစ်နာရီအကြာမှာ ဝတ်ကောင်းစားလှနှင့် နယ်ဆင်ဟိုတယ်မှာ စိုးနိုင်ရောက်နေသည်။သူ့ရှေ့မှာရှေ့နေကြီးဦးအောင်မြင့်၊ ထွေးမေနှင့်ဟုတ်ကြိုင်။စားပွဲပေါ်မှာ စားသောက်စရာအပြည့်အစုံ။

ပထမဆုံး ရှေ့နေကြီးကမိန့်ခွန်းချွေသည်။

"မောင်စိုးနိုင်"

"ခင်ဗျာ"

"ဒီနေ့တော့ နှစ်မင်္ဂလာပဲဟော့"

"ခင်ဗျာ...."

"တစ်မင်္ဂလာကတော့ မင်းကွင်းလုံးကျွတ်လွတ်လို့"

"ဟုတ်ကဲ့"

"နောက်တစ်မင်္ဂလာကတော့ မင်းရဲ့တကယ့်မိတ်ဆွေကောင်းနှစ်ယောက် ဒီနေ့ပဲဘဝသစ်ထူထောင်လိုက်ကြတယ်"





"ခင်ဗျာ....."

"ဟုတ်တယ်၊ ထွေးမေနဲ့ဟုတ်ကြိုင်တို့ လက်ထပ်လိုက်ပြီကွယ်၊ မင်းမပျော်ဘူးလား"

"ပျော်ပါတယ်ခင်ဗျာ"

စင်စစ် စိုးနိုင်မပျော်ပါ။ သို့သော်ဘာတတ်နိုင်မည်နည်း။ အားယူပြုံးပြရသည်။ ထွေးမေသည် သူ့ဘဝကထွက်ပြေးသွားပြီကော။

မြေနီသစ္စာ




## နန္ဒာမိုးကြယ်

## ဦးပဒေရဲ့လက်ဆောင်

သည်နယ်မြေသည်ဒေသသို့ တာဝန်ဖြင့် ပြောင်းရွှေ့ရမည်ဆိုတော့ ... ရဲအုပ်မင်းဝေအဖို့နယ်မြေဒေသအခြေအနေကို ဒေသခံတွေမှတဆင့်စုံစမ်းမေးမြန်းထားခဲ့သည်။

"အင်မတန်မှ နေလို့ထိုင်လို့ကောင်းတဲ့ဒေသဂါ ဗိုလ်ကြီးရယ်။ အစားအသောက်ကလည်း လတ်လတ်ဆတ်ဆတ်ရှိသလို ဝယ်လို့ခြမ်းလို့လည်း ကောင်းမှကောင်းပဲ။

ဒေသခံလူတွေတော်တော်များများက ကောင်းရောင်းကောင်းဝယ်လုပ်ကိုင်စားသောက်ကြတဲ့သူတွေပါ။ ရွာတွေနဲ့လည်းဆက်နေတဲ့လယ်ယာဥယျာဉ်ခြံမြေလုပ်ကိုင်စားသောက်နေသူတွေလည်းရှိကြတာပေါ့။ အမှုအခန်းရယ်လို့ ... ခိုးမှု၊ ရိုက်မှု၊ လောင်းကစားမှု၊ ပိုင်နက်ကျူးလွန်မှု ဒါလောက်ပဲရှိတာပါ။ အမှုကြီးတွေဖြစ်တဲ့ ဓားပြမှု၊ မုဒိန်းမှု၊ လူသတ်မှုတွေဆိုတာကတော့ မကြားရသလောက်ပါပဲ"

နယ်မြေခံရဲစာရေးကြီးဝင်းမောင်က ရဲအုပ်မင်းဝေ၏

ကောင်းသောလာခြင်းအတွက် မင်္ဂလာစကားဆိုခဲ့သည်။

ဘာပဲဖြစ်ဖြစ် ... မိမိတာဝန်ကျသည့်နယ်မြေမှာ ဆိုးဆိုးကောင်းကောင်းတရားဥပဒေစိုးမိုးရေးနယ်မြေရပ်ရွာအေးချမ်းသာယာရေးအတွက် ရဲအုပ်မင်းဝေတို့လို လက်နက်ကိုင်အဖွဲ့အစည်းမှာ တာဝန်ရှိလေသည်။ ဤအတွက်တော့ ကြည်နူးနှစ်ခြိုက်ရသည်က အမှန်ပင်။

ဟော ... သည်နယ်မြေရောက်ပြီးသိပ်မကြာလိုက်။

အမှုကြီးတစ်ခုက ... ဆောင့်တက်သည်။

အမှုကြီးဆိုသည်မှာ ... လူသတ်မှု။

အခင်းဖြစ်သည်က မနေ့ည(၁၁)နာရီကျော်ကျော်မှာ။

အခင်းဖြစ်ရွာ'ရွှေပန်းကောက်ရွာ'သည် ရဲအုပ်မင်းဝေ၏ ရဲစခန်းအပိုင်တွင်ဖြစ်သည်။ နောက်တစ်ရက် မနက်အရုဏ်မတက်ခင်မှာပင် 'ရွှေပန်းကောက်'ကျေးရွာဥက္ကဋ္ဌဦးမောင်ငြိမ်းက အမှုလာဖွင့်ခြင်းဖြစ်သည်။

သည်အမှု၌ သေဆုံးရသူ၊ အသတ်ခံရသူက ရွှေပန်းကောက်ရွာသားစိန်ညွှန့်တင်။

အမှုဖြစ်မည့်ညက ... မအိပ်စဖူး ... အိပ်ရာထဲအစောကြီးဝင်အိပ်ခဲ့သည်။ ရေချိန်ကလည်း နည်းနည်းကိုက်နေခဲ့ပြီပဲ။ အဲသည်လို အိပ်ရာထဲဝင် ... ခြင်ထောင်ထဲ၌ အိပ်မောကျနေတုန်း လူတစ်ယောက်က ခြင်ထောင်ထဲမှ ဆွဲခေါ်ထုတ်ခဲ့၏။

ပြီးနောက် တဲအပေါက်ဝရောက်တော့ တံခါးဝမှ မြေပြင်ပေါ်ကန်ချလိုက်ရာ ခွေခနဲပြုတ်ကျသွား၏။ သည်မှာတင် ခြင်ထောင်ထဲမှ ဆွဲထုတ်ခဲ့သူနှင့် တဲပေါက်ဝတွင်စောင့်ဆိုင်းနေသူတို့က တစ်ယောက်တစ်ချက်ဆိုသလို ဓားစွမ်းပြလိုက်လေရာ အိပ်ချင်မူးတူးနှင့် အမူးရှိန်မပြေသေးသော စိန်ညွှန့်တင်ခမျာ သူမွေးဖွားရာရွှေပန်းကောက်ရွာ၌ အသက်ပျောက်ခဲ့ရပါတော့၏။

၎င်းအား ဓားလက်စွမ်းပြနေသူနှစ်ဦးမှာလည်း ဘီလူးသရဲ





စီးနေသလားမဆိုသာ။ စိန်ပြေနပြေကို တစ်ယောက်တစ်ချက်လက်သွက်နေချိန်ဝယ် တဲအပေါက်ဝမှာတော့ လူတစ်ယောက်က အမှောင်ရိပ်ခိုရင်း လူရိပ်လူခြည်ကို အကဲခတ်စောင့်ကြည့်နေသည်။ အားလုံးကိစ္စပြီးစီးပြီဆိုလေသောအခါ ၎င်းတို့သုံးဦးသားသည် အဆိုပါတဲမှ ကိုယ်ယောင်ဖျောက်သွားခဲ့ကြလေသည်။

"အဲဒီလိုနဲ့ဗိုလ်ကြီးရယ် ... ရွာထဲကနေ မခင်နှင်းနဲ့သူ့အဖော်တစ်ဦးတို့ အခင်းဖြစ်ရာကွင်းတဲဘက်ကိုထွက်သွားကြတယ်။ မခင်နှင်းဆိုတာ အသတ်ခံရတဲ့ စိန်ညွှန့်တင်ရဲ့ မိန်းမပါခင်ဗျာ"

မခင်နှင်းနဲ့သူ့အဖော်တို့လယ်ထဲရောက်ပြီး သိပ်မကြာခင်မှာပဲ 'အောင်မလေး ... လာကြပါဦး ... လာကြပါဦး။ ကျွန်မယောက်ျားကိုစိန်ညွှန့်တင် အသတ်ခံရလို့ လာကြပါဦး'ဆိုတဲ့ မခင်နှင်းရဲ့ စူးစူးဝါးဝါးအော်ဟစ်သံကို ရွာထဲကကြားလိုက်ရတာနဲ့ ကျွန်တော်တို့တတွေလည်း ချက်ချင်းဆိုသလို လူသူစုရုံးပြီး မခင်နှင်းတို့တဲကို အရောက်သွားခဲ့ကြတယ်။

ဟုတ်ပါရဲ့ ... တဲအဝမှာ စိန်ညွှန့်တင်ရဲ့ အလောင်းဟာ အပိုင်းပိုင်းအပြတ်ပြတ်။ အဲသည်အတွက် ဗိုလ်ကြီးတို့ကိုလာအကြောင်းကြားတာပါခင်ဗျာ"

အရေးကြုံတော့လည်း ရင်ဆိုင်ဖြေရှင်းရမှာပဲဖြစ်သည်။ သည်တော့ ရဲအုပ်မင်းဝေကိုယ်တိုင်ပင် ဒုရဲအုပ်သင်းနွယ်၊ တပ်ကြပ်နေဘုန်းနှင့်တပ်သားထောက်ထိန်တို့ကိုခေါ်ကာ ရွှေပန်းကောက်သူကြီးဦးမောင်ငြိမ်းနှင့်အတူအခင်းဖြစ်ရာသို့လိုက်ပါသွားခဲ့လေ၏။

+++++

သေသူကလည်း သေခဲ့ပြီ။

သတ်သူတွေကလည်း သတ်ခဲ့ကြပြီ။

သို့သော် ... ဘယ်သူတွေသတ်လေသနည်း။

ဘာ့ကြောင့် ... ဤသို့ရက်စက်စွာသတ်ခဲ့ကြလေသနည်း။ မသင်္ကာဖွယ်တို့ကိုစုံစမ်းရပေမည်။ သဲလွန်စကို ရှာရပေမည်။

သည်တော့လည်း သေဆုံးသူစိန်ညွှန့်တင်နှင့် အနီးစပ်ဆုံးရှိနေသည်သူများကို ဇွဲဆော်ဦးလေ့လာစူးစမ်းရပေလိမ့်မည်။ သည်မှာတင် ... မသင်္ကာဖွယ်ရာကောင်းသူတစ်ဦးကို ရဲမျက်စိဖြင့်တွေ့လာရချေ၏။

ထိုသူကား ... စိန်ညွှန့်တင်၏မိန်းမ ... မခင်နှင်း။

သူမကို အကဲခတ်ရသည်မှာ လင်ယောကျ်ားခုလိုမျိုး ပိုးစိုးပက်စက်ဖြစ်သွားရသည့်ကိစ္စ၌ တုန်လှုပ်ခြင်း၊ ကြေကွဲထိတ်လန့်ခြင်း၊ ပူဆွေးခြင်းတို့ဖြစ်နေရမည့်အစား သာမန်ဝတ်ကျေတန်းကျေပုံစံမျိုးဖြစ်နေသည်က မသင်္ကာဖွယ်ရာကောင်းလှသည်။ သည်တော့လည်း မခင်နှင်းနှင့်သွားလေသူ စိန်ညွှန့်တင်တို့၏အိမ်ထောင်ရေးအခြေအနေကို စုံစမ်းရတော့သည်။

"မခင်နှင်းက ... အိမ်ထောင်ရေးမှာဖောက်ဖောက်ပြန်ပြန်ကောက်ကောက်ကွေ့ကွေ့မရှိပါဘူး ဗိုလ်ကြီး"

"မခင်နှင်းက ဖောက်ဖောက်ပြန်ပြန်ကောက်ကောက်ကွေ့ကွေ့မရှိဘူးဆိုတော့ စိန်ညွှန့်တင်က ဖောက်ဖောက်ပြန်ပြန်ကောက်ကောက်ကွေ့ကွေ့ရှိတယ်ဆိုတဲ့သဘောလား"

"သေချာတာပေါ့ ဗိုလ်ကြီးရာ။ စိန်ညွှန့်တင်က အရက်ဆိုလည်း ကြိုက်လိုက်တာပဲ။ ဖဲဝိုင်းတွေလည်း ရိုက်လိုက်တာပဲ အဲ ... ဒါ့ထက်ဆိုးတာက ခြေပုန်းခုတ်တတ်တဲ့အကျင့်ပဲ"

"လုပ်စမ်းပါဦးဗျာ .. ဘယ်လိုခြေပုန်းခုတ်သလဲဆိုတာ"

"ဘယ်လိုခုတ်ရမလဲ ဗိုလ်ကြီးရာ။ ရွှေပန်းကောက်ရွာရဲ့တစ်ဖက်ကမ်း ... ကုလားစုမှာရှိတဲ့ တစ်ခုလပ်မကလေးတစ်ယောက်နဲ့ ငြိနေတယ်ခင်ဗျ။

သည်သတင်းအခိုင်အမာရထားတဲ့တစ်နေ့ ... မခင်နှင်းဟာ သူကိုယ်တိုင် ကုလားစုကိုရောက်သွားတယ်။ အဲဒီမှာ စိန်ညွှန့်တင်နဲ့ တစ်ခုလပ်မ မြရီတို့မဖွယ်မရာဖြစ်ပျက်နေကြတာကို တန်းခနဲမိတော့တာပဲ။





အဲဒီမှာ မခင်နှင်းက ဘာမှမစရသေးဘူး။ သကောင့်သား စိန်ညွှန့်တင်က သူ့ဆီရောက်လာရပါမလားဆိုပြီး မခင်နှင်းကို သင်းရဲ့အမြှောင်မယားရှေ့မှာ ဆံပင်ဆောင့်ဆွဲ ပါးရိုက်လိုက်တာ မခင်နှင်းအတော်ကလေးအထိနာသွားတယ်။ အသားနာတာ ထက် အမြှောင်မယားရှေ့မှာ အရှက်ခွဲခံလိုက်ရတော့ အသည်းနာပြီး "စိန်ညွှန့်တင် ... နင်ထမင်းဝဝစားထား"လို့ကြိမ်းပြီးပြန်ခဲ့ဖူးတယ်။

သိပ်ကောင်းသော အကြောင်းခြင်းရာတစ်ခု။

သည်အကြောင်းအရာပေါ်နင်းလျက် ... အမှုကို ဖော်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်သည်။ သည့်အတွက် မခင်နှင်းနှင့်ရင်းနှီးသည့် ဆွေမျိုးရိပ်မကင်းသည့် လုပ်ရဲကိုင်ရဲရှိသည့်သူများကို စုံစမ်းဖို့တာဝန်ပေးသင့်သူကိုပေးသည်။ ထိုအချိန်မှာပင် မခင်နှင်းကို စစ်မေးရန် စခန်းသို့ဆင့်ခေါ်လိုက်သည်။

ထိုအချိန်ဝယ် ခွက်ပုန်းဆိုင်တစ်ဆိုင်၌အားကောင်းမောင်းသန် ယောကျ်ားသားသုံးယောက်သည် ခွက်လှည့်မော့ကြရင်း တီးတိုးတီးတိုးသဖန်ပိုးဖြစ်နေကြသည်။ ၎င်းတို့အဖို့သည်ခွက်ပုန်းဆိုင်၌ သူတို့ချည်းသာရှိသည်ဟုထင်နေကြသည်။ နံရံမှာ နားတွေရှိနေမှန်းမသိကြ။

"ကောင်မတော့ပါသွားပြီ။ တို့လည်း မလွယ်ဘူးထင်တယ်"

"ဒီတော့ တို့တတွေဘာလုပ်ကြရင်ကောင်းမလဲ"

"ဟ ... ပြေးရမှာပေါ့ကွ။ လွတ်အောင်မပြေးလို့ကတော့ ကာလနာတိုက်မှာ"

တကယ့်တကယ်ကျ သကောင့်သားသုံးယောက်အဖို့ ၎င်းတို့အကြံအစည်ကိုအကောင်အထည်ဖော်ခွင့်မရခဲ့ပါ။ ပုန်းကွယ်စုံစမ်းနေသော ဥပဒေဘက်တော်သားတို့၏လက်တွင်းသက်ဆင်းရပါပြီကောလေ။

ဖြောင့်ချက်ပေးတော့မည်ဆိုသည့် မခင်နှင်း၏အမှုအရာက စိုးစဉ်ငယ်မျှထိတ်လန့်တုန်လှုပ်မှုမရှိ။ လုပ်ရဲလျှင်ခံရဲသည်ဆိုသည့်သဘော။ထိုထက် လုပ်ချင်ရာကိုလုပ်လိုက်ရသဖြင့် ကျေနပ်နေသည့်အမှုအရာ။

"ကျွန်မ ယောကျ်ားစိန်ညွန့်တင်အသတ်ခံရတဲ့ကိစ္စမှာ ကျွန်မက အခရာပါ"

စိန်ညွန့်တင်ကို ဘာ့ကြောင့်သတ်ချင်ရသလဲဆိုတော့ သူဟာလူမှုရေးဖောက်ပြန်ရုံမက သူ့ဟာမရှေ့မှာ ကျွန်မကိုခွန်အားဗလအားကိုးနဲ့ အရှက်ခွဲလိုက်လို့ပါပဲ။ ကျွန်မနဲ့ မရခင်တုန်းကတော့ တကယ့်ကိုကြောင်သူတော်လက်သည်းဝှက်ပါ။ ကျွန်မကိုလည်းရရော ဇာတိရုပ်က ဘွားခနဲပေါ်တော့တာပါပဲ။

ကျွန်မတို့က လယ်နဲ့ကိုင်းနဲ့ လှည်းနဲ့နွားနဲ့ အတော်ကလေးပြေလည်ပါတယ်။ စိန်ညွန့်တင်က ကျွန်မတို့အိမ်ကသူရင်းငှားပါ။ သူရင်းငှားဘ၀တုန်းက ရိုးပုံရိုးပန်းကလည်းရှိ၊ အလုပ်ကိုလည်းကြိုးစားပမ်းစားလုပ်တော့ အဘတို့က မျက်စိမမှိတ်ခင်မှာ ကျွန်မနဲ့ပေးစားခဲ့တာပါ။ နောက်ဆုံးကျတော့ အဘတို့ကလည်း မျက်ကွယ်ပြုသွားပြီဆိုတော့ သူ့ရဲ့ကာမပိုင်ဖြစ်တဲ့ကျွန်မဟာ အရုပ်မှအရုပ်ပဲပေါ့။ အိမ်ရဲ့စီးပွားရေးကို ကျွန်မဦးစီးဦးဆောင်ပြုနေလို့ ကစဉ့်ကလျားမဖြစ်တာ။ သူ့လက်ထဲ၀ကွက်အပ်လိုက်လို့ကတော့ ဖဲရိုက်ပစ်လိုက်တာနဲ့ကို တက်တက်ပြောင်မှာပဲ။ကောင်းကစားဖက်သလို အရက်ကလည်းကြိုက်လိုက်သေး။ ဒါ့ထက်ဆိုးတာက ဘယ်မိန်းမမှလက်သင့်မခံတဲ့အိမ်ထောင်ရေးဖောက်ပြန်မှုပါပဲ။

သူ ... ကုလားတန်းဘက်က တစ်ခုလပ်မမြရီနဲ့ဖြစ်နေတဲ့သတင်းအတိအကျရလို့ ကျွန်မလိုက်သွားတယ်။ တန်းခနဲမိတယ်။ မိတာကလည်း မျက်စိရှက်လောက်အောင်နေထိုင်ဟုန်းကိုမိတာ။ အဲဒီမှာ သကောင့်သားက သူ့အမှားကို ကျွန်မအမှား





လုပ်ပြီး သင်းကောင်မရှေ့မှာ ကိုယ်ထိလက်ရောက်စော်ကားလိုက်တော့ ကျွန်မ အတော်ကလေးကိုရှက်သွားမိတယ်"

မခင်နှင်း၏နဖူးကြောတွေက ထောင်ထနေသည်။အံတွေကလည်း ခပ်တင်းတင်း။ ကိစ္စက ဆံတစ်ပင်တင်းလေသည့်ကိစ္စ။ ဒေါသအဟုန်က မျက်နှာပေါ်တွင် အရောင်ဟပ်လျက်ရှိ၏။

"အဲဒါနဲ့ ... ကျွန်မဆုံးဖြတ်ချက်တစ်ခုကိုချလိုက်တယ်။ စိန်ညွန့်တင်ကို သတ်ပစ်ရမယ်လို့။ တကယ့်တကယ်တော့ သူ့ကိုကျွန်မလက်နဲ့သတ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမှမဟုတ်တာ။ ဒါပေမယ့် ကိစ္စမရှိပါဘူး။ လူမတတ်ပေမယ့် လက်ဖက်ထုပ်တတ်တယ်ဆိုတဲ့စကားအရှိသားပဲဟာ။

ဒီတော့ ကျွန်မငယ်ငယ်ကလေးထဲက ထိန်းကျောင်းလာခဲ့ ဝမ်းကွဲမောင် .. တင်သိုက်ထွန်းကိုဖွင့်ဟအကူအညီတောင်းခဲ့မိတယ်။ တင်သိုက်ထွန်းလည်း ဖဲဝိုင်းတစ်ဝိုင်းမှာ စိန်ညွန့်တင်က ဗလအားကိုးနဲ့ ကန်ထားလို့စိတ်ထဲအခဲမကျေဖြစ်နေတာ။ ဒီတော့ စိန်ညွန့်တင်ကိုသတ်ဖို့ရာကူညီမယ်ပေါ့။ ဒါပေမယ့် သူတစ်ယောက်တည်းတော့မဖြစ်ဘူး။ သူ့အဖော်နှစ်ယောက်ဖြစ်တဲ့ ငပိန်နဲ့ရှောက်သီးကို ခေါ်ရမတဲ့။ငွေလည်းနည်းနည်းကုန်မယ်တဲ့။ အို ... ကုန်စမ်းပါစေ။ ဘယ်လောက်ကုန်ကုန် စိန်ညွန့်တင်လောကထဲမှာ မရှိဖို့အရေးကြီးတယ်။ ဒါနဲ့ပဲ တစ်နေ့မှာလေးယောက်သားတိုင်ပင်လိုက်ကြတယ်။

အဲသည်နေ့က စိန်ညွန့်တင်တစ်ယောက် လူ့လောကထဲနောက်ဆုံးနေရမယ့်နေ့ပေါ့။ ကျွန်မလည်း စိန်ညွန့်တင်အပေါ်ဘယ်လိုမှစိတ်ထဲမထားဟန်နဲ့ အမှုအရာမပျက် အချိုသပ်ထားခဲ့တယ်။ အရှက်တကွဲဖြစ်ခဲ့ရတာကို ဘယ်လိုမှမအောက်မေ့တဲ့ဟန်ဆောင်ပြီး ဖာသိဖာသာပဲနေခဲ့ပါတယ်။ ဒါကို စိန်ညွန့်တင်လုံး၀မရိပ်မိခဲ့ဘူး။

အဲသည်ညက အိမ်မှာအိပ်ဖြစ်အောင် အမဲကလီစာကို

ဝယ်ချက်ခဲ့တယ်။ သူ့အကြိုက်ဦးရေတစ်ပုလင်းကိုလည်းထောင်ပေးလို့ ဒါ့အပြင်သူတွေလာတဲ့အခါ သူ့အကြိုက်တောင်ပြုစုလိုက်ပါသေး။ သင်းကလည်း သေခါနီးရိက္ခာယူသွားပါသေး။ သည်လိုနဲ့ အကောင်းတကာ့အကောင်းဆုံးစည်းစိမ်တွေခံစားလို့အပြီး သင်းကိုသိပ်ထားပြီးတဲ့နောက် ကျွန်မအပြင်ထွက်ခဲ့တယ်။ တင်သိုက်ထွန်းတို့အဖွဲ့နဲ့အချိန်းအချက်လုပ်ပြီး ရွာထဲသက်သေပြလို့ ကောင်းအောင်ထွက်ခဲ့တာပါပဲ"

ဇာတ်လမ်းကတော့ ရှင်းသွားပေပြီ။

စိန်ညွှန့်တင် အသတ်ခံရသည့်ကိစ္စ၌သတ်ချင်သူ၊ သတ်ဖို့ရာ စီစဉ်သူမှာ မခင်နှင်း။ ခြံဝန်း၌စောင့်ရင်း အစီအစဉ်ကိုညွှန်ကြားသူက မခင်နှင်း၏မောင်ဝမ်းကွဲ တင်သိုက်ထွန်း။ ကိုယ်တိုင်ကိုယ်ကျ သတ်ဖြစ်မှုကျူးလွန်သူက ကဇော်သမားနှစ်ဦးဖြစ်သည့် ငပိန်နှင့်ရှောက်သီး။

ကောင်းတာလုပ်လျှင်ကောင်းတာဖြစ်မည်။ မကောင်းတာလုပ်လျှင်မကောင်းတာခံစားရမည်ကို သူတို့မသိကြ၍လား။

ဒါတော့မဟုတ်နိုင်။

သူတို့အသိတရားမမဲ့ကြပါ။ သို့ရာတွင် ဥပဒေအပေါ်အလေးမထားဘဲ အာဃာတ၊ အငြိုး၊ ငွေကြေးရယူလိုမှုလောဘကြောင့် ဥပဒေကတန်ပြန်လက်ဆောင်အပ်နှင်းခဲ့ပါသည်။

ထိုအရာကား ..သေဒဏ်ဖြစ်၏။

၎င်းတို့အမှန်တကယ်ပဲ သေဒဏ်ကျခံရသလား၊ သေဒဏ်မှထောင်ဒဏ်သို့ ကူးပြောင်းခံရသလားဆိုသည်ကိုမူစာရေးသူမသိတော့။

နန္ဒာမိုးကြယ်





# မောင်သွေးရင့်

## ဂမ္ဘီရနှင်းဆီတစ်ပွင့်

ကျွန်ုပ်သည် မော်လမြိုင်မြို့သို့ရောက်ရှိနေသည်မှာ သုံး ရက်ခန့်ရှိပြီဖြစ်၏။ မူလက တစ်ပတ်ခန့်နေရန်ဖြစ်သော်လည်း ရန်ကုန်မြို့မှ ဖုန်းဆက်၍ ကိစ္စတစ်ခုကြောင့် ပြန်လာရန်ပြောသ ဖြင့် မီရာကားလက်မှတ်ဝယ်ယူ၍ ရန်ကုန်သို့ပြန်ခဲ့ရလေ၏။

ကျွန်ုပ် စီးလာသောကားကြီးမှာအဲယားကွန်းဘတ်စ်ဖြစ် ပြီး ထိုင်ခုံမှာဆိုဖာများဖြင့် ဇိမ်ကျကျစီးနိုင်သော ကားဖြစ်လေ၏။

သို့သော် ကျွန်ုပ်မှာဘေးခုံများမရတော့ဘဲ ရရာအလယ်ခုံ ကိုသာဝယ်လိုက်ရသဖြင့် သိပ်ဇိမ်မကျလှချေ။

မော်လမြိုင်–ရန်ကုန်ကားစီးကြရာဝယ် မော်လမြိုင်တစ် ဖက်ကမ်း မုတ္တမမှစီးရခြင်းဖြစ်၏။ မုတ္တမနှင့်မော်လမြိုင်ကူးတို့ သင်္ဘောဖြင့်ကူးရသေးသည်။

သံလွင်တံတား(မော်လမြိုင်)ကား မပြီးသေးပါချေ။ ပေ ပေါင်း(၁၁၅၇၅)ပေရှည်၍ မြန်မာပြည်တွင်အကြီးဆုံးတံတားဖြစ်





မည့် မော်လမြိုင်တံတားပြီးလျှင်တော့ ရန်ကုန်–မော်လမြိုင်တိုက် ရိုက်ရောက်ပေတော့မည်။

ကျွန်ုပ်စီးမည့်ကားသည် မော်လမြိုင်–ရန်ကုန် ကားခ ၂၃၀၀ကျပ်ကျသင့်၏။ တချို့ကားများက ၂၅၀၀၊ တချို့ကားများ က ၁၇၀၀ကျသင့်လေသည်။ ၁၇၀၀ကားသည် အဲယားကွန်းမပါ ချေ။

ကျွန်ုပ်ကားပေါ်ရောက်တော့ ညနေ၆နာရီခွဲခန့်ရှိပြီ။ ကား က ၆း၃၀နာရီထွက်မည်ဖြစ်၏။ ကားထွက်ရန်အချိန်နီးသော်လည်း ကျွန်ုပ်ဘေးရှိ ထိုင်ခုံနှစ်ခုံမှာ လွတ်နေသည်။ လမ်းမှစောင့်၍ တက်မည်ဖြစ်ပုံရ၏။

ထင်သည့်အတိုင်းပင် ပေါင်မြို့အဝင်သို့ရောက်လျှင် ကား ရပ်သည်။ ခရီးသည်တချို့တက်လာကြ၏။ ကျွန်ုပ်ဘေးမှ ထိုင်ခုံ လည်းလူရောက်လာသည်။ သို့သော် နှစ်ဦးမဟုတ်။ တစ်ဦးတည်း ဖြစ်နေသည်။

နောက်တစ်ဦးက နောက်မှတက်လာဦးမည်ထင်မိလိုက်၏။

သို့သော် ...

ကျွန်ုပ်၏ဘေးခုံမှာ ဝင်ထိုင်သည့်အမျိုးသမီးကြီး၏အပြု အမူကြောင့် ကျွန်ုပ်အံ့အားသင့်သွားမိတော့သည်။ အမျိုးသမီးကြီး သည် ကျွန်ုပ်မှကပ်လျက်ခုံမှာ ထိုင်လျက်ပြတင်းပေါက်နှင့်ကပ် လျက်ခုံကိုကြည့်ကာ တစ်စုံတစ်ရာတိုးတိုးပြောနေသည်။

ကျွန်ုပ်ကြားလိုက်မိသည်ကား "သမီးဒီမှာထိုင်"ဟူ၍ဖြစ် ၏။ ဒီမှာထိုင်ဆိုပြီး သူ့အိတ်ထဲမှ ပန်းတစ်ပွင့်ကိုထိုင်ခုံပေါ်တင် ထားလိုက်သည်။

ခုံနံပါတ်(၁၃)ဂဏန်းဖြစ်သောထိုင်ခုံထက်မှာတော့ နှင်းဆီ ပန်းလေးတစ်ပွင့်၊ နှင်းဆီနီလည်းမဟုတ်၊ ပန်းရောင်နှင်းဆီလည်း မဟုတ်၊ နှင်းဆီပန်းအဝါရောင်တစ်ပွင့်သာဖြစ်သည်။

"ဘာသဘောပါလိမ့်"

ကျွန်ုပ်ရင်တွင်းမှာ စူးစမ်းနေမိ၏။ ခေတ်မီမီဝတ်စားထားသော အမျိုးသမီးကြီးကိုလည်း စူးစမ်းသလို တိမ်းငဲ့ကြည့်မိသည်။ သူကတော့ ဘေးဘီကိုလည်း သိပ်ဂရုမစိုက်။ သူဂရုစိုက်နေသည်ကား သူ့ဘေးမှ လူမရှိသည့်ခုံနှင့်တကွ နှင်းဆီဝါလေးတစ်ပွင့်ကိုသာဖြစ်သည်။

ကားက တရိပ်ရိပ်ပြေးနေသည်။ ည၁၀နာရီခန့်မှာ ဘီးလင်းသို့ရောက်၏။ ဘီးလင်းတွင် တစ်ထောက်နား၍ကားဆရာများ ထမင်းစားကြသည်။

ခရီးသည်များကတော့ ကော်ဖီသောက် မုန့်စားဖို့ဆင်းကြ၏။

ထူးဆန်းပေစွ ...

အမျိုးသမီးကြီးသည် သူဆင်းတော့ သူ့ဘေးခုံမှ နှင်းဆီဝါလေးကိုပါယူဆောင်လာသည်။ ကော်ဖီနှစ်ခွက်မှာသည်။ နှင်းဆီဝါကိုလည်း ထိုင်ခုံတစ်ခုမှာတင်ထားသည်။ ကော်ဖီမစ်နှစ်ခွက်လုံးကိုဖျော်သည်။ တစ်ခွက်သူသောက်၍ တစ်ခွက်ကိုချထားလေ၏။

ကော်ဖီသောက်ရင်း တိုးတိုး တိုးတိုးနှင့်ဘာတွေပြောနေသည်မသိရ။ သူ့လုပ်ဆောင်ချက်များကို ကျွန်ုပ်သာ သတိထားမိခြင်းဖြစ်ပုံရ၏။ ကျန်ခရီးသည်များကတော့ ဘာမှသိပုံမပေါ်။

ကျွန်ုပ်သာလျှင် ဘေးချင်းကပ်ထိုင်ခုံကမို့ သတိထားမိခြင်းဖြစ်သည်။

“မြေပြန့်သား မော်တော်ယာဉ်နဲ့လိုက်ပါလာသော ခရီးသည်များကားပေါ်တက်နိုင်ပါပြီ။ မကြာခင်ကားပြန်ထွက်ပါ့မယ်”

ယာဉ်နောက်လိုက်က ကားတံခါးဖွင့်ပေးရင်း သတိပေး၏။ ခရီးသည်များယာဉ်ပေါ်ပြန်တက်ကြသည်။ အမျိုးသမီးကြီးကလည်း ကော်ဖီဖိုးရှင်းပြီး နှင်းဆီပွင့်လေးကို ကောက်ကိုင်ကာ ကားဆီသို့သွား၏။ ကားပေါ်တက်သွား၏။ ကျွန်ုပ်ကားပေါ်





ရောက်တော့ သူတို့ထိုင်ခုံမှာ ခုနလိုပင်နှင်းဆီပွင့်လေးနေရာယူထားသည်။

ကျွန်ုပ်သည်အလယ်တန်းကြားခုံတွင်ရပြီး အမျိုးသမီးကြီးမှာမူ ခုံလွတ်တစ်လုံးရှိနေသဖြင့် နေရာပြောင်းပေးဖို့ပြောရန်ကြံမိသေး၏။ သို့သော် မပြောဖြစ်ပါ။ ပြောလျှင်အဆင်ပြေလိမ့်မည်လည်းမထင်။ ထိုထိုင်ခုံကို သူဝယ်ထားသည်မှာသေချာလှ၏။ ယာဉ်နောက်လိုက်နေရာပြကတည်းက နှစ်ခုလုံးကိုလက်ညှိုးထိုးပြသွားခြင်းမဟုတ်လား။

ကျွန်ုပ်လည်း ဘာမှထွေထွေထူးထူးစဉ်းစားမနေတော့ဘဲ ငုတ်တုတ်ငိုင်ရင်းသာလိုက်ပါခဲ့ရလေတော့၏။

အို ... အံ့သြစရာပင်။

ဘယ်အချိန်က တက်လာသည်မသိလိုက်ရသော မိန်းကလေးတစ်ဦး။

နှင်းဆီဝါတင်ထားသည့် ခုံနံပါတ်(၁၃)မှာရောက်နေပါပကော။

ကျွန်ုပ်မျက်မှောင်ကုတ်မိ၏။

သည်မိန်းကလေးထိုခုံမှာ ထိုင်ဖို့အတွက်သူမသည် ကျွန်ုပ်အားဖြတ်ကျော်သွားရမည်ဖြစ်၏။ ကျွန်ုပ်ဖယ်ပေးတိမ်းပေးမှ သူထိုနေရာသို့ ဝင်နိုင်မည်။ ယခုတော့ ထိုခုံမှဘယ်ကဲ့သို့ဘယ်အချိန်က ရောက်နေသည်မသိ။

သူမအား တအံ့တသြကြည့်နေသော ကျွန်ုပ်အား သူမက နှစ်လိုစဖွယ်ပြုံးပြသည်။ သွားတက်လေးများပေါ်အောင်ပြုံးပြနေခြင်းဖြစ်ပေ၏။

ပန်းနုရောင်ဝမ်းဆက်ဝတ်ထားသော သူမသည်ကားချောမောလှပသူလေးပင်။ ကော့သောမျက်တောင်၊ ရွှန်းလဲ့သောမျက်ဝန်း၊ ဝင်းနေသော နှာတံလေး၊ နုထွေးထွေးပါးကလေးကလည်း ပန်းနုရောင်ပြေးလို့ပါ။ ဆံပင်က နက်မှောင်ရှည်လျားလှ

သည်။ ဆံပင်ကိုဖြန့်ချထားပြီး ခေါင်းထက်မှာပန်းတစ်ပွင့်ထား
သည်။ ဖြူသောအသားအရည်နှင့်လိုက်ဖက်လှ၏။

ပန်ထားသည်ကား နှင်းဆီပန်းအဝါရောင်လေး သူထိုင်
နေသည့်ခုံပေါ်က ပန်းကလေးပဲဖြစ်မည်ထင်။

သူမသည် ငယ်ရွယ်နုပျိုလှ၏။ အသက်အားဖြင့်ရှိလှမှ
၁၆နှစ်ခန့်သာ။ ကျွန်ုပ်ကိုကြည့်ရင်း သူမကပင် စကားစပြော
သည်။

"သိပ်အံ့သြနေလားဟင်"

ကျွန်ုပ် ခေါင်းညိတ်မိ၏။

သိချင်လှစွာလည်းမေးမိသည်။

"ဟင် ဘယ်အချိန်က တက်လာတာလဲ"

သူမက ပြုံး၍ဖြေသည်။

"ကားထွက်လာပြီးပေါင်မှာရပ်ကတည်းကပေါ့"

"မဖြစ်နိုင်ဘူး။ ငါမြင်တာ အဒေါ်ကြီးတစ်ယောက်ထဲပါ"

"အဲဒါ နှင်းမေမေလေ ...မေမေက နှင်းကိုပြန်ခေါ်လို့လိုက်
လာတာ"

"မင်း ရန်ကုန်ကလား"

"ဟုတ်"

"ဘယ်က ပြန်လာတာလဲ"

"မော်လမြိုင်ကိုသွားတာ။ မရောက်ခဲ့ပါဘူး။ ပေါင်မြို့
အထွက်မှာ ကားအက်ဆီးဒင့်ဖြစ်လို့"

"ဟင် ဘာဖြစ်သွားသေးလဲ"

"မေ့သွားတာပေါ့။ အခု မေမေလိုက်ခေါ်လို့ပြန်လိုက်လာ
တာလေ"

ကျွန်ုပ်နားထဲတွင် ရှုပ်ထွေးနေ၏။ သူ့အမေနှင့်ပေါင်မြို့
ကနေလိုက်လာသည်သာပြောသည်။ ပေါင်မြို့မှာ တက်လာတော့
သူမ ပါမလာပါ။





ကျွန်ုပ် မြင်သိနေသည်ပဲ။ ယခုမှဘယ်လိုများရောက်လာ
ရလေသနည်း။

" ဟင်း ... ဟင်း သိပ်လဲတွေးမနေပါနဲ့။ နှင်းနှင်းတို့
အိမ်လိုက်လည်ပါလား။ မေမေနဲ့လဲ စကားပြောရတာပေါ့"

"မင်းတို့အိမ်က"

"တောင်ဥက္ကလာပလမ်း၊ အမှတ် ၂၀လေ၊ လာလည်ပေါ့"

"အေး ငါလာခဲ့မယ်။ ဘယ်တော့လာရမလဲ"

"သန်ဘက်ခါကိုလာ အိမ်မှာဆွမ်းကျွေးရှိတယ်"

"တကယ်နော်"

"ကျွန်မ မလိမ်တတ်ပါဘူးရှင်"

"သထုံဆင်းမယ့်ခရီးသည်များ သထုံရောက်ပါတော့မယ်"

ကားစပယ်ယာလေး၏အော်သံကြောင့် ကျွန်ုပ်မျက်လုံးဖွင့်
ကြည့်မိသည်။ သထုံရောက်နေပြီပဲ။ သထုံရွှေစာရံဘုရားကြီးအား
ရွှေရောင်တဝင်းဝင်းနှင့်ဖူးလိုက်ရသည်။

ရွှေစာရံဘုရားအား စိတ်ဖြင့်ကန်တော့ပြီး နောက်ဘေးသို့
လှည့်ကြည့်မိသည်။

"ဟင် သူမရှိတော့ပါလား"

ကျွန်ုပ်နှုတ်ဖျားမှ တိုးတိုးလေးအာမေဋိတ်ထွက်သွားသည်။
ဘေးမှအမျိုးသမီးကြီးက ကျွန်ုပ်အားကြည့်၏။ ကျွန်ုပ်ကသူ့ကို
ဂရုမစိုက်အားဘဲ သူ့ဘေးကခုံကိုသာကြည့်နေမိသည်။

ခုံပေါ်မှာတော့ နှင်းဆီဝါလေးတစ်ပွင့်လဲလျောင်းလျက်ပင်။
ထိုခုံတွင် ခုနမိန်းမပျိုလေးတစ်ဦးထိုင်နေသည်။ ကျွန်ုပ်နှင့်
စကားပြောနေသေးသည်။ ယခုမရှိတော့ ပျောက်သွားလေပြီ။

ကျွန်ုပ်၏စူးစမ်းသောအကြည့်များကို အမျိုးသမီးကြီး
ကြိုက်ပုံမရ။ ထို့ကြောင့် အကြည့်များကိုထိုခုံမှ လွှဲဖယ်၍မျက်လုံး
မှိတ်ကာ စဉ်းစားနေမိသည်။

နှင်းဆီဝါတစ်ပွင့်

ချောမောလှပသော

မိန်းမပျိုလေးတစ်ဦး

နံပါတ်(၁၃)ခုံတစ်ခုံ ...

မျက်လုံးမှိတ်စဉ်းစားနေမိသော ကျွန်ုပ်၏အမြင်အာရုံထဲ ခုနက မိန်းကလေးပြန်ပေါ်လာသည်။ ခုနကမြင်ရသည့်အတိုင်း ပဲ။

ကျွန်ုပ်ဖျတ်ဆိုမျက်လုံးဖွင့်၍ ခုံနံပါတ်(၁၃)သို့ကြည့်မိ သည် ဘာမျှမရှိ။ နှင်းဆီပွင့်လေးသာရှိ၏။ ကျွန်ုပ်ဇဝေဇဝါဖြ သွားသည်။

"ငါ အိပ်မက်မက်နေတာလား" ဟုတွေးမိသည်။

မနိုးတစ်ဝက်၊ နိုးတစ်ဝက်အိပ်မက်ဟုပင်ထားဦး။ ဘာ ခုံနံပါတ်(၁၃)နှင့်မိန်းမချောလေးကိုသာမြင်ရမက်ရလေသနည်း

ကျွန်ုပ်သည် အတွေးချာချာလည်ရင်း ကားကြီးခေါ်ဆော ရာသို့ လိုက်ပါလာရာ လက်မှနာရီကိုကြည့်လိုက်တော့ မန (၂)နာရီခန့်ရှိနေပြီ။

ကားကြီးက ဝေါမြို့ကိုပင်ဖြတ်ကျော်နေသည်။ မကြာ ပဲခူးသို့ရောက်တော့မည်။ ပဲခူးရောက်လျှင်ကား ခေတ္တနားပေလိ မည်။

ကျွန်ုပ်သည် မျက်လုံးများကျယ်လျက် ခုံနံပါတ်(၁၃)နှ နှင်းနှင်းဆိုသော မိန်းကလေးကိုသာ ဆက်စပ်တွေးတောနေ သည်။

ဘေးက အမျိုးသမီးကြီးကို ကြည့်လိုက်တော့ အိပ်ငိုက် လျက်။

အဲယားကွန်းကားကြီးကတော့ တာဝန်ကျေစွာမောင်း ဆဲ။

+++++

"ပဲခူးဆင်းမည့်ခရီးသည်များ ပဲခူးရောက်ပါပြီ"





ကားစပယ်ယာလေး၏အသံကြောင့် ကားပေါ်မှအိပ်ငိုက် နေကြသူများမျက်လုံးဖွင့်ကြည့်ကြသည်။

ဘေးက အမျိုးသမီးကြီးကလည်း မျက်လုံးဖွင့်ကြည့် သည်။

ပဲခူးနာရီစင်ရှေ့မှာ ခရီးသည်နှစ်ယောက်ဆင်းသွား၏။ ကားက မနားဘဲဆက်ထွက်လာသည်။

ပဲခူးမြို့ပြင်ဘက်မှ အေးရာအေးကြောင်းစားသောက်ဆိုင် ရှေ့မှာ ထိုးရပ်လိုက်သည်။

"ခရီးသည်များအားလုံးဆင်းကြပါ။ ခေတ္တနားပါ့မယ်။ ခြေခင်းလက်ခင်းသွား၊ လက်ဖက်ရည်ကော်ဖီသောက်နိုင်ကြပါ တယ် ခင်ဗျား"

ကားတံခါးပိတ်ထားမည်မို့အားလုံးဆင်းကြရသည်။ အမျိုး သမီးကြီးက ထုံးစံအတိုင်းနှင်းဆီဝါလေးကို ယူ၍ဆင်းသည်။

စားသောက်ဆိုင်ထိုင်တော့လည်း ဘေးခုံမှာတင်ထားပြီး မုန့်ဟင်းခါးနှစ်ပွဲမှာတာမြင်ရ၏။

ကျွန်ုပ်သည် အမျိုးသမီးကြီး၏ထူးဆန်းသောအပြုအမူ များကိုကြည့်လျက်စပ်စုလိုစိတ်သိလိုစိတ်များ တဖွားဖွားဖြစ်ပေါ် လျက်ရှိပေ၏။

ပဲခူးမှပြန်ထွက်တော့ နံနက်သုံးနာရီခွဲခန့်ရှိနေပြီ။ မကြာမီ ရန်ကုန်ရောက်တော့မည်။

ရန်ကုန်မရောက်ခင်သိလိုသည်များကို မေးမြန်းထားဦးမှ ဟု တွေးလျက်ကျွန်ုပ်မှ စကားစပြောလိုက်သည်။

"အဒေါ်က တောင်ဥက္ကလာပလမ်း၊ အမှတ်(၂၀)ကလား ဟင်"

"ဟုတ်ပါတယ်ကွယ် ဘယ်လိုသိလဲ"

"စိတ်မရှိပါနဲ့နော် ... ကျွန်တော်ကားပေါ်အိပ်ငိုက်ရင်း အိပ်မက်တယ်လေ ... အဒေါ်ဘေးမှာ မိန်းကလေးတစ်ယောက်

ထိုင်လို့ သူကိုယ်သူနှင်းနှင်းတဲ့။ အခေါ်သမီးတဲ့ နေတဲ့လိပ်စာပါ သူပြောတာ။ အဲဒါ ဟုတ်သလားလို့"

ကျွန်ုပ်၏စကားဆုံးတော့ အမျိုးသမီးကြီး၏မျက်နှာညို သွားသည်။

ကျွန်ုပ်ကိုလည်း တအံ့တသြကြည့်လေ၏။

"အင်း ... မင်းပြောတာမှန်ပါတယ်။ ဒါတွေ မင်းသိတာ အံ့သြစရာပဲ။ ရန်ကုန်ပြန်ရောက်ရင် အိမ်လာခဲ့ပါလား။ အဲ့ဒီ ကျတော့မှ အကျိုးအကြောင်းအကုန်ပြောပြပါ့မယ်ကွယ်"

အမျိုးသမီးကြီးက ပြောပြောဆိုဆို သူ့အိမ်လိပ်စာကိုရွတ် ပြသည်။

ထိုလိပ်စာမှာ ရှေးမဆွကပင် နှင်းနှင်းပြောပြသွားသည့် လိပ်စာနှင့်တစ်ထပ်တည်းကျနေသဖြင့် အထူးအံ့သြရလေသတည်း၊

+++++

ရန်ကုန်ပြန်ရောက်ပြီး တစ်ရက်ခြား၍နောက်တစ်နေ့ မနက်မှာ ကျွန်ုပ်တောင်ဥက္ကလာပသို့သွားရောက်၍ နှင်းနှင်းအိမ် ကိုရှာဖွေမိလေ၏။

သူ့မိခင်မှာ ဒေါ်သန်းသန်းဖြစ်ပြီး မုဆိုးမတစ်ဦးဖြစ်သည်၊ အသက်လေးဆယ်ကျော်ခန့်ရှိပြီး သန့်သန့်ခန့်ခန့်ဖြစ်သည်။

သူ့ဟို့လိပ်စာကို သိပ်ရှာဖွေမနေရဘဲတွေ့ခဲ့၏။ လူများစု ရုံးရောက်ရှိနေကြရာ စုံးစမ်းလိုက်တော့ရက်လည်ဆွမ်းကျွေးနေခြင်း တည်း။

ကျွန်ုပ်ဝင်လာသည်ကိုမြင်သော ဒေါ်သန်းသန်းက ထွက် လာပြီးခေါ်ရှာသည်။ အိမ်ဦးခန်းတွင်နေရာပေးသည်။ ကျွန်ုပ်သည် ထိုင်ရင်းမှ အိမ်နံရံတွင်ချိတ်ထားလေသော ဓာတ်ပုံတစ်ပုံကိုစူးရဲ စွာကြည့်နေမိသည်။

နှင်းနှင်းဆိုသော မိန်းကလေး၏ပုံပါတကား။

ဒေါ်သန်းသန်းသည် ကျွန်ုပ်အားမုန့်ဟင်းခါးစားစေပြီး





ကော်ဖီနှင့်မုန့်ပါကျွေးမွေးဧည့်ခံသည်။ ပြီးယပ်တောင်လေးတစ်ခု ကမ်းပေးသည်။

"မနှင်းနှင်း ... အသက်(၁၇)နှစ်"

ဟူသောစာတန်းလေးက ယပ်တောင်မှာထင်းလျက်ရှိချေ ၏။

ကျွန်ုပ်နားလည်လိုက်ပါပြီ။

ရပ်ဝေးတွင် သေဆုံးခဲ့သည့်သမီးငယ်အား နှင်းဆီပန်း လေးတစ်ပွင့်ဖြင့် ဝိညာဉ်ခေါ်ယူလာခြင်းတည်း။

သူမ၏အိမ်မှာ ပြုလုပ်မည့်ရက်လည်ဆွမ်းသွတ်ဖိတ်ကြား ခေါ်ဆောင်လာခြင်းတည်း။

ပန်းလေးတစ်ပွင့်ဖြင့် သေသူ၏ဝိညာဉ်ကိုပင့်ဖိတ်ခေါ် ဆောင်လာခြင်းပင်။

ပန်းလေးတစ်ပွင့်ဖြင့်သေသူ၏ဝိညာဉ်ကိုပင့်ဖိတ်ခေါ် ဆောင်သည်ကို ကြားသာကြားဖူး၍ ကိုယ်တွေ့မကြုံဖူးချေ။ ကျွန်ုပ်၏ဖခင်ဆုံးစဉ်ကတော့ ကျွန်ုပ်ကိုယ်တိုင်သုသာန်မြေမှ ပန်း တစ်ပွင့်ကို ယူဆောင်လာကာ ရက်လည်သည်ထိထားခဲ့ဖူးသည်။ ရက်လည်ဆွမ်းကျွေးပြီးတော့ ထိုပန်းကိုကျွန်ုပ်ကိုယ်တိုင်သုသာန် သို့ သွားပြန်ပို့ခဲ့ရဖူးသည်။

ထူးခြားသည့်ဖြစ်စဉ်များတော့ ဘာမှုမဖြစ်ခဲ့ပါချေ။

ယခုမူ ...။

++++++

"မင်းက ... စာရေးဆရာလဲဖြစ်၊ ကားပေါ်မှာ အတူစီးလာ ကြပြီး မြင်သိသူလဲဖြစ်လေတော့ အဒေါ့်သမီးလေးကံဆိုးပုံကို ပြောပြပါ့မယ်ကွယ်"

ဟုအစချီကာ ဒေါ်သန်းသန်းက ကျွန်ုပ်အား သူ့သမီး နှင်းနှင်းကွယ်လွန်ခဲ့ရပုံကို ပြန်ပြောင်းပြောပြလေတော့၏။

+++++

"အမေ ... သမီး ယုယုနဲ့မော်လမြိုင်လိုက်သွားချင်တယ်"

"ဘာကိစ္စလဲ သမီးရယ်"

"ယုယုက မော်လမြိုင်က အဒေါ်တွေဆီသွားမှာ နှစ်ရက်လောက်နေပြီး ပြန်လာမှာတဲ့။ သမီးမရောက်ဖူးဘူးဆိုလို့ အဖော်ခေါ်တာ။ ဘုရားစုံလိုက်ပို့မယ်တဲ့ လိုက်သွားမယ်နော်"

သမီးဖြစ်သူ နှင်းနှင်းက ပူဆာနေသဖြင့် ဒေါ်သန်းသန်းမှာ သက်ပြင်းချမိသည်။ တစ်ခါမှမိခင်နှင့်ခွဲ၍ ဝေးဝေးမသွားဖူးသောသမီးကို ခရီးဝေးလွှတ်ရမှာ သိပ်ပြီးစိတ်မချချင်။ သမီးရောက်ဖူးအောင် လွှတ်လည်းလွှတ်ချင်၏။

နောက်ဆုံးမှာတော့ စိတ်တုံးတုံးချကာ လွှတ်ဖို့ဆုံးဖြတ်လိုက်ရလေတော့၏။

သူ့မှာ အမေတစ်ခုသမီးတစ်ခုနေကြရသည် မဟုတ်လား။

"ကဲ ... ကဲ ... သမီးသူငယ်ချင်းနဲ့အဖော်ကောင်းတုန်း လိုက်သာသွားတော့။ မေမေကလဲ လိုက်ပို့နိုင်မှာမှမဟုတ်တာ"

"အဲဒါကြောင့် မေမေ့ကိုချစ်တာ။ သမီးအကြာကြီးနေမှာမှ မဟုတ်တာဘဲ အမေရယ်။ နှစ်ရက်သုံးရက်ဆိုပြန်ရောက်မှာပဲနော် မေမေ မျှော်မနေနဲ့"

သမီးက မမျှော်နှင့်ဟု မှာသွားသည်။ ဒေါ်သန်းသန်းခမျာ မျှော်ချိန်ပင်မရောက်လိုက်ရပါ။

သမီးနှင်းနှင်းခရီးထွက်သွားပြီး နောက်နေ့မနက်မှာသတင်းတစ်ရပ်ကြားရတော့သည်။

သတင်းမှာကား နှင်းနှင်းစီးသွားသောကားသည် ပေါင်မြို့အနီး၌စက်ပျက်၍ ပြင်နေစဉ် ကားပေါ်မှဆင်း၍လမ်းတစ်ဖက်သို့ ရုတ်တရက်ဖြတ်ကူးလိုက်သည့် နှင်းနှင်းအား ကားတစ်စီးကဝင်တိုက်သွားခြင်းပင်။

နှင်းနှင်းခမျာ ကံဆိုးလှပါသည်။

ပေါင်ဆေးရုံရောက်ပြီး မကြာမီသေဆုံးခဲ့ရ၏။ ယုယု၏





မိဘများစီစဉ်ပေးမှုဖြင့် ဒေါ်သန်းသန်းလိုက်သွား၍ မော်လမြိုင်မှာပဲ သင်္ဂြိုဟ်လိုက်ရသည်။ ရက်လည်ဆွမ်းကိုတော့ ရန်ကုန်အိမ်မှာပဲ ကျွေးရန်စီစဉ်သည်။

ဒေါ်သန်းသန်းသည်ချစ်သမီး နှင်းနှင်းကိုယ်စား သမီးကြိုက်သည့်နှင်းဆီပန်းဝါဝါလေးကိုသာ ဆောင်ကြဉ်းခဲ့ရတော့သည်။

"သမီးရေ နှင်းနှင်းအမေနဲ့ ရန်ကုန်ပြန်လိုက်ခဲ့ပါကွယ်"ဟုလည်း တီးတိုးခေါ်ခဲ့ရသေးသည်။

နှင်းနှင်းအတွက် ကားလက်မှတ်တစ်နေရာပို၀ယ်တော့ နံပါတ်(၁၃)တဲ့။ ကံဆိုးသူနှင်းနှင်းအတွက် ကံမကောင်းသော ဂဏန်းသင်္ကေတများပေလား။

+++++

"အဖြစ်ကတော့ ... ဒါပါပဲကွယ်။ အဒေါ်အံ့သြတာက ကားပေါ်မှာ နှင်းနှင်း မင်းကို အိပ်မက်ပေးတာကွက်တိမှန်နေလို့ အံ့သြမိတာပါ။ ဒါကြောင့်လဲ မင်းကိုဖိတ်မန္တကပြုရတာပဲပေါ့"

ဒေါ်သန်းသန်းက ညိုးငယ်စွာပြောရင်း နှင်းနှင်းဓာတ်ပုံရှေ့မှ နှင်းဆီပန်းဝါလေးကို ငေးစိုက်ကြည့်နေ၏။

နှင်းနှင်း၏ အဝတ်ခေါက်လေးပေါ်မှာ တင်ထားသည့် နှင်းဆီပန်းဝါလေးကတော့ သွေ့ခြောက်လို့ပင်နေပါပြီ။

နှင်းဆီပန်းလေးနှင့်အတူ ဘဝခြားသို့ရောက်သွားရရှာပြီဖြစ်သော နှင်းနှင်းဘဝသည်လည်း သွေ့ခြောက်နေဦးမည်လား။ မည်သူသိနိုင်ပါမည်နည်း။

**မောင်သွေးရှင်**




# တင်တင်မြင့်

## မနောဝိညာဉ်၏ပဋိပက္ခ

စိတ္တဗေဒပါရဂူဒေါက်တာဖိုးအေးသည် သူ့လူနာကိုလှမ်းပြောလိုက်၏။

"ကဲ ... မင်း အိပ်ပျော်သွားပြီ မောင်မြတ်သွင်"

"ဟုတ်ကဲ့ ကျွန်တော် အိပ်ပျော်သွားပါပြီ အန်ကယ်"

"အခုမင်းမိန်းမနဲ့ စကားပြောစရာရှိတယ်။ တို့စကားပြောနေတုန်း၊ မင်းအနားယူလိုက်ပေတော့ မောင်မြတ်သွင်"

"ဟုတ်ကဲ့ ကျွန်တော်အနားယူပြီ အန်ကယ်"

"ကဲ အမာ၊ မင်းယောကျ်ားတော့ ဆရာအိပ်ဆေးချလိုက်လို့ အိပ်ပျော်သွားပြီ။ အခုအန်ကယ်မေးထားတာတွေကို ဂရုစိုက်နားထောင်ပြီး စဉ်းစားဖြေနော်"

"ဒေါက်တာ့သဘောအတိုင်းပါပဲ ဒေါက်တာရယ်"

"အေး ကောင်းပြီ။ ပထမဆုံးမောင်မြတ်သွင်ဂယောင်ချောက်ချားမက်နေတယ်ဆိုတဲ့ အိပ်မက်အကြောင်းအန်ကယ့်ကိုရှင်းပြစမ်း။ အခုလိုဖြစ်နေတာဟာ အမာနဲ့သူနဲ့လက်ထပ်တဲ့ညက

ပဲ စဖြစ်နေခဲ့တယ်လို့အမာပြောတယ်နော်"

"မှန်ပါတယ်ဒေါက်တာ၊ ကုန်ခဲ့တဲ့တစ်ပတ်ကဘဲ စဖြစ်နေခဲ့တာပါ။အဲဒီနေ့က ကျွန်မတို့လက်ထပ်ပြီးပြီးချင်းဘဲ။အခုဝယ်ထားတဲ့ဒီအိမ်ကြီးကို ပြောင်းလာခဲ့ကြပါတယ်၊အဲဒီညက ကျွန်မတို့နှစ်ယောက်သား သန်းခေါင်နီးပါးအထိထွေရာလေးပါးစကားတွေထိုင်ပြောနေခဲ့ကြသေးတယ်။ ဒီလိုနဲ့ဘဲစိတ်ပေါ့ပါးလက်ပေါ့ပါးအိပ်ယာဝင်ခဲ့ကြတာပဲ။ဒါပေမယ့် မနက်လင်းအားကြီးအချိန်လောက်လဲ ရောက်ရော ကိုသွင်ဟာ အိပ်ယာပေါ်မှာတလူးလူးတလိမ့်လိမ့်နဲ့ တစ်ကိုယ်လုံးရှုံးရင်းဆန့်ခတ်ဖြစ်ပြီး ပါးစပ်ကကယောင်ကတမ်းတွေ ထအော်နေတာနဲ့ ကျွန်မလဲအိပ်နေရာက အထိတ်တလန့်နိုးလာမိတယ်။သူဟာအိပ်မက်ထဲမှာ ထိတ်လန့်ချောက်ချားစရာတွေမြင်နေရတယ်ထင်ပါရဲ့ဒေါက်တာ။ တစ်ကိုယ်လုံးဟာမချိမဆန့်ရှုန်းကန်နေရှာတယ်။ကျွန်မလဲ ကြောက်ကြောက်လန့်လန့်နဲ့သူ့ပုခုံးကို အတင်းလှုပ်နိုးတော့ ဝူးဝူးဝါးဝါးနဲ့ နိုးလာတယ်။ကိုယ်လုံးဟာအသားတွေတဆတ်ဆတ်တုန်ယင်နေရှာတယ်။ ပြီးတော့သူ့မျက်နှာဟာ အဲဒီတုန်းကဖြူဖတ်ဖြူရော်နဲ့ သွေးဆုတ်နေသလားတောင်ထင်ရတယ်ဒေါက်တာ။ ကျွန်မက (ကိုသွင်...ကိုသွင် ဘာဖြစ်တာလဲကိုသွင်) လို့မေးကြည့်တော့ ထမင်းလုံးတစ္ဆေအချောက်ခံရသလိုလို၊ ဘီလူးဘဲစီးသလိုလိုမရေမရာ ပြောတာပဲ"

"နို့ပြီးတော့ သူဘာတွေမြင်မက်တယ်ဆိုတာတောင် ရေရေလည်လည်မမှတ်မိဘူးမဟုတ်လားအမာ"

"ဟုတ်တယ်ဒေါက်တာ မမှတ်မိဘူး။ဒါနဲ့ သူအိပ်ဆေးတစ်ပြားသောက်ပြီးပြန်အိပ်ပျော်သွားတယ်။ ဒါပေမဲ့ နောက်တစ်နေ့ညကျပြန်တော့လဲ အဲဒီအိပ်မက်ဆိုးကြီးကိုပြန်မက်တယ်ဒေါက်တာအခုဆိုရင် ဒါကြီးကိုပဲ ညစဉ်ညတိုင်းပြန်မက်နေလို့ လူလဲပင်ပန်းနွမ်းနယ်လှပါပြီ...ဒေါက်တာရယ်"

"အင်း...အင်း။ တချို့စိတ္တဇဝေဒနာရှင်တွေဟာ မောင်မြတ်





သွင်လိုပဲ ဖြစ်လေ့ဖြစ်ထရှိတယ်အမာ ဒါကိုတွေးတောပြီး သိပ်ပူပင်သောကဖြစ်မနေပါနဲ့ငါ့တူမကြီးရာ။ပြီးတော့ တစ်ခုရှိတာက ဒီသူ့ငယ်မှာ ဟိုးကလေးဘဝတည်းကသွေးကြောင်တဲ့ ဗီဇပါတယ်ကွဲ့။ ဒါကြောင့်မို့ မောင်မြတ်သွင်ရဲ့စိတ်နေစိတ်ထား၊ဆိုပါစို့။ဆရာဝန်စကားနဲ့ဆိုရင် သူ့ရဲ့မနောဝိညာဉ်အထက်လွှာနှင့် အောက်အလွှာနှစ်ခုပဋိပက္ခဖြစ်နေတဲ့သဘောကို ငါ့တူမကြီးထက် အန်ကယ်ကပိုသိလို့ပြောတာပေါ့။စင်စစ်တော့လဲ မောင်မြတ်သွင်ဟာအန်ကယ်ရဲ့အရင်းနှီးဆုံးသူငယ်ချင်းရဲ့သားပီပီ အန်ကယ့်မျက်စေ့အောက်မှာတင်ကြီးပြင်းလာတယ်မဟုတ်လားကွဲ့။ ကဲပါကွယ်အခုဖြစ်နေတာကို အန်ကယ်ပျောက်အောင်ကုသပေးပါ့မယ် ဟုတ်လား"

"အန်ကယ့်ကိုပဲအားကိုးစရာရှိပါတော့တယ် အန်ကယ် ရယ်။ ကျွန်မမှာသူနှင့် ပေါင်းသင်းမယ်ရှိပါသေးတယ်။ အခုလိုစိတ်နလုံးချောက်ချားစရာတွေနှင့် ကြုံလာရတော့ကျွန်မကိုယ်တိုင်ဦးနှောက်ပျက်ပြီး ကတောက်ကတက်ဖြစ်ချင်လာပါပြီ"

"အိုကွယ် ဒါတွေပြောမနေပါနှင့်တော့။အခုအန်ကယ်စဉ်းစားနေပါတယ်။ အင်းအင်း..လက်စသတ်တော့ မောင်မြတ်သွင်ရဲ့ခေါင်းထဲမှာ လေးမောင်ရဲ့အသိကဝင်ရောက်စိုးမိုးနေပြန်ပြီထင်ပါရဲ့လေ"

"ရှင်...လေးမောင်၊ လေးမောင်ဟုတ်လား။နေပါအုံး၊လေးမောင်ဆိုတာက ဘယ်သူလဲအန်ကယ်"

"ဒီမေးခွန်းကိုတော့ ငါ့တူမကြီးနားလည်အောင်အန်ကယ်ဘယ်လိုရှင်းပြရပါ့မလဲ။အမှန်ကတော့ လေးမောင်ဆိုတာအန်ကယ်ကိုယ်၌က မသိရပါဘူးလေ။ဒါပေမဲ့ လေးမောင်ဟာမောင်မြတ်သွင်ရဲ့ မနောဝိညာဉ်မှာ ဖြစ်ပေါ်နေတဲ့တခြားလူတစ်ယောက်ပဲကွဲ့"

"ကျွန်မနားမရှင်းသေးဘူးအန်ကယ်"

"အေး ဖြစ်ပုံကတော့ ဒီလိုကွဲ့။မောင်မြတ်သွင်ဆယ့်နှစ်နှစ်သားအရွယ်လောက်က မော်တော်ကားမှောက်တဲ့အထဲပါခဲ့ပါ

တယ်။အဲဒီတုန်းက သူ့ဦးခေါင်းမှာပြင်းပြင်းထန်ထန်ထိခိုက်မိ
သွားပြီး ဦးနှောက်အနေအထားအနည်းငယ် ပြောင်းလွဲချွတ်ချော်
သွားတယ်ကွဲ့။ဒီတော့ ဘာဖြစ်သလဲဆိုရင်ဖြစ်လေ့ဖြစ်ထရှိတဲ့
(အမနီးစီးယား) အတိတ်မေ့ရောဂါမဖြစ်ပဲနှင့် သူ့ဦးနှောက်
အသိထဲမှာ လူနှစ်ယောက် ပေါက်ဖွားတယ်။တစ်ယောက်က
သူကိုယ်၌ဖြစ်တဲ့ မောင်မြတ်သွင် တစ်ယောက်ကသူ့ထက် စိတ်နေ
သဘောထား ခက်ထန်တဲ့လေးမောင်ပဲ။အဲဒီလေးမောင်ဟာ သူ့ရဲ့
အမွှာညီဖြစ်တယ်လို့မောင်မြတ်သွင်ရဲ့ အသိထဲမှာကိန်းအောင်း
နေတယ်လေ"

"ဖြစ်ရလေအန်ကယ်ရယ်။ တစ်သက်နှင့်တစ်ကိုယ်ဒီ
လောက်ဆန်းကြယ်တဲ့အဖြစ်ကို ကြားဘူးရုံမပြောနှင့်စာအုပ်တွေ
ထဲမှာတောင်မဖတ်ဘူးခဲ့ပါဘူး"

"ဒါပေါ့ကွယ်....ငါတူမကြီးတို့မကြားဘူးတာ ရှိတာပေါ့။
အနောက်နိုင်ငံက စိတ္တဇဝေဒနာကုထုံးသမိုင်းမှာတော့ မောင်မြတ်
သွင်လို အလားတူအနက်ဆန်းကြယ်တဲ့ဖြစ်ရပ်မျိုးတွေ မြောက်မြား
စွာရှိသပေါ့။အခုမောင်မြတ်သွင် ပြဿနာဖြစ်ပုံက သူ့ရဲ့ရုပ်နာမ်နှစ်
ပါးစလုံးအားအင်နွမ်းချိလာတဲ့အချိန်ကာလ မျိုးမှာလေးမောင်ရဲ့
အသိတရားက ဝင်ရောက်ကြီးစိုးပြီးချုပ်ကိုင်ခြယ်လှယ်တော့တာပဲ
ကွဲ့။ ဒီလိုကြီးစိုးလာပြီဆိုမှဖြင့် လေးမောင်အသိရဲ့စေစားချက်အ
တိုင်း မောင်မြတ်သွင်ရဲ့ ခန္ဓာရုပ်ကြီးကဘာမဆို တသွေမတိမ်း
လိုက်နာဆောင်ရွက်ရတာဘဲ။ဥပမာ အိပ်မက်ထဲကြမ်းတမ်းခက်
ထရော်ရှိလှတဲ့ ခရီးဝေးကြီးတစ်ခုကို ခြေလျင်လျှောက်ရတာတို့
အိပ်ယာခင်းတို့ခေါင်းအုံးတို့ကို မီးရှို့ပစ်တာတို့ ဆိုပါတော့ကွယ်။
မောင်မြတ်သွင်ရဲ့ ဆင်ခြင်တုံအသိတရားဟာ...လေးမောင်အသိက
လွှမ်းမိုးချုပ်ကိုင်နေရင်း သူ့ကိုယ်သူဘယ်လိုမှထိန်းသိမ်းတည့်မတ်
လို့ မရတော့ဘူး။ တစ်ခါတစ်လေများ ဘာတွေဖြစ်ပျက်နေသလဲ
ဆိုတာတောင်မှ ပြန်လည်အမှတ်ရနိုင်စွမ်းမရှိတော့ဘူး။ တစ်ခါ





တရံတော့ လဲအခုလိုဖြစ်ပျက်နေတာတွေဟာ အိပ်မက်ဆိုးတွေ
ဂယောင်ကတမ်းမြင်မက်နေတာလို့ပဲ အထင်ရောက်နေသပေါ့။
အမှန်ကမောင် မြတ်သွင်ဖြစ်ပျက်တာတွေက အိပ်မက်ထဲမှာ
သာမကဘူး။နေ့ခင်း ကြောင်တောင်အလိုလိုနေရင်းက ဖြစ်ချင်
နေတာကွဲ့။ ဒါပေမယ့် သူ့ကိုသူတော့ အိပ်မက်ဆိုးတွေမြင်နေသလို
သဘောရောက်နေတယ်လေ"

"ဒါဖြင့် ကိုသွင့်စိတ္တဇဝေဒနာတာ အသည်းတုန်စရာကြီးပါ
လားရှင်။ နို့နေပါအုံးအန်ကယ်...သူကိုယ်၌ကသူ့ကိုသူ မရေမရာ
ဖြစ်နေတဲ့ ဝေဒနာတစ်ရပ်ကိုအန်ကယ်က ဘယ်လိုနည်းနှင့်သိခဲ့တာ
လဲဟင်"

"ဩော်...ခလေးမရယ်။တစ်ချိန်က သူ့ဝေဒနာကိုအန်ကယ်
ကိုယ်တိုင်ကြပ်မတ်ပြီး ကုသပေးခဲ့လို့ပေါ့ကွယ်။ဒီတုန်းကသူ့အသိ
မှာစိုးမိုးနေသင့်ယှက်နေတဲ့ လေးမောင်အစွဲရောဂါကုအပြီးအပိုင်
ကုသပေးခဲ့တာပဲ။ကဲပါလေ...လူနာတွေကိုအိပ်ငွေ့ချပြီးအပြန်အလှန်
အမေးအဖြေလုပ်တဲ့'ဆိုက်ကိုအနာလိုက်စစ်' ကုထုံးနှင့် ပြန်ပြီးကု
သပေးပါ့မယ်၊ကဲဟေ့ မောင်မြတ်သွင်"

"ခင်ဗျာ အန်ကယ်"

"အခုမင်းကို နှောက်ယှက်နေတဲ့အိပ်မက်အကြောင်းအပြန်
အလှန် မေးခွန်းထုတ်တော့မယ်။မင်းဒီအိပ်မက်အကြောင်းကို ပြန်အ
မှတ်ရပေတော့...ရပေတော့"

"အိပ်မက်...အိပ်မက်..ဟုတ်ကဲ့...ဟုတ်ကဲ့၊ ကျွန်တော်သတိ
ရပါပြီအန်ကယ်"

"ကောင်းပြီ။ မင်းဒီအိပ်မက်ကို စမက်တဲ့အကြောင်းပြော
စမ်း"

"ဒီအိပ်မက်ကို စမက်တာဟာအမာနှင့်ကျွန်တော်နဲ့လက်
ထပ်တဲ့ညကပဲ။အို...အို.. မဟုတ်သေးဘူးအန်ကယ်၊သူနှင့်ကျွန်တော်
လက်မထပ်ခင်အလို တစ်ညကပဲ"

"သေချာရဲ့လား မောင်မြတ်သွင်"

"သေချာပါတယ်အန်ကယ်၊ အဲဒီနေ့ကကုမ္ပဏီနှစ်ချုပ် ရင်းကို တစ်နေကုန်အပူတပြင်းစာရင်းပိတ်ခဲ့ပြီး အိမ်ကိုပြန်ခဲ့ တယ်။ အိမ်ကမှတစ်ဆင့် ကြို့ကုန်းမှာဝယ်ထားတဲ့ အိမ်ကြီး သွားကြည့်ပါသေးတယ်။မင်္ဂလာဆောင်ပြီးတာနဲ့ တစ်ပြိုင်နက် တစ်ခါတည်းတက်နေမှာမို့ အားလုံးအဆင်သင့်ရှိမရှိသွားကြည့်တ ပါ။ အဲဒီညကကြို့ကုန်းအိမ်ကြီးမှာ အလုပ်များနေတာနဲ့ မြို့ထဲ ကျွန်တော့်လူပျိုတိုက်ခန်းကို ည-၁၁နာရီနီးလောက်မှ ပြန်ရော သွားတယ်။အိပ်ယာဝင်တဲ့အချိန်မှာ တစ်နေကုန်စာရင်းအင်းစစ် နေရတာကတစ်ကြောင်း၊ မင်္ဂလာကိစ္စလုံးပမ်းနေရတာကတ ကြောင်းကြောင့် ကျွန်တော်ဟာ စိတ်ရောလူရောသိသိသာသာ မောပန်းနွမ်းနယ်နေရပါပြီ။ ဒါပေမယ့်တော်တော်နဲ့ကိုအိပ်မ မိပါဘူး။အိပ်မပျော်တဲ့အဆုံးမှာ အိပ်ဆေးတစ်ပြားသောက်ချလို ပါတယ်။ ဒါပေမယ့်အဲဒီအိပ်မက်ကို မက်သာမက်လာတယ် ကျွန်တော့်စိတ်ထဲမှာတော့ အိပ်ပျော်မိပြီလို့ကို မထင်မိဘူးအန်ကယ်

"ဘယ်လိုမက်သလဲ မောင်မြတ်သွင်"

"ကျွန်တော် ကုတင်ပေါ်မှာလှဲနေတုန်း နံဘေးကတယ်လီ ဖုန်းမြည်လာတယ်အန်ကယ်။ အိပ်မက်ထဲမှာကျွန်တော်ဟာကုတ ပေါ်ကဆင်းပြီး တယ်လီဖုန်းကိုပြန်ဖြေသတဲ့အန်ကယ်။ဒါပေမ ကျွန်တော့်စိတ်ထဲမှာတော့ တကယ်ဖြစ်ပျက်နေသလိုထင်မိနေသေ တယ်။ နောက်မှငါဟာအိပ်မက်မြင်မက်နေပါကလားရယ်လို့ အ ဝင်လာတယ်"

"ကောင်းပြီ ဒီလိုအသိဝင်လာတာဘာကြောင့်လဲ"

"ဒီလိုအသိဝင်လာတာ ဖြူဖြူ့အသံကြောင့်ပဲအန်ကယ် ဖြူဖြူဟာ လူ့လောကကြီးထဲမှာမရှိတော့ဘူးဆိုတာ အိပ်မက်နေ မယ့် ကျွန်တော်သိပါတယ်"

"ဖြူဖြူ ဘယ်တုန်းကသေခဲ့သလဲမောင်မြတ်သွင်"





"လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကပါ။ဖြူဖြူဟာ နှင်းဆီကုန်းဘိုး ဘုရားရိပ်သာအနီးက သာသနာ့ရိပ်သာချောက်ကြီးထဲကိုမော်တော် ကားအရှိန်လွန်ပြီးထိုးကျသွားပါတယ်။ သူမောင်းလာတဲ့မော်တော် ကားဟာ စတီယာတိုင်ပြုတ်ပြီးချောက်နံဘေးမှာ စိုက်ထားတဲ့သစ် သားမှတ်တိုင်တွေကို ဝင်ဆောင့်တယ်။နောက်တစ်ဆက်တည်း ၀-၆၀လောက်နက်တဲ့ချောက်ထဲကို ထိုးကျသွားပြီး လူရောမော် တော်ကားပါ မီးလောင်သေဆုံးသွားပါတယ်"

"ဒါကြောင့်ဖြူဖြူ့အသံကို တယ်လီဖုန်းထဲမှာကြားရလို့ င်းကအိပ်မက်နေမှန်းသိတယ်ဆိုပါတော့"

"ဟုတ်ပါတယ်၊ တယ်လီဖုန်းထဲမှာဖြူဖြူက 'မောင်၊အခုစ ားပြောနေတာဖြူဖြူလေ၊မောင်က ဘာဖြစ်နေတာလဲ၊ဘာဖြစ်လို့ ပြီးစကားမပြောရတာလဲမောင်'လို့ ကျွန်တော့်ကိုအတင်းမေးပါ ယ်။ ပထမတော့ကျွန်တော်ဟာကြက်သေသေနေပြီး စကားမ ပြောနိုင်လောက်အောင် တုန့်ဆိုင်းသွားမိတယ်။နောက်မှကျွန်တော် လဲအိပ်မက်ထဲကနေပြီး 'ဟေ့ ဟေ့ဒါဖြူဖြူမဟုတ်ဘူး။ဘယ် သံနဲ့မှကို ဖြူဖြူမဟုတ်နိုင်ဘူး။ဖြူဖြူဟာ သေပြီ..'လို့ ပြန်အော် ိုက်မိတယ်၊

'ဟုတ်ပါတယ်၊ဟုတ်ပါတယ်၊ရှင်က အခုတော့ကျွန်မသေ လို့ထင်နေတာပေါ့။ ထင်ပါ...ထင်ပါ'လို့အသက်ရှင်နေစဉ်က ထုံးစံအတိုင်း ဖြူဖြူကနှုတ်လှန်ထိုးတယ်။ဒီတော့မှ ကျွန်တော်လဲ တ်တိုလာမိတယ်။ 'အေးထင်တယ်ထင်တယ်။ မင်းသေပြီဘဲငါ့ကို နှောင့်အယှက်ပေးမနေနဲ့ တော်တော်ကြာငါအိပ်ယာကလန့်နိုး ရင် ဒါတွေဟာ ပျောက်ပျက်သွားမှာပဲ'

'ကောင်းပါလေရဲ့ရှင်၊ တော်တော်ကြာရှင့်တိုက်ခန်းကို မလာရင် အိပ်ယာကနိုးနေတယ်ဆိုတော့အဆင်သင့်မှာမို့ င်းတာပေါ့။ရှင့်တိုက်ခန်းကို ကျွန်မအခုပဲသချိုင်းကထလာ တာမှာပဲ အဆင်သင့်စောင့်နေပေါ့' အဲဒီအသံနဲ့တစ်ဆက်တည်း

သူ့တယ်လီဖုန်းချသံကို ကျွန်တော်ကြားလိုက်ရတယ်အန်ကယ် ပြီးတော့အိပ်မက်ဟာ တစ်မျိုးတစ်ဖုံပြောင်းလွဲသွားသလိုပဲ။ကျွန် တော်ဟာ ကုတင်စွန်းမှာခြေတွဲကာစ်လောင်းချပြီး စီးကရက်ထိုင် သောက်နေမိသတဲ့အန်ကယ်။ ကျွန်တော်ဟာထိုင်ပြီးစောင့်မျှော်နေ မိတယ်။ ဟုတ်တယ်အန်ကယ်။ကျွန်တော်ဟာ သချိုင်းကထလာ နေတဲ့ ဖြူဖြူ့ကိုစောင့်မျှော်နေမိတယ်။ ဒါဟာလုံးဝမဖြစ်နိုင်မှန်း သိလျက်ကပဲ ကျွန်တော်ဟာအိပ်မက်ထဲကအဖြစ်အပျက်ကို ဘာကယ်လက်ခံစွဲပိုက်ထားတဲ့အတိုင်း ဖြူဖြူရောက်အလာကိုစောင့် မျှော်နေမိတယ်။

ဒီလိုနဲ့စီးကရက်နှစ်လိပ်သောက်ပြီးချိန်လောက်မှ အခန် တံခါးခေါက်သံကြားရတယ်အန်ကယ်။ ကျွန်တော်ကတံခါးထဖွင့် ပေးလိုက်မိတော့ ကျွန်တော်မျှော်နေတဲ့ဖြူဖြူမဟုတ်ပဲ လေးမောင် ဖြစ်နေတယ်လေ လေးမောင်"

"မင်းရဲ့ အမွှာပူးညီလေးမောင်ဆိုပါတော့မောင်မြတ်သွင်

"ဟုတ်ကဲ့... ကျွန်တော့်ညီလေးမောင်ပါပဲ လေးမောင်က တော့ ကျွန်တော့်ထက်အရုပ်ပိုမြင့်တယ်။ဗလကောင်းတယ်၊ရုပ်ပို ချောတယ်။အို သူကကျွန်တော့်ထက်အစစအရာရာ သာပြီး ယောကျ်ားပီသပါတယ်အန်ကယ်။ ဒါနဲ့ကျွန်တော်ကတံခါးထဖွင့် ပေးလိုက်တယ်ဆိုရင်ပဲ လေးမောင်ဟာ သူ့ရဲ့နှုတ်ခမ်းပါးကလေး နှစ်ခုကို တင်းတင်းစေ့ပြီး ထုံးစံအတိုင်းရယ်ပြုံးပြုံးရပ်ကြည့်နေတယ် လေ။ သူ့ပုံပန်းကိုအဲသလိုမြင်ရလေ ကျွန်တော်ကြောက်လေပဲအန် ကယ်။

'ဟေ့ကောင်လေးမောင်၊ မင်းမင်း ငါ့ဆီမလာနဲ့၊သွားသွာ မင်းမျက်နှာငါမကြည့်ချင်ဘူးကွာ၊ သွားဆိုသွားကွာ"

'ဟ....နေစမ်းပါအုံးမြတ်သွင်ရ၊ မင်းမောင်းထုတ်တိုင်းသွာ ရမှာလားကွ။မင်းဆီငါမလာတာဘယ်နှစ်နှစ်ကြာသွားပြီလဲ။ ဒါလ ကြည့်ပါအုံး။ဒီမှာငါပြောတာ သေသေချာချာနားထောင်စမ်း။မင်း





ငါအလည်အပတ်လာချင်ပေမယ့် တော်တော်နဲ့ကိုမလာဖြစ်ဖူး။ ဒီကနေ့ညတော့ မင်းရဲ့ကောင်းကျိုးအတွက်မဖြစ်ဖြစ်အောင်အ ရောက်လာခဲ့တာပဲ မြတ်သွင်...၊နားလည်ပြီလား'

'ဘာကွ..ငါ့အတွက် ဟုတ်လား။ ဘာငါ့အတွက်လဲ၊သွား သွား... မင်းကိုငါနဲ့ဒေါက်တာဖိုးအေး ပူးပေါင်းပြီးသတ်ပြစ်ခဲ့တာ ဘယ်လောက်ကြာပြီလဲ။ဒါကြောင့်မင်းငါ့ဆီ မလာနိုင်တာသိရဲ့ လား'

'အေးလေ...ငါတင်ဘယ်ဟုတ်လဲ၊ ဖြူဖြူပါသေပြီဘဲ။ ဒါပေမယ့် အခုမင်းဆီကိုသူလာမလို့မဟုတ်လား။ ဒီတော့ငါက ကောဘာဖြစ်လို့မလာရမှာလဲ'

'မင်းက ဘာကိစ္စလာတာလဲ'

'မင်းအတွက်လို့ ပြောပါပကော၊ဒီညမင်းဘေးမှာ လူတစ် ယောက်ရှိနေဖို့ လိုအပ်နေတယ်မြတ်သွင်၊ တစ်ကယ်တော့မင်းဟာ သေလွန်ပြီးတဲ့ မိန်းမကိုမျက်နှာချင်းမဆိုင်ဝံ့လောက်အောင်တုန် လှုပ်ခြောက်ချားနေတယ်မဟုတ်လား။ ဟောဟောပြောရင်းဆိုရင်းနဲ့ အပြင်မှာ တံခါးခေါက်သံကြားတယ်။ ဖြူဖြူလာပြီထင်တယ်။ ကဲ...မြတ်သွင်...မင်းသူနဲ့နှစ်ယောက်ထဲ စကားပြောနေရစ်ပေတော့။ ဒါပေမယ့် တစ်ခုသတိထားနော်။ တကယ်လို့အရေးအကြောင်း ပေါ်လာရင် ငါ့လှမ်းခေါ်လိုက်၊ ငါဟိုဖက်အခန်းမှာရှိမယ်'

လေးမောင်ဟာ အဲသလိုပြောပြီးတစ်ဖက်ခန်းထဲဝင်သွား တာပဲအန်ကယ်။ အဲဒီအချိန်မှာ တံခါးခေါက်သံကြားရတယ်။ ဒါနဲ့ ကျွန်တော်လဲကြောက်ကြောက်ရွံ့ရွံ့နဲ့ သွားဖွင့်ပေးလိုက်တော့ ဖြူဖြူ့ကို တွေ့ရတော့တာဘဲ။ဖြူဖြူဟာ သူသေစဉ်တုံးကခေါင်း သွင်းထားခဲ့တဲ့အတိုင်း အင်္ကျီအဖြူ။ထမီအဖြူနဲ့ တောင့်တောင့်စင်း စင်းကြီး ရပ်ကြည့်နေတယ်။သူ့မျက်လုံးအစုံဟာ စူးရှတောက်ပြောင် ပြီး ကျွန်တော့်မျက်လုံး၊ကျွန်တော့်နှလုံးသားထဲကို စူးဖောက်ဝင် ရောက်ပြီး ကြည့်နေသလားလို့ထင်ရတယ်။ကျွန်တော့်လိပ်ပြာဟာ

တဖြတ်ဖြတ်ခုန်နေပြီး အသားတွေလဲတဆက်ဆက်တုန်ယင်နေတယ် အန်ကယ်။ ဖြူဖြူဟာ အဲသလိုနာနာဘာဝ ဆန်ဆန်ကြည့်နေရင်းက ကျွန်တော့်ကိုဖြတ်ပြီး အခန်းထဲသို့လှစ်ကနဲဝင်သွားတော့တာပဲ။

ကျွန်တော်ဟာ သူ့နောက်ကိုဘယ်လိုရောက်သွားမိတယ်တောင်မပြောတတ်ပါဘူး။ ပထမတော့ဖြူဖြူဟာ မျက်နှာချင်းဆိုင်ဆိုင်နေသေးတယ်။ ဘာတစ်လုံးမှမပြောသေးဘူး။နောက်မှအေးတိအေးစက်ပြုံးလာပြီး...

'တော်တော် ကြောက်နေသလားကိုသွင်၊ တံခါးလေးဘာလေးထပိတ်လိုက်ပါအုံး။ကျွန်မက မြေကြီးထဲကခေါင်းထဲမှာ အလုံပိတ်ပြီး တစ်နှစ်လုံးလုံးအမြုပ်ခံထားရလေတော့ လေတိုက်တာတို့အအေးမိတာတို့ကို မခံနိုင်ဘူးရှင့်။ခေါင်းထဲမှာ နေသားကျနေတော့ အခုအပြင်ထွက်လာရတာ တော်တော်အေးတယ်။ကဲပါလေ... တံခါးထပိတ်ပေးပါ' ဖြူဖြူဟာ ပြောပြောဆိုဆိုလှုပ်ရှားလာတယ်။ သူ့လက်ကိုကျွန်တော်အထိမခံရဲဘူး။တစ်ကိုယ်လုံးကြက်သီးမွှေးညှင်းတွေထပြီး တဖျဉ်းဖျဉ်းတုန်ယင်နေတယ်။ဒါနဲ့တံခါးကိုကမန်း ကတန်းပဲ ထပိတ်ပေးလိုက်ရတယ်အန်ကယ်။ပြီးမှ ကျွန်တော် ကစပြီးမေးလိုက်မိတယ်။

'မင်းဘာလာလုပ်တာလဲဖြူ၊ မင်းသေပြီပဲ' ကျွန်တော်က အဲသလိုမေးလိုက်တယ်ဆိုရင်ပဲ ဖြူဖြူဟာကြောက်စရာကောင်းတဲ့အသံကြီးနဲ့ တဟားဟားရယ်တော့တာပဲအန်ကယ်..

'ရှင်က ကျွန်မသေပြီလို့တစ်ကယ်ထင်နေသပေါ့။ဟုတ်စ၊ အမှန်တော့ ကျွန်မတကယ်မသေသေးပါဘူးကိုသွင်။ မသေသေးပါဘူး။ရှင့်ကိုသက်သက်မျက်လှည့်ပြနေတာသိရဲ့လား'

'မျက်လှည့်ပြနေတာ'

'ဟုတ်တယ်...မျက်လှည့်ပြနေတာ။ရှင်ဟာ သွေးကြောင်တတ်မှန်းသိလို့ကို တမင်ချောက်လှန့်နေတာ။ အမှန်တော့လဲရှင်





ဖြစ်စေချင်တဲ့ ဆန္ဒအတိုင်းကျွန်မကလည်း သရဲဘဝမှာနေခဲ့ပါတယ်လေ'

'မဟုတ်ဘူး...မဟုတ်ဘူး...မင်းဟာ သရဲမကောင်းဆိုးဝါး၊ လူစစ်စစ်ကိုမဟုတ်တော့ဘူး။ မင်းသေပြီ...မင်းသေတာကြာပြီ'

'မြတ်စွာဘုရားရေ...ကျွန်မကလူမဟုတ်ရအောင် သရဲတဘက်နဲ့တူနေလို့လား။ ကြည့်ကြည့်စမ်းပါအုံး။ သရဲနဲ့တူနေလို့လားလို့။ကြည့်ကြည့်စမ်းပါအုံး၊ သူ့ရဲနဲ့တူနေလို့လားလို့' ဖြူဖြူဟာ မချင့်မရဲပြောပြီး။ ကျွန်တော့်ရှေ့မှာ သူ့မျက်နှာအတင်းထိုးကပ်ပြတယ်အန်ကယ်၊ ပြီးတော့မှ အန်မတန်နာကျည်းကြေကွဲနေရှာတဲ့မျက်နှာကလေးနဲ့ မချိတင်ကဲပြောလာတယ်။

'အမှန်တော့ ကျွန်မမသေသေးပါဘူးကိုသွင်ရယ်၊ မသေသေးပါဘူး။ ကျွန်မဟာမသေသေးပဲနဲ့ ဘဝကိုအရှင်လပ်လပ်မြှုပ်နှံထားရသူပါ။ ရှင်နဲ့အမာတို့နှစ်ယောက်သာယာချမ်းမြေ့ဖွယ်ကောင်းတဲ့ဘဝမှာ ပျော်ပါးခံစားနိုင်ကြရအောင် ကျွန်မဘဝကိုအရင်းတည်ခဲ့ရတာပါ။ ကျွန်မဘဝကိုမြှုပ်နှံစတေးခဲ့ရတာပါ'

'မင်း...မင်း နာနာဘာဝဘဝကနေ ထင်ရာတွေလျှောက်ပြောမနေနဲ့ကွ' ကျွန်တော်က စိတ်တိုတိုနဲ့ အော်လိုက်တော့ဖြူဖြူ့မျက်နှာဟာ ရုတ်တရက်ချက်ချင်းခက်ထန်လာတယ်အန်ကယ်..

'ကောင်းတယ်..သိပ်ကိုကောင်းတယ်၊ ရှင်ကကျွန်မကိုမကောင်းဆိုးဝါး နာနာဘာဝလို့ထင်လေ သိပ်ကောင်းလေပဲ။ ဒီမှာသေသေချာချာနားထောင် ရှင်က ဖြူဖြူပါပဲရယ်လို့ သင်္ချိုင်းမှာမြှုပ်ခဲ့တဲ့အလောင်းဟာလေ... ဘယ်သူ့အလောင်းထင်သလဲ။အဲဒီအလောင်းဟာ ကျွန်မသူငယ်ချင်းစိုးစိုးအလောင်းသိရဲ့လား။ ဒါပေမယ့် ကားမှောက်တုန်းက ကျွန်မအပြင်တခြားမိန်းကလေးတစ်ယောက် ပါသေးတယ်ဆိုတာ ဘယ်သူမှမသိခဲ့ကြဘူး မဟုတ်လား။ရှင်ကလဲ ကျွန်မတစ်ယောက်တည်း အိမ်ကကားမောင်းထွက်သွားတာဘဲ သိတယ်မဟုတ်လား။ ဒါကြောင့်မို့ကားထဲမှာ

တွေ့ရတဲ့အလောင်း ဟာဖြူဖြူပဲလို့ ထင်နေကြတာပေါ့။ဒါပေမယ့် အိမ်ကိုပြန်လာတော့ ကားထဲမှာစိုးစိုးပါလာတယ်ဆိုတာကို ဘယ်သတ္တဝါမှမသိခဲ့ကြဘူး။ ကားဟာချောက်ထဲကို ထိုးကျပြီးတာနဲ့ချက်ချင်း မီးထလောင်ခဲ့ တယ်။ ဒါပေမယ့် သေနေ့မစေ့ချင်သေးတော့ တစ်ကိုယ်လုံးခြစ် မိခိုက်မိရုံကလွဲပြီး ဘာမှအနာတရမဖြစ်ခဲ့ဘူး။ကံဆိုးလှတဲ့စိုးစိုးခမျာ သာ ကားထဲပိတ်မိနေပြီး မီးထဲပါသွားရရှာတယ်။ စိုးစိုးအခုလို သေသွားတာကို ဘယ်သူမှမသိကြဘူး။ စိုးစိုးကျွန်မနဲ့ထွက်သွား တဲ့နေ့ကစပြီး ပျောက်ချင်းမလှပျောက်သွားတာကို ဘယ်သူမှမသိ ကြဘူး။ သိစရာပုပင်သောက်ကရောက်စရာဆွေမျိုးဉာတိဆိုလို့ လဲ လက်ညှိုးထိုးပြစရာမရှိဘူး။ ဒီတော့ ကျွန်မအဖို့အသက်ဘေး ကလွတ်မြောက်လာတဲ့အချိန်ကလေးမှာဘဲ အကြံတစ်ခုရလာ တယ်။ စိုးစိုးရဲ့ မီးသင့်လောင်ထားတဲ့အလောင်းကိုတွေ့ရင်ဖြူဖြူ ပါဘဲရယ်လို့ ထင်ယောင်ထင်မှားဖြစ်အောင် ကျွန်မဘဝကို သေသူ တစ်ယောက်လိုအစဖျောက်ပစ်ခဲ့တာဘဲ။ ဘယ့်နှယ်လဲ ... သရဲ လား၊လူလားဆိုတာရှင်းသွားပြီမဟုတ်လား'

'မင်း ... မင်း ...ဒါဖြင့်ယင် ဘာလို့ဒီလိုလုပ်ရတာလဲ ဟင်'

'ဩော် ..အကြောင်းကတော့ ရှင့်ကိုဒုက္ခပေးဖို့ပေါ့ ရှင် ဟာ ကျွန်မအပေါ်မှာ ဘယ်လောက်မေတ္တာခေါင်းပါးနေတယ် ဘယ့်လောက်စိတ်ကုန်ခန်းနေတယ်ဆိုတာ ကောင်းကောင်းသိတာ ပေါ့။ ပြီးတော့အမာနဲ့ ကွယ်ရာမှာပလူးနေတာလဲ သိတာဘဲ ဒါတင်ဘယ်ကမလဲ တစ်နေ့ကျရင်ရှင်ဟာ ကျွန်မကိုကွာချင်ကွာ ပစ်မယ်။ ဒါမှမဟုတ် အသက်ကိုတောင်ရန်ရှာချင်ရှာမယ်။ ဟုတ် တယ် မဟုတ်လား ကိုမြတ်သွင်။ ဒါကြောင့်မို့ ရှင်လက်မဦးခင် ကျွန်မက အရင်ဦးအောင် မျက်လှည့်ပြဖို့၊ ဒုက္ခပေးဖို့၊ လက်စား ချေဖို့ ဖြူဖြူ့ဘဝနဲ့ပြန်ရောက်လာပြီလေ ...'





'ဟ ဒါတော့ မင်းလုပ်ချင်သလိုလုပ်လို့ဘယ်ရမလဲကွ နက်ဖြန်ဆိုရင်ဘဲအမာနဲ့ ငါနဲ့လက်ထပ်ကြတော့မှာပဲဟာ ....'

'ဟုတ်တယ်လေ ဒါကို သိသားဘဲ။ ဒါကြောင့်လဲရှင့်ဆီ အခုလာတာပေါ့။ တစ်နှစ်တာပတ်လုံးတမင်တကာအခွင့်အခါ ကောင်း စောင့်ဆိုင်းနေပြီးမှ ရှင့်ဆီလာခဲ့တာဘဲပေါ့။ ဘာလဲ အခုလိုမင်္ဂလာ ယူနေတဲ့အချိန်မျိုးမှာ ကျွန်မရှင့်ဆီလာတာရှင် သဘောမကျနိုင်ဘူး မဟုတ်လား ကိုမြတ်သွင်။ ကဲပါလေ ရှင်သဘောမကျဘူးဆိုရင်လဲ ကျွန်မပြန်သွားပါ့မယ်။ ဖြူဖြူ တစ်ယောက်ဟာဖြင့် လူ့လောက ကြီးထဲမှာမရှိတော့ဘူးသေလွန် ပြီဆိုတဲ့အနေမျိုးနဲ့ ကျွန်မဘဝ ကျွန်မပြန်ပြီး မြှုပ်နှံထားပါ့မယ်။ ရှင်ကဲ ရှင့်သဘောကျအမာနဲ့ မနက်ဖြန်လက်ထပ်ပေါ့။ ရှင်တို့ နှစ်ယောက်စပ်ကြားမှာ ဝင်မနှောင့်ယှက်ပါဘူး စိတ်ချပါ။ ဒါပေမယ့် ကျွန်မဘဝမြှုပ်နှံထားခ အဖြစ်တော့ငွေပေးရလိမ့်မယ်'

'ဘာ ... ဘာ ငွေပေးရမယ်ဟုတ်လား ... သွား သွား မလိုချင်ဘူး'

'ဒါဖြင့်ရင်လဲ ပြီးတာပေါ့နောက်တော့သာ(သေပြီဟု ယူဆထားရသော မယားကြီးကမင်္ဂလာပွဲကိုဝင်ဖျက်ခြင်း)ဆိုတဲ့ သတင်းကို သတင်းစာတွေထဲမှာ တိုင်းသိပြည်သိကြော်ငြာလိုက် တာကို အပြစ်မဆိုနဲ့ ကဲလေဘယ့်နှယ်ရှိစ။ ဒီသတင်းသာဟိုးလေး တကျော်ဖြစ်သွားရင် ရှင့်ယောက္ခမကြီးက သူ့သမီးနဲ့ မပေးစားတဲ့ အပြင် အခုပေးထားတဲ့ စာရင်းကိုင်ချုပ်ရာထူးက တစ်ခါထဲ ကန်ထုတ်ပစ်လိုက်မှာ'

'အို ဒီလိုတော့အဖြစ်မခံဘူး'

'အဲသလိုလုပ်စမ်းပါ ကိုမြတ်သွင်ရယ်။ အခုလိုဖြေရှင်း လိုက်ရင် နှစ်ဦးနှစ်ဖက်ကြေအေးသွားမယ့် ဥစ္စာ။ ကျွန်မလိုချင်တာ ကလဲမများပါဘူး။ တစ်သောင်းထဲပါ'

ဖြူဖြူအဲသလိုအကြပ်ကိုင်လိုက်တော့ ကျွန်တော့်ခေါင်း

ထဲမှာ ဆူပွက်လာမိတယ်။ လောလောဆယ်ဘာကို ဆုံးဖြတ်ရမှန်းတောင်မသိတော့ဘူး။ အမှန်က ကျွန်တော်ဟာအိပ်မက်မက်နေပေလို့ဘဲ အန်ကယ်။ တကယ်များသာဆိုရင် ဆောက်တည်ရာရတော့မှာမဟုတ်ဘူး။ ဒီအချိန်မှာ ဖြူဖြူကလှုပ်ရှားလာတယ်။

'ကဲလေ .. စဉ်းစားအုံးပေါ့။ ငါးမိနစ်အချိန်ပေးမယ်။ ပြီးရင်သာ ငွေတစ်သောင်းချက်လက်မှတ်ရေးပေတော့'

ဖြူဖြူဟာ ပြောပြောဆိုဆိုနောက်ဖေးဘက်ထသွားတယ် အန်ကယ်။ ကျွန်တော်လဲ လက်ဆယ်ချောင်းစလုံးခေါင်းထဲမှာ ထိုးသွင်းပြီး(အိပ်မက်ပျောက်သွားအောင် အိပ်ယာကမြန်မြန်သာနိုးလိုက်ပါတော့)လို့ဆုတောင်းနေမိတယ်။ ဒီအချိန်မှာ ကြံရာမရဖြစ်နေတာနဲ့ ခေါင်းကိုပြန်မော်အကြည့်လိုက်မှာ ကျွန်တော့်ညီလေးမောင် ရှေ့တည့်တည့်ကရပ်ကြည့်နေတာတွေ့ရတော့တာဘဲ။ လေးမောင်ဟာ ကျွန်တော့်ကို ကလေးသူငယ်တစ်ယောက်လိုစိုက်ကြည့်နေရာက စကားဆိုလာတယ်"

'ဘယ့်နှယ့်မြတ်သွင်. ..တော်တော်ကြံရာမရဖြစ်နေပြီမဟုတ်လားကွ။ အလကား မင်းလူညံ့ဘဲကွာ ... ခပ်တည်တည်လိမ့်နေတာကလေးကိုများ ဒီလောက်ဖြစ်နေရတယ်လို့။ အခုဆိုရင် မင်းထိနေပြီဆိုတာ ဖြူဖြူကောင်းကောင်းသိသွားပြီကွ'

'ဒါမေယ့် သူသေပြီကွ ... ဒါကအိပ်မက်ကွ'

'ဟကောင်ရ အခုဖြစ်ပျက်နေတာ အိပ်မက်လား။တကယ်လားဆိုတာ ဘယ်သူပြောနိုင်မှာတဲ့လဲ။ ကဲကွာအိပ်မက်ဖြစ်ဖြစ်တကယ်ဖြစ်ဖြစ် မင်းကိုအကြံညာဏ်တစ်ခုပေးမယ်။ အခုကိစ္စကို မင်းဘာမှအရေးလုပ်မနေနဲ့။ ပြီးရောမဟုတ်လား။ တကယ်လို့ငါ့စကားနားမထောင်ဘဲ သူတောင်းသလိုပေးလိုက်ပြီဆိုရင်တော့ အစရှိအနှောင်နှောင်ဆိုသလို ထပ်ခါထပ်ခါ ငွေလာညှစ်နေအုံးမှာဘဲကွ။ မင်းတစ်ခု နားလည်ထားရမှာက အခုဖြစ်နေတာက အိပ်မက်ဖြစ်နေတယ်ဆိုတောင်မှ ဖြူဖြူဟာငွေရမှန်းသိသွားပြီမို့





နောက်မက်တဲ့အိပ်မက်တွေထဲမှာ မင်းကိုခဏခဏလာပြီး ငွေညှစ်နေအုံးမှာဘဲ မြတ်သွင်။ ဒီတော့ မင်းမှာအိပ်မက်သံသရာထဲ တဝဲလယ်လယ်နဲ့ ငွေညှစ်ခံနေရလို့ ... ဦးနှောက်တောင်ပျက်သွားအုံးမယ်။ ဒီတော့ ငါအကြံပေးသလိုလုပ်ပါ မြတ်သွင်ရာ'

'ဟာ ... ငါဘာမှမတတ်နိုင်တော့ဘူး' ကျွန်တော်ဟာ စိတ်ရူးပေါက်လာသလို စိတ်ရှိလက်ရှိလေးမောင်ကို အော်ပစ်လိုက်မိတယ်။ ဒီတော့ လေးမောင်ဘာပြောတယ်မှတ်သလဲ အန်ကယ်"

"ဆိုပါအုံး လေးမောင်ဘာပြောသလဲ မောင်မြတ်သွင်"

"လေးမောင်က ဖြူဖြူကို သတ်ပစ်ဖို့ပြောတော့တာဘဲ။ သူ့စကားကို ကျွန်တော်အကြီးအကျယ်တုန်လှုပ်သွားမိတယ်။ အခုဖြစ်ပျက်နေတာတွေဟာ အိပ်မက်ဆိုဦးတောင်မှ အဲဒီအိပ်မက်ထဲမှာငွေလာညှစ်တဲ့ ဖြူဖြူကိုအပြီးအပိုင်သတ်ပစ်လိုက်ပါမှ နောက်ထပ်ဖြူဖြူ့အကြောင်းအိပ်မက်မက်တော့မှာမဟုတ်ဖူးလို့ လေးမောင်က တတွတ်တွတ်ပြောတော့တာဘဲ။ ကျွန်တော်ဟာ ... လေးမောင်ကို ထပ်အော်ပစ်လိုက်မိတယ်။ ဒီတော့ သူက ဘယ်လိုပြန်ပြောသလဲဆိုရင်...

'ကဲ ဟေ့ကောင် ... မင်းဘာမှအကြောက်အကန်အော်ပြီးငြင်းမနေနဲ့ ဒီပြဿနာကို မင်းမဖြေရှင်းရဲရင် ငါဖြေရှင်းပေးမယ်။ တို့ငယ်ငယ်တုန်းက ပြဿနာတွေ ပေါ်လာတိုင်းငါကလဲ ကြားဝင်ဆောင်ရွက်ပေးခဲ့ရသလို အခုပြဿနာကိုလဲ ငါကြည့်စီမံမယ်။ မင်းဘာမှ စကားထပ်ရှည်မနေနဲ့ ကဲမြတ်သွင် ဟေ့ကောင်မြတ်သွင် ငါ့မျက်လုံးတွေကိုကြည့်လိုက်စမ်း'

'မကြည့်ဘူး ... မကြည့်ဘူး'

ကျွန်တော်ဟာ လေးမောင်မျက်လုံးတွေနဲ့မဆုံမိအောင် တတ်နိုင်သလောက်ကြိုးစားပြီး ... ကျွန်တော့်မျက်လုံးတွေကို ရှောင်လွှဲနေမိတယ်။ ဒါပေမယ့် ဘယ်လိုဘဲကြိုးစားကြိုးစား သူ့မျက်လုံးတွေဟာ အားကောင်းတဲ့သံလိုက်ခဲတတ်လို ဖမ်းစား

ထားကြတယ်။

'ငါ့မျက်လုံးတွေကိုကြည့်စမ်း ငါ့မျက်လုံးတွေကိုကြည့် စမ်း

လေးမောင် အမိန့်ပေးနေတာနဲ့အမျှ ကျွန်တော်ဟာ ငြင် ဆန်လို့မရတော့ဘူး အန်ကယ်ရယ်။ အဲဒီတဒင်္ဂအတွင်းမှာ ကျွန်တော့်စိတ် ကျွန်တော့်ဝိညာဉ်ဟာ ဟိုးလွန်လေပြီးတဲ့ ကလေး ဘဝတုန်းကလို ပြောင်းလွဲပြီးအားငယ်သွားမိတယ်။ လေးမောင် ရဲ့ မျက်လုံးတွေဟာ ကျွန်တော်ကြည့်နေရင်းတဖြည်းဖြည်းကြီး သထက်ကြီးလာလိုက်ကြတာ မဲနက်အီလယ်နေတဲ့ ရေအိုင်ကြီး နှစ်ခုလိုသဏ္ဍာန်ပြောင်းလာကြတယ်။ ကျွန်တော်ဟာ လေးမောင် ရဲ့ အီလယ်နက်ကြောနေတဲ့ မျက်လုံးရေအိုင်ကြီးအတွင်းမှာ မကြာ ခင်နစ်မြုပ်ရတော့မှာမို့လိပ်ပြာတလှပ်လှပ်ဖြစ်လာတယ်။

'ကဲ မြတ်သွင် .. မင်းပိုင်ဆိုင်တဲ့ခန္ဓာကိုယ်ကြီး ဟိုအရင် တုန်းက ငါအသုံးပြုခဲ့သလို အခုလဲအသုံးပြုရတော့မယ်။ မင်းရဲ့ စိတ်ဝိညာဉ်ကိုဘေးဖယ်ထားလိုက်စမ်း။ ငုတ်လျှိုးထား လိုက်စမ်း။ မနောဝိညာဉ်ရဲ့အောက်အလွှာမှာ ခိုကပ်နေလိုက်စမ်း'

လေးမောင်ပါးစပ်က တတွတ်တွတ်ပေါ်ထွက်နေတဲ့အမိန့် သံဟာ ကျွန်တော့်နာမ်တရားကိုအပြီးအပိုင်ကြီးစိုးချုပ်ကိုင်သွားတော့ တာပါပဲ အန်ကယ်။ ကျွန်တော့်တစ်ကိုယ်လုံးအကြောဆွဲသလို ဖြစ်သွားတာနဲ့တပြိုင်နက်လေးမောင်ရဲ့ ရုပ်သဏ္ဍာန်ဟာ ကျွန်တော့် မြင်ကွင်းက တစ်ခါတည်းပျောက်ကွယ်သွားတော့တာဘဲ။ လေး မောင်ဟာ အောင်နိုင်သွားပါပြီ။ ကျွန်တော့်ရုပ်တရားကိုကြီးစိုး သွားပါပြီ။ ကျွန်တော်ဟာ လေးမောင် ဖြန့်ကျက်ထားတဲ့အာ ဏာစက်အောက်မှာ မလွန်ဆန်နိုင်အောင် ကျရောက်ဝပ်စင်းနေရ ပါပြီ။ ဒါပေမယ့် ကျွန်တော့်မှာ မျက်လုံးနဲ့ နားရှိသေးသလို ဘဲ မြင်နိုင်ကြားနိုင်ပါသေးရဲ့။ ဒါပေမယ့် လေးမောင်ပြုမူလုပ် ရှားတော့မယ့် အရာတိုင်းကို ဝင်ရောက်ဟန့်တားနိုင်စွမ်းမရှိတော့ ပါဘူး အန်ကယ်ရယ်။





ဒီအချိန်အတွင်းမှာဘဲ အခန်းထဲကို ဖြူဖြူပြန်ဝင်လာ တယ်။ ဖြူဖြူ့အမူအရာဟာ သူ့ဆန္ဒပြည့်ဝတော့မှာမို့ ကျေနပ် နှစ်သိမ့်နေဟန်တွေ့ရပါတယ်။

'ကဲ ရှင်ဆုံးဖြတ်ပြီးပြီ မဟုတ်လား ကိုမြတ်သွင်'

'အေး ဆုံးဖြတ်ပြီးပြီ'

လေးမောင် ပြောလိုက်တဲ့လေယူလေသိမ်းဟာ ကျွန်တော့် ပါးစပ်က ထွက်လာတဲ့အသံဖြစ်ပေမယ့် နည်းနည်းလေးတွဲ့တွဲ့ မာတာတာဖြစ်နေတယ် အန်ကယ်။ ဒါကြောင့်လဲ ဖြူဖြူတောင် မှ အနည်းငယ်တွန့်ဆိုင်းဆိုင်းဖြစ်သွားတယ်လို့ ကျွန်တော်ထင်မိ တယ်။

'ကဲ ဒါဖြင့်လဲ ငွေတစ်သောင်းတန်ချက်လက်မှတ်ရေးပေး တော့လေ။ ရှင်တို့နှစ်ယောက်ရဲ့အိမ်ထောင်ရေးမှာ ဝင်မရှုပ်တော့ ပါဘူး။အားလုံးအဆင်ပြေပြေဖြစ်ရပါ့စေမယ်'

'အေး .. ဒါပေမယ့် ချက်လဲရမှာမဟုတ်ဘူး။ ဝင်ရှုပ်လို့လဲ ရမှာမဟုတ်ဘူး ဖြူဖြူ'

'ဒီလိုဆိုရင်လဲ လူသိရှင်ကြားဖြစ်အောင်လုပ်လိုက်ရုံရှိ တာပေါ့။ သေသေချာချာစဉ်းစားပါ ကိုမြတ်သွင်။ ရှင့်အဖို့ အမှာကို လက်လွှတ်ရတဲ့အပြင်လက်ရှိအလုပ်ကိုပါ စွန့်လွှတ်ရ လိမ့်မယ်'

'အေးလေ .. လူသိရှင်ကြားဖြစ်စရာလဲမလိုဘူး။ အမှာကို လက်လွှတ်စရာလဲ မလိုဘူး။ အလုပ်ပြုတ်စရာလဲမလိုဘူး။ မင်း သိထားဖို့က ငါဟာ မြတ်သွင်မဟုတ်ဘူး ဖြူဖြူ လေးမောင် ကွ လေးမောင်'

'လေးမောင်ဟုတ်လား' ဖြူဖြူ့မျက်နှာကလေးမှာတွေ ဝေကြောင်တက်သွားတာဘဲ အန်ကယ်။ ဒါပေမယ့် အာဂသတ္တိ ခဲမလေးပီပီ ချက်ချင်းမျက်နှာထားပြောင်းလာတယ်။

'ရှင်ဘာတွေလျှောက်ပြောနေတာလဲ ကိုမြတ်သွင်'

'ဟေး ... ငါ့ကို မြတ်သွင် မြတ်သွင်လို့ခေါ်မနေနဲ့ ငါ
မြတ်သွင်မဟုတ်ဘူး လေးမောင်။ လေးမောင်ဆိုတာ မြတ်သွ
နဲ့ အမွှာညီအစ်ကိုတော်တယ်သိရဲ့လား။ ပြီးတော့ အဲဒီလေးမော
က မြတ်သွင်မလုပ်ရဲတာ့တွေကိုလုပ်ရဲတယ်။ မြတ်သွင် ကော
ကျိုးအတွက် လိုက်လံဆောင်ရွက်ပေးနေတဲ့လေးမောင်ဘဲ'

'ရှင် ဦးနှောက်ပျက်ပြီထင်တယ် ကိုမြတ်သွင်။ ကျွန်မ
ပြန်တော့မယ်။ ဒါပေမယ့် မနက်ဖြန်ကိုးနာရီထိုးအထိတော့ ရှ
နောက်ထပ်စဉ်းစားဖို့ အချိန်ပေးမယ်။ ချက်ပေးဖို့စဉ်းစားပါအုံး
လေ'

'အေး ချက်တွေဘာတွေလုပ်မနေနဲ့။ မင်းနဲ့ငါနဲ့ဘယ်လို
မှ နားလည်မှုရအောင်ကြိုးစားမနေနဲ့တော့ ဖြူဖြူ။ ငါဖြေရှင်းရမယ
လမ်းက တစ်နည်းဘဲရှိတယ်'

လေးမောင်ဟာ ပြောပြောဆိုဆို ခြေတစ်လှမ်းတိုးသွာ
တယ် အန်ကယ်။ ဖြူဖြူဟာ လေးမောင်အမူအရာကိုကြည့်ပြီ
မျက်စေ့မျက်နှာချက်ချင်းပျက်လာတယ်။ ပြီးတော့အခန်းထဲက
ထွက်ဖို့ခြေလှမ်း ပြင်လိုက်တယ်။ ဒါပေမယ့်လေးမောင်က ဖြူဖြူ
လက်မောင်းကို တစ်ဖက်ကို ဖမ်းဆွဲထားလိုက်ပြီး ချက်ခ
ဆွဲလှည့်ယူလိုက်တယ်။ ပြီးတော့ ချက်ချင်းဘဲ သူ့လက်ချောင်းကြ
တွေဟာ ဖြူဖြူရဲ့ နုထွတ်ကျော့ရှင်းတဲ့ သူ့လည်တိုင်ကလေးဆ
ကျရောက်သွားတော့ တာဘဲ အန်ကယ်ရယ်။

ကျွန်တော်ဟာ ဒီကောင်လုပ်သမျှကိုဘာမှဝင်ရောက်ဟ
တားနိုင်ခြင်းမရှိဘဲ ဒီအတိုင်းကြည့်နေရတယ်အန်ကယ်။ ဒီအချိ
မှာဘဲ လေးမောင်လက်ချောင်းတွေဟာ လည်ပင်းသားပေါ်မှ
တင်းကြပ်သထက်တင်းကြပ်လာလေလေ ဖြူဖြူ့မျက်လုံးတွေဟ
တဖြည်းဖြည်းပြူးကျယ်ဝိုင်းစက်သထက် ဝိုင်းစက်လာလေပ
မိနစ်ဝက်လောက်တော့ ဖြူဖြူရုန်းကန်ပါသေးတယ်။ နောက်တေ
သူခန္ဓာကိုယ်ကလေးဟာ ပျော့ခွေကျသွားတော့တာဘဲ။ ဒီတော့





လေးမောင်ဟာ လက်ကိုလွှတ်ပေးလိုက်တယ်။ လေးမောင်လက်ကို
လွှတ်ပေးလိုက်တယ်ဆိုရင်ဘဲ အသက်မရှိတော့တဲ့ဖြူဖြူ အလောင်း
ဟာ ကြမ်းပြင်ပေါ်ကိုဒုံးခနဲကျသွားတယ်။ ကျွန်တော့် စိတ်ထဲမှာ
ဖြူဖြူ့အလောင်းကိုခုတိုင်မြင်ယောင်နေသေးတယ် အန်ကယ်။
မျက်လုံးကြီးတွေဆိုရင် အဆမတန်ပြူးထွက်နေကြလို့ မျက်လုံး
အိမ်ထဲက ထွက်နေသလားထင်မိတယ်။ ကျွန်တော်က တစ်သက်
မှာ နှစ်ခါသေသွားရရှာတဲ့တစ်ချိန်က ချစ်ဇနီးကိုတွေကြည့်
နေတုန်း။ လေးမောင်က စကားဆိုလာတယ်။

'ကဲ ဟေ့ မင်းစကားပြောနိုင်ပြီ မြတ်သွင်' သူက
ကျွန်တော့်ဝိညာဉ်ကို ဖမ်းချုပ်ထားရာက လွှတ်ပေးလိုက်တယ်ဆို
ရင်ဘဲ ကျွန်တော်ဟာ ဒေါသတကြီးပြောလိုက်မိတယ်။

'ခွေးမသား မင်းဘယ့်နှယ်လုပ်လိုက်တာလဲ လေးမောင်'

'ဟာ ဒီကောင်နှယ် ပြဿနာတစ်ခုကိုအလွယ်ဟကူဆုံး
ဖြေရှင်းပေးတာတောင်ကျေးဇူးမသိတတ်ဘူး။ ကိစ္စမရှိပါဘူး။
မင်းထင်နေတဲ့အတိုင်းဆိုရင် အခုဖြစ်ပျက်နေတာတွေကအိပ်မက်
တွေချည်းပါ။ ဒါပေမယ့် အိပ်မက်ထဲမှာဆိုတာတောင် လူသေ
အလောင်းကိုဖျောက်ဖျက်ပစ်ဖို့ တာဝန်ရှိသေးတယ်ကွ။ ဒီအလောင်း
ကြီးကို ဒီအတိုင်းမင်းတိုက်ခန်းထဲမှာချထားလို့မဖြစ်သေးဘူး။
တစ်ကယ်ဖြစ်ပျက်နေသလို ဖျောက်ဖျက်ရအုံးမယ်။ အမယ်
ပြောရင်းဆိုရင် အကြံရပြီဟေ့။ သူမင်းဆီလာတုန်းက သချိုင်း
က ထလာတယ်လို့ပြောတယ်မဟုတ်လား။ အေးဟုတ်ပြီ သူ့နေရာ
ဟောင်းဖြစ်တဲ့ ကြံတောသချိုင်းကိုပြန်ပို့မယ်ကွာ'

'ဟာ တောက်တီးတောက်တဲ့'

'အေးပေါ့ မင်းကတော့ဘာလုပ်လုပ်တောက်တီးတောက်
တဲ့နဲ့မဖြစ်နိုင်တာမလုပ်ရဲတာချည်းဘဲ မဟုတ်လား နေပေစေ။
ကိစ္စငါတာဝန်ယူတယ် မင်းအသာနေ။ ငါကစကားပြောဆိုမှ
ပြာ ကဲအခုချိန်ကစပြီး စောစောကလိုဘဲပြန်နေပေတော့"

လေးမောင်ဟာ ကျွန်တော့်ကိုယ်ကိုပြန်ချုပ်ပြီးတဲ့နောက် ဖြူဖြူအလောင်းဖျောက်ဖျက်ဖို့လုပ်ငန်းစတော့တာဘဲ အန်ကယ် နောက်ဆယ်မိနစ်အတွင်းမှာတော့ ကျွန်တော့်ခန္ဓာကိုယ်အတ္တဘော ကြီးနှင့်လေးမောင်ရယ်ကျွန်တော့်အသိရယ်ဟာ အိပ်မက်ထဲမှာ လုသေအလောင်းတစ်ခုကို ကားထဲထည့်ပြီးရန်ကုန်မြို့ရဲ့ အလယ် ဗဟိုဆူးလေဘုရားလမ်းတိုက်ခန်းကနေပြီး ကြံတောသုသာန်ဆီ မောင်းလာခဲ့ကြတယ်။

မော်တော်ကားကလေးဟာ ပြည်လမ်းမကြီးတောက် လျှောက်ယာဉ်အသွားအလာအတော်ကင်းရှင်းနေတာမို့ လျှောတိုက် သလို ဒလစပ်ပြေးနေတယ်။လေးမောင်ဟာကားကိုကျင်လည်စွာ မောင်းနေရင်း ပါးစပ်ကလေတချွန်ချွန်နဲ့ပေါ့။သူ့နံဘေးကုရှင်ပေါ် မှာထားတဲ့ ဖြူဖြူ့အလောင်းဟာ မော်တော်ကားလှုပ်ရှားတိုင်း တစ်လှုပ်လှုပ်နဲ့ပါလာတယ်။ ဒီလိုနဲ့ဟံသာဝတီအဝိုင်းကြီးလဲရောက် ရော ဘသားချောဟာ ဘယ်လိုစိတ်ကူးပေါက်သွားတယ်မသိဘူး မော်တော်ကားကို သုသာန်သွားတဲ့လမ်းအတိုင်း မမောင်းပဲ၊အင်းစိန် လမ်းမကြီးအတိုင်း တောက်လျှောက်ဆက်မောင်းလာတယ်အန် ကယ်။ ကျွန်တော့်စိတ်ထဲမှာလေးမောင်အပြုအမူကို နားမလည်တာ နဲ့အမျှ 'ဒီကောင်ဘယ့်နှာတွေလျှောက်လုပ်နေပါလိမ့်'လို့ တော် တော့်ကိုမချင့်ရဲ့ကြီးဖြစ်လာတယ်"

"ဒါဖြင့် ကားကိုသူက ဘယ်အရောက်မောင်းသလဲမောင် မြတ်သွင်..."

"ကြို့ကုန်းကတိုက်ကြီးကိုပေါ့အန်ကယ်။ ကျွန်တော်နဲ့အမာ နဲ့လက်ထပ်ပြီးရင် အေးအေးလူလူတက်နေကြဖို့ ဝယ်ထားတဲ့ ကြို့ကုန်းကတိုက်ကြီးကိုပေါ့။ဖြစ်ပုံက အဲဒီတိုက်ဆောက်ပြီးလို့ ကျွန်တော်တို့တက်နေမှပဲ ထမင်းချက်တွေ၊မာလီကုလားတွေငှား ဖို့ အစီအစဉ်လုပ်ထားတယ်။ ဒါနဲ့တိုက်ကိုရောက်တဲ့အခါမှာ လေးမောင်ဟာ ဖြူဖြူအလောင်းကိုပုခုံးပေါ်ထမ်းပြီး တက်သွား





တယ်။ အပေါ်ထပ်အခန်းထဲလည်းရောက်ရော လေးမောင်ဟာ သူ့ပုခုံးထက်ကဖြူဖြူ့အလောင်းကို နှစ်ယောက်ထိုင်ဆိုဖာကြီးပေါ် ဝုန်းခနဲပစ်ချလိုက်တယ်။ ပြီးမှမျက်နှာချင်းဆိုင်ဆိုဖာမှာ ပစ်ထိုင်ချ လိုက်ပြီး စီးကရက်တစ်လိပ်အခန့်သား ထိုင်သောက်တယ်။ စီးကရက်တစ်ဖွာနှစ်ဖွာလောက် ရှိုက်လိုက်ပြီးမှ လေးမောင်က စကားဆိုလာတယ်။

'ကဲ မြတ်သွင် မင်းစကားပြောနိုင်ပြီ' ကျွန်တော့်စိတ်ဝိညာဉ် ကို အနှောင်အဖွဲ့က လွှတ်ပေးလိုက်တယ်ဆိုရင်ပဲ ကျွန်တော်ဟာ လေးမောင်ကို ထိုးကြိတ်တော့မလောက်လေသံမျိုးနဲ့ ဒေါသတကြီး ပြောလိုက်မိတော့တယ်။

'ခွေးမသား မင်းရူးနေသလားကွ။ ဒီအလောင်းကြီးကို ဒီယူလာတော့ဘာထူးသေးတော့လဲ ငါ့တိုက်ခန်းထဲမှာဒီအတိုင်းချ ထားတာနဲ့ ဘာထူးသေးတော့လဲကွ၊ ဟင်အခုတော့ဒါကြီးကို ဘယ်လိုလုပ်ကြအုံးမှာတုန်း'

'အဲဒါကို ငါစဉ်းစားနေပါတယ်မြတ်သွင်ရာ၊ သိပ်လဲသွေး ရူးသွေးတန်းဖြစ်မနေစမ်းပါနဲ့ အခုဒါကြီးကို ဒီအရောက်ယူလာတာ တခြားကြောင့်မဟုတ်ဘူးကွ၊အခုလိုအချိန်မတော် ညကြီးသန်းခေါင် သုသာန်ယူသွားတော့ တို့ကိုလူမြင်သွားမှာသိရဲ့လား။ဒါကြောင့် ဒီယူလာတာကွ။ ဒီမှာဆိုရင်စိတ်ချရတယ်။အစောင့်တွေဘာတွေ ဘာင်မရှိဘူး'

လေးမောင်ဟာစကားကို ပြောနေတုန်း၊ဆိုဖာပေါ်မှာချထား တဲ့ဖြူဖြူ့အလောင်းဟာ တစ်ဖြည်းဖြည်းလှုးလွန့်လှုပ်ရှားလာတယ် အန်ကယ်။ နောက် ပါးစပ်က တအင်းအင်းညည်းတွားလာပြီး ဗြုန်းကနဲထထိုင်တော့တာပဲ၊ ကျွန်တော့်ရင်ထဲမှာဟိုက်ခနဲဖြစ်ပြီး လိပ်ပြာလွင့်စင်မတတ်ဖြစ်သွားတယ်။ ဖြူဖြူဟာကျွန်တော်တို့ကို ပြူးကျယ်တဲ့မျက်လုံးကြီးတွေနဲ့ စိုက်ကြည့်နေရာကလည်ပင်းသား ကိုလက်နဲ့ ခပ်ဖွဖွပွတ်ပြီး။ ဆို့တစ်အသံကြီးနဲ့။

'ရှင် ...ရှင်.. ကျွန်မကိုလည်ပင်းညှစ်သတ်ပါလား...ဟင်း' လို့တုန်လှုပ်ချောက်ချားစွာပြောတော့တာပဲ။ ဒီအချိန်မှာ ကြောင်တွေနေတဲ့လေးမောင်ဟာ ကျွန်တော့်အရင် လှုပ်ရှားလာပြီးဆိုဖာပေါ်က ဇပ်ခနဲထရပ်လိုက်တော့တယ်။

'လက်စသတ်တော့ ဒီကောင်မတယ်လဲ အသက်ပြင်းပါလား။ ဒီတစ်ခါကြည့်ကြသေးတာပေါ့လေ'

'အို...အို..အသက်ချမ်းသာပေးပါကိုမြတ်သွင်ရယ်၊ အသက်ချမ်းသာပေးပါ။ ကျွန်မရှင့်ကိုအနှောင့်အယှက်မပေးတော့ပါဘူး။ ရှစ်ကြီးခိုးပါရဲ့'

'ဟေ့ကောင် ဟေ့ကောင် လေးမောင်၊မလုပ်ပါနဲ့ကွ၊ မလုပ်ပါနဲ့၊ မလုပ်ပါနဲ့၊ ငါတောင်းပန်ပါတယ်ကွယ် မလုပ်ပါနဲ့'

'ဟေး မြတ်သွင်၊ မင်းငါ့အလုပ်ထဲ ဝင်မနှောင့်ယှက်စမ်းနဲ့ကွာ'

'မဟုတ်ရပါဘူးကွာ၊ မင်းကိုငါတောင်းပန်ပါတယ်၊ ဖြူဖြူ့အသက်ကို ဒီတစ်ခါတော့ချမ်းသာပေးပါလေးမောင်ရာ'

'တော်....တိတ်တော့.. နောက်ထပ်စကားမပြောနဲ့၊ မင်းအခုအချိန်ကစပြီး အိပ်ပျော်စမ်း၊ အိပ်ပျော်နေလိုက်စမ်း'

လေးမောင်ရဲ့အောင်မြင်ပြတ်သားတဲ့ စကားလုံးတွေဟာ ကျွန်တော့်အာရုံကြောထဲကို ဆင့်ကဲဆင့်ကဲဝင်ရောက်လာပြီးတဲ့နေပုံ၊ ကျွန်တော်ဟာတစ်ခါတည်း မှေးစင်းအိပ်ပျော်သွားမိတယ် အန်ကယ်။ အဲဒီအချိန်ကစပြီးဘယ်လောက်ကြာကြာအိပ်ပျော်နေမိတယ်မသိဘူး။ ကျွန်တော့်နားထဲမှာ လေးမောင်ရဲ့စကားတစ်ခွန်းကြားလာမိတယ်။

'မြတ်သွင်...မြတ်သွင် မင်းအိပ်ယာကပြန်ထနိုင်ပြီ။ကဲ... အခုအခြေအနေအားလုံးက မင်းအဖို့အေးငြိမ်းသွားပြီကွ။ ဘယ်လောက်ကောင်းသလဲ။ငါ့တာဝန်လဲကျေပြီ။ ကဲငါသွားတော့မယ်'

'ဟေ့...လေးမောင်နေအုံး...နေအုံး။ ဟိုဟို..ဖြူဖြူရော ဖြူဖြူ့ကို မင်းဘာလုပ်လိုက်သလဲ။မြူမြူ့အခုဘယ်မှာလဲ'

'ဒါတွေမေးမနေနဲ့တော့မြတ်သွင် မင်းအတွက်ပြေပြေလည်လည်ဖြစ်သွားတယ်ဆိုရင်ပဲ ဝမ်းသာဖို့မဟုတ်လား။ကဲငါသွားပြီ'

လေးမောင်ဟာ ပြောပြောဆိုဆိုထွက်သွားတာပဲအန်ကယ်။ ဒါနဲ့ကျွန်တော်လည်း အိပ်ယာကလန့်နိုးလာမိတယ်။ကျွန်တော်ကြို့ကုန်းကတိုက်ကြီးမှာ မဟုတ်ဘူး။ဆူးလေဘုရားလမ်းက တိုက်ခန်းထဲမှာဖြစ်နေတယ်။ ကုတင်ဘေးစားပွဲပေါ်ကစားပွဲတင်နာရီဟာ မနက်ကိုးနာရီတောင်ထိုးနေပြီ။ ဒါကြောင့်မို့ဒီအဖြစ်အပျက်အားလုံးဟာ အိပ်မက်တွေမှန်းသိရလို့ စိတ်ထဲမှာ ဝမ်းအသာကြီးသာသွားမိတယ်။ ကျွန်တော့်အိပ်မက်ကတော့ ဒါပါပဲအန်ကယ်"

"ကောင်းပြီ မောင်မြတ်သွင်။ အခုမင်းညစဉ်ညတိုင်းမြင်မက်နေတဲ့ အိပ်မက်အကြောင်းအန်ကယ် အဓိပ္ပါယ်ရှင်းပြမယ်။ မောင်မြတ်သွင်လို စိတ္တဇရောဂါမျိုးဟာ အိပ်မက်မက်ရတဲ့အကြောင်းရင်းဇစ်မြစ်ကို သေချာ ဂဏစွာသိမြင်လာတာနဲ့တစ်ပြိုင်နက် ဒီအစွဲအလန်းအိပ်မက်ဟာတစ်ခါတည်း ပျောက်ပျက်သွားရတာပဲ။ သေသေချာချာနားထောင်"

"ဟုတ်ကဲ့ အန်ကယ်"

"ဖြစ်ပုံက ဒီလိုကွဲ့. ၊မောင်မြတ်သွင်ရဲ့ ပထမဇနီးဖြူဖြူမသေဆုံးခင်မောင်မြတ်သွင်ရဲ့မသိစိတ်ထဲမှာ ဖြူဖြူ့ကိုသေသွားစေချင်တဲ့ စိတ်ဆန္ဒတွေ ကိန်းအောင်းနေခဲ့တယ်။ဟုတ်သလား၊ မောင်မြတ်သွင်"

"ဟုတ်ကဲ့..သေစေချင်ပါတယ်"

"ကောင်းပြီ၊ သို့သော်လည်း...ဖြူဖြူဟာ သူ့အလိုအလျောက်မော်တော်ကားမှောက်ပြီး သေဆုံးသွားတဲ့အခါမှာ ရှေးမဆွတည်းက သေစေချင်တဲ့စိတ်ဆန္ဒကြောင့် မိမိကိုယ်တိုင်ကာယကံမြောက်သတ်ဖြတ် ကျူးလွန်ထားဘိသည့်အလား။ရာဇဝတ်မှုမကင်းတဲ့ စိတ်အစွဲဟာ မသိစိတ်ထဲမှာခိုကပ်နေခဲ့တယ်။ဒါပေမယ့်

မောင်မြတ်သွင်ဟာ အမာနဲ့နောက်အိမ်ထောင်ပြုဖို့ သေချာသွားတဲ့ အခါ မနက်ဖြန်မင်္ဂလာဆောင်တော့မယ်ဆိုရင်ပဲ ဒီနေ့ညလောက်မှာ မောင်မြတ်သွင်ရဲ့ မသိစိတ်အတွင်းမှာ ခိုကပ်ငုတ်လျှိုးနေတဲ့အစွဲဟာ အိပ်မက်ပုံသဏ္ဌာန်နဲ့ ရုန်းကန်ထိုးထွက်လာတာပဲ။ဖြူဖြူဟာအိပ် မက်ထဲမှာ အသက်ရှင်လျက်ရှိနေရတာပေါ့။အမှန်တော့ မောင်မြတ် သွင်အိပ်ယာဘေးက စားပွဲတင်နာရီဟာနိုးစက်ထမြည်ပါလိမ့်မယ်၊ ဒီအသံကိုဖြူဖြူ တယ်လီဖုန်းဆက်တဲ့အသံပဲရယ်လို့ မောင်မြတ်သွင် စိတ်က ထင်ရောင်ထင်မှားဖြစ်ခဲ့တယ်။ အဲဒီနာရီနိုးစက်သံကတစ် ဆင့် မောင်မြတ်သွင်မသိစိတ်အတွင်းမှာ ကိန်းအောင်းနေကြတဲ့ ဖြူဖြူ့ကိုသတ်တဲ့အစွဲအလန်းတို့ လေးမောင်တို့ဆိုတာတွေဟာ မနောဝိညာဉ်အပေါ်လွှာကို ဆင့်ကဲဆင့်ကဲရုန်းကန်တက်လာတယ်၊ အမှန်ကတော့ သိစိတ်ဆိုတဲ့အသိတရားဟာ မနောဝိညာဉ် အပေါ် လွှာကို တက်လာဖို့ကြိုးစားနေတဲ့ မသိစိတ်အတွင်းက အစွဲအလန်း တွေကိုဖိနှိပ်ထားကြတယ်။ဒီလိုဖိနှိပ်ထားလို့လဲ မနောဝိညာဉ်အောက် အလွှာမှာ ခိုကပ်နေရပြီး တက်လာခွင့်မရတော့ဘူး။ဒါပေမယ့် အခွင့်အခါစောင့်ကြည့်နေပြီး၊ အခွင့်အခါသင့်တာနှင့်အိပ်မက်ပုံ သဏ္ဌာန်နဲ့ ရုန်းကန်တက်လာတာဘဲ။အခု မောင်မြတ်သွင်ရဲ့ အိပ်မက်ဟာ ဒီသဘောတရားပါပဲ မောင်မြတ်သွင်"

"ဟုတ်ကဲ့ ကျွန်တော်နားလည်ပါပြီအန်ကယ်"

"အေး အခုခဏလောက်အသာနားနေလိုက်၊ အန်ကယ်က ထတော့ဆိုမှ ပြန်နိုးလာဟုတ်လား၊ အခုမောင်မြတ်သွင်ရဲ့ စိတ္တဇ ရောဂါဟာ လုံးဝအပြီးအပိုင်ပျောက်သွားပါပြီလေ။ ဒီစိတ္တဇအိပ် မက်ရောဂါကို နောက်ထပ်မမြင်မက်တော့ဘူး။ ကဲကဲ ခဏအနား ယူနေအုံး မောင်မြတ်သွင်"

"ဟုတ်ကဲ့ နားလည်ပါပြီ အန်ကယ်"

"အန်ကယ် အန်ကယ် ကိုသွင်နောက်ထပ် ဒီအိပ်မက်ကြီး ကို ထပ်မမက်တော့ဘူးနော်၊ ဟုတ်လားအန်ကယ်။ သေမှသေချာ





ရဲ့လားအန်ကယ်"

"ဩော် ..အမာကလည်းကွယ်၊ သေချာတာမှသိပ်သေချာ တာပေါ့။ ဆိုက်ကိုအနာလိုက်စစ်ဆိုတဲ့အမေးအဖြေလုပ်ပြီး ကုတဲ့ကု ထုံးနည်းဟာ အင်မတန်ထိရောက်ပါတယ်ကွယ်။ အခုဆိုရင်မောင် မြတ်သွင်ရဲ့ ရာဇဝတ်ပြစ်ချက်မကင်းတဲ့ အစွဲကိုသူ့ရဲ့စိတ်အပေါ်လွှာ ကိုရောက်အောင် ဆွဲတင်ပေးလိုက်ပြီးပါပြီ။ ဒါကိုအသိတရားက သိမြင်နားလည်သွားတာနဲ့ တစ်ပြိုင်နက်၊ ဒီရောဂါမျိုးဟာအမြစ် ကယ့ပစ်လိုက်သလို အကုန်စင်ပျောက်သွားရတာပဲ ငါ့တူမကြီးရဲ့"

"ဝမ်းသာလိုက်တာအန်ကယ်ရယ် အမာသိပ်ဝမ်းသာတာ ပဲ။အန်ကယ့်ကျေးဇူးက ဆပ်လို့မကုန်လောက်အောင်ကြီးမားပါပေ တယ်ရှင်။ ဟော တံခါးခေါက်သံကြားတယ်။အန်ကယ် ခဏနေ အုံးနော်။ အမာတံခါးသွားဖွင့်ကြည့်လိုက်အုံးမယ်"

"အေး အေး"

"အော် လက်စသပ်တော့ဘယ်သူများလဲလို့ ကိုသွင်မနေ့ ကမှ အိမ်အောက်ထပ်ကမြေတိုက်ခန်းကို ရှင်းပစ်ဖို့မှာထားတဲ့ ဘကြီးပါအန်ကယ်။ ကိစ္စမရှိပါဘူးလေအန်ကယ်လုပ်စရာရှိတာသာ လုပ်ပါ။ ဩော်ဘကြီး၊ ဘကြီးကိုယ်တိုင်ပဲ မြေတိုက်ခန်းဖွင့်ပြီး ရှင်းလင်းပေတော့ရှင်။ကျွန်မတို့ဒီမှာ အရေးကြီးနေလို့ပါနော်"

"ဒါဖြင့်လည်း ကောင်းပါပြီခလေးမရယ်၊ မြေတိုက်ခန်းဖွင့် ဖို့ သော့ပဲဘကြီးကို ပေးပေတော့"

"မပေးနဲ့ မပေးနဲ့ သော့ကိုမပေးလိုက်နဲ့၊ မြေတိုက်ခန်းကို ဖွင့်မကြည့်ကြနဲ့"

"ဟဲ့ဟဲ့ မောင်မြတ်သွင်၊ မင်းဘာတွေလျှောက်ပြောနေတာ ပဲ အန်ကယ်ကထဆိုမှထလို့ ပြောထားတယ်မဟုတ်လား"

"ကျွန်တော်မောင်မြတ်သွင်မဟုတ်ဘူးအန်ကယ်၊ ကျွန်တော် လေးမောင်၊ နေပါအုံးဗျ၊ စောစောက မြတ်သွင်ပြောတာတွေကို အန်ကယ်က အိပ်မက်တွေလို့ထင်နေသလား။ အဲဒါအိပ်မက်တွေ

မဟုတ်ဖူးဗျ။ တကယ်တကယ်ဖြစ်ပျက်ခဲ့တာ။ ဒီကောင်ကသူ့အပြစ်လွတ်ကင်းအောင် အန်ကယ့်ကိုအိပ်မက်လို့ လိမ်လည်လှည့်ဖျားပြောတာ။ဒီကောင့်စကားမယုံကြနဲ့။ အဲဒီညက ဖြူဖြူ့ဆီကတယ်လီဖုန်းလာတာဖြူဖြူ့ကိုလည်း သရဲတစ္ဆေမှတ်လို့ ဒီကောင်ရင်မဆိုင်ရဲတော့ဘူး။ လူစင်စစ်ကိုသရဲထင်ပြီး သူကိုယ်တိုင်မသတ်ရဲတာနဲ့ ကျွန်တော့်ကိုသတ်ခိုင်းတာ၊ ကျွန်တော့်စိတ်ကိုအငှားသွင်းပြီး သူ့ခြေသူ့လက်နဲ့ဖြူဖြူ့ကို လည်ပင်းညှစ်သတ်တာ။ကျွန်တော်သတ်တာမဟုတ်ဖူး။ မြတ်သွင်လက်နဲ့သတ်တာ။ ဖြူဖြူ့အလောင်းမြေတိုက်ခန်းထဲမှာရှိတယ်။ မဖွင့်ကြနဲ့၊မဖွင့်ကြနဲ့"

+++++

တင်တင်မြင့်

မှတ်ချက်။ ။ ဤဝတ္ထုတိုမှာ 'ဆရာလူအောင်' ၁၉၆၃ခု၊ ဖေဖော်ဝါရီလထုတ် လျှို့ဝှက်သည်းဖိုမဂ္ဂဇင်းတွင် 'တင်တင်မြင့်' အမည်ဖြင့် ရေးသားခဲ့သည်။ ကမ္ဘာကျော် လျှို့ဝှက်သည်းဖို ဒါရိုက်တာကြီး ALFRED HITCHCOCK'S CHOICE စိတ်ကြိုက်လက်ရွေးစင်ဝတ္ထုတိုများမှ Robert Auther ၏ Death is a Dream ဝတ္ထုကို မြန်မာမှုပြုထားခြင်းဖြစ်ပါသည်။

(စီစဉ်သူ)



# တိုက်ပွဲနှင့်ရလဒ်
## မောင်မြင့်မား
## (ဘိုကလေး)



# မောင်မြင့်မား(ဘိုကလေး)

# တိုက်ပွဲနှင့်ရလဒ်

ရထားလမ်းအတိုင်းလျှောက်လာကြရင်း 'တက်တက်တုး ခါခါ' ဟူသောအသံများကဆူညံနေသောကြောင့် ကျော်စိုးကရထားလမ်းမှ ဖဲထွက်ခါတောတွင်းသို့လျှောက်သွားလိုက်သည်။ကျွန်တော်တို့က ရထားလမ်းကိုဖင်ထိုင်ကာ စောင့်နေကြရင်းခဏကြာတော့ စောဂျိမ်းပါထလိုက်သွားသည်။ ကျွန်တော်ကလမ်းလျှောက်ရတာ (၁)နာရီကျော်ပြီဖြစ်၍ညောင်းနေသောကြောင့် ထိုင်လျှက်ကပင် ရေဗူးကိုဖွင့်ကာ မော့လိုက်သည်။

နာရီဝက်လောက်အကြာတွင် စောဂျိမ်းရောကျော်စိုးပါပြန်ရောက်လာသည်။ကျွန်တော်က ဘယ်လိုလဲဟူသောသဘောဖြင့် မေးငေါ့အပြတွင် စောဂျိမ်းက

"ခါတွေကတော့ တစ်တောလုံးကိုဆူညံနေတာပဲကွ၊ ခါသားကရွာထဲကခါထောင်တဲ့လူတွေဆီမှာ ဟင်းစားနဲ့လဲရင်ကောင်းကောင်းစားရပါတယ်။ ဒါပေမယ့်တောဝက်ခြေရာတွေ ရှုပ်နေအောင်တွေ့ထားလို့ကွ"

"ဟုတ်လား၊ ဒါဆိုရင် တောဝက်သားကောင်းကောင်းစားရဦး





မှာပေါ့"

"အေး...သွားရင်းလာရင်းတော့ ခြေရာခံမိပါပြီ။ ရွာရောက်မှငါ့မိတ်ဆွေသူကြီးကိုသောင်းနဲ့တွေ့ပြီးမှ စီစဉ်ကြတာပေါ့ကွာ၊ ဆက်ကြရအောင်"

ကျော်စိုးက

"စောဂျိမ်း ရွာရောက်ဖို့လိုပါသေးတယ်။ အမောဖြေကြရအောင်"

"အေး"

ကျွန်တော်နှင့် ကျော်စိုးက အလိုက်သိစွာပင်စောဂျိမ်းအတွက်ပါလာသောရေဗူးကို ထုတ်ကာခွက်တစ်လုံးတွင်ထည့်ပေးလိုက်သည်။ ရေဗူးကရမ်အရက်များထည့်ထားသောရေဗူးဖြစ်သည်။ စောဂျိမ်းကအရက်ကြိုက်သည်။ပြီးမှ ကျွန်တော်က ဘူတာရုံကဝယ်လာသော စာလေးကြော်၊ ချိုးကြော်များကို ထုတ်လိုက်သည်။

"စောဂျိမ်းအမြည်းကတော့ဒါပဲ"

စာကလေးကြော်များက ခေါင်းတုံးပြောင်ပြောင်ကလေးများ ချိုးကြော်များက အဆီများသောကြောင့် နီရဲကျွတ်ရွနေသည်။ စောဂျိမ်းကစာကလေးကြော်တစ်ကောင်ကို ကောက်ဝါးရင်း

"တို့လဲတောပစ်မထွက်ရတာကြာပြီကွ၊ ငါ့သူငယ်ချင်းကိုသောင်းက တကူးတကစာရေးပြီးမှာလို့လာခဲ့ရတာ။ ကိုသောင်းတို့ရွာနီးနားတစ်ဝိုက်ကတော့ တောပစ်ထွက်ဘူးပါတယ်"

ကျော်စိုးက

"ဒီနယ်ကတော့ တင်ဝင်းရော၊ကျွန်တော်ရော တစ်ခေါက်မှမရောက်ဖူးသေးဘူး၊ အတွေ့အကြုံတော့ရမှာပဲ"

"စိတ်ချပါကွာ၊ ရွာမှာနယ်ခံမုဆိုးတွေလဲရှိပါတယ်။ လွတ်လပ်ရေးမရမီခေတ်ကတည်းက မုဆိုးအလုပ်နဲ့အသက်မွေးနေတဲ့ မုဆိုးကြီးတွေလဲ ရှိပါတယ်။ ခုတော့ အသက်တွေကြီးကုန်ပြီပေါ့ကွာ"

"စောဂျိမ်းထည့်ဦးလေ"

"အေး မောမောနဲ့ကောင်းလိုက်တာကွာ၊ စာကလေးကြော်
ချိုးကြော်နဲ့ အဆင်ကိုပြေနေတာပဲ"

ကျွန်တော်တို့ သုံးယောက်မီးရထားသံလမ်းပေါ်တွင်ထိုင်က
တစ်ယောက်တစ်လှည့်သောက်ကြရင်း နာရီဝက်လောက်အနားယူပြီး
နောက် သံလမ်းအတိုင်း(၁)နာရီလောက် လျှောက်ကြပြီး ယာဘက်
ရှိဝါးရုံတောထဲသို့ ဖဲ့ဆင်းလိုက်ကြသည်။စောဂျိမ်းက ရှေ့ကဘုး
ဖြစ်၍ ရှေ့ကနေဦးဆောင်သွားရင်း ဝါးရုံတောအတွင်းတစ်နေရာ
တွင်ရပ်ကာ..

"တောဝက်အုပ်ခြေရာတွေကတော့ ရှုပ်နေတာပဲကွ။ ခေါင်း
ဆောင်ဝက်တောင်းကြီးကတော့ အချိန် ၇၀၊၈၀ လောက်တော့
ရှိမယ်"

ခြေရာများထဲမှ ခြေရာကြီးတစ်ခုကို စောဂျမ်းကလက်ညှိုး
ထိုးပြရင်း ပြောလိုက်သည်။

"ငါတော့လက်ယားနေပြီ။ ဒါပေမယ့်ကိုသောင်းတို့ဆီက
အရင်သွားပြီးမှ စီစဉ်ကြတာပေါ့ကွာ"

ထိုအချိန်တွင် ကိုက်(၃၀)အကွာလောက်ရှိ ဝါးရုံတစ်ရုံ၏
အဖျားမှ

"ဖတ်...ဖတ်...ဖတ်..ဒီး..ဒီး....ဒီး..."

"ဒီး...ဒီး...ဒီး...'

စောဂျိမ်းကခေါင်းထောင်ကြည့်လိုက်ရင်း

"ဟာ ..ရစ်နှစ်ကောင်ကွ၊ တောကြက်ကြီးတွေကြနေတာ
တစ်ကောင်ကို ၅၀သား၊ ၆၀သားလောက်ရှိမယ်၊ တင်ဝင်းမင်းနှစ်လုံး
ပြူးနဲ့ဆိုရင် အဆင်ပြေမယ်"

စောဂျိမ်းစကားဆုံးသည်နှင့် ကျွန်တော်ကကြော့ပိုးအိတ်
အသာချကာနှစ်လုံးပြူးကို ကျိတ်၍မောင်းတင်လိုက်သည်။ရစ်နှစ်
ကောင်က တစ်ကောင်နှင့်တစ်ကောင်ကလူကျီစယ်ကာမြူးနေကြ
ခြင်းဖြစ်သည်။ ဝါးရုံရိပ်ကလည်းကောင်းလှသောကြောင့် ကျွန်တော်





တို့အဖွဲ့ကို မမြင်ကြခြင်းဖြစ်သည်။ ကျော်စိုးနှင့်စောဂျိမ်းက ခတ်လှမ်း
လှမ်းတွင်ကျန်နေခဲ့ပြီဖြစ်သည်။ ကျွန်တော်သည် ဝါးရုံအောက်ခြေရှိ
ဝါးရွက်ခြောက်များ၊ ဝါးကိုင်းများကို အသံမကြားအောင်ကျော်နင်း
ရင်း တရွေ့ရွေ့ဖြင့် ရစ်နှစ်ကောင်ရှိသောဝါးရုံအောက်သို့ရောက်လာ
ပြီဖြစ်သည်။

ကျွန်တော်က ရစ်နှစ်ကောင်နားနေရာနှင့်ခတ်စောင်းစောင်း
ပစ်ကွင်းကောင်းမည့်ဝါးရုံအောက်တွင် ရပ်လိုက်ကာမှဆိုးဒူးထောက်
ထိုင်၍ နှစ်လုံးပြူးကိုချိန်လိုက်သည်။ဝါးရုံအဖျားတွင်နားနေသော
ကြောင့်လေအတိုက်တွင် ဝါးကိုင်းများကလှုပ်နေ၍ ပစ်ကွင်းကမငြိမ်။
ကျွန်တော်သည် စိတ်ကိုငြိမ်အောင်ထားလိုက်ကာ ပစ်ကွင်းကိုရှာ
နေသည်။ စက္ကန့်ပိုင်းအတွင်းလှုပ်ရှားနေသော ပစ်ကွင်းကိုကျွန်တော်
ခလုတ်ဆွဲလိုက်သည်။

"ဒိုန်း"

နှစ်လုံးပြူး၏ကျည်ထွက်သွားသောအသံက တောသံနှင့်အတူ
ဟိန်းထွက်သွားသည်။သေနတ်သံကြောင့် ကျေးငှက်သာရကာများ
၏အော်ဟစ်ပြေးလွှားလှုပ်ရှားသံများနှင့်အတူ တောပြုသံများပါ
ထွက်လာသည်။ကိုးလုံးကျည်၏တွန်းကန်အားကြောင့် ရစ်နှစ်ကောင်
နှင့်ဝါးရွက်များပါ လွင့်စင်၍မြင်ကွင်းမှပျောက်သွားသည်။ ကျွန်တော်
သည် ရစ်နှစ်ကောင်လွင့်စင်သွားသောနေရာသို့ မှန်းဆကာဝါးတော
အတွင်းအပြေးဝင်သွားလိုက်သည်။

သို့သော် ဝါးတောအတွင်းမှဘွားကနဲတွေ့လိုက်ရသည့်
လူနှစ်ယောက်ကား စောဂျိမ်းနှင့်ကျော်စိုး၊ ရစ်သေနှစ်ကောင်အား
တစ်ယောက်တစ်ကောင်စီဆွဲလျှက်။ ကျွန်တော်ကအံ့အားသင့်စွာ
နှင့်

"ဟာ ခင်ဗျားတို့နှစ်ယောက်ဘယ်လို..."

စောဂျိမ်းက.

"သိတယ်လေ၊ မင်းလက်အကြောင်းကိုတို့ကသိနေတော့

ဒီနှစ်ကောင်ဘယ်နေရာလောက်ကျမယ်ဆိုတာ ဟိုက ကြိုလိုက်ထား တာ၊ ဒါတောင်ဒီအကောင်ကမသေသေးလို့ တုထည့်လိုက်ရသေး တယ်"

"ဩော်..."

"မုဆိုးကွာ ဒါလောက်တော့နပ်ပြီးသားပါ။ တစ်ခါတစ်လေ ကိုယ်ပစ်လိုက်တဲ့အမဲကောင်ကို ကိုယ်မရလိုက်တာတွေကြုံဘူးတယ် မဟုတ်လား"

ကျွန်တော်သဘောပေါက်လိုက်ပါသည်။ တစ်ခါတစ်လေ အမဲကောင်ကို ကြိုးစားပမ်းစားချောင်း၊ စွန့်စွန့်စားစားပစ်ရင်း၊ အမဲကောင်ကိုမြင်တောင်မမြင်လိုက်ရတာတွေ ကြုံဘူးပါသည်၊ ကျွန်တော်တို့ အခေါ်အရတောတားသည်ဟု သမုတ်ကြပါသည်၊ မမြင်ရမတွေ့ရသော ပုဂ္ဂိုလ်(ပရလောကသားများဖြစ်နိုင်ပါသည်) များက ကြားဖြတ်ယူသွားခြင်းမျိုး ကျွန်တော်ကိုယ်တိုင်ကြုံဘူး သောကြောင့်ဖြစ်ပါသည်။

"ကိုသောင်းတို့ဆီရောက်ရင်တော့ တို့ရိက္ခာနဲ့တို့ ရစ်သားဆီ ပြန်ဟင်းပေါ့ကွာ"

တောလမ်းအတိုင်း တစ်နာရီမရှိတရှိလောက်လျှောက်လာ ကြပြီး ဇရစ်ကန်ရွာက ကိုသောင်းတို့အိမ်ကိုရောက်ကြပါသည်၊ ကျွန်တော်တို့ရောက်လာတော့ စောဂျိမ်း၏မိတ်ဆွေသူကြီးကိုသောင်း က အံ့အားသင့်နေပါသည်။သို့သော် သူတို့တွေ့ရသည်မှာ လိုက် လိုက်လှဲလှဲမရှိ။ သူ့အိမ်တွင်ရွာသားများတစ်ယောက်ပြီးတစ်ယောက် တက်လိုက်ဆင်းလိုက်။ ကျွန်တော်တို့မုဆိုးသုံးယောက် တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ကာ ဘာမှန်းမသိ။ ကိုသောင်းလည်း ရွှင်ရွှင်လန်းလန်းမရှိ။ ဒါပေမယ့် ကိုသောင်းက

"မင်းတို့လာတာဝမ်းသာတယ်ကွာ၊ ငါလူကြုံနဲ့စာပေးလိုက် တာကြာပြီ။ ဒါပေမယ့် စောဂျိမ်းရာ ငါ့မှာသောကကလေးတွေရှိ နေတယ်ကွ"





"အေး... ငါလဲသတိထားမိတယ်၊ မင်းရွာသားတွေတစ် ယောက်ပြီးတစ်ယောက် တက်လိုက်ဆင်းလိုက်ဘာလုပ်နေကြတာ လဲ"

"ငါ့မိန်းမ နေမကောင်းဘူးကွ၊ သတင်းလာမေးကြတာ။ လက်လှမ်းမီသလောက်ဆရာတွေလဲ စုံနေပြီ"

"ဘာဖြစ်တာလဲ"

"ကျောကုန်းမှာအနာဖြစ်ရာက အနာကမပျောက်တော့ဘူး ကြီးကြီးလာတယ်။ ဆေးတွေလဲစုံနေပါပြီ အဲဒါနဲ့အိပ်ရာထဲမှာလဲ တော့တာပဲ။ အနာပဆုပ်လို့တော့ပြောတာပဲ"

"အေး...ဒါဆိုလဲ တို့မုဆိုးကိုထန်းတို့အိမ်မှာတည်းတော့ မယ်ကွာ၊ တို့အတွက်မင်းမှာတာဝန်ကြီးပါတယ်"

"ဟာ...စောဂျိန်း အဲဒီလိုတော့မလုပ်နဲ့ကွာ၊ မင်းတို့စားဖို့ သောက်ဖို့အတွက် ငါ့သမီးတွေရှိတာပဲမပူပါနဲ့"

"ငသောင်း မင်းမှာသောကနဲ့ ငါကိုယ်ချင်းစာတယ်၊ မင်းနဲ့ငါနဲ့က အားနာစရာလူတွေမဟုတ်ဘူး။ငါတို့အမဲပစ်ဖို့ကိစ္စက ကိုထန်းတို့အိမ်မှာက ပိုအဆင်ပြေတယ်။ မင်းနဲ့မတွေ့တာကြာလို့ တွေ့ရတာပဲဝမ်းသာလှပြီ။ ရော့တို့လာရင်းလမ်းမှာပစ်လာတာ၊ ရစ်နှစ်ကောင်ရထားတယ်။ မင်းတစ်ကောင်ယူထားလိုက် ဆီပြန် ဟင်းချက်စားရင်သိပ်ကောင်း။ ကဲတို့ကိုထန်းတို့အိမ်သွားကြမယ်"

ကျွန်တော်တို့အဖွဲ့ကိုထန်းတို့အိမ်ရောက်ကြသောအခါ ကိုထန်းလည်း အံ့သြနေသည်။ စောဂျိမ်းနှင့်ကသိနေသည်မှာ ကြာပြီဖြစ်၍ စောဂျိမ်းက ကျွန်တော်နှင့်ကျော်စိုးကို မိတ်ဆက် ပေးသည်။ ကိုထန်းက အသက်(၄၀)ကျော်ခန့်၊ မျက်နှာပေါက်ဆိုး ဆိုး၊ အသားကြမ်းကြမ်းခန္ဓာကိုယ်တုတ်တုတ်ခိုင်ခိုင်နှင့် မုဆိုး ပီသသူဖြစ်သည်။ သဘောတော့ ကောင်းသည်။ ကျွန်တော်တို့ကို ဝမ်းသာအားရကြိုဆိုနေသည်။ ကြိုဆိုနေသည့်အကြောင်းက ....

"စောဂျိမ်းရယ် ကျွန်တော်လည်းခင်ဗျားကိုမျှော်နေတာကြာ

ပြီ။ ကျွန်တော့်တူမီးကြီးက ပစ်ရတာကြာပြီ။ ပြင်လို့လည်းမရတော့ဘူး။ ဟင်းစားကောင်အတွက် ကွင်းထောင်ပြီးရှာနေရတယ်၊ ထောင်ရင်တော့မကြာခဏရပါတယ်။ ဒါပေမယ့် မုဆိုးပဲဗျာ ပစ်ချင်တာပေါ့။ သားကောင်ကို ထောင်ချောက်နဲ့ဖမ်းတာ မတရားမှန်းတော့သိတယ်။ ဒါပေမယ့် ဝမ်းရေးအတွက်ဆိုတော့ လုပ်နေရတာပဲ။ စောဂျိမ်းတို့ရောက်လာတော့ပစ်ရပြီပေါ့ဗျာ။ အတော်ပဲ မနေ့က ကွင်းထောင်ရင်းဆတ်တစ်ကောင်ရထားတာရှိတယ်၊ ဒီညနေ ဆတ်သားဟင်းနဲ့စားကြဗျာ"

"ကျွန်တော်တို့လဲ လမ်းက ရစ်တစ်ကောင်ရထားပါတယ် ရော့ဆီပြန်ချက်ဗျာ။ ရစ်ကတော့ တောကြက်လောက်ရှိတယ်"

"နေပါအုံး ကိုထန်းရဲ့ခင်ဗျား ဟင်းစားအတွက်ကွင်းထောင်တယ်ဆိုတာ ဘယ်လိုဟာမျိုးလဲ"

"ဒီလိုစောဂျိမ်းရ။ ကွင်းထောင်တယ်ဆိုတာ နှစ်မျိုးရှိ တယ်၊ လည်ထိုးကွင်းနဲ့ခြေနင်းကွင်းလို့ခေါ်တယ်။ လည်ထိုး ကွင်းက တောကောင်တွေသွားလာတတ်တဲ့နေရာမှာထောင်ရ တယ်၊ ထောင်ပြီးခဏခဏသွားမကြည့်ရဘူး။ တောကောင်တွေ က အနံ့ခံကောင်းလို့လူနံ့ရရင်ရှောင်တိမ်းသွားတတ်တယ်။ ထောင်တဲ့နေရာမှာလည်း ချည်ကြိုးတို့လျော်ကြိုးတို့နဲ့မထောင်ရဘူး၊ သံကြိုးတို့သွပ်ကြိုးတို့ဖယောင်းကြိုးတို့သုံးရတယ်။ ခြေနင်းကွင်းကြတော့ ကျင်းတူးပြီးတော့ ကွင်းကိုချ၊ အပေါ်က မြေအုပ်ထားပြီးတော့ ကိုင်းတန်နှင့်ခလုပ်နှင့်ထောင်ရတယ်။ ဒီနည်းကလည်းချက်ခြင်းမမိတတ်ဘူး။ လူနံ့ပျောက်လောက်မှ မိတတ်တယ်။ အဲဒီနည်းက ကျွဲတို့နွားတို့ လူတို့မသွားမလာတတ်တဲ့နေရာမျိုးတွေရွေးထောင်ရတယ်။ ထောင်ပုံထောင်နည်းကတော့ ထောင်ထားတဲ့နေရာရောက်မှတွေ့ရင်သဘောပေါက်မှာပါ။ ကဲ .. ကဲ နားကြဦး မနက်ကြမှပဲ တောပစ်ထွက်ကြတာပေါ့"

ညနေစာအတွက် ကိုထန်းမိန်းမစီစဉ်ပေးသော ဆတ်သား





ဟင်းရစ်သားဆီပြန်၊ ကာမလင်းရွက်ဟင်းချိုတို့ဖြင့် ကျွန်တော်တို့သုံးယောက်ခေါင်းမဖော်အောင်စားလိုက်ကြသည်။ ထမင်းစားပြီးနောက် ကိုထန်းက ကျွန်တော်တို့သုံးယောက်တွင်ပါလာသော နှစ်လုံးပြူးပွိုင့်တူးတူးနှင့် တူမီးသေနတ်များကို တကိုင်ကိုင်နှင့်ပျော်နေသည်။ လက်နက်မကိုင်ရတာကြာပြီဖြစ်တဲ့ မုဆိုးဆိုတော့ လက်နက်တွေ့ရင် ပျော်နေသည်မှာ သဘာဝကျပါသည်။

နောက်တစ်နေ့မနက်စောစောတွင် ကိုထန်းမိန်းမစီစဉ်ပေးသော ကောက်ညင်းပေါင်းနှင့်ဆတ်သားခြောက်ဖုတ်များကိုရိက္ခာအဖြစ်ထည့်ကာ ကျွန်တော်တို့မုဆိုးလေးယောက်ရွာထဲမှထွက်လာကြပါသည်။ စောဂျိမ်းက သူကိုင်သောတူမီးကို ကိုထန်းကိုအပ်လိုက်သည်။ တူမီးကိုင်နေကြ ကိုထန်းအတွက် အဆင်ပြေသွားသည်။

နေထွက်ချိန်တွင် တောစပ်ကိုရောက်လာပြီဖြစ်သည်။ စောဂျိမ်းက တောစပ်အရောက်တွင် သစ်ပင်ကြီးတစ်ပင်အောက်၌ ကောက်ညင်းပေါင်းနှင့်ဆတ်သားခြောက်ကိုချကာ တင်မြှောက်လိုက်သည်။ ယခင်က အယုံအကြည်မရှိလှသော စောဂျိမ်းသည် မုဆိုးသက်ရင့် လာသောအခါတွင်တော့ အတွေ့အကြုံအရ ယခုလို သူကိုယ်တိုင်က ဦးဆောင်လုပ်တတ်နေပြီဖြစ်သည်။ ကိုထန်းက တူမီးကြီးကို ထမ်းရင်း ...

"ဒီရာသီကတော့ ဝက်မတွေစီးကပ်ကုန်ပြီကွ။ အပြင်မထွက်တော့ဘူး။ ဝက်ပေါက်တို့ဝက်တောင်းတို့ပဲရနိုင်တယ်။ စပါးပေါ်ချိန်တုန်းကဆိုရင်ကွာ လယ်တွေဖျက်လိုက်တာပြောမနေနဲ့ လယ်သမားတွေညအိပ်ပြီးတောင်ခြောက်ရတယ်။ အိပ်ကို မအိပ်ရပါဘူး။ ငါလဲပစ်ချင်လိုက်တာ လက်ကိုယားနေတာပဲ။ တစ်ချို့ဝက်တောင်းကြီးတွေဆို ပိဿာချိန် ၈၀၊ ၉၀လောက်ရှိမယ်ဟော့"

ကျော်စိုးက ...

"အုပ်လိုက်ပဲလား"

"ဟာ .. အုပ်လိုက်ပေါ့ကွာ။ တစ်အုပ်ဝင်ရင်အကောင် ၄၀၊ ၅၀လောက်ရှိမယ်။ ဝက်ပေါက်ကလေးတောင်ပါသေး"

ကျွန်တော်က ...

"အဲဒီလောက်တော့င်များသလား။ ကျွန်တော်တို့တောဝက် ပစ်ဖူးတယ် သုံးလေးကောင်လောက်ပဲတွေ့ဖူးတယ်"

"ဟာ ... အဲဒါက သင်းကွဲတွေဖြစ်မယ်။ ဒီကောင်တွေက ကြီးလာရင်အစွယ်တွေကရှည်ပြီး ကွေးကောက်လာရော။ တစ်ကောင်နဲ့တစ်ကောင်ပက်ရင်မထိတော့ဘူး။ ချောချော်သွားတတ်တယ်။ အဲဒီအချိန်မှာ ပိသာချိန်၁၅၊ ၂၀လောက်ရှိတဲ့ဝက်ပေါက်တွေက အစွယ်ထွက်စချွန်နေတော့ မိတ်လိုက်ချိန်ရောက်ရင် ဝက်တောင်ကြီးတွေကို ပြန်ခုခံတတ်တယ်။ ဝက်တောင်းတွေက ပြန်ပက်လဲအစွယ်ကမထိ။ ကြာတော့ ဝက်တောင်းကြီးတွေပြေးပြီးသင်းကွဲကုန်ကြတာပေါ့ကွာ"

စောဂျိမ်းက သူ့အလုပ်ပြီးပြီဖြစ်၍ ကျွန်တော်တို့စကားဝိုင်းကိုရောက်လာပါသည်။

"ကဲ နေမမြင့်မီတောထဲအရောက်ဆက်ကြရအောင်လေ"

"အေး သွားကြမယ်"

ကျွန်တော်တို့အဖွဲ့ကို နယ်ခံတောကျွမ်းသောကိုထန်းက ရှေ့နေလမ်းပြကာ လျှောက်လာကြပါသည်။ တောထဲကိုတဖြည်းဖြည်းရောက်လာသည်နှင့်အမျှ တောကအပင်စုံသောတောဖြစ်သည်ကို ကျွန်တော်သတိပြုမိပါသည်။ ကျွန်း၊ ပျဉ်းကတိုး၊ အင်အင်ကြင်း၊ ပိတောက်၊ သစ်ပုတ်၊ သစ်စိမ်း၊ ပျဉ်းမ၊ တညင်းပင်၊ ဝါးပင်၊ တယ်ပင်နှင့် သစ်တိုပင်များအစုံတွေ့ရပါသည်။အောက်ခြေတွင်လည်းစိန်နားပန်းခြုံ၊ကြောင်ပန်းရွက်ခြုံ၊ ငါးဥဆူးသီးရုံ ဘုကလိန်ခြုံ၊ ဆူးရစ်ခြုံ၊ တောကင်ပွန်းခြုံစုံလှသည်။ ကျွန်တော်တို့အဖွဲ့တောလမ်းအတိုင်းမြင့်တက်သွားလိုက်၊ နိမ့်ဆင်းသွားလိုက်၊ ရေမရှိသော သဲချောင်းများကိုဖြတ်လိုက်၊ ခြုံများတိုးလိုက်





နှင့် အတော်ခရီးပေါက်လာကြသည်ကို ကျွန်တော်သတိထားမိလိုက်သည်။

သစ်ပင်များပေါ်မှမျောက်များ၊ ရှဉ့်များက ကျွန်တော်တို့အဖွဲ့ရောက်လာသောကြောင့် အထိတ်တလန့်နှင့်တစ်ပင်မှတစ်ပင်သို့ အပြေးအလွှားကူးနေကြသလို တောကြက်များ၊ ယုန်များကလည်း တစ်ခြုံနှင့်တစ်ခြုံကူးကာ အပြေးအလွှားပျောက်ကွယ်သွားကြသည်။

ရှေ့ကနေဦးဆောင်ကာ သွားနေသော ကိုထန်းက စကားမပြောပဲ လက်ဟန်ခြေဟန်နှင့်တောဝက်ခြေရာများကိုပြသည်။ တစ်နေရာအရောက်တွင် ကိုထန်းက ရုတ်တရက်ရပ်လိုက်ကာ ...

"စောဂျိမ်း ဒီခြေရာကနည်းနည်းထူးတယ်ကွ။ တောဝက်ခြေရာမဟုတ်ဘူး"

သဲဆန်သောမြေသားပေါ်မှ ရှုပ်ရှက်နေသောခြေရာများအကြားမှခတ်နက်နက်ချိုင့်ဝင်နေသော ခြေရာတစ်ခုဖြစ်သည်။ ကျွန်တော်လည်း ဉာဏ်မှီသလောက် အတွေးအကြံများကို အခြေခံကာ စဉ်းစားသည်။ စဉ်းစားမရ။ စောဂျိမ်းက မျက်မှောင်ကြုတ်ကာ လေးလေးနက်နက်စဉ်းစားရင်း ....

"ဝံခြေရာများလား"

"ဟော ... ဝက်ဝံလား"

"ဟုတ်တယ်"

"စောဂျိမ်းသေချာရဲ့လား"

"ဖြစ်နိုင်တယ်"

"ငါ ဒီတောထဲမှာတောပစ်လာတာကြာပြီ ဝက်ဝံမတွေ့ဖူးသေးဘူး"

"ပြောလို့မရဘူးလေ ကိုထန်းရဲ့။ တောဆိုတာဆက်နေတာ တစ်နေရာက ရောက်လာတာလဲ ဖြစ်နိုင်တယ်"

"ဒါဆိုရင် ကိုအတွက်အန္တရာယ်ရှိနိုင်တယ်"

"ကိုထန်း မပူပါနဲ့။ ကျွန်တော့်တူမီးအတွက် ယမ်းအပြင်း စပ်ထားတာပါ။ ပို့င့်တူတူးနဲ့နှစ်လုံးပြူးက တောကောင်ကြီးတွေ အတွက် စိတ်မချရလို့ပါ"

ထိုအချိန်တွင် ကျွန်တော်တို့သွားမည့်လမ်းကြောတည့် တည့်ကျခတ်ဝါးရုံအုပ်စုကလေးတစ်ခုထဲမှ ...

"ဝေါ ... ဝရော .. ဝရော"ဆိုသောအသံများကြားလိုက် ရသည်။ ကိုထန်းက တူမီးကြီးကို အသင့်အနေအထားသို့ပြောင်း ကိုင်ကာ ကျွန်တော်နှင့် ကျော်စိုးတို့နှစ်ယောက်အား လှမ်းကြည့် လိုက်ချိန်တွင် ကျွန်တော်တို့နှစ်ယောက်လည်း သေနတ်ကိုယ်စီ အသင့်လုပ်ထားပြီးဖြစ်နေသည် ..

စောဂျိမ်းက ...

"ဒါသားကောင်တွေတောတိုးတဲ့အသံပဲ အသံကတော့ ဝေးသွားတဲ့အနေအထားပဲ ကိုထန်း"

"လာလာ ခတ်သုတ်သုတ်ကလေးလိုက်ကြရအောင်"

ကိုထန်းက ရှေ့ကနေသွက်လက်စွာပင် တူမီးကိုအသင့် ကိုင်ရင်း လျှောက်သွားနေသည်။ ကျခတ်ဝါးရုံအုပ်စုကလေးနား သို့ရောက်သောအခါ တောဝက်များ၏သွားရင်းလာရင်းမျှစ်များကို ကိုက်ဝါးသွားသော စားလက်စများကိုတွေ့လိုက်ရသည်။ စောဂျိမ်း က တောလိုက်ဓားမြှောင်ကလေးကိုထုတ်ကာ ကိုထန်းနောက်က ကပ်လျှက်ပါသွားသည်။ ကျခတ်ဝါးရုံတောကိုလွန်ပြီး ဥနဲပင်နှင့် မြရာပင်များအများအပြားပေါက်နေသော ဆင်ခြေလျှောကလေး တစ်ခုကိုတက်လိုက်ကြသည်။

ဆင်ခြေလျှောကလေးထိပ်အရောက်တွင် ခတ်လှမ်းလှမ်း ရှိ တယ်ပင်ကြီးတစ်ပင်အောက်ဆီမှ ...

"ဖောက် ... ဖောက် ... ဖောက်"

"ဝေါ"





"ဂရား"

ဟူသော အသံများကို အဆက်မပြတ်ကြားရကာ သစ် ပင်များပေါ်မှမျောက်များ၏အထိတ်တလန့်အော်ကာ တစ်ပင်မှ တစ်ပင်သို့ကူးပြေးသွားသောအသံများကိုလည်းကြားလိုက်ရသည်။ တယ်ပင်တို့၏သဘာဝသည် နေပျောက်မထိုးအောင်အရွက် စိတ် လှ၍တယ်သီးများမှည့်ချိန်တွင်လည်း အပင်ပေါ်မှ အသီးများကိုရှဉ့် များနှင့်ကျေးငှက်သာရကာများကစားတတ်၍အောက်တွင် ကြွေကျ သော အသီးများကို တောကောင်များကစားတတ်ကြသည်။

ကျွန်တော်တို့အဖွဲ့အသံလာရာဆီသို့မှန်းကြည့်နေသော် လည်း သဲသဲကွဲကွဲမမြင်ရသေး။ ကျွန်တော်တို့နေရာနှင့်တယ်ပင် ကြီးအကြားတွင် ကြိမ်ပင်နှင့်မြရာပင်များက ခံနေသောကြောင့် ဖြစ်သည်။ စောဂျိမ်းနှင့်ကိုထန်းက ကျွန်တော်နှင့် ကျော်စိုးကို မျက်ရိပ်ခြည်ပြကာ ရှေ့ကနေတရွေ့ရွေ့သွားနေသည်။

ကိုထန်းက တူမီးကြီးကိုအသင့်ပြင်လိုက်သလို ကျွန်တော် နှင့်ကျော်စိုးကလည်း လက်စွဲတော်များကိုကျိတ်၍မောင်းတင်ပြီး ဖြစ်သည်။ ဆူညံနေသောအသံများက နီးလာသည်နှင့်အမျှပို၍ ကျယ်လာသလို ကျွန်တော်၏အတွေးတွင်တောဝက်ကောင်များ တစ်ကောင်နှင့်တစ်ကောင်ဒေါသတကြီးတိုက်ခိုက်နေသော အသံ များဟုထင်လိုက်မိသည်။

လေးယောက်သားရင်ပေါင်တန်းတက်လာပြီး ကျွန်တော် က ခတ်စိတ်စိတ်ပေါက်နေသော မြရာပင်အုံကလေးအရောက်တွင် မြရာရွက်နှင့်အကိုင်းများကို ဖြကာကြည့်လိုက်သောအခါ ကျွန်တော် ထင်သည့်အတိုင်းပင် တောကောင်များ၏တိုက်ပွဲတစ်ခုဖြစ်သည်။

လူတစ်ရပ်ခန့်မြင့်သောဝက်ဝံတစ်ကောင်နှင့် တောဝက်နှစ် ကောင်တို့၏တိုက်ပွဲဖြစ်သည်။ မည်သည့်ရန်စကြောင့်တိုက်ပွဲဖြစ် သည်ကို မသိရသော်လည်း တောဝက်နှစ်ကောင်က ဝက်ဝံကို ဝိုင်းပတ်ခြောင်းကာ တစ်လှည့်စီပက်လိုက် ဝက်ဝံကလက်သည်း

များနှင့် ပြန်ကုတ်လိုက်နှင့် သုံးကောင်စလုံး သွေးသံရဲရဲနှင့်ဖြစ်သည်။ ကျွန်တော်တို့မုဆိုးအဖွဲ့က ငြိမ်၍ခြောင်းကြည့်နေကြသည်။

တစ်ကြိမ်တွင် တောဝက်တစ်ကောင်၏အပြေးဝင်၍ ဝက်ဝံကြီးကိုအပက်တွင် ဝက်ဝံက ကိုယ်လုံးကြီးကိုလှည့်၍ရှောင်လိုက်ရင်း အရှိန်လွန်လာသော တာဝက်၏ဖင်ပိုင်းကို ရှည်လျားသော လက်သည်းကြီးများနှင့်လှမ်းကုတ်လိုက်သည်။ တောဝက်က နာနာကျည်းကျည်းနှင့်"ကျီ"ခနဲ တစ်ချက်အော်ကာမြေကြီးပေါ်တွင် ခေါင်းစိုက်၍ခွေကျသွားသည်။ တောဝက်၏စအိုနေရာမှ ဟက်တက်ကြီးကွဲသွားကာ ဗိုက်ထဲမှ အူများထွက်ကျသွားသောကြောင့်ဖြစ်သည်။

ဝက်ဝံ၏သဘာဝက အမွေးအမြှင်ကြမ်း၍ ထူထပ်လှသော်လည်း ဝက်ပေါက်နှစ်ကောင်၏ချွန်ထက်လှသော အစွယ်များကြောင့်မည်းမှောင်သောအမွေးများပေါ်တွင် သွေးများက စီးကျနေသည်။ ဝက်တစ်ကောင်က နာနာကျည်းကျည်းအော်ကာ ခွေကျသွားသောကြောင့်နောက်တစ်ကောင်က ချာခနဲလှည့်ကာ တောထဲသို့ ဝင်ပြေးသွားတော့သည်။ ထိုအချိန်တွင် ကိုထန်းနှင့်စောဂျိမ်းတို့ထံမှ ...

"ဒိန်း"

ခနဲအသံနှင့်အတူ ဝက်ဝံကြီး၏စူးရှသောအော်သံက တစ်တောလုံးဆူညံသွားတော့သည်။ ဝက်ဝံကြီးက သွေးရူးသွေးတန်းဖြင့် ခေါင်းကြီးရမ်းကာ ပတပ်ရပ်လိုက်ချိန်တွင် ...

"ဒိန်း"

ကိုထန်းထံမှ နောက်တစ်ချက်ပစ်လိုက်သောအသံဖြစ်သည်။ ဝက်ဝံအတွက် ကျွန်တော်တို့၏နှစ်လုံးပြူးနှင့်ပွိုင့်တူးတူက အသုံးမဝင်သောကြောင့် ပွဲကြည့်ပရိတ်သတ်အဖြစ်ငြိမ်နေခြင်းဖြစ်သည်။ ဝက်ဝံကြီးက ပက်လက်လန်ကာ မြေပြင်ပေါ်သို့ ဗုန်းခနဲ မြည်အောင်လဲကျသွားတော့သည်။ တောတွင်းတိုက်ပွဲက





ငြိမ်သက်သွားပြီဖြစ်သည်။

ကျွန်တော်တို့မုဆိုးလေးယောက်တယ်ပင်အောက်သို့ ရောက်သွားသောအခါ တောဝက်ရောဝက်ဝံကြီးပါအသက်ကင်းမဲ့လျက် ငြိမ်သက်နေပြီဖြစ်သည်။ ကိုထန်းပစ်လိုက်သော ကျည်က ဝက်ဝံကြီး၏ဝဲဘက်မျက်လုံးတွင်တစ်ချက်နှင့် ရင်ပတ်တွင်တစ်ချက်ဖြစ်သည်။ ကျည်ပေါက်များမှ သွေးများဒလဟော ထွက်လျက်ရှိသည်။

ကျွန်တော်က ...

"ကျွန်တော်ထင်တာက ကိုထန်းက ထွက်ပြေးသွားတဲ့တောဝက်ကို ပစ်မယ်ထင်နေတာ"

"အင်အားနိမ့်တဲ့ဘက်ကို ဘယ်ပစ်ပါ့မလဲကွာ။ ဝက်ဝံကိုဒီကောင်တွေ ဘယ်နိုင်မှာလဲ။ နောက်တစ်ချက်က တောဝက်ကိုပစ်ရင် ဝက်ဝံကိုဘယ်ရနိုင်တော့မလဲ။ အခုတော့ တစ်ကောင်စီပေါ့။ ဝက်ဝံကရခဲ့တယ်။ နောက်ပြီး ဝက်ဝံအသည်းက ဆေးဖက်ဝင်တယ်လို့ကြားဖူးတယ်"

စောဂျိမ်းက တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ...

"ကိုထန်းပြောမှ သတိရတယ်။ ဝက်ဝံသည်းခြေကလည်းဆေးဖက်ဝင်တယ်တဲ့။ အဲဒီကောင်ကြီးတွေသယ်ဖို့က .."

ကိုထန်းက ...

"အဲဒီအတွက် မပူနဲ့ရှေ့နှစ်မိုင်လောက်က သဲဖြူချောင်းဘက်မှာ ထင်းခုတ်အဖွဲ့တွေရှိတယ်။ ငါလူတွေပဲ သူတို့ကိုဝင်ပြောပြီးပြန်ခဲ့မယ်။ တောဝက်ကိုပဲ တို့သယ်သွားကြတာပေါ့"

ဝါးတစ်လုံးကိုခုတ်ကာ ကျွန်တော်တို့မုဆိုးလေးယောက် တောဝက်ကြီးကိုတစ်ယောက်တစ်လှည့်စီထမ်းရင်း နေအတော်မြင့်မှရွာကို ပြန်ရောက်ကြသည်။ ညနေစောင်းတွင် ကိုထန်းခိုတ်ဆွေထင်းခုတ်အဖွဲ့က ဝက်ဝံကြီးကိုထမ်းကာ လာပို့သွားသည်။ အပြန်တွင်တော့ သူတို့အဖွဲ့က လူအားလုံးအတွက်

တောဝက်သားတစ်တွဲစီပေးလိုက်သောကြောင့် ပျော်သွားကြသည်

စောဂျိမ်းက တောဝက်သားတစ်တွဲကိုဆွဲကာ သူကြီး ကိုသောင်းအိမ်ဘက်သို့ထွက်သွားသည်။ ခဏကြာတော့ စော ဂျိမ်းပြုံးပြုံးပြုံးပြုံးဖြင့် ပြန်ရောက်လာသည်။

ကျွန်တော်က ...

"စောဂျိမ်း ဘာတွေသဘောကျနေတာလဲ"

"ငါ့သူငယ်ချင်းကိုသောင်းစိတ်ဆင်းရဲနေတာကို ကူညီလိုက် ရလို့ဝမ်းသာနေတာပါ။ သူ့မိန်းမမှာဖြစ်တဲ့အနာပဆုပ်ဆိုတာ ကျော ကုန်းမှာပေါက်တဲ့ရောဂါမျိုး တော်ရုံဆေးကမတိုးဘူး။ အလယ်မှ ပြည်မြစ်ကြီးနဲ့ ဘေးပတ်ပတ်လည်းက အပေါက်ကလေးတွေ နေတာ။ ပျားပဒုအုံလိုပုံစံမျိုးပွားလဲပွားတယ်။ အဲဒီရောဂါမျိုး ဝက်ဝံသည်းခြေ၊ ငရုတ်ကောင်းစေ့နှစ်စေ့စာလောက်ကို မီးကလေ ပြပြီး စက္ကူစကလေးပေါ်မှာ လက်နဲ့သုတ်၊ အဲဒီစက္ကူနဲ့အနာ ငုံမိအောင်ကပ်။ အဲဒါမျိုး နှစ်ခါသုံးခါလောက်လုပ်လိုက်ရင် အန ကချုပ်ပြီးကွာကျသွားရော"

ကျွန်တော်တို့ ကိုထန်းအိမ်တွင် တစ်ပတ်လောက်နေစဉ် အတွင်း တောဝက်တစ်ကောင်၊ ချေ(ဂျီ)တစ်ကောင်နှင့်ဆတ်တစ် ကောင်ရလိုက်ကြသောကြောင့် တောဝက်သားနှင့် ချေ(ဂျီ)သား ကျပ်တင်လိုက်ကာ ဆတ်သားကိုအခြောက်လုပ်၍ပြန်မည့်ရက်တွ ကိုထန်းက လှည်းနှင့်လိုက်ပို့သည်။ လှည်းက ရွာထိပ်အရော တွင် နောက်က ဖုန်တစ်ထောင်းထောင်းထအောင်ပြေးလိုက်လာ သော လူနှစ်ယောက်။ အနားရောက်မှ သူကြီးကိုသောင်းနှ လေးထောင့်ပုံးတစ်ပုံးကိုထမ်းလာသော လူတစ်ယောက်။

စောဂျိမ်းက ...

"ဟာ .. ကိုသောင်း ဘယ်လိုဖြစ်လာရတာလဲ"

"စောဂျိမ်းတို့ ဒီနေ့ပြန်မယ်ဆိုတာသိတယ်။ ကိုထန်းအိ ကိုရောက်တော့ လှည်းကထွက်သွားတော့ အပြေးလိုက်လာတာ





စောဂျိမ်းကျေးဇူးတစ်သက်မမေ့ဘူး။ မိန်းမနေကောင်းသွားပြီ။ အနာလည်း ပျောက်သွားပြီ။ ရော့ဒါက စောဂျိမ်းအတွက် လက်ဆောင်ပျားရည်။

"ဟာ .. ဒါလောက်တောင်မလိုပါဘူးဗျာ။ ကျွန်တော် တစ်ခါတုန်းက ဝံတစ်ကောင်ပစ်လို့ရတုန်းက မြန်မာသမားတော်ကြီးတစ်ယောက်ပြောပြလို့ ကြားဖူးတာနဲ့အခုသတိရလို့ ခင်ဗျားကို ဆေးနည်းပေးလိုက်တာပါ။ ခင်ဗျား မိန်းမအရမ်းကံကောင်းသွားတာပေါ့။ ဆေးနည်းသိတာတောင် ဝံသည်းခြေကရဖို့ မလွယ်ဘူးလေ"

"အေး ... အဲဒါကြောင့် စောဂျိမ်းကိုကျေးဇူးဆပ်တာရော့"

ကိုသောင်းက ပျားရည်ပုံးကို လှည်းပေါ်ပစ်တင်ပြီးထွက်ပြေးသွားတော့သည်။ ကျွန်တော်တို့အဖွဲ့သည် ဟင်းစာများတစ်ပွဲတစ်ပိုက်သယ်လာရင်း ကိုသောင်း၏သောကကို ဖြေရှင်းပေးလိုက်ရသောကြောင့် ကြည်နူးမှုနှင့်အတူ အပြန်ခရီးကား သာယာလှပလျက်ရှိကြတော့သည်။

**မောင်မြင့်မား[ဘုံကလေး]**




# မောင်မေဒ

## မြေလျှိုးလျှိုးမိုးပျံပျံ

"အောင်မလေး"

ဒေါ်မယ်မြအိပ်ပျော်နေရာမှလန့်နိုးသွားသည်။ အိပ်မက်ဆိုးတစ်ခုကိုမြင်မက်သောကြောင့်ဖြစ်ပေသည်။ မျက်နှာတစ်ပြင်လုံးလည်းချွေးများစို့နေ၏။ တလှပ်လှပ်ခုန်နေသောရင်ဘတ်အုံကိုလက်နှစ်ဖက်ဖြင့်ဖိရင်း ဘေးဘီသို့ကြည့်မိသည်။ခင်ပွန်းသည်ဦးဖိုးသော်မှာ နှစ်ခြိုက်စွာအိပ်မောကျလျှက်။

"အောက်အီးအီးအွတ်"....ဟူသော လင်းကြက်တွန်သံကိုကြားလိုက်ရ၍ နံနက်မိုးသောက်နေပြီဟု ဒေါ်မယ်မြအသိဝင်သွားသည်။ထို့ကြောင့်အိပ်ယာမှကပျာကယာထပြီး မျက်နှာသစ်သည်။ ပြီးနောက် ဘုရားဝေယျာဝစ္စမှအစ အိမ်နောက်ဖေးမီးဖိုချောင်အဆုံး ိမ်မှုကိစ္စအဝဝကို အဆက်မပြတ်ဆောင်ရွက်လေတော့သည်။ ယင်းအချိန်တွင်ပင် ဦးဖိုးသော်အိပ်ယာမှနိုးလာသည်။

"ကိုးဖိုးသော် နိုးပြီလား"

ဒေါ်မယ်မြက ခင်ပွန်းသည်ကိုစကားဆိုလိုက်သည်။

"အေးကွယ်"

ဦးဖိုးသော်ကပြန်ဖြေရင်း အိမ်နောက်ဖေးသို့ဆင်းသွားပြီး ရေမိုးချိုးလေ၏။ရေမိုးချိုးပြီးလျှင် ဘုရားစင်ရှေ့သို့သွားကာ ဘုရားရှိခိုး၊ပုတီးစိပ်၊ တရားထိုင်စသောအမှုတို့ကိုပြုလုပ်လေသည်။ အားလုံးကိစ္စဝစ္စများပြီးဆုံးသွားသောအခါ အိမ်ရှေ့ကွပ်ပျစ်သို့ထွက်ခဲ့သည်။

ဒေါ်မယ်မြက ထမင်းကြော်နှင့်လက်ဖက်ရည်ကြမ်းဝိုင်းကို အဆင်သင့်ပြင်ပြီးစောင့်နေသည်။ဦးဖိုးသော်ရောက်လာသောအခါ

"ကိုဖိုးသော် ထမင်းကြော်နဲ့ငါးခြောက်ဖုတ်ဆီဆမ်း အဆင်သင့်ပဲ"

ရေနွေးကြမ်းကိုပန်းကန်လုံးထဲသို့ ငှဲ့ထည့်ပေးရင်းပြောလိုက်သည်။ ဦးဖိုးသော်ကခေါင်းငြိမ့်ပြရင်း ကွပ်ပျစ်တွင်ထိုင်လိုက်သည်။ လင်မယားနှစ်ယောက်ပူပူနွေးနွေးထမင်းကြော်ကို ဖြေးဖြေးချင်းလွေးကြပါလေသည်။ အချိန်ခဏမျှအကြာတွင် ဒေါ်မယ်မြက

"ကိုဖိုးသော်ကို ကျွန်မတစ်ခုပြောချင်လို့"

ဦးဖိုးသော်က ဒေါ်မယ်မြကိုလှမ်းကြည့်လိုက်ပြီး

"ဘာကိစ္စများပြောချင်လို့လည်းမယ်မြရဲ့"

ဒေါ်မယ်မြက စားလက်စထမင်းကြော်ကိုခဏရပ်ကာ-

"ကျွန်မလေ ကျွန်မညက ထူးထူးဆန်းဆန်းအိပ်မက်မက်တယ်၊ ကြောက်လိုက်တာမပြောပါနဲ့ရှင်"

ဦးဖိုးသော်ကတရားသမားပီပီ

"အိပ်မက်မက်တာများကွယ် ဘာကြောက်စရာများရှိလို့လဲ၊ မင်းလည်းတရားရှိတာပဲ"

ဒေါ်မယ်မြကသက်ပြင်းတစ်ချက်ချလိုက်ပြီး

"ဟုတ်တော့ဟုတ်ပါတယ်ရှင်၊ ဒါပေမဲ့ညကမက်တဲ့အိပ်မက်မျိုး ကျွန်မမက်တာဆယ်ခါမကတော့ဘူးရှင့်။အိပ်မက်ကတစ်ထပ်တည်းပဲ ရှင့်ကိုမပြောပဲနေခဲ့တာကြာပေါ့။ညကတော့ပိုပြီး





ထိတ်လန့်စရာကောင်းလွန်းလို့ ကျွန်မဖြင့်လန့်သွားတာပဲ၊ဒါကြောင့် မနေနိုင်တော့လို့ရှင့်ကို ဖွင့်ပြောတာ"

ဦးဖိုးသော်က ငါးခြောက်ဖုတ်ကိုလှမ်းနှိုက်ပြီးဝါးလိုက်သည်။တစ်ချက်နှစ်ချက်ဝါးပြီးနောက်

"ဘယ်လိုထူးဆန်းတဲ့အိပ်မက်မျိုးမို့လို့လည်းကွယ်"

ဒေါ်မယ်မြက ငါးခြောက်သားလေးငါးဖတ်ကိုရွေးပြီး ဦးဖိုးသော်၏ပန်းကန်ထဲသို့ထည့်ပေးကာ အောက်ပါအတိုင်းထူးဆန်းသောအိပ်မက်အကြောင်းကို ပြောပြပါလေတော့သည်။

"ဒီလိုရှင့် ကျွန်မတစ်ယောက်တည်းခြံထဲမှာ လမ်းလျှောက်ရင်း အိမ်မကြီးရဲ့အနောက်ဖက်က ရေကန်ကြီးနားကိုရောက်သွားတယ်။ ခဏကြာတော့ရေကန်ကြီးထဲကနေ အလင်းရောင်တန်းတွေထွက်လာပါလေရော။ အနီ၊အဝါ၊အပြာ၊အို...ရောင်စုံပါပဲ။ပြီးတော့ ဘုရားဂုဏ်တော်တွေကိုရွတ်ဖတ်ပွားများနေတဲ့တရားသံတွေလည်းကြားလာရတယ်။ကျွန်မစိတ်ထဲမှာလည်း ကြည်နူးသလိုလိုခံစားရပြီး ဘုရားကိုအာရုံပြုလို့ ထိုင်ရှိခိုးကြည်ညိုမိတယ်"

ဦးဖိုးသော်က ရေနွေးကြမ်းကိုမှုတ်သောက်ရင်း

"ကောင်းတာပေါ့ကွယ်" ဟုပြောလိုက်သည်။ ဒေါ်မယ်မြက ရုတ်တရက်မျက်နှာညိုသွားပြီး စကားဆက်ပြန်ပါလေသည်။

"ဒီညမှာတော့ အရင်းတုန်းကလိုပဲအိပ်မက်မက်ပြီး ဘုရားကိုအာရုံပြုရှိခိုး၊တရားသံတွေ နာနေတုန်း ဖြန်းဆိုအလင်းတန်းတွေ ရုတ်တရက်ကွယ်ပျောက်သွားပါလေရော။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း အမှောင်ပကတိကျသွားလိုက်တာ မဲမှောင်နေတာပဲ။မကြာပါဘူးရှင် မကောင်းဆိုးဝါးအော်သံတွေကိုကြားလာရပြီး ရေကန်ကြီးတစ်ပြင်လုံးမှာ မီးဟုန်းဟုန်းထတောက်တာမြင်ရလို့ ကျွန်မဖြင့် အရမ်းကြောက်သွားပြီး လန့်အော်မိသေးတယ်။အဲဒါထူးခြားတဲ့ အိပ်မက်မဟုတ်ဘူးလားကိုဖိုးသော်။ ပြောရင်းတောင်ကြက်သီးတွေထလာပြီ..ဟင်း"

ဦးဖိုးသော်က ခေါင်းတဆတ်ဆတ်ညိတ်ပြီး

"မင်းအိပ်မက်ကထူးထူးဆန်းဆန်းပါပဲ၊ စိတ်ဝင်စားစရာလည်းကောင်းပါရဲ့။ ဒါပေမယ့်အသက်အရွယ်အရသွေးလေခြောက်ချားပြီးမက်တာများလားကွယ်"

ပြောပြောဆိုဆို ထမင်းကြော်ကိုခပ်စားလိုက်ပါသည်။ ဒေါ်မယ်မြက ရေနွေးကြမ်းကိုအနည်းငယ်မှုတ်သောက်ရင်း

"ဘာပဲဖြစ်ဖြစ်ရှင်...ကျွန်မစိတ်ထဲမှာတော့ အိမ်မကြီးရဲ့နောက်ဖေးကရေကန်ကြီးထဲမှာ ထူးခြားမှုရှိလို့ကျွန်မကို အိပ်မက်ပေးတာပဲဖြစ်ရမယ်၊ရေကန်ထဲကို ဆင်းပြီးကြည့်ပေးပါလား ကိုဖိုးသော်ရယ်"

ဦးဖိုးသော်က

"မယ်မြရယ် ကျုပ်အသက်အရွယ်နဲ့ ကြည့်လည်းခိုင်းပါဦး"

ဒေါ်မယ်မြက အနည်းငယ်စဉ်းစားပြီးနောက်

"ဟုတ်ပြီ ဟိုဘက်နှစ်ခြံကျော်က ရွှေအကို အကူအညီတောင်းရမယ်။ သူလေးက စကားမပြောတတ်ရှာပေမဲ့ရေကူးတော့ ကျွမ်းကျင်မှာပါ"

ဦးဖိုးသော်က တရားသမား၊သဘောမနောကောင်းသူပီပီ

"အေးပါကွယ်၊ ဒီလောက်တောင်စိတ်အားထက်သန်နေမှတော့ မင်းဆန္ဒပြည့်ရပါစေမယ်ကွယ်"

ဟုဒေါ်မယ်မြ စိတ်ကျေနပ်ရန်ပြောလိုက်ပါလေတော့ သည်။

× × ×

ဦးဖိုးသော်နှင့်ဒေါ်မယ်မြတို့မှာ သီရိမြိုင်ခြံကြီး၏ခြံစောင့်လင်မယားဖြစ်ကြပါသည်။လင်မယားနှစ်ဦးစလုံးမှာ ဘာသာတရားကိုင်းရှိုင်းကြပြီးတရားသမားများ ဖြစ်ကြပါသည်။ သားထောက်





သမီးခံလည်းမရှိကြပါ။ထို့ကြောင့် မြနဒီမြို့၏လူသူအရောက်အပေါက်နည်းပြီးအစွန်အဖျား၌ရှိသော သီရိမြိုင်ခြံကြီးမှာ နှစ်ပေါင်းကြာမြင့်စွာ ခြံစောင့်ဘဝနှင့်အလုပ်လုပ်ရင်း အေးအေးလူလူနေထိုင်ကြသူများဖြစ်ပေသည်။

သီရိမြိုင်ခြံကြီးမှာ အလွန်ကျယ်ဝန်းပါသည်။ခြံကြီးအတွင်းတွင်ပျဉ်ထောင်ပျဉ်ခင်းရှေးဟောင်းနှစ်ထပ်အိမ်ကြီးမှာ ခန့်ငြားထည်ဝါစွာတည်ရှိပါသည်။အိမ်မကြီး၏ ခြေရင်းတွင်ဦးဖိုးသော်တို့လင်မယားနေထိုင်ရာ ပျဉ်ထောင်အိမ်ကလေးရှိပါသည်။ ခြံကြီး၏နောက်ဖက်တွင်မူ ခြစည်းရိုးသဖွယ်ကာရံထားသော ရေကန်ကြီးတစ်ကန်ရှိပါသည်။

ဦးဖိုးသော်တို့လင်မယားသည် သီရိမြိုင်ခြံကြီး၏မူလပိုင်ရှင်ဖြစ်သော သူဌေးကြီးဦးဘကွန်းလက်ထက်မှစ၍ အလုပ်လုပ်ကိုင်ခဲ့ကြခြင်းဖြစ်ပါသည်။ဦးဘကွန်းနှင့်ဦးဖိုးသော်တို့မှာ ဆွေမျိုးနီးစပ်လည်းတော်ကြပါလေသည်။

မကြာသေးမီက ဦးဘကွန်းတို့ဇနီးမောင်နှံမှာရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြသောကြောင့် တစ်ဦးတည်းသောသားဖြစ်သူကိုမျိုးဇော်က အမွေဆက်ခံခဲ့ပါသည်။ကိုမျိုးဇော်မှာခေတ်ပညာတတ်အရာရှိကြီးတစ်ဦးဖြစ်၍ အမြို့မြို့အနယ်နယ်တွင်တာဝန်ထမ်းဆောင်ရပါသည်။ မိသားစုမှာလည်းသူနှင့်အတူလိုက်ပါနေထိုင်ကြပါသည်။

ထို့ကြောင့် ကုန်သည်ကြီးဦးကျင်ဆောင်ကိုပွဲစားအဆက်အသွယ်ဖြင့် သီရိမြိုင်ခြံကြီးအားငှားရမ်းခဲ့ပါသည်။ ကိုမျိုးဇော်၏မေတ္တာရပ်ခံချက်အရ ဦးလေးတော်စပ်သူဦးဖိုးသော်တို့လင်မယားအားခြံစောင့်အဖြစ် ဆက်လက်ထားရှိရန် သဘောတူညီခဲ့ပါသည်။

ဦးကျင်ဆောင်မှာ တရားသမားလူအေးလင်မယားကိုကြည့်ပြီး သဘောကျခဲ့ပါသည်။သူသည်ရန်ကုန်မြို့တွင်နေထိုင်ပါသည်။ သူနှင့်ပတ်သက်သောမည်သူတစ်ဦးတစ်ယောက်ကိုမှ သီရိ

မြို့ငြိမ်ခြံကြီးတွင်မထားပဲ ဦးဖိုးသော်တို့ကိုသာခြံစောင့်အဖြစ် နေစေပါသည်။

တစ်လတန်သည်၊နှစ်လတန်သည်နေမှ ဦးကျင်ဆောင်နှင့် အလုပ်သမားတချို့ ကုန်တင်ကားနှင့်ရောက်လာတတ်ပါသည်။ ဦးကျင်ဆောင်ရောက်လာလျှင် ဦးဖိုးသော်တို့လင်မယားအားအပိုဈေး သုံးငွေပေးပြီး ပြင်ပသို့သွားရောက်နေထိုင်စေပါသည်။

"ဦးဖိုးသော်တို့ လှူဖို့တန်းဖို့ငွေပါ ကျွန်တော်တို့ရှိတုန်း၊ ဆွေမျိုးတွေဆီ အလည်အပတ်သွားကြပါ၊ ခွင့်ပေးပါတယ်"

"သာဓု–ပါသူဌေးမင်းရယ် သာဓု၊ ကျွန်တော်တို့လင်မယား မှာဆွေမျိုးမရှိကြပါဘူး။ သူဌေးမင်းခွင့်ပေးတဲ့ကျေးဇူးကြောင့် ဘုန်းတော်ကြီးကျောင်းမှာ ရက်ရှည်တရားစခန်းဝင်လို့ရတာပေါ့ ခင်ဗျာ"

ဦးဖိုးသော်တို့လင်မယားမှာ လွန်စွာကျေးဇူးတင်ပြီး မြို့ဦး ကျောင်းဆရာတော်ထံတွင် တရားစခန်းဝင်ကြပါလေသည်။

ဦးကျင်ဆောင်သည် သီရိမြိုင်ခြံကြီးတွင်တစ်ပတ်ဆယ် ရက် နေထိုင်ပြီးကုန်ရောင်းကုန်ဝယ်ကိစ္စများပြီးစီးသောအခါမှပင် ရန်ကုန်မြို့သို့ပြန်ကြပါလေသည်။ ထိုအခါမှသာ ဦးဖိုးသော်တို့ လင်မယားမှာသီရိမြိုင်ခြံကြီးသို့ ပြန်လာကြပြီး ခြံစောင့်တာဝန် ဝတ္တရားများကို ဆောင်ရွက်ကြပါတော့သည်။

× × ×

စခန်းမှူးဦးနေလင်းထွန်းသည် ဦးဖိုးသော်ပြောပြသော ဒေါ်မယ်မြ၏ထူးဆန်းစိတ်ဝင်စားဖွယ်ကောင်းသော အထက်ပါအိပ် မက်အကြောင်းကို နှားထောင်အပြီးမိမိရှေ့ရှိစားပွဲခုံပေါ်တွင်တင်ထား သည့် ဘုရားဆင်းတုတော်လေးကိုယူ၍ သေသေချာချာကြည့်ရှု ရင်း ဦးဖိုးသော်အားလှမ်း၍ပြောလိုက်သည်မှာ





"ဒါရှောင်းပေါင်းဘုရားလေးပဲအဘရဲ့.. ဒါနဲ့ရေကန်ထဲမှာ နောက်ထပ်ထူးခြားတာတွေ ရွှေအ ဘာမြင်တယ်လို့ပြောသေးသလဲ အဘ"

ဦးဖိုးသော်က မဆိုင်းမတွပြန်ပြောလိုက်သည်မှာ

"ရွှေအ ပြောတာကတော့ ပြိုးပြိုးပြက်ပြက်အရောင်တွေ လက်နေတဲ့အထုပ်တွေလည်းမြင်ရတယ်တဲ့။ ဒါကြောင့်စခန်းမှူးကြီး ဆီကို လာအကြောင်းကြားတာပါ"

စခန်းမှူးဦးနေလင်းထွန်းက ခေါင်းတစ်ဆတ်ဆတ်ငြိမ့် လိုက်ပြီး–

"စိတ်ဝင်စားစရာကောင်းတဲ့မှုခင်းများ ဖြစ်နေမလားမသိ ဘူး၊ ဒါပေမဲ့ ဘာမှစိတ်မပူပါနဲ့အဘ။ တာဝန်သိသိသတင်းလာပို့ တာကိုပဲကျေးဇူးတင်ပါတယ်။

ဦးဖိုးသော်က–

"ရပါတယ် စခန်းမှူးကြီးရယ်"

စခန်းမှူးဦးနေလင်းထွန်းက ဆက်လက်၍

"ကျွန်တော်လည်း ဒီကိစ္စကိုအထက်ကိုတင်ပြပြီးစုံစမ်းပါ့ မယ်။ အဘတို့ဘက်ကလည်းလုံးဝမပေါက်ကြားပါစေနဲ့။ ဣန္ဒြေ မပျက်နေကြပါ။ ကျွန်တော်တို့လည်းအဘတို့လုံခြုံရေးအတွက် စောင့်ရှောက်နေပါ့မယ်။ စိတ်ချပါ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်စခန်းမှူးကြီးရယ်၊ အဘ ကိုပြန်ခွင့်ပြုပါနော်"

"ဟုတ်ကဲ့အဘ"

စခန်းမှူးဦးနေလင်းထွန်းသည် ဦးဖိုးသော်အားစခန်းအပြင် ဘက်ထိလိုက်ပို့ပါလေသည်။

× × × ×

ဤသို့ဖြင့် တစ်လခန့်ကြာသောအခါ....

ညနေစောင်းအချိန်တွင်ဖြစ်၏။ ဦးဖိုးသော်သည်သီရိမြိုင်ခြံကြီးအတွင်းရှိ ပန်းပင်များကိုရေလောင်းနေသည်။ ဒေါ်မယ်မြမှာအိမ်နောက်ဖေးတွင် ထမင်းဟင်းများချက်ပြုတ်နေလေသည်။

ထိုအချိန်တွင် ရွှေအ သည်သုတ်သုတ်သုတ်သုတ်နှင့်ခြံထဲသို့ဝင်လာသည်။လက်ထဲတွင်လည်း သတင်းစာကစ်စောင်ကိုင်လျက်။ဦးဖိုးသော်အား လှမ်းမြင်လိုက်လျှင်

"အာ- အ-အ"

ဟု လှမ်းခေါ်လေသည်။ဦးဖိုးသော်ကလက်ကာပြရင်း ရေလောင်းခြင်းကိုရပ်ကာ ရွှေအဆီသို့သွားလေသည်။ နှစ်ယောက်သားတွေ့ကြလျှင် ရွှေအ ကအလောတကြီးအမူအယာဖြင့်သတင်းစာကိုလှန်ပြလေသည်။ပြီးလျှင် တစ်နေရာသို့လက်ထောက်ပြကာ-

"အာ..ပါ..ပါ..အ"

ဦးဖိုးသော်သည် ရွှေအပြသောနေရာသို့ သေချာဖတ်ကြည့်ရာ

"ဟာ ဦးကျင်ဆောင်တို့အဖွဲ့ ရှေးဟောင်းဘုရားဆင်းတုတော်တွေကို ပြည်ပကိုခိုးအထုတ်မှာ အဖမ်းခံရတဲ့သတင်းပဲရွှေအရ"

ရွှေအကခေါင်းငြိမ့်ပြရင်း

"အ-ပါ-ပါ-အ"

ဦးဖိုးသော်နှင့်ရွှေအလေးတို့ ခေါင်းချင်းဆိုင်၍ ဦးကျင်ဆောင်တို့ဘုရားမှောင်ခိုထုတ်သောသတင်းနှင့်ပတ်သက်ပြီး ဒေါမနသပွားနေသည်ကို အိမ်နောက်ဖေးမှ ဒေါ်မယ်မြလှမ်းမြင်၍အိမ်ရှေ့သို့ထွက်လာလေသည်။ အနားသို့ရောက်လျှင်

"တုဝရီးနှစ်ယောက်ဘာသတင်းတွေ ဖတ်ပြီးဒေါပွနေကြတာလဲ။ ကျွန်မကိုလည်းပြောကြပါဦးရှင့်"

ဦးဖိုးသော်က သတင်းစာကိုလှမ်းပေးလိုက်ရင်း

"ဘုရားမကြိုက်တဲ့လူတစ်စု ငရဲသွားတဲ့သတင်းဖတ်နေ





တာမယ်မြရေ"

"ရှင်"

ဒေါ်မယ်မြက သတင်းစာကိုလှမ်းယူရင်းဦးကျင်ဆောင်တို့သတင်းကိုဖတ်လိုက်ပြီး

"အောင်မလေး ကျွန်မတို့ကတော့လေးစားကြည်ညိုလိုက်ရတာ၊ ဖွတ်ထွက်မှတောင်ပို့မှန်းသိရတော့တယ်ရှင်"

ဦးဖိုးသော်က

"အရောင်တောက်တိုင်း ရွှေမဟုတ်ဆိုသလိုပေါ့၊ဘာပဲဖြစ်ဖြစ်ပြည်သူ့ရဲတပ်ဖွဲ့ဝင်တွေကိုတော့ မလေးစားပဲမနေနိုင်ဘူးကွယ်၊ ဒီလောက်ပိပိရိရိလုပ်နိုင်တဲ့ဂိုဏ်းကို ဘယ်လိုများဖော်ထုတ်လိုက်သလဲမသိဘူး တော်ကြပါပေတယ်"

ဒေါ်မယ်မြက ရိုးသားစွာပြောရှာသည်မှာ

"ဘုန်းတော်အနန္တနဲ့ပြည့်စုံတော်မူတဲ့ ဘုရားရှင်တွေရဲ့တန်ခိုးတော်ကလည်း အံ့မခန်းပါပဲရှင်"

ဦးဖိုးသော်က ခေါင်းငြိမ့်အဖြေပေးလေသည်။

သုံးဦးသားစကားကောင်းနေစဉ် သီရိမြိုင်ခြံကြီးအတွင်းသို့ဂျစ်ကားတစ်စီးဝင်လာလေသည်။ အားလုံးလှမ်းကြည့်လိုက်ရာ စခန်းမှူးဦးနေလင်းထွန်း ဦးဆောင်လာသောပြည်သူ့ရဲတပ်ဖွဲ့ဝင်များဖြစ်နေသည်ကိုတွေ့ကြရသည်။ ဦးဖိုးသော်နှင့်ဒေါ်မယ်မြတို့မှာ တစ်ယောက်မျက်နှာတစ်ယောက်လှမ်းကြည့်ကြပြီးနောက် ဧည့်ဦးကြိုပြုကြလေသည်။

"ကြွပါစခန်းမှူးကြီး ကြွကြပါ။ ဘာအရေးကိစ္စများရှိလို့ရောက်လာကြတာပါလဲခင်ဗျာ"

စခန်းမှူးဦးနေလင်းထွန်းက ဦးဖိုးသော်တို့အား ပြုံးရွှင်စွာပြန်လည်နှုတ်ဆက်ပြီး

"အဘတို့ကိုမင်္ဂလာသတင်းပြောချင်လို့ ရောက်လာတာပါခင်ဗျာ"

"ဩော်"

ဦးဖိုးသော်တို့လင်မယားမှာ အံ့အားသင့်နေရာမှ

"အိမ်ထဲကိုကြွကြပါရှင်" ဟု ဒေါ်မယ်မြကပြောလိုက်လေ
သည်။ စခန်းမှူးဦးနေလင်းထွန်းက

"မဝင်တော့ပါဘူးအမေရယ်၊ ကွပ်ပျစ်မှာပဲ ထိုင်ပြီးစကာ
ပြောကြတာပေါ့"

အားလုံးကွပ်ပျစ်ပေါ်တွင် ဝိုင်းဖွဲ့ထိုင်ကြလေသည်။
ဒေါ်မယ်မြကရေနွေးကြမ်းသွားထည့်လေသည်။ စခန်းမှူးက

"အဘတို့လည်း သတင်းစာဖတ်ပြီးရောပေါ့၊ ဦးကျေ
ဆောင်တို့ဂိုဏ်းတော့ ရှေးဟောင်းဘုရားဆင်းတုတော်တွေနဲ့အဖ
ဖမ်းဆီးပြီးပါပြီ။ ဥပဒေအရလည်းအရေးယူထားပါတယ်"

ဦးဖိုးသော်က ခေါင်းတဆတ်ဆတ်ငြိမ့်ရင်း နားထောင်နေ
ပါသည်။ စခန်းမှူးက ဆက်လက်၍

"အခုလို မှုခင်းဖော်ထုတ်ရာမှ တစ်ဖက်တစ်လမ်းကတာဝ
သိသိသတိရှိရှိနဲ့ ကူညီခဲ့တဲ့အဘတို့လိုပြည်သူတွေကြောင့်လည်
ပါပါတယ်။ ဒါကြောင့်နိုင်ငံတော်က ထိုက်တန်တဲ့ဂုဏ်ပြုပွဲကျင်
ပပေးမှာမို့လို့ အဘတို့ကိုလာဖိတ်တာပါခင်ဗျာ"

စခန်းမှူး၏စကားကြောင့် အားလုံးပျော်ရွှင်သွားကြပါ
သည်။ ရွှေအလေးမှာ ဝမ်းသာလွန်းလို့ ငိုငိုဝါးဝါးအော်ဟစ်
လျက်။

ရေနွေးကြမ်းယူပြီး ပြန်ရောက်လာသောဒေါ်မယ်မြက
ရေနွေးကြမ်းများငှဲ့ပေးရင်း

"စပ်စုတယ်လို့မထင်ပါနဲ့ စခန်းမှူးကြီးရယ်၊ မသိလို့မေး
ရတာပါ၊ ဦးကျင်ဆောင်တို့ကိစ္စနဲ့ ပတ်သက်ပြီးကျွန်မတို့ဆီလည်
မလာ။ ဘာမှလုပ်တာလည်းမတွေ့ပဲနဲ့ ဘယ်လိုမိသွားကြတာ
လည်းရှင်"

စခန်းမှူးဦးနေလင်းထွန်းက အတူပါလာသောတပ်ကြပ်





ကြီးနိုင်ဝင်းအား တစ်ချက်ကြည့်လိုက်ရာ တပ်ကြပ်ကြီးနိုင်ဝင်းက
ဒေါ်မယ်မြမေးခွန်းကို ကြားဖြတ်ဖြေပါလေသည်။

"ဒီလိုပါအမေ အမေ့အိပ်မက်နဲ့ပတ်သက်ပြီး အဘဦးဖိုး
သော်စခန်းမှာလာပြောပြီးတဲ့နောက်မှာ စခန်းမှူးက ကျွန်တော်တို့
ကိုတာဝန်ပေးပါတယ်။ အမေတို့ရဲ့လုံခြုံရေးနဲ့အတူ ဦးကျင်ဆောင်
တို့လှုပ်ရှားမှုကိုတွဲသိရအောင်ပါ"

"ဩော်"

"ကျွန်တော်တို့ပြည်သူ့ရပ်တပ်ဖွဲ့ဝင်တွေကလည်း
သဏ္ဌာန်အမျိုးမျိုးနဲ့ ရပ်ဖျက်ပြီးသိရိမြိုင်ခြံကြီးကိုအနီးကပ် စောင့်
ကြပ်ကြည့်ရှုခဲ့ကြပါသည်။ ရသမျှသတင်းအချက်အလက်တွေကို
လည်း အချိန်မလပ် စခန်းမှူးဆီတင်ပြပေးကြရပါတယ်"

တပ်ကြပ်ကြီးနိုင်ဝင်စကားရပ်လိုက်လျှင် စခန်းမှူးဦးနေ
လင်းထွန်းက သောက်လက်စရေနွေးပန်းကန်ကို ချလိုက်ခါ-

"တကယ်တော့ ဦးကျင်ဆောင်ဟာ ကုန်သည်ကြီးဟန်
ဆောင်ရေခြုံထားပြီး ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်တွေကို ပြည်ပ
ကိုထုတ်နေတဲ့ မှောင်ခိုရာဇာကြီးတစ်ဦးပါ"

ဟုပြောလိုက်လျှင်

"ဘုရားဘုရားဘုရား ထင်မထားမိဘူးကွယ်"

ဟု ဦးဖိုးသော်က ရင်ထုမနာဖြစ်သွားလေသည်။

"အခုအမှုမှာလည်း အနယ်နယ်အရပ်အရပ်က နည်းမျိုးစုံ
ရယူထားတဲ့ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်တွေကို အဘတို့
ရိပ်မိအောင် ပိပိရိရိနဲ့သိရိမြိုင်ခြံကြီးရဲ့ ရေကန်ထဲမှာမြှုပ်ထား
တာပါ"

"ဒါကြောင့် ကျွန်မကိုဘုရားရှင်ကိုယ်တော်မြတ်တွေက
အနိုးပြုပြီးအိပ်မက်ပေးတာဖြစ်မှာပေါ့ ကိုဖိုးသော်ရဲ့"

ဒေါ်မယ်မြက ဦးဖိုးသော်ကိုလှမ်း၍ ပြောလိုက်လေရာ
ဦးဖိုးသော်က ခေါင်းပြန်ငြိမ့်ပြလိုက်လေသည်။ စခန်းမှူးဦးနေလင်း

ထွန်းက ဆက်၍

"ကျွန်တော်တို့ပြည်သူ့ရဲတပ်ဖွဲ့အနေနဲ့ မှောင်ခိုဂိုဏ်းကြ
တစ်ဖွဲ့လုံးကို လက်ရောက်ဖမ်းမိဖို့ သိရှိမြင်ခြိပိုင်ရှင်နဲ့၊အဘတို
အသက်အိုးအိမ်စည်းစိမ်တို့ကို မထိခိုက်မနစ်နာရလေအောင် စီ
ချက်တွေချပြီးမှ ဦးကျင်ဆောင်တို့ဂိုဏ်းကို ဖွင့်ပေးခဲ့ပါတယ်

ဦးဖိုးသော်က စိတ်ဝင်တစားနားထောင်နေရာမှ

"အကွက်စိပါပေတယ် စခန်းမှူးကြီးရယ်"

ဟုဝင်ထောက်လေသည်။ စခန်းမှူးဦးနေလင်းထွန်း
စကားဆက်လက်ပြောပြသည်မှာ-

"နောက်ဆုံး တစ်ဖက်နိုင်ငံကိုခိုးအထုတ်မှာမှ အလုံး
တစ်ယောက်မကျန်ဖမ်းဆီးခဲ့ခြင်းဖြစ်ပါတယ်ခင်ဗျာ" ဟုရှည်လ
စွာရှင်းပြရင်း သူ့စကားကိုအဆုံးသတ်လိုက်ပါလေတော့သ

ဤတွင်ဦးဖိုးသော်၏ နှလုံးသားအသိထဲမှာတေ
မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိသလိုရာဇဝတ်ဘေးဟူသ
မည်သို့ပင်မြေလျှိုးပြီးမိုးပျံကာ လုံခြုံအောင်စီမံ၍ ပုန်းအောင်
ကာမူ လွတ်ရိုးထုံးစံမရှိဟူသော တရားသဘောအား စွဲငြိသွာ
လေတော့သတည်း။ ။

မောင်မေ

# အောင်မြတ်ဦး

## အချစ်ရူးည



## နိုင်ငံရပ်ခြား ရင်သိုက်သည်းဖို

## အောင်မြတ်ဦး

## အချစ်ဝူးညှ

၁။

မေးစင်းထားသည့် မျက်ခုံးတစ်ဖက်ကို မတင်လိုက်သည်
ငြိမ်သက်အိပ်မောကျနေရာမှ ဆတ်ခနဲလှုပ်ရှားလိုက်ခြင်းဖြစ်သည်
တစ်ဖက်တစ်ချက် ဓါတ်တိုင်များဆီမှ နီယွန်မီးရောင်များ
ထိန်လင်းဖြာလက်နေသည်။ မဟူရာလမ်းမက အပျင်းထူသည့်
မြွေကြီးတစ်ကောင်အလား။

ကားကလေးကမူ မဟူရာလမ်းမပေါ်၌ အဟန့်အတား
ကင်းမဲ့စွာပြေးလွှားနေဆဲ။

"ရပ် ... ရပ်တော့"

ဟယ်ရီက အလန့်တကြားကားကို ရပ်ခိုင်းလိုက်သည်။

"ကျွီး"

လမ်းမနှင့် ကားဘီးပွတ်တိုက်သံကျယ်လောင်စွာပေါ်ထွက်
လာ၏။ ဒရိုင်ဘာက ကားဘရိတ်ကိုနင်းရင်း သူ့ကိုကြည့်လိုက်
၏။ အကြည့်က စူးရဲသောအကြည့်။





"ကိုယ့်လူခင်ဗျား ဘာပေါက်တာလဲ။ ခင်ဗျားသွားရမယ့်
နေရာမရောက်သေးဘူးလေ"

အလိုမကျဟန် ဟယ်ရီက ကြည့်ပြီး ...

"ကျုပ်သိတယ်။ ကျုပ်ဆက်မသွားချင်တော့လို့ ကား
ရပ်ခိုင်းတာ။ ကျုပ်ဒီမှာပဲဆင်းမယ်" ဟုပခုံးတွန့်ပြီး အေးစက်စက်
ပြောလိုက်သလို၊ တံခါးဂျက်ကိုလှည့်လိုက်၏။

ကားတံခါးဖွင့်ပြီးပြီ။

"ဒါဆို.."

ကားသမားစကားမဆုံးမီ ဟယ်ရီကပြုံးလိုက်၏။

"ဘာလဲ ကျုပ်ကဆင်းတော့မယ်ဆိုလို့ ခင်ဗျားကကားခ
လျှော့ပေးမယ်ထင်နေလား၊ ဒီအတွက်ဆိုရင်တော့ ခင်ဗျားရင်ပူ
မနေနဲ့တော့"

ကားဆရာက ဒါဆိုပြီးတာပဲဟု ပြောရင်း လေပူကိုမှုတ်
ထုတ်ကာ ဆိုပါကိုကျောပြင်မှီလိုက်သည်။

ဟယ်ရီက ကားခရှင်းပြီး လှည့်ထွက်ခဲ့၏။

ညသည်ထူးခြားစွာပင် တိတ်တိတ်ဆိတ်ဆိတ်နှင့် ဟယ်ရီ
လည်း သံပတ်ပေးထားသည့်စက်ရုပ်လို ကားကိုကျောခိုင်းထွက်
၏။ ကားဆရာမှု ပိုက်ဆံကိုဂျာကင်အိပ်တွင်းထည့်ပြီး ကား
မောင်းထွက်ခဲ့သည်။

ဟယ်ရီလည်း ဆင်ခြေလျှောကုန်းကလေးပေါ်သို့ ခပ်ဖြေး
ဖြေးတက်ခဲ့၏။ ညဖြစ်သဖြင့် ကားလမ်းမတွင်လူအသွားအလာကျဲ
ပြီး ကုန်းမြင့်ပေါ်တွင်တိတ်ဆိတ်နေ၏။

ကံကောင်းသည်က သည်ညသည် မဟူရာညမဟုတ်။
ပြည့်ညပင်။ လရောင်နှင့်ကြယ်ရောင်လည်း ဖြာလက်စီးကျနေ
ပြေ့ရလျှင်သည်ညက လရောင်လွှမ်းမြညတည်း။ ဟယ်ရီ
လရောင်၊ကြယ်ရောင်တို့ကိုကြည့်ရင်း စိတ်အတွေးတို့ ပျံ့လွင့်
၏။

ညတစ်ည...
ညတစ်ည...

+++++

၂။

ညတစ်ည....။

မှန်သည်

အခုညကလည်းလရောင်ရွှမ်းမြညတစ်ညမှင်။

တစ်ခုရှိသည်က အရင်ညက ဟယ်ရီဘုရားရှိခိုးကျော
ရှေ့တွင်ရှိသည်။ ထင်းရှူးနှင့်ယူကလစ်ပင်များကြားမှ ဘော
ရောင်လရောင်လည်း ဖြာထွက်စီးကျလျှက်။

လေကမူ အရှူးတစ်ကောင်လို ကမူးရှူးထိုးတိုက်နေ၏

ဟယ်ရီက နာရီကိုကြည့်လိုက်၏။

ည..... ၉း၀၀ နာရီ၊

နာရီက ၉း၀၀နာရီအား ညွှန်ပြနေသကဲ့သို့ သူ့ရင်တွေ
တဒိန်းဒိန်းခုန်နေသည်ကိုလည်း သတိထားမိ၏။ဘာဖြစ်လို့ဘ
ကရာရောက်မလာသေးတာလဲဟု သူတွေးလိုက်မိ၏။

ဟယ်ရီအား ဘာဘာရာက ၉နာရီအရောက်လာမည်
ချိန်းပြီး ဘာကြောင့်ရောက်မလာသနည်း။ ဘာပြဿနာများရှိ
လဲ။ ဤသို့တွေးနေစဉ်ဘာဘာရာ ရောက်လာသည်ကို တွေ့လို
ရ၏။

လရောင်နှင့်ခပ်ပါးပါးကျနေသည့်နှင်းငွေ့တို့ ကြားမှ ဘာ
ရာရောက်လာသည်ကိုတွေ့တော့ သူပျော်သွားသည်။ ပြောရက်
ဒီကနေ့ ဟယ်ရီနှင့်ဘာဘာရာချိန်းသည်က အနာဂတ်အတွ
အစီအစဉ် များနှင့်ဖြစ်၏။

ဘာဘာရာက အပြာရောင်စပို့ရှပ်နှင့် ဂျင်းပင်ကိုဝတ်ထား၏
ဘာဘာရာက စွဲမက်ဖွယ်ဖုထစ်လုံးကြွသည်။ အလှအပတို့အ





အတိုင်းသားမြင်ရ၏။ ဘာဘာရာ အပြေးကလေးရောက်လာသလို
ကမ်းလာသည့် ဟယ်ရီ၏လက်ကိုဖမ်းဆုတ်စွဲကိုင်ပြီး ရွှမ်းလက်
သည့်အပြုံးနှင့်။

"ဒါလင် ရောက်နေတာကြာပြီလား"

"မကြာသေးပါဘူးဘာဘာရာ၊ အဆင်ကောပြေရဲ့လား"

ပြုံးလျှက် "ခုအချိန်ထိတော့ ကံတရားကဘာဘာရာတို့
အတွက်အလေးသာနေသေးတယ်လေ" ဟုပြော၏။

"ဒါဆို ဒါလင်တို့သွားစို့လား"

ဘာကရာအပြုံးကလေးနှင့် ခေါင်းညိတ်လိုက်၏။

ဟယ်ရီသည် ဘာဘာရာ၏နုနယ်သည့် လက်ကလေးကို
ကြင်နာစွာဆုတ်ကိုင်ပြီး လမ်းဘက်ဆီသို့ခပ်သွက်သွက်ထွက်ခဲ့
သည်။

ညသည် ငြိမ်သက်လျှက်။

× × × ×

ခြေလှမ်းတွေတုန့်ရပ်သွား၏။

ပတ်ဝန်းကျင်တစ်ခုအား အလင်းရောင်တို့ဖြန့်ကျက်လိုက်
မှန်းသိလိုက်၏။ ဟယ်ရီက ဘာဘာရာအားတစ်ဖက်မှသိုင်းဖက်ရင်း
တစ်ဖက်မှအလင်းရောင်ကို လက်နှင့်ကွယ်လိုက်၏။

အလင်းရောင်က စူးရဲလွန်းသလို ကားမီးရောင်မှန်းသိ
လိုက်ရ၏။

"သတိထားဘာဘာရာ၊ အန္တရာယ်"

ဟု ပုခုံးကိုသိုင်းဖက်ရင်း ဟယ်ရီကပြောလိုက်၏။ ဘာဘ
ရာ ကမူ ဘာမျှမပြော။ စိုးရိမ်ထိတ်လန့်စိတ်ကြောင့်လားမသိ
ဘာဘာရာမျက်နှာတစ်ပြင်လုံး သွေးစုတ်သူလိုဖြူဖတ်ဖြူရော်ဖြ
နေ၏။

“ဒါလင်လဲ သတိထားနော်”

စိုးရိမ်တကြီးသတိပေးလိုက်သော ဘာဘာရာအား ထွေးဖက်ရင်း ပတ်ဝန်းကျင်ကိုဝေ့ဝဲကြည့်လိုက်၏။ စိတ်ထဲ၌စိုးရိမ်စိတ်တို့မင်းမူနေပြီ။

သေသေချာချာကြည့်မှ ကားနှစ်စီးကို ပိပြင်စွာမြင်ရ၏။ ဘယ်သူ့ကားလဲ။ရန်သူတွေလား။

ခုတော့ ကားပေါ်မှလူတွေဆင်းလာကြ၏။ အဖြူအမည်းကွဲသွားပြီဆိုရမည်။ ကားပေါ်ကဆင်းလာသူတွေက လူကြီးတစ်ဦးနှင့်ရဲ့အဖွဲ့ဝင်များ။

“ဒယ်ဒီ”

ဘာဘာရာက ဟယ်ရီခါးကိုသိုင်းဖက်ရင်း ခေါ်လိုက်၏။ သည်တော့မှ ဘာဘာရာဖခင်နှင့်ရဲအဖွဲ့ဝင်များဟု သိလိုက်၏။

ဘာဘာရာဖခင်က အသက်(၆၀)ခန့်ရှိပြီး ခန့်ညား၏။

“ဖမ်းကြပါ၊ ဒီကောင်ဟာကျွန်တော့်သမီးကို သွေးဆောင်ခေါ်သွားတဲ့လိင်မှုဆိုးပါ”

ပြောရင်း ပြေးလာသည်ကိုတွေ့ရ၏။

“မဟုတ်ဘူးအန်ကယ်၊ အန်ကယ်မှားနေပြီ။ကျွန်တော်နဲ့ ဘာဘာရာက စိတ်တူကိုယ်တူချစ်သူတွေ၊ ကျွန်တော်တို့နှစ်ဦးသဘောတူပြေးခဲ့ကြတာ”

ဟယ်ရီဖြေရှင်း၏။ လက်ခံခြင်းမရှိ။

“မဟုတ်ဘူး၊ ခွေးကောင်လုပ်ဇာတ်ခင်းနေတာ၊ဒီကောင်ဟာကျွန်တော့်သမီးကိုဖြားယောင်းခေါ်သွားသူ”

“ခွက်”

ခါးသည်းစွာငြင်းဆိုပြောရင်း ဟယ်ရီ၏အနားသို့ရောက်လျှင် အားပါးတရထိုးလိုက်၏။ ရုတ်တရက်မို့ ဟယ်ရီရှောင်ချိန်မရလိုက်ပါ။ မျက်နှာပေါ်သို့ပြင်းထန်သည့်လက်သီး ကျရောက်လာပြီး ယိုင်လဲကျသွား၏။





လဲကျသွားသည့်ဟယ်ရီအား ရဲအဖွဲ့ဝင်တစ်ဦးကလက်ထိပ်ခတ်လိုက်ပြီ။

“မဟုတ်ဘူး၊ သူတို့ပြောသလိုမဟုတ်ဘူး ဘာဘာရာနဲ့ကျွန်တော်က ချစ်သူတွေ”

ဟယ်ရီက အရူးလိုပြောသည်။ ဘာဘာရာက ချိုသည်ခါးသည်မပြော။ တရှုံ့ရှုံ့ငိုနေ၏။ ရဲတပ်ဖွဲ့ဝင်များကမူ “ဘာမှပြောမနေနဲ့ဟယ်ရီ၊ မင်းပြောသလိုဘာကရာက မင်းချစ်သူဆိုရင် တရားရုံးကျ အဖြေပေါ်လာမှာပါ” ဟုပြော၏။

++++++

၃။

ကံကြမ္မာလား။

မရိုးဖြောင့်မှုလား။

သို့မဟုတ်၊ တစ်စုံတစ်ရာသောဖန်တီးမှုလော။

တရားခွင်သို့ရောက်လျှင် ကိုယ့်နားကိုပင် မယုံကြည်နိုင်သည့်ဘာဘာရာ၏ အဖြေစကားကို ကြားရ၏။

ချစ်၍ခေါ်ရာလိုက်ခဲ့သည်ဟုဆိုသော ဘာဘာရာကဘာလို့စည်းခြားစကားဆိုခဲ့သနည်း။

“အရင်ကတော့ ဟယ်ရီကကျွန်မချစ်သူပါ၊ ဒါပေမယ့်ကျွန်မတို့ဒါကလည်းပြီးခဲ့ပြီလေ။ အခုဟာက သူဖြားယောင်းလိမ်ညာခေါ်လို့ ကျွန်မရောက်ခဲ့တာ။ ကျွန်မချစ်လို့လာတာမဟုတ်ဘူး။ ချစ်သူခေါ်ရာလိုက်ဖို့မဟုတ်ဘူး”

ကမ္ဘာကြီးကျွမ်းထိုးမှောက်ခုံဖြစ်သွားသလို ခံစားလိုက်ရ၏။ ဘာဘာရာ၏အပြောင်းအလဲစကားက ဟယ်ရီနှလုံးသားအား ဖျစ်ညှစ်ဆုတ်ကိုင်လိုက်သလိုပင်။

ဟယ်ရီဘာပြောရမည်မသိ။

“မင်းဘာပြောချင်သေးလဲဟယ်ရီ”

ရှေ့နေအမေးကို ခေါင်းခါဖြေလိုက်၏။

"ဘာမှမပြောချင်တော့ဘူး၊ ကျွန်တော်ဘာမှမပြောသင့်တော့ဘူး"

ဟယ်ရီက အရူးလိုအော်လိုက်၏။

သို့သော်ဟယ်ရီတစ်ခုတော့ နားလည်လိုက်သည်။အမှားအယွင်းတစ်ခုရှိနေပြီဟု သိနေသည်။ အသည်းနှင့်အောင်ချစ်ခဲ့သဖြင့်လည်း နာကျည်းရကောင်းမှန်းမသိခဲ့။

"ဘာဘာရာရယ် ငါမင်းကိုခွင့်လွှတ်တယ်။ မင်းကိုချစ်တယ်။ အပြစ်ရှိတယ်လို့ မြင်နေသူတွေအတွက် ငါအပြစ်ခံပြီးမင်းဆီအရောက်လာခဲ့ပါ့မယ်"

ထို့နောက် အုတ်စည်းရိုးနောက်သို့ သူရောက်ခဲ့၏။ အုတ်စည်းရိုးအပြင်သို့ရောက်တော့ ဟယ်ရီဘာဘာရာကိုသတိရသည်။

ကမ္ဘာလောကကြီးထဲ၌ သူအတွေ့ချင်ဆုံးသူကဘာဘာရာ။

+++++

တိုက်နံရံကို မော့ကြည့်လိုက်၏။ရေပိုက်လုံးတစ်ခုကို တွေ့လိုက်သဖြင့် သူပျော်သွား၏။သူပိုက်လုံးမှတွယ်တက်ခဲ့၏။

ဘာဘာရာတိုက်ခန်းက(၄)ထပ်၌ ရှိ၏။ ပတ်ဝန်းကျင်၏တိတ်ဆိတ်ပြီးလူတွေအိပ်ချိန်ဖြစ်သဖြင့် သူကျေနပ်သွား၏။သို့သော် သူက ကျွမ်းကျင်သူမဟုတ်သဖြင့် ပင်ပန်း၏။

လေးထပ်သို့ရောက်လျှင် သူပျော်ရပြန်၏။နတ်တို့ဖန်ရေကန်အသင့်၊ကြာအသင့်ဆိုတာ ဒါမျိုးလားမသိ။ပြူတင်းပေါက်တံခါးပွင့်နေသဖြင့် အခန်းထဲသို့အလွယ်တကူဝင်နိုင်ခဲ့၏။

အခန်းထဲရောက်ပြီ။

မိမိကိုတွေ့လျှင် ဘာဘာရာအံ့ဩလိမ့်မည်။ ဟယ်ရီသည်ဘာဘာရာ၏အံ့ဩသည့် အမူအရာအား မမြင်ရသည် မှာကြာပြီ။





ထိုစဉ် တစ်ခုစဉ်းစားမိပြီး ဟယ်ရီခေါင်းပူသွား၏။ ဘာဘာရာ့အခန်းက ဘယ်အခန်းလဲ။ ခုအချိန်မှာ အခန်းမှားလို့မဖြစ်ဒုက္ခ။ ဘယ်လိုလုပ်ရမလဲ။

ဟယ်ရီစဉ်းစားနေစဉ် တံခါးဂျက်ဖွင့်သံကြားလိုက်ရ၏။ဖျတ်ကနဲ ဟယ်ရီအမှောင်ရိပ်အတွင်း ခိုဝင်လိုက်၏။ဘယ်သူလဲ။ သို့သော်တံခါးပွင့်လာပြီး အခန်းထဲမှထွက်လာသူကိုတွေ့လိုက်ရလျှင် ဟယ်ရီပျော်သွား၏။

ဘာဘာရာကညဝတ်အင်္ကျီခပ်ပါးပါး ဝတ်ထားသဖြင့် ဖုထစ်လုံးကြွမှုတွေကို အတိုင်းသားမြင်ရ၏။ ဘာဘာရာကလှနေဆဲပင်။ ဘာဘာရာသန့်စင်ခန်းသွားသည်ကို သိလိုက်၏။

ဟယ်ရီအခန်းထဲဝင်လိုက်၏။

ဟယ်ရီအခန်းထဲရောက်ပြီး မကြာခင်ဘာဘာရာပြန်ဝင်လာ၏။ထင်သည့်အတိုင်းပင် အခန်းထဲ၌ဟယ်ရီ့အားတွေ့လိုက်ရတော့ ဘာဘာရာအံ့ဩသွားသည်။

"ဟင် ဒါလင်"

အရင်အတိုင်းပါပဲလား။

ဟုတ်တယ်ဘာဘာရာ၊ ဘာဘာရာရဲ့ချစ်သက်လက်ဆောင်ပြစ်ဒဏ်ခံစားပြီးလို့ ဒါလင်ဘာဘာရာဆီ ပြန်လာတာ။ပြီးတော့တရားရုံးမှာ ပြောခဲ့တဲ့စကားဟာ မင်းနှလုံးသားကစကားမဟုတ်တာကိုယ်သိနေတယ်။

ဘာဘာရာမျက်နှာညိုးကျသွား၏။

"ဒါလင် ဘာဖြစ်လို့ဘာဘာရာကို မနာကျင်တာလဲ။ တကယ်ဆို ဒါလင်နာကျင်ဖို့ကောင်းတယ် မေ့လိုက်ဖို့ကောင်းတယ်"

ဟယ်ရီလက်မခံနိုင်

"ဘာဖြစ်လို့ဒီလိုပြောတာလဲဘာဘာရာ၊ ဒါလင် ဘာဘာရာကိုချစ်ခဲ့တာ ထာဝရချစ်နဲ့ ချစ်ခဲ့တာ။ အချစ်စစ်မှာပြောင်းလဲမှုမရှိဘူးဘာဘာရာ၊ ဒါလင့်အချစ်က နေရင်အတူနေ၊ သေရင်အတူသေ

မယ့်အချစ်ဘာကရာရဲ့" ဟုပြော၏။

"ဘာဘာရာ ဒါလင့်ကိုယုံပါတယ်။ ဒါပေမယ့် အခ
နောက်ကျသွားပြီဒါလင်၊ ဘာဘာရာ ဒယ်ဒီစိတ်ချမ်းသာမှုအတွက်
မိုက်ကယ်နဲ့ စေ့စပ်ပြီးပြီ မကြာခင်လက်ထပ်ကြတော့မှာ"

"မရဘူး၊ ဒါလင်လုံးဝလက်မခံဘူးဘာဘာရာ၊ ဘာဘာရ
ဟာကိုယ့်အတွက်ပဲဖြစ်ရမယ်။ ဘာဘာရာဟာကိုယ့်ရင်ခွင်ထဲကလ
လို့ဘယ်သူ့ရင်ခွင်ကိုမှ ဝင်ခွင့်မပြုနိုင်ဘူး။ဒါလင် ဘာဘာရာ
အခုရောက်လာတာ၊ဘာဘာရာ့ကို ခေါ်ဖို့လာတာ။ ကိုယ်တို့ခွဲမ
နိုင်ဘူးဘာဘာရာ၊ ဘာဘာရာရယ် ဒါလင်တို့အတူတူနေကြရအော
ပါ"

ဟယ်ရီသည်အရူးတစ်ယောက်လိုပြောရင်း ဘာဘာရာကို
သိုင်းဖက်လိုက်သည်။ ဘာဘာရာကနူးညံ့စွာရုန်းဖယ်လိုက်သည်

"ဘာဘာရာကိုခွင့်လွှတ်ပါဟယ်ရီ၊ ဒါလင့်ဆန္ဒကို ဘာဘ
ရာ လိုက်နိုင်မှာမဟုတ်ဘူး။ ဘာဘာရာဒယ်ဒီတို့ စိတ်မဆင်းရဲစေ
ချင်ဘူး။ ဘာဘာရာ့ကိုမေ့လိုက်ပါ။

ဟယ်ရီမျက်နှာ ခက်ထန်သွားသည်။

"တော်တော့ဘာဘာရာ၊ တော်တော့၊ ငါမင်းကိုချစ်ခဲ့တာ
မုန်းဖို့မဟုတ်ဘူး၊ ဆုံးရှုံးဖို့မဟုတ်ဘူး။ မင်းကထိမ်းနိုင်စိမ်းနိုင်
ပေမယ့် ငါကမထိမ်းနိုင်ဘူး။မစိမ်းနိုင်ဘူး" ဟုပြော၏။

ဘာဘာရာကမူ...

"ပြန်ပါတော့ဒါလင်ရယ် ဒယ်ဒီပြန်လာလို့တွေ့သွားရင်
ပြဿနာဖြစ်လိမ့်မယ်။ ဘာဘာရာကလဲ ဒယ်ဒီစိတ်ဆင်းရဲအောင်
လုပ်နိုင်မှာမဟုတ်ဘူး"

ဟယ်ရီ ခန္ဓာကိုယ်ဆတ်ကနဲတွန့်သွားသည်။ ကျားရဲ
တစ်ကောင်နှယ် ကြည့်လိုက်၏။

"ဒါတွေငါမသိဘူးဘာဘာရာ ငါသိတာမင်းဟာငါ့အနားမှာ
ရှိရမယ်။ ငါ့ရင်ခွင်ထဲမှာရှိရမယ်။ဘာဘာရာဟာ ဘယ်သူ့အတွက်မှ





မဖြစ်စေရဘူး။ ဘာဘာရာ ကိုယ်တို့အတူနေရအောင်လား
ဘာဘာရာရယ်" ဟုပြော၏။

"ဘာဘာရာမလိုက်နိုင်ဘူးဟယ်ရီ ပြန်တော့ အခုပြန်တော့"

သူအားပါးတရ ရယ်လိုက်၏။

"မလိုက်နိုင်ဘူး၊ ဟုတ်လားပြန်တော့ဟုတ်လား။ သိပ်ရယ်ဖို့
ကောင်းတယ်။ ငါခေါ်ရင်မင်းလာရမယ်။ မင်းခန္ဓာကိုယ်ကမလိုက်
နိုင်ရင် မင်းဝိညာဉ်ခေါ်သွားမယ်။ ဘာဘာရာဟာ ဘယ်သူ့အတွက်မှ
မဖြစ်စေရဘူး၊ ဘာဘာရာကိုချစ်တယ်"

ဘာဘာရာက ဟယ်ရီကိုကြည့်လိုက်သည်။ ဘာဘာရာက
ဟယ်ရီကိုကြည့်ရင်း မှင်သက်မိနေသလိုဖြစ်နေ၏။

ထိုစဉ် ဟယ်ရီကသူ့တွင်အသင့်ပါလာသည့် ဓားနှင့်ဘာ
ဘရာအား ထိုးလိုက်သည်။

"အား"

ဘာဘာရာငြီးသံ။

"ဟုတ်တယ်ဘာဘာရာဟာ ငါ့ချစ်သူ၊ ငါနဲ့မပေါင်းရရင်
ဘယ်သူနဲ့မှမပေါင်းရတော့ဘူး။ ဟုတ်တယ်။ အခုမင်းပေါင်းရရင်
ဝိညာဉ်လောကမှာ အနှောင်အဖွဲ့ကင်းစွာ ပေါင်းကြမယ်"

ပြောရင်း ဘာဘာရာအား ဓားနှင့်အချက်ပေါင်းမရေမတွက်
နိုင်အောင် ထိုးလိုက်၏။ဘာဘာရာပျော့ခွေကျသွားပြီ။

"ဟား...ဟား..ဟား..ဘာဘာရာ အားမငယ်နဲ့နော်။ဘာဘာ
ရာနားမှာ ကိုယ်အမြဲရှိနေမယ်"

ဟုပြောရင်း ဟယ်ရီသည် သူ့နှလုံးသားနေရာသို့လည်း
ကောင်း။ သူရင်ဘတ်ကျယ်သို့လည်းကောင်း ဓားနှင့်အချက်ပေါင်း
များစွာထိုးလိုက်၏။ ဟယ်ရီလည်း လဲပြိုကျသွားပြီ။

သွေးစက်၊ သွေးအိုင်ထဲမှာ သူတို့နှစ်ယောက်

+++++

၄။

ညသည် အလန့်တကြားဖြစ်သွား၏။

ရယ်သံ၊လဲပြိုသံ၊ စသည့်အသံဗလံများကြောင့် ဘာဘာရ
ဒယ်ဒီအပါအဝင်မိသားစုတွေ အခန်းထဲ အပြေးရောက်လာ၏

"အို..."

"ဟင်..."

"ဟာ..."

အားလုံး တအံ့တသြနှင့် ခြေလှမ်းတုန့်သွားပြီ။ သူတို့
ဘာလုပ်ရမည်မသိ။ အခန်းထဲတွင် ရဲစွေ့နေသည့် သွေးစက်
သွေးအိုင်နှင့် ကြမ်းပြင်တွင် ပရမ်းပတာ လဲပြိုကျပြီးသေဆုံးနေ
သည့် ဟယ်ရီနှင့်ဘာဘရာ။

အားလုံး ကျောက်ရုပ်တွေလို...။

သွေးအိုင်ထဲ၌ အသက်ထွက်နေသည့် ဟယ်ရီနှင့်ဘာဘရာ
တို့၏အချစ်ရူးညနှင့် အချစ်ပုံပြင်တစ်ပုဒ်အကြောင်းကိုလည်း
ပြန်ပြောနိုင်ခြင်းမရှိသဖြင့် ဘယ်သူမှသိမည်မဟုတ်။

အကယ်၍...

အချစ်ရူးညနှင့် စိတ္တဇအချစ်ပုံပြင်အား သိခဲ့လျှင်မူ....၊

– စာကိုး –
OFFICAL DETEETIVE
မှ ထုတ်နုတ်ခံစားသည်။

စာဖတ်သူများရဲ့

**အောင်မြတ်ဦး**





# မင်းကံသာ

## ကပ္ပိယကံကောင်းနှင့်ကိုးနဝင်းဂေဟာ

ကျွန်ုပ်သည် ဆရာသခင်ရိုးမရှင် ရသေ့ကြီး၏ညွှန်ကြားချက်အရ အနောက်ရိုးမတောင်စွယ်တောင်တန်းတို့တွင် အပါအဝင်ဖြစ်သည့် အရိုးတောင်တွင် နေထိုင်သူမုဆိုးကြီးဆွန်ပ၏ကိစ္စကို ကူညီဖြေရှင်းပေးခဲ့ပြီးသည်နှင့် ဂန္ဓာရီခရီးဆက်လက်ထွက်လာခဲ့ရာ ရက်ပေါင်းများစွာကြာမြင့်ခဲ့ပြီးနောက် 'စစ်ကိုင်းတိုင်း'ထဲတွင် အပါအဝင်ဖြစ်သည့် 'မင်းကင်း'နယ်သို့ရောက်လာခဲ့လေသည်။

ဤနယ်သို့ ကျွန်ုပ်ရောက်လာခဲ့သည်မှာလည်း အကြောင်းမဲ့မဟုတ်ချေ။ 'မင်းကင်း'ရွာ၏အနောက်ဘက်ခရီးနှစ်တိုင်ကွာလောက်တွင်ရှိသည့် တောင်ခြေတွင်လျှို့ဝှက်စွာတည်ရှိနေသော 'ကိုးနဝင်းဂေဟာ'၏ဖိတ်ခေါ်မှုကြောင့်ပင်ဖြစ်သည်။ အကြောင်းကိုဆိုရပါမူ ကျွန်ုပ်သည် နယ်သို့မရောက်မီ 'ဖိုးဝင်း'တောင်ပေါ်တွင် တောင်ပေါ်မှဆင်းလာခဲ့ရာ တောင်ခြေအရောက်တွင် မျှော်လင့်မထားသည့် မိတ်ဆွေတစ်ဦးနှင့်ဆုံတွေ့ရလေတော့သည်။

ထိုသူကား ကျွန်ုပ်ကဲ့သို့ ဂန္ဓာရီခရီးသည်ဖြစ်သည့်'ကပ္ပိယသံခိပ်'ပင်ဖြစ်သည်။ ကျွန်ုပ်ကို မြင်သည်နှင့်ကပ္ပိယသံခိပ်က





ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားဆိုလာသည်။

"အလို ကိုကံကောင်းပါလား။ ကျုပ်တို့ချင်းမတွေ့ရတာ တောင်ကြာပြီမှတ်တယ်။ အခုလိုမမျှော်လင့်ပဲတွေ့ရတာ ဝမ်းသာလိုက်တာဗျာ"

ကျွန်ုပ်ကလည်းပြန်လည်၍ ပဋိသန္ထာရစကားဆိုလိုက်ရသည်။

"ဟုတ်တယ် မိတ်ဆွေကြီးကိုသံခိပ်၊ မတွေ့ဆိုသုံးနှစ်လောက်ရှိရော့မယ်"

"အခုဘယ်လို ဂန္ဓာရီလှည့်ဦးမလဲဗျ"

"ကျုပ်သွားမယ့်ခရီးစဉ်ကတော့ ရာဇဝင်မှာထင်ရှားလှတဲ့ 'ထီးလှိုင်ရှင်'ခေါ် ကျန်စစ်မင်းကြီးရဲ့ မွေးဖွားရာဇာတိဖြစ်တဲ့ 'ပိရမ္မရွာ'ဘုရားမှာ အဓိဋ္ဌာန်ဝင်ဖို့ဆုံးဖြတ်ထားတယ်"

"ဒါဆိုရင် မိတ်ဆွေကြီးကို အကူအညီတောင်းရဦးမယ်"

"ဘာများပါလိမ့်ဗျာ။ ကူညီနိုင်မယ့်ကိစ္စဆိုရင်ကူညီရတာပေါ့ဗျာ"

"ခင်ဗျားသွားမယ့်ခရီးစဉ်နဲ့တော့ကွက်တိပဲဗျ။ 'မင်းကင်း'ရွာကို ခင်ဗျားသိမှာပါ။ အဲဒီရွာရဲ့ အနောက်ဘက်တောင်ကြောထဲမှာ ကိုးနဝင်းဂေဟာရှိတယ်။ ဂေဟာသခင်ကြီးဖြစ်တဲ့ ဦးဩဇာဟာ ကျုပ်ရဲ့ မိတ်ဆွေကြီးပါပဲ။ အဲဒါသူ့မှာအရေးကြီးတဲ့ကိစ္စပေါ်လာလို့ အကူအညီတောင်းလာတယ်။ ကျုပ်က ကူညီချင်ပေမယ့် ကပ္ပိယထိပ်သီးနဲ့ ဘိုကလေးမြို့နယ်ထဲက မိန်းမလှကျွန်းကိုလိုက်ဖို့ ကတိကပေးပြီးနေပြီ။ ဒီတော့ ကျုပ်ကိုယ်စား မိတ်ဆွေကြီးကပဲ ဂေဟာသခင်ကြီးရဲ့ ကိစ္စကို ကူညီပေးပါလို့ မေတ္တာရပ်ခံပါတယ်"

"မေတ္တာရပ်ခံစရာမလိုပါဘူး ကိုသံခိပ်ရယ်။ ခင်ဗျားနဲ့ကျွန်တော်တို့ဆိုတာက လူရင်းတွေပဲမဟုတ်လား။ ပြီးတော့ သူ တစ်ပါးအတွက် အကျိုးဆောင်ပေးရမှာ၊ အခက်အခဲပြဿနာတွေကို ဖြေရှင်းပေးရမှာ ကျုပ်တို့အလုပ်ပဲ မဟုတ်လား။

ဒါကြောင့် မိတ်ဆွေကြီးသွားစရာရှိတာကို စိတ်ဖြောင့်ဖြောင့်သာသွားပါ။ ကျုပ် ကိုးနဝင်းဂေဟာကို အရောက်သွားပြီး ကူညီလိုက်ပါ့မယ်"

"ကျေးဇူးပါပဲ ကိုကံကောင်းရယ်။ ကိုင်းဒါဆိုကျုပ်တို့နှစ်ယောက်လမ်းခွဲကြရအောင်လား"

"ကောင်းပါပြီ ကပွိုယထိပ်သီးကိုလည်း ကျုပ်ကနှုတ်ဆက်တယ်ဆိုတာ ပြောလိုက်ပါဦးဗျာ"

"စိတ်ချပါ ကိုကံကောင်း ကျုပ်ပြောလိုက်ပါ့မယ် သွားပြီဗျို့"

ကပွိုယသံခိပ်လည်း ကျွန်ုပ်ကိုနှုတ်ဆက်ကာ မြန်မာပြည်အောက်ပိုင်းသို့ ခရီးဆက်ရန်စတင်ထွက်ခွာသွားလေသည်။ ကျွန်ုပ်လည်း ဖိုးဝင်းတောင်ခြေမှနေ၍ ချင်းတွင်းမြစ်ကြောင်းအတိုင်းဆန်တက်လာခဲ့ရာ ပရိမ္မအရပ်သို့ မကြာမီရောက်လာခဲ့သည်၊ ကျွန်ုပ်လည်း ကိစ္စရှိသည့်အတွက် ဘုရားတွင်ရက်ရှည်အဓိဋ္ဌာန်မဝင်တော့ဘဲ ဘုရားဖူးတစ်ရက်မျှသာနေခဲ့ပြီး ခရီးဆက်လက်ထွက်ခဲ့ရာမှ မင်းကင်းနယ်ထဲသို့ ရောက်လာခဲ့ခြင်းဖြစ်ပါတော့သည်။

+++++

ကျွန်ုပ်လည်း မင်းကင်းနယ်ထဲသို့ရောက်သည်နှင့် ဒေသခံနယ်သူနယ်သားတို့အား ကိုးနဝင်းဂေဟာအကြောင်းမေးမြန်းစုံစမ်းကြည့်လိုက်ရာ မည်သူမျှမပြောနိုင်ကြပေ။ အချို့ကမူကြားဖူးရုံမျှသာ ကြားဖူးကြပြီး မမြင်ဖူးကြပေ။ ဤသို့တွင် နယ်ခံတစ်ယောက်က သတင်းပေးလာသည်။ ကျွန်ုပ်ကို ဆေးဆရာဟုသိထားကြသဖြင့် ထိုသူက ကျွန်ုပ်ကိုဆရာဟုခေါ်ကာ သတင်းပေးလာခြင်းပင်။

"ဆရာ့အနေနဲ့ ကိုးနဝင်းဂေဟာအကြောင်းသိချင်ရင် ရွာအနောက်ဘက်တောစပ်မှာနေတဲ့ မုဆိုးတာနော ကို မေးကြည့်ပါ





ဆရာ။ သူက တောအနံ့တောင်အနံ့ရောက်ဖူးတာကြောင့် အဲဒီဂေဟာ အကြောင်းသိနိုင်မယ်ထင်တယ်"

ကျွန်ုပ်လည်း ကိုးနဝင်းဂေဟာသို့သွားရန် လမ်းစပေါ်လာပြီဖြစ်သည့်အတွက် ထိုသူကိုကျေးဇူးတင်စကားဆိုပြီး သူလမ်းညွှန်ပြသည့်အတိုင်းရွာအနောက်ဘက်တောစပ်သို့ရောက်သည်နှင့်တဲတစ်လုံးကို တွေ့လိုက်ရသည်။ ကျွန်ုပ်တဲရှေ့သို့ ရောက်သည်နှင့် အထဲမှလှမ်းပြောလိုက်သည့်စကားသံကို ကြားလိုက်ရသည်။

"ဩော် ကိုးနဝင်းနဲ့ မိုးလင်းမယ့် ပုဂ္ဂိုလ်ကြီးတောင်ရောက်လာမှကိုး"

"မှန်ပါတယ် ကိုတာနော ကျုပ်ဟာ ဂေဟာမှာ အဖြေရှာမယ့်သူပါပဲဗျာ"

ကျွန်ုပ်လည်း စကားဆုံးသည်နှင့်တဲအတွင်းသို့ ခေါင်းငုံ့ပြီးဝင်လိုက်ရာတဲပေါ်တွင် ထိုင်နေသည့်မုဆိုးကြီးတာနောကို တွေ့လိုက်ရသည်။ တဲအတွင်းနေရာအနှံ့တွင် သားကောင်မျိုးစုံတို့၏သားရေချိုတို့ဖြင့် ပြည့်နှက်နေသည်။ တဲခေါင်းရင်းဘက်တွင်လက်စွဲတော် ဒူးလေးကိုချိတ်ထားသည်။

"ထိုင်ပါ မိဆွေတော်ကြီးအကြမ်းရေကို သုံးဆောင်ပါဦး"

"ကျုပ်နာမည်က ကံကောင်းလို့ခေါ်တယ်။ အပြည့်အစုံပြောရရင်တော့ ကပွိုယကံကောင်းပေါ့ဗျာ"

"ကံကောင်းဆိုတဲ့ ဗျူပွတ်နဲ့ညီအောင် အမှန်ကံကောင်းဖို့တော့လိုပေလိမ့်မယ်"

"ကံကောင်းခြင်း မကောင်းခြင်းဆိုတာ လုပ်ဆောင်ချက်အပေါ်မှာပဲ မူတည်ပါတယ်"

"စေတနာကိုပဲ ကံလို့ခေါ်တယ် မဟုတ်လား ကပွိုယကြီး"

"မှန်ပါတယ် ကိုတာနော။ ဒါကြောင့်လည်း မသေချာတဲ့ဂေဟာကို စေတနာထားပြီး ကူညီရအောင်လိုက်ရှာနေတာပါပဲ

ဗျာ"

ကျွန်ုပ်လည်း တောတွင်းမှာနေသည့်မုဆိုးဖြစ်သော်လည်း မခေမှန်းသတိထားမိလိုက်သည်။ ကျွန်ုပ်သွားလိုသည့် ကိုးနဝင်းဂေဟာကိုလည်း လမ်းညွှန်နိုင်မည်ဟု ရိပ်မိလိုက်သည့်အတွက် စကားတောက်ကြည့်လိုက်သည်။

"အင်း ကိုးနဝင်းဂေဟာကို သွားနိုင်မယ့်လမ်းကို မိတ်ဆွေကြီးညွှန်ပြနိုင်လိမ့်မယ်ထင်တယ်"

"ကျုပ် ကပ္ပိယကြီးကို လမ်းညွှန်နိုင်မလား။ မညွှန်နိုင်ဘူးလားဆိုတာမိတ်ဆွေကြီးပေါ်မှာမူတည်တယ်"

"ဘယ်လိုလဲဆိုတာ လင်းစမ်းပါဦးဗျာ"

"ကိုးနဝင်းဂေဟာကို သွားမယ့် မိတ်ဆွေကြီးအနေနဲ့ နဝင်းကြေမကြေဆိုတာ စမ်းသပ်ကြည့်ရမယ်"

"ဘယ်လို စမ်းသပ်မှာလဲ ကိုတာနော"

"ကျုပ်မေးတဲ့ မေးခွန်းတစ်ခုကို ကပ္ပိယကြီး မှန်အောင်ဖြေဆိုရလိမ့်မယ်"

ကျွန်ုပ်လည်း မုဆိုးကြီး၏စကားကြောင့် သူ့အမူအရာကို အကဲခတ်ကြည့်လိုက်သည်။ သူကလည်းတည်ငြိမ်စွာပင် ပြန်လည်ပြီးကြည့်နေသည်။ ကျွန်ုပ်လည်း အတန်ကြာအကဲခတ်ပြီးသည်နှင့် မုဆိုးကြီးသည် ကိုးနဝင်းဂေဟာနှင့် ပတ်သက်နေမှန်းရိပ်မိလိုက်လေပြီ။ ထို့ကြောင့် သူ့ကိုစူးစူးစိုက်စိုက်ကြည့်ကာပြောဆိုလိုက်သည်။

"ကိုင်းမေးပေတော့ ကိုတာနော"

"ကျုပ်မေးမယ့် မေးခွန်းကတော့ 'ကိုးနဝင်းဘုရား'လို့ ဘာကြောင့်ခေါ်တာလဲ။ မြန်မာပြည်မှာ ဘယ်နှခုနှစ်လောက်က စပြီး တည်ခဲ့တာလဲ။ ရာဇဝင်သမိုင်းတွေထဲမှာ ကိုးနဝင်ပတ်တာရှိမရှိဆိုတာ သိချင်တယ်။ ကိုင်းဖြေပေတော့ ကပ္ပိယကြီး"

ကိုတာနော၏ မေးခွန်းကိုကြားရသည့်အခါ ဤသူကား မုဆိုးလုပ်နေသော်လည်း မခေဟုတွက်ဆထားသည့်အားမှန်ခဲ့လေပြီ။ ထို့အပြင် ကိုးနဝင်းဂေဟာကို စောင့်ရှောက်ထိန်းသိမ်းထားမှန်းလည်း ကျွန်ုပ်ခန့်မှန်းနိုင်သည့်အတွက် သူ့မေးခွန်းကို တိတိကျကျပင် ဖြေဆိုလိုက်လေသည်။

"မိတ်ဆွေကြီးရဲ့ အမေးကိုဖြေရရင် ကိုးနဝင်းဘုရားဆိုတာ လောကီပညာရှင်တွေတည်ထားတဲ့ ဓာတ်ဘုရားပါပဲ။ ကိုးနဝင်းဆိုတဲ့အတိုင်း ဉာဏ်တော်အမြင့်က ကိုးတောင်ရှိတယ်။ ပြီးတော့ ကိုးနဝင်းဘုရားနဲ့ ပတ်သက်တဲ့အဆောင်အယောင်တွေကလည်း များသောအားဖြင့် နဝင်းကြေကိုးခုသာထားလေ့ရှိတယ်။ ဒီကိုးနဝင်းဘုရားတွေကို ကောဇာသက္ကရာဇ်(၁၂၈၃)ခုနှစ်လောက်ကစပြီး မြန်မာပြည်အနှံ့အပြားတည်ထားခဲ့တာပါပဲ။

"မှန်ပါတယ် ကပ္ပိယကြီးဆက်ပြောပါဦးလေ"

"ရာဇဝင်သမိုင်းတွေအရ ပြောရရင်'စည်သူမင်းဖျား'လက်ထက်မှာအောင်အတိတ်အောင်နိမိတ်ကိုယူပြီးတော့ ဘုရားကိုးဆူ ဂူကိုးလုံးအစရှိတဲ့ ကိုးနဲ့ပတ်သက်ပြီး နဝင်းကြေအောင်တည်ထားဆောင်ရွက်ခဲ့ကြတယ်။ အထောက်အထားကတော့'တပယင်း'ဒါမှမဟုတ် 'ဒီပဲရင်းမြို့'သမိုင်းလက်ာထဲမှာ ဘယ်လိုဆိုထားသလဲဆိုတော့ ..

'သောင်းတိုက်ဇမ္ဗူ၊ ကျွန်းလုံးဟူ၍စည်သူမင်းဖျား၊ တည်ခဲ့ထားသည်၊ ဘုရားကိုးဆူ၊ ဂူလည်းကိုးရပ်၊ နတ်လည်းကိုးပါး၊ ဘုံကားကိုးတန်၊ ကိုးရွာရံ၍၊ ကန်လည်းကိုးဆယ်၊ ကိုးသန့်ပယ်နှင့်၊ ကိုးဆယ့်ကိုးရွာ၊ စပ်ကာမဝေး၊ ကြေးကိုကြေးနှင့် နီးဝေးပျံ့လွှိုင်၊ စည်ကိုးဆိုင်က၊ ကိုးဌာနကို၊ ဒက္ခကင်းစင်၊ ချမ်းသာမြင်၍ အောင်မင်္ဂလာ၊ ဖြစ်စိမ်ငှာ'ဟု ... လို့ မိန့်ဆိုထားခဲ့တယ်ကိုတာနော"

ကျွန်ုပ်၏ဖြေကြားချက်အဆုံးတွင် မုဆိုးကြီးတာနောသည် ကျွန်ုပ်ကို လေးစားဟန်ဖြင့် ကြည့်ပြီး ဦးပါညွတ်လိုက်လေသည်။

"တော်ပါရဲ့ခင်ဗျာ။ ဂမ္ဘီရပညာတင်မက စာပေမှာလည်း နှံ့စပ်ပါပေတယ်။ သခင်ကြီးရဲ့ ပြဿနာကတော့ ပြေလည်မယ် ဆိုတာ ကျုပ်ယုံကြည်မိပါပြီ။ သခင်ကြီးနေတဲ့ ကိုးနဝင်းဂေဟာကို သွားကြရအောင် ကျုပ်နောက်ကသာလိုက်ခဲ့ပါတော့ဗျာ"

ကျွန်ုပ်လည်း သူခေါ်ရာနောက်သို့လိုက်လာခဲ့ရာ မင်းကင်း ရွာကြီး၏အနောက်ဘက်တောင်ကြားထဲတွင် လျှို့ဝှက်စွာတည်ရှိ သည့် ကိုးနဝင်းဂေဟာသို့ ရောက်ရှိခဲ့ပါလေတော့သည်။

+++++

ကိုးနဝင်းဂေဟာကား တောင်ကြားထဲတွင် လျှို့ဝှက်တည် ရှိနေခြင်းကြောင့် လမ်းပြမပါဘဲ မည်သို့မျှမရောက်နိုင်ပေ။ ကျွန်ုပ် လည်း မုဆိုးကြီးနောက်မှလိုက်လာခဲ့ရာ တောင်များလွင်ပြင်ချိုင့် ဝှမ်းတို့ ဖြတ်ကျော်လာခဲ့ရသည်။ ထိုမှတစ်ဖန်လှိုဏ်ထဲသို့ ဆင်းခဲ့ရ ပြန်သည်။ လှိုဏ်အဆုံးတွင် ကြီးမားသည့် ဂူကြီးတစ်လုံးကိုတွေ့ လိုက်ရသည်။ ဂူရှေ့တွင် လူပုလေးတစ်ယောက်က ရပ်ပြီးစောင့် နေသည်။ လူပုလေးဟုသာဆိုရသော်လည်း အသက်ကြီးပြီဖြစ်မှန်း သူပြောသည့်စကားကြောင့် သိလိုက်ရလေသည်။

"သြော် သခင်ကြီးမျှော်လင့်နေတဲ့ သူကို ခေါ်လာခဲ့ပြီ လား မောင်တာနော"

"မှန်ပါတယ် အိမ်တောင်ထိန်းကြီးခင်ဗျာ။ ကပ္ပိယကြီး ခင်ဗျား ဒီကပုဂ္ဂိုလ်ကြီးက အိမ်တော်ထိန်းဦးဒတ္တလို့ခေါ်ပါတယ်။ သခင်ကြီးရဲ့ လူယုံတော်ကြီးပါပဲ။ ကျုပ်တာဝန်က ကပ္ပိယကြီး ကို ဒီအထိလိုက်ပို့ရုံပါ။ ဂေဟာထဲကိုတော့ အိမ်တော်ထိန်းကြီး က ခေါ်ဆောင်သွားပါလိမ့်မယ်။ လိုက်သွားပေတော့ ဦးဒတ္တ ကျွန်တော်ပြန်လိုက်ပါဦးမယ်"

"ကောင်းပြီ မောင်တာနော တာဝန်ကျေပွန်ကြောင်း သခင်ကြီးကို အသိပေးလိုက်ပါ့မယ်"

ကိုတာနော ပြန်သွားသည်နှင့် အိမ်တော်ထိန်းကြီးက





ကျွန်ုပ်ကို ပြောသည်။

"ကိုင်း ကျုပ်နောက်က လိုက်ခဲ့ပေတော့ကွယ်"

ကျွန်ုပ်လည်း နောက်မှလိုက်လာခဲ့ရာ ဂူထဲသို့ရောက်လာ သည်။ ဂူကြီးကား ကျယ်ဝန်းလှ၍ အနည်းဆုံးပေနှစ်ဆယ်ပတ် လည်လောက်ရှိမည်ထင်သည်။ ဂူက ကြီးမားသကဲ့သို့ရှည်လည်း ရှည်လျားလှသည်။ ဂူအဆုံးသို့ရောက်သည်နှင့် အိမ်တော် ထိန်းကြီးက ဂူနံရံပေါ်မှ ခလုတ်တစ်ခုကို နှိပ်လိုက်ရာ 'ဂျိမ်း' ဟု ကျယ်လောင်သောအသံကြီး ကိုကြားလိုက်ရပြီး ကျောက်တံခါး ကြီးက ပွင့်လာသည်။ ကျောက်တံခါးကြီးနောက်တွင်ကား ကြီးမားသလောက် ခန်းနားဆန်းကြယ်လှသည့် အဆောက်အဦး ကြီးကို မြင်လိုက်ရသည်။ ကျွန်ုပ်တို့ဝင်လာခဲ့သည့် ဂူတံခါး ကြီးသည်လည်း အလိုအလျောက်ပင် ပြန်ပိတ်သွားလေသည်။ ထို့ကြောင့်လည်း ကိုးနဝင်းဂေဟာကို မည်သူမျှရှာမတွေ့နိုင်ခြင်း ဖြစ်သည်။

ဂေဟာ၏မျက်နှာကြက်ပေါ်တွင် မီးဆိုင်းမီးလုံးများ အစီအရီထွန်းညှိထားသည့်အတွက် ဂေဟာကြီးတစ်ခုလုံးက လင်း ထိန်နေသည်။ ထို့အပြင်အရောင်စုံ သလင်းကျောက်ပြားများမှ ဖြာထွက်လာကြသည့် အလင်းရောင်စဉ်များကို မြင်ရသည်က လည်း မျက်စိပသာဒရှိလှသည်။ ကျွန်ုပ်ဂေဟာထဲသို့ ရောက်သည် နှင့် နောက်ထပ်၍သတိပြုမိသည်ကား ဘုရားခန်းပင်ဖြစ်သည်။ ဘုရားခန်းအကျယ်အဝန်းက ပေနှစ်ဆယ်ခန့်ရှိ၍ ကျောင်းဆောင် ထဲတွင် ဉာဏ်တော်အမြင့်သုံးပေလောက်ရှိသည့်မြဘုရားတစ်ဆူကို ကြည်ညိုဖွယ်ရာ ဖူးမြော်လိုက်ရသည်။ မြဘုရား၏ဝဲယာနှစ်ဘက် တွင်လည်း ဉာဏ်တော်တစ်ပေခန့်ရှိသည့် ကြေးသွန်းဘုရားနှစ်ဆူ က သီတင်းသုံးတော်မူနေသည်။ မြဘုရားရုပ်ပွားတော်ကား 'ဓမ္မ စကြာမုဒြာဟန်' သွန်းထားခြင်းပင်ဖြစ်သည်။

ဘုရားခန်းနံရံနှင့် မျက်နှာကြက်တွင်လည်းတောတောင်'

ရှခင်မျာ့ သားသမင်တို့ဘေးမဲ့ကျက်စားနေသည့် ရှမျှော်ခင်းတို့ကို တွေ့ရသောကြောင့် မိဂဒါဝုန်တောကို ဆီဆေးဖြင့် ရေးဆွဲထားမှန်း ကျွန်ုပ်သိလိုက်သည်။ ကျွန်ုပ်လည်း မြင်တွေ့သမျှကို လျှပ်တစ်ပြက်အတွင်းအကဲခတ်ရင်းက အိမ်ထောင်ထိန်းကြီးခေါ်ဆောင်ရာသို့လိုက်လာခဲ့ရာ ဂေဟာကြီး၏ အတွင်းဘက်သီးသန့်ခန်းမဆောင်ကြီးထဲသို့ ရောက်ရှိလာခဲ့သည်။ ခန်းမဆောင်ထဲသို့ ကျွန်ုပ်လှမ်းဝင်လိုက်သည်နှင့် ရှေးဟောင်းကုလားထိုင်ကြီးပေါ်တွင် ထိုင်နေသည့် ဥပမိရုပ်ခန့်ညားလှသော ပုဂ္ဂိုလ်တစ်ဦးက ဆီးကြို၍ နှုတ်ဆက်စကားဆိုလာသည်။

"ကြိုဆိုပါတယ် ကိုကံကောင်း။ ကျုပ်အနေနဲ့ မိတ်ဆွေကြီးကို အခုမှမြင်ဘူးပေမယ့် ကပ္ပိယကိုသံခိပ်ဆီကနေပြီးကပ္ပိယကြီးရဲ့ ဂုဏ်သတင်းတွေကို သိခဲ့ရပါတယ်။ ထိုင်ပါ မိတ်ဆွေကြီး"

"ကျွန်တော်ကလည်း ထူးခြားဆန်းကြယ်တဲ့ ကိုးနဝင်းဂေဟာကိုရောက်ခဲ့ပြီး ဂေဟာရှင်ကြီးနဲ့ သိကျွမ်းရတာကို ဂုဏ်ယူပါတယ်ဗျာ"

ကျွန်ုပ်လည်း စကားပြန်ပြောလိုက်ရင်းကပင် ဂေဟာရှင်ကြီး၏ရှေ့တွင် ချထားပြီးကနုတ်ပန်းတို့ဖြင့် တန်ဆာဆင်ထားကာ အလွန်လက်ရာမြောက်လှသော ကျွန်းကုလားထိုင်ပေါ်တွင် ဝင်ထိုင်လိုက်သည်။ ကျွန်ုပ်နှင့် ဂေဟာရှင်ကြီးကြားထဲတွင် ဘဲဥစားပွဲဝိုင်းကြီးကနေရာယူထားပြီး အစားအသောက်တွေကလည်း စုံလင်လှသည်။

"သုံးဆောင်ပါ မိတ်ဆွေကြီး စားရင်းသောက်ရင်းပြောဆိုဆွေးနွေးကြတာပေါ့ဗျာ"

"ကောင်းပါပြီ ဂေဟာရှင်ကြီး"

ကျွန်ုပ်လည်း ဒေသထွက်အသီးအနှံများဖြစ်သည့် ငှက်ပျောသီးတစ်လုံး၊ သရက်သီးစိတ်နှင့် ဒူးရင်းသီးသုံးမွှာတို့ကို ဆာဆာနှင့်စားလိုက်သည်။ အရသာကား ထူးခြားကောင်းမွန်လှ





သည်။ ကျွန်ုပ်စားသောက်ပြီးသည်နှင့် ဂေဟာရှင်က စကားစလာသည်။

"ကိုကံကောင်းကို အကူအညီတောင်းရတဲ့ကိစ္စဟာ ကျုပ်နဲ့တကွ ဒီဂေဟာမှာနေထိုင်ကြတဲ့ မိသားစုအားလုံးအတွက် အသက်တမျှအရေးကြီးတဲ့ ကိစ္စပါပဲ မိတ်ဆွေကြီး"

"ဘယ်လိုကိစ္စမျိုးဆိုတာ သိပါရစေဂေဟာရှင်ကြီးခင်ဗျာ"

ကျွန်ုပ်က နာမည်သိပြီးသားဖြစ်သော်လည်း ဂေဟာရှင်ကြီးဟုပင်ခေါ်လိုက်သည်။

"ဒီလိုဗျ။ ခင်ဗျားဘုရားခန်းထဲမှာသိတင်းသုံးတော်မူနေတဲ့ မြဘုရားကိုဖူးမြော်ခဲ့ရမှာပါ"

"ဖူးမြော်ခဲ့ရပါတယ်။ အင်မတန်မှ သပ္ပာယ်လှပါတယ်"

"အင်း ပြောရရင် အဲဒီခင်ဗျားဖူးမြော်ခဲ့ရတဲ့ မြဘုရားက ညီတော်ဗျ။ နောင်တော်ဖြစ်တဲ့ ကိုးနဝင်းမြဘုရား ပျောက်ဆုံးသွားခဲ့တယ်။ ညဏ်တော်က ကိုးလက်မလောက်ပဲရှိတယ်။ ပြီးတော့ နဖူးတော်မှာ တန်ဖိုးမဖြတ်နိုင်တဲ့ မနောမယ ပတ္တမြားကိုလည်း နဖူးသင်းကျစ်တော်အဖြစ် ပူဇော်ထားခဲ့တယ်။ ကျုပ်တို့ဆွေစဉ်မျိုးဆက်အားလုံးဟာ ဒီကိုးနဝင်းမြဘုရားကို ယုံကြည်စွာနဲ့ လေးလေးမြတ်မြတ် ကိုးကွယ်ပူဇော်ခဲ့ကြတာပါဗျာ။ ဒီဘုရားရှိနေမှ ကျုပ်တို့ဂေဟာရေရှည်တည်တံ့မှာဖြစ်ပြီး ဒီဘုရား ပျောက်ဆုံးတာနဲ့ ကျုပ်တို့ဂေဟာကြီးပျက်စီးလိမ့်မယ်လို့ ရှေးဘိုး ဘွားအစဉ်အဆက်ကတည်းက ယုံကြည်ထားခဲ့ကြတယ်။ ဒါကြောင့် ကိုးနဝင်းမြဘုရား ပျောက်ဆုံးခြင်းဟာ ကျုပ်တို့ဂေဟာအတွက် သေရေးရှင်ရေးတမျှ အရေးကြီးတယ် မိတ်ဆွေကြီး"

"ဒါနဲ့ မေးပါရစေခင်ဗျား ဒီကိုးနဝင်းမြဘုရားဘယ်မှာသိတင်းသုံးလို့ပျောက်တာ ဘယ်လောက်ကြာခဲ့ပြီဆိုတာ သိပါရစေ"

"ကိုးနဝင်း မြဘုရားသိတင်းသုံးတဲ့နေရာကိုပြီးတော့ သွား

ကြတာပေါ့ဗျာ။ ပျောက်တာကတော့ နှစ်လလောက်ရှိပြီ မိတ်ဆွေကြီး။ ကျုပ်နှင့်တကွ ဂေဟာအမှုထမ်းတွေလည်း လှို့ဝှက်ပြီး စုံစမ်းခဲ့ကြတယ်။ ဒါပေမယ့်ဘယ်လိုမှ အစရှာမရအောင် လမ်းစပျောက်နေတယ်။ ဒါကြောင့် ကိုးနဝင်းမြဘုရားကိုတွေ့အောင်ပြန်ရှာပေးပါလို့ မေတ္တာရပ်ခံပါတယ်ဗျာ"

"ဟုတ်ကဲ့ ကိုယ့်စွမ်းဉာဏ်စွမ်းရှိသမျှကြိုးစားပြီး ပြန်ရှာပေးပါ့မယ် ခင်ဗျ"

ကျွန်ုပ်၏စကားကြောင့် ဂေဟာရှင်ကြီး၏မျက်နှာပေါ်တွင် အားတက်သည့်အရိပ်အရောင်များကို တွေ့မြင်လိုက်ရသည်။ ကျွန်ုပ်လည်း သည်အချိန်မှစ၍ မြဘုရားပျောက်ဆုံးမှုသဲလွန်စကို အပူတပြင်းရှာဖွေခဲ့ပါလေတော့သည်။

+++++

ကျွန်ုပ်လည်း ဂေဟာရှင်ဦးသြဇာနှင့်အတူ သဲလွန်စရှာဖွေရန် ကိုးနဝင်းမြဘုရားသီတင်းသုံးတော်မူခဲ့သည့်ဂန္ဓာကုဋီတိုက်ကား ဂေဟာခေါင်မိုးပေါ်တွင်တည်ရှိ၏။ အုတ်တိုက်အငယ်စားလေးပင်ဖြစ်သည်။ ထိုအုတ်တိုက်ကိုလည်း ပုဂံရှိဂူဘုရားများကဲ့သို့ တည်ထားသည်မှာ နှစ်ပေါင်းရာချီ၍ကြာခဲ့ပြီဖြစ်ကြောင်းဦးသြဇာက ရှင်းပြသည်။ ကျွန်ုပ်လည်း ဂူထဲရှိမြဘုရားသီတင်းသုံးတော်မူခဲ့ရာ ကျောင်းဆောင်နှင့်ပတ်ဝန်းကျင်အနှံ့သဲလွန်စကိုရှာဖွေကြည့်မိသည်။ ဘုရားကျောင်းဆောင်ကား နှစ်ပေလောက်ပဲရှိသည်။

ကျွန်ုပ်လည်း အတန်ကြာသည့်တိုင်အောင် သဲလွန်စကို လိုက်လံရှာဖွေခဲ့ရာ မသင်္ကာဖွယ်ရာဘာတစ်ခုမျှ မတွေ့ရသောကြောင့် စိတ်ထဲက မချင့်မရဲဖြစ်လာမိသည်။ တစ်ဆက်တည်းမှာပင် ကျွန်ုပ်ကို ယုံကြည်အားကိုးစွာဖြင့် အကူအညီတောင်းလာသည့်ဂေဟာရှင်ကြီးကို အားနာနေမိသလိုဖြစ်နေမိပြန်သည်။ ကျွန်ုပ်လည်း စိတ်ပျက်စွာဖြင့် ဂူထဲမှ ပြန်ထွက်ဖို့ပြင်နေဆဲမှာပင် မထင်မှတ်သည့် အရာတစ်ခုကို ဂူနံရံတွင်တွေ့မြင်လိုက်ရလေ





သည်။

ကျွန်ုပ်တွေ့လိုက်ရသည်ကားအခြားမဟုတ်။ မထင်မရှားလက်ဝါးတစ်ခုပင်ဖြစ်သည်။ သည်လက်ဝါးရာကို မြင်လိုက်ရသည့်ခဏမှာပင် ကျွန်ုပ်စိတ်ထဲတွင် မျှော်လင့်ချက်များရှင်သန်လာတော့သည်။ ဤသည်ကား သဲလွန်စပင်ဖြစ်သည်။ ကျွန်ုပ်လည်း မြင်တွေ့ရသည့်လက်ဝါးရာကိုသေသေချာချာစူးစိုက်ပြီးကြည့်လိုက်သည်။ သည်အခါတွင် လက်ဝါးရာ၏ထူးခြားချက်ကိုထပ်၍ သတိပြုမိပြန်သည်။ လက်ဝါးရာထက်ပို၍ ထူးဆန်းသည်က လက်ချောင်းထိပ်ရှိလက်သည်းရာများပင် ဖြစ်သည်။ လက်သည်းများမှာ လူတစ်ယောက်၏လက်သဲကဲ့သို့ မဟုတ်ဘဲ ကြောင်လက်သည်းကဲ့ သို့ချွန်နေသည်ကို အံ့သြဖွယ်ရာတွေ့လိုက်ရသည်။ ထို့ကြောင့် ကျွန်ုပ်လည်း မလှမ်းမကမ်းတွင် မှိုင်တွေပြီးရပ်နေသည့် ဂေဟာရှင်ကြီးနားသို့ လျှောက်သွားကာ သိလိုသည့်အချက်ကို မေးမြန်းလိုက်လေသည်။

"ဂေဟာရှင်ကြီးကိုမေးရဦးမယ် ဒီနယ်ဘက်မှာ ထူးခြားတဲ့လူများမရှိဘူးလား"

"ထူးခြားတဲ့လူ ဟုတ်လား ကိုကံကောင်း ဘယ်လိုထူးခြားတဲ့ လူမျိုးလဲဗျ"

"ဒီလိုပါ ဂေဟာရှင်ကြီး ကျွန်တော်သိချင်တဲ့ လူကကိုယ်ခန္ဓာခြေလက်စတာတွေမှာ တစ်စုံတစ်ခုထူးခြားတဲ့ပုဂ္ဂိုလ်မျိုးရှိမရှိဆိုတာပါပဲ။ အဲဒါကိုသိရရင် ဘုရားသူခိုးဘယ်သူလဲဆိုတာသိပါပြီခင်ဗျာ"

"ကိုယ်ခန္ဓာခြေ၊လက် ဟုတ်လား ကိုကံကောင်း။ အဲဒီလူက ကျုပ်တို့ ကိုးနဝင်းမြဘုရားကို ခိုးသွားတယ်လို့ဆိုလိုတာလား"

"ဟုတ်ပါတယ် ဂေဟာရှင်ကြီး အဲဒီလူဟာ တရားခံပါပဲခင်ဗျား။ ဂေဟာရှင်ကြီးရဲ့ အမှုအရာကိုကြည့်လိုက်တာနဲ့ အဲဒီ

ပုဂ္ဂိုလ်ကို သိပြီလို့ထင်ပါတယ်"

ကျွန်ုပ်၏စကားအဆုံးတွင် ဂေဟာရှင်ကြီး၏ မျက်နှာသည် တမဟုတ်ချင်းတင်းမာခက်ထန်သွားကာ၊ တောက်တစ်ချက်ကို ခပ်ပြင်းပြင်း၊ မာန်ပါပါပြောလာတော့သည်။

"တောက် လက်စသတ်တော့ မင်းပဲကိုး။ အကြံပက်စက်စကောလောက်မှဖောက်မနက်တဲ့ကောင်။ တွေ့ကြသေးတာပေါ့ ကြောင်လက်သည်းရာ"

"သူ့နာမည်က ကြောက်လက်သည်းတဲ့လား။ နာမည်နဲ့လုကတော့ သိပ်လိုက်တာပါပဲလား"

"ဟုတ်တယ် ကိုကံကောင်း။သူ့လက်သည်းတွေက ကြောင်လက်သည်းတွေလိုပဲ မွေးရာပါပေါ့ဗျာ။ ပြီးတော့ နာမည်ကျော်သူခိုးကြီးဗျ။ ဒါပေမယ့် သူ့အပေါ်မှာ ကျုပ်ကျေးဇူးရှိခဲ့တာကြောင့် အခုလိုမလုပ်ဘူးလို့ထင်မိတာ ကျုပ်ရဲ့အမှားပါပဲ မိတ်ဆွေကြီးရယ်"

သည်နောက်တွင်ကား ဂေဟာရှင်ကြီးကိုယ်တိုင် မုဆိုးကြီးတာနော်နှင့် လူယုံတော်သုံးယောက်တို့ကိုခေါ်ဆောင်ကာ ဘုရား သူခိုးကြောက်လက်သည်းကို ဖမ်းဆီးရန် ထွက်သွားတော့သည်။သုံးရက်ကြာမှ ပြန်ရောက်လာပြီး သူခိုးကြီးကြောင်လက်သည်းကို အသေဖမ်းမိသည်ဟုသိရသည်။ သူခိုးကြီးကြောင်လက်သည်းကို ဒူးလေးနှင့်ပစ်ခဲ့သူကား မုဆိုးကြီးတာနော ပင်ဖြစ်သည်။ကိုးနဝင်းမြဘုရားကိုလည်း သူခိုးကြီးကြောင်လက်သည်းနေရာ သစ်လုံးအိမ်မှပင် ပြန်လည်ရရှိခဲ့သည်။ ဂေဟာရှင်ကြီးသည်လည်း ကျွန်ုပ်အား ကျေးဇူးတုန့်ပြန်သော အားဖြင့် အမျိုးဘာသာသာသနာအတွက် အသုံးချနိုင်ရန် ရတနာပစ္စည်းအချို့ကိုပေးခဲ့လေသည်။ မကြာမီ ကျွန်ုပ်လည်း ကိုးနဝင်းဂေဟာတည်ရှိရာ 'အထက်မင်းကင်း' နယ်တောင်ကြားဒေသမှ ပြန်လည်ထွက်ခွာလာခဲ့ပါတော့သည်။

သောတ္တိတေဟောတုသဗ္ဗဒါ

မင်းကံသာ





# ကိုမောင်သန်းဝင်း

## ဂမ္ဘီရကြောင်မျိုးနွယ်နှင့် သဘာဝကုထုံးဆန်း

တစ်နေ့ မိတ်ဆွေတစ်ယောက် ကြောင်ဆေးပင်များဝယ်ရာ၊ ကျွန်ုပ်မှ "ခင်ဗျားကြောင်နေမကောင်းလို့လား" ဟုမေးမြန်းသမှုပြုလေတော့။ "မဟုတ်ရပါဘူး၊စာရေးဆရာ၊ ကြောင်ကနေကောင်းပါတယ်၊ဒီဆေးပင်ရတာနဲ့ ကျွန်တော့်ကြောင်က အငန်းမရချိုယူပြီး အဲဒီဆေးပင်ကိုထွေးပိုက်ပျော်မွေ့လူးလိမ့်နေတတ်တာကို သဘောကျလို့ဝယ်လာတာ" ဟုဆိုလေ၏။

ဒါကို ကျွန်ုပ်လည်းအစ်မဖြစ်သူအိမ်မှာ အမှတ်တမဲ့တွေ့ဖူးသည်။တကယ်ပင်ကြောင်များသည် အဲဒီဆေးပင်ကိုအတော်လေးနှစ်သက်ကြသည်။ ဆေးပင်နှင့်အတန်ကြာလူးလိမ့်ပြီး ဆေးပင်၏အရွက်၊ အမြီးပါမကျန် ဝါးစားလေ၏။ကြောင်မွေးကြသူများလာတော့ ကြောင်ဆေးပင်ရှာဖွေရောင်းသူတွေလည်းတစ်ပုံတစ်ပင်ရှိလာသည်။

တစ်ချို့က ကြောင်များကို ပိုးမွေးသလိုမွေးတတ်ကြသည်၊





ကြောင်အတွက် သီးသန့်ရောင်းသောအစာများကို တစ်ခုတ်တရဝယ်ကျွေးသည်။တစ်မိုင်မိုင်ရှိလာလျှင်တော့ ကြောင်လေးကိုထွေးပွေ့ပြီး ဆရာဝန်ကို့ထံသွားပြ၊သွားကုကြသည်။ တစ်ကယ်တော့ကြောင်၊ခွေး၊ကြက်၊ငှက် သတ္တဝါများသည် သဘာဝအရ၊သူတို့ဘဝရှင်သန်ရေးကို သိရှိကြသည်။ကြောင်၊ခွေးစသည်တို့သည် သူတို့နေထိုင်မကောင်းဖြစ်နေပါက မြက်ပင်များကို စားပြီးအန်ချလေ့ရှိသည်ကို မကြာခဏတွေ့ဖူးသည်။

မိတ်ဆွေကြီးသည် ကြောင်ကိုချစ်တတ်သလိုကြောင်နှင့်ပတ်သက်၍ စုံစီနဖာသိသည်။ကျွန်ုပ်လည်း ဖတ်မှတ်ဖူးသလောက်အတော်လေးသိပါ၏။ တစ်ချို့က ခရီးသွားစဉ်ကြောင်နက်ကိုတွေ့လျှင် ခရီးစဉ်မကောင်းဟုဆိုကာ သွားလိုရာခရီးစဉ်ကို ရွှေ့ပြောင်းကြသည်။

တစ်ချို့က ကြောင်နက်ကို စွမ်းသည်ဟု၏။ဆေးမင်ဖြင့်ကြောင်ရုပ်ထိုးသူများလည်းရှိကြသည်။ ယင်းဆေးထိုးလျှင်ကိုယ်ဖော့ပညာတတ်သည်ဆို၏။အမြင့်ပေါ်က ကျလျှင်လည်း ကြောင်ကျကျသည်ဖြစ်၍ အန္တရာယ်မရှိဟုဆိုသည်။

ခွေးဒူလာ၊ကြောင်မီးယပ်ဟူသော ဆိုစကားဖြင့်၊ ဒူလာဖြစ်သူ၊မီးယပ်ရှိသူတို့အား ဆေးအဖြစ်ချက်ကျွေး၊ချက်စားလေ့ရှိသည်ဟု၏။ လူပြောသူပြောများသည့်စကားထဲတွင် လူသေ၊လူနာရှိလျှင်ကြောင်သည် ထိုအိမ်၌မနေ၊တခြားသို့ရွှေ့ပြောင်း၍ နေလေ့ရှိကြောင်း၊ လူသေအလောင်းပေါ်သို့ကြောင်ဖြတ်ပြေးလျှင် လူသေကောင်သည် တမုဟုတ်ခြင်း ထလာသည်လည်းဆို၏။ မယုံနိုင်ဖွယ်။

ကြောင်မက ကြောင်(၄)ကောင်ပေါက်လျှင် ကြောင်ကုတင်ဟုအနွယ်သညာပြုရန်၊ ကံကောင်းခြင်းတွေ သယ်ဆောင်လာသည်ဟူ၏။ ဒါကိုမိတ်ဆွေကြီးကယုံသည်။ယုံပေမပေါ့ တမြန်နှစ်က သူ့အိမ်ရှိကြောင်မ၊ ကြောင်လေးတွေလေးကောင်တိတိ

ပေါက်တော့ Luck ဝင်ပြီဆိုပြီးထိထိုးရာ ကြုံကြိုက်၍လား ကံထိုက်၍လားမဆိုနိုင်၊ သူထီပေါက်သည်။ထီဆုရငွေပမာဏ သိပ်မများလှသော်ငြားလည်း ကြောင်ကုတင်ကြောင့်ငွေဝင်တာဟု ယုံကြည်သွားသည်။ ကောင်းလေစွ၊ဂမ္ဘီရဆန်လှသော ကြောင်မျိုးနွယ်တွေပါကလားဟု ဆိုရချိမ့်မည်။

ကြောင်တွေအကြောင်း၊ ဖတ်မှတ်မိသမျှရေးသိဖွဲ့ရသော် **ကုန်အံ့မထင်။**

ကျွန်ုပ်သည်ကြောင်နှင့် အစချီရန်နိဒါန်းပျိုးနေရခြင်းမှာ 'ဂမ္ဘီရဆန်သောသဘာဝကုထုံး' အကြောင်းချင်းရာကို ရေးသားလို၍ဖြစ်ပါ၏။ အဲဒီထူးဆန်းသောဂမ္ဘီရသဘာဝကုထုံးဖြစ်စဉ်ကား ကြောင်နှင့်ပင်ပတ်သက်ပါသတည်း။ ယင်းဖြစ်စဉ်အကြောင်းချင်းရာကို ပြောဆိုခင်းကျင်းသူသည်လည်း ကြောင်ချစ်သောမိတ်ဆွေကြီးကိုကြည်စိန်ပင်ဖြစ်လေ၏။

ဖြစ်စဉ်စချိန်ကား ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပဲခူးမြို့နယ်အစွန်ရှိ ပေတောကုန်းဟုသော ရွာတန်းရှည်၌ပါတည်း။

စစ်အတွင်းကာလ၊ ရန်ကုန်မြို့ကြီးသည် စစ်မြေပြင်တမျှ ကျီးနှင့်ဖုတ်ဖုတ် လူသူကင်းပလျက်ရှိသည်။စစ်လေယာဉ်ပျံတို့၏ အသံ၊ ဥသြဆွဲသတိပေးသံ၊ ဗုံးသံ၊ကျည်သံများက မင်းမူနေသည်။ ရန်ကုန်သူရန်ကုန်သားတို့သည် နေအိမ်များကိုအဟောသိကံပြုကာ လိုသူတို့ယူကြစေ သဘောထားပြီးတန်ဖိုးရှိရွှေငွေတို့ကိုသာ သိမ်းထုတ်၍ တောလက်ကျေးရွာများဆီသို့ စစ်ဘေးခိုလှုံကြသည်။

ပဲခူးမြို့စွန်ပေတောကုန်းရွာတန်းရှည်သို့လည်း စစ်ဘေးခိုလှုံလာကြသူအချို့ရောက်လာသည်။ ပေတောကုန်းနေအိမ်ခြံဝင်းခြံကုန်းတို့သည် ကျယ်ဝန်းလှသည့်အတွက် စစ်ဘေးခိုလှုံသူများအဖို့ သက်တောင့်သက်သာရှိသည်။ ရွာသူရွာသားတို့မှလည်း ဒုက္ခသည်များဟူ၍ သဘောမထား၊နှစ်လိုစွာကြိုဆိုဧည့်ခံကြသည်၊





စစ်ဘေးခိုလှုံသူများအထဲတွင် ရာထူးရာခံကြီးကြီးမိသားတစ်စုလည်းပါသည်။ သူတို့သည်ယခင်က သိကျွမ်းဟောင်းဖြစ်သောသူကြီးဦးလှအောင်ခြံကုန်းတွင် တည်းခိုကြသည်။ ရာထူးရာခံကြီးကြီးဆိုသူမှာ ဦးရွှေမြဆိုပါစို့ရဲ့ (အမည်ရာထူးအမှန်မဖော်လိုတော့ပြီ) ဇနီးသည်ကား ခေတ်ဆန်သူဒေါ်ရှယ်လီဘမောင်ဖြစ်သည်။ တစ်ဦးတည်းသောသမီးငယ်လေးပါလာသည်။ ပုပ်လုံးလေးလိုဖြူဖွေးချောမွတ်နေသည်ကြောင့် 'မေပုလဲ' ဟုအနွတ်သညာပြုထားသည်။ သမီးလေးအသက်ကား(၄)နှစ်မျှသာရှိသည်။ သွက်လက်၍ချစ်စရာကောင်းလှ၏။

သူကြီးဦးလှအောင်သည် ဦးရွှေမြမိသားစုအားအိမ်ဦးခန်းတွင်ထားရှိကာ တရိုတသေ ကျွေးမွေးပြုစုသည်။ယင်းသို့ပြုစုရခြင်းမှာလည်း အကြောင်းရှိသည်။ ဦးရွှေမြက ထိုအချိန်က ရန်ကုန်မြို့ကြီးတွင် ကြီးကြီးမစတာဟူသော ရာထူးရထားသည်မို့ သူကြီးဦးလှအောင်အား ငွေစလွယ်ရရန် ဆောင်မကူညီပေးခဲ့ဘူးသည့်အတွက် ဖြစ်သည်။ ပြောင်းရှည်ကိုင်ငွေစလွယ်ရ သူကြီးဦးလှအောင်အဖြစ် ရွာနီးချုပ်စပ်သတင်းမွှေးသည်။

ဦးရွှေမြသည် ခန့်ထည်စွာနေတတ်သော်လည်း ရွာသူရွာသားများအား ဖော်ရွေဆက်ဆံပြောဆိုလေ့ရှိသည်။ ဇနီးဖြစ်သူရှယ်လီဘမောင်ကား အဆင့်အတန်းခွဲလိုဟန်ရှိသည်။ အမြဲကျော့ရှင်းသေသပ်စွာနေလေ့ရှိသောလည်း မာနမျက်နှာနှင့်မို့ ရွာသူရွာသားများနှင့် ခတ်တန်းတန်းဖြစ်နေသည်။

သူ၏သမီးချောလေးကိုလည်း ရွာကကလေးတွေနှင့် ပေးမကားစားစေချင်။ သမီးငယ်လေးကတော့ ရွာကကလေးငယ်လေးများဝိုင်းဖွဲ့ကစားနေသည်ကိုသာ အဝေးကငေးနေရှာသာရှိသည်။ တစ်ခါတစ်ခါ ရွာက ကလေးငယ်တို့သည်မလှမ်းမကမ်းရှိကောက်ရိုးပုံပေါ်သို့ ပြေးတက်ပြေးဆင်းကစားနေကြသည်ကို ငယ်မောရင်းကြည့်နေသည်။ စိတ်ထဲတွင်တော့ ဝိုင်းဖွဲ့ကစားချင်

စိတ်ရှိမည်ထင်သည်။

ဦးရွှေမြသည် သူကြီးဦးလှအောင်နှင့်အတူ ပေတောကုန်းရွာဦးဘုန်းတော်ကြီးကျောင်းသို့ ညနေတိုင်းသွားလေ့ရှိပြီး ဘုန်းတော်ကြီးအတွက်လိုအပ်သည်များကို ဆက်ကပ်ရင်း ရန်ကုန်အခြေအနေ၊ဂျပန်စစ်ရေးအခြေအနေ၊ မဟာမိတ်တပ်ဖွဲ့များ၏စစ်ရေးအခြေကိစ္စရပ်များကို ဆွေးနွေးပြောဆိုကြသည်။

မကြာမကြာ ဘုန်းတော်ကြီးကျောင်းသို့ဦးရွှေမြ မိသားတစ်စုရောက်ဖြစ်သည်။ ဘုန်းတော်ကြီးကျောင်းဝိုင်းသည် အတော်အတန်ကျယ်ဝန်းပြီး သီးပင်စားပင်တွေလည်းစုံလှသည်။ သမီးလေးမေပုလဲသည် ကျောင်းဝင်းကြီးသို့ရောက်တိုင်းခုန်ပေါက်ပျော်ပါးနေသည်။ လွတ်လပ်စွာပျော်ခွင့်ကိုမိခင်မှ ခွင့်ပေးထားပြီးဖြစ်သည်။ ကိုရင်ကြီးငယ်တို့မှ 'မေပုလဲ'အတွက် သရက်၊မာကလာ၊ပိန္နဲသီးများတစ်ပုံတစ်ပင်ပေးသည်။ ငှက်ပျောခိုင်များကိုလည်း ကပ္ပိယငယ်များက နေအိမ်အထိလိုက်လံပို့ဆောင်ပေးသည်။

ဘုန်းတော်ကြီးဘွဲ့အမည်မှာ ဦးရေတဝဖြစ်သည်။ ငယ်ဖြူဖြစ်သည်။ ပွဲကျောင်းဘုန်းတော်ကြီးကျောင်းတွင် ငယ်စဉ်ကပင်နေခဲ့သည်။ ပွဲကျောင်းထွက်မို့လောကီ၊ လောကုတ္တရာနှစ်ဖြာတတ်သိနားလည်သည်။ နိုင်ငံရေးဗဟုသုတရှိသည်။ ကျောင်းတွင်ဆိုင်းဝိုင်းရှိသည်။ ပန်တျာအတတ်တတ်ထားသူများလည်းရှိသည်။ ဓာတ်မီး၊ဓာတ်စက်လည်းရှိသည်မို့ ရွာအလှူအတန်းများအတွက်လိုသလိုအသုံးပြုနိုင်သည်။

ဘုန်းတော်ကြီးသည် ဗေဒင်၊ နက္ခတ်၊ဝေဒပညာ၊ သိုင်း၊လက်ဝှေ့ပညာနှင့် ဆေးကျမ်းအတတ်များကိုလည်း တတ်သိနားလည်ထားပေရာ၊ ပေတောကုန်းရွာသာမက၊ရွာနီးချုပ်စပ်ရွာများကပါ လှည်းလမ်း၊လှေလမ်းအဖုံဖုံဖြင့် လာ၍ဘုန်းတော်ကြီးထံအကူတောင်းခံခြင်း၊ ပင့်ဖိတ်ခြင်းပြုကြသည်။ ဘုန်းတော်ကြီးလည်း အကူအညီတောင်းခံ၊ ပင့်သူများထံ မညီးမငြူ ကူညီ





ဆောင်မသည်။

တစ်နေ့ညနေခင်း၊ ဦးရွှေမြ၊သူကြီးဦးလှအောင်၊ ဘုန်းတော်ကြီးဦးရေတဝတို့သည် ဟီရိုရှီးမားနှင့်နာဂါဆာကီမြို့ကြီး အနုမြူဗုံးကျရောက်၍ လူတွေသန်းပေါင်းများစွာသေခဲ့ရပုံ၊ ဂျပန်လက်နက်ချပုံ၊ စစ်ကြီးပြီးသွားပုံ၊ ရန်ကုန်မြို့အခြေအနေပြန်လည်ကောင်းမွန်လျှင် ပြန်ရန်ပြင်ဆင်ရမည့်အနေအထားတို့ကို **ပြောဆိုဆွေးနွေး**နေသခိုက်

ကိုရင်ကြီးတစ်ပါးက 'မေပုလဲ'ကို ပွေ့ချီလာပြီး

"ဘုန်းဘုန်း ဘုရား မေပုလဲလေး ပိုးထိလို့"

ဟုလျှောက်တင်ပြီး ကလေးမလေးကိုအသာအယာချသည်။ ကလေးမလေးပါးစပ်က အမြှုပ်တစီစီနှင့် မေ့လျော့နေလျက်ရှိသည်။ အားလုံးတအံ့တဩဖြင့် သမီးငယ်လေးကိုထွေးပွေ့ကြသည်။ မိခင်ဖြစ်သူရှယ်လီဘမောင်သည် 'သမီးလေးရယ်' ဟုဆိုကာ နေရာတွင်လဲကျသွားသည်။ အားလုံးရုတ်ရုတ်သဲသဲဖြစ်ကုန်ကြသည်။

**သမီး**လေး'မေပုလဲ' သည်ကျောင်းဝင်းအတွင်းဆော့ကစားရင်း ကျောင်းဝင်းအပြင်မလှမ်းမကမ်းရှိ ကောက်ရိုးပုံကြီးကိုတွေ့ရလေရာ၊ ရွာက ကလေးငယ်များကစားနေပုံကို အားကျ၍ကောက်ရိုးပုံကြီးရှိရာ အပြေးသွားပြီး ကောက်ရိုးပုံမှျင်များကိုမြှောက်တင်ကစားသည်။ ကောက်ရိုးပုံပေါ်သို့ပြေးတက်ကစားသည်၊ လျှောဆင်း၍လည်းကစားသည်။ မေပုလဲကစားနေသည်ကို အမှတ်မထင်တွေ့လိုက်သော ကိုရင်ကြီးတစ်ပါးသည် ခေါ်ယူရန်အသွား မေပုလဲ၏စူးစူးဝါးဝါးအော်သံကြားလိုက်ရပြီး လဲပြိုကျသွားသည်ကိုတွေ့လိုက်ရသည့်အတွက် အပြေးသွားကာ မေပုလဲကို ချီမယူသည်။ တစ်ဆက်တည်း မြွေဟောက်ကြီးတစ်ကောင်ကောက်ရိုးပုံအတွင်းလျှောဝင်သွားသည်ကိုတွေ့လိုက်ရသည်။

ဦးရွှေမြသည် လဲပျို့သွားသောဇနီးကိုတစ်လှည့် အမြုပ်
တစီစီဖြင့်မေ့မျောနေသော သမီးကိုတလှည့်ကြည့်ကာ ငိုသံပါကြီး
ဖြင့် 'ဆရာတော်ဘုရားကယ်ပါ .. ယူပါ' ဖြင့် တဖွဖွသာပြော
နေလေတော့သည်။

ဘုန်းတော်ကြီးသည် ကိုရင်ကြီးငယ်အားလုံးနှင့်ကပ္ပိယ
အားလုံးကိုဆင့်ခေါ်လိုက်ပြီး အဖွဲ့ခွဲစေလျက် လိုအပ်သည်များကို
ညွှန်ကြားသည့်အခါ ကိုရင်ကြီးငယ်များနှင့် ကပ္ပိယများဆိုင်ရာ
ဆီများသို့ ပြေးထွက်သွားကြသည်။

တခဏအကြာ၊ ခြင်းကြီးဖြင့် ဖမ်းဆီးလာသောမြွေ
ဟောက်ကြီးရောက်လာပြီး မရှေးမနှောင်းမှာပင် ကိုရင်ငယ်လေး
က ကြောင်နက်ထီးကြီးတစ်ကောင်ပွေ့ချီလာသည်။ ဘုန်းတော်
ကြီးမှာကြားချက်အတိုင်း ကြောင်ထီးကြီးကိုမြွေဟောက်ကြီးထည့်
ထားသည့် ခြင်းကြားကြီးအတွင်းသို့သွင်းလိုက်ရာ ခြင်းကြားကြီး
သည် လှုပ်ခါရမ်းနေပြီး ကြောင်နှင့်မြွေဟောက်မာန်ဖီးတိုက်ခိုက်
သံများကြားရသည်။

ဘုန်းတော်ကြီးထပ်မံညွှန်ကြားချက်အတိုင်း ကြောင်နက်
ထီးကြီးကိုခြင်းကြားကြီးအတွင်းမှ ပြန်လွှတ်လိုက်ရာ ကြောင်
နက်ကြီးသည် တမဟုတ်ချင်းအဝေးသို့တညောင်ညောင်အော်၍
ပြေးထွက်သွားသည်။ ကိုရင်ကြီးငယ်နှင့်ကပ္ပိယတို့မှာလည်း မှာ
ထားသည့်အတိုင်း ကြောင်နက်ထီးကြီးနောက်သို့ ပြေးလိုက်ကြ
သည်။

နောက်မှပြေးလိုက်ရင်း ကြောင်နက်ထီးကြီး၏လှုပ်ရှား
များကို မနီးမဝေးမှစောင့်ကြည့်ကြသည်။ ကြောင်နက်ထီးကြီး
သည် တောစပ်အတွင်းအလေ့ကျပေါက်နေသော မြင်းခွာရွက်
ရိုင်းများအတွင်း လူးလှိမ့်နေပြီး မြင်းခွာရွက်များကိုစားသောက်
သည်။ စားသောက်ပြီး မကြာခင်ပင် တောစပ်အတွင်းပြေးဝင်
ကာ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ပြေးတက်သည်။





သစ်ပင်ပေါ်တွင် တွယ်ကပ်ပေါက်နေသော သစ်ခွပင်
မျိုးစိတ်တစ်မျိုးကို အငမ်းမရစားသောက်ပြီး သစ်ပင်ကြီးပေါ်မှ
ပြန်ဆင်းလာသည်။ ပြန်ဆင်းလာသော ကြောင်နက်ထီးကြီးအား
ကိုရင်ငယ်တစ်ပါးမှ 'မဟူရာကြီး' ဟု လှမ်းခေါ်ရာ ကြောင်နက်ထီး
ကြီးသည် ကိုရင်ငယ်ဆီသို့တညောင်ညောင်ဖြင့်လာသည်။ ကိုရင်
ငယ်နှင့်ကြောင်နက်ထီးကြီးသည် အကျွမ်းတဝင်ရှိပြီးသားမို့ ကိုရင်
ငယ်သည် ကြောင်နက်ထီးကြီးကို ပွေ့၍ကျောင်းသို့ပြန်ခဲ့သည်။

ကျန်အဖွဲ့တွေမှ ကြောင်နက်ထီးကြီးလူးလှိမ့်စားသောက်ခဲ့
သော မြင်းခွာရွက်များကို ခူးသည်။ ကျန်အဖွဲ့မှ သစ်ပင်ကြီး
အပေါ်မှ သစ်ခွပင်များကို ခွာယူပြီးကျောင်းသို့ အပြေးတဝက်ဖြင့်
ပြန်ခဲ့သည်။

ရလာသမျှကို ဘုန်းတော်ကြီးထံဆက်ကပ်ရာ ဘုန်းတော်
ကြီးသည် မြင်းခွာရွက်များနှင့် သစ်ခွပင်တို့ကို ရောသမမွှေ
ကျိတ်နယ်ပြီး မေပုလဲ၏မြွေကိုက်ရာ ဒဏ်ရာကို သိပ်နယ်ပေး
သည်။ ပါးစပ်အတွင်းသို့လည်းအရည်စက်များချပေးသည်။

လွန်စွာလွန်စွာ အံ့သြဖွယ်ကောင်းလှသည်။ ဘုန်းတော်
ကြီးစီမံခဲ့သော သဘာဝကုထုံးဆေးသည်နတ်ဆေးတမျှ အစွမ်း
ထက်မြက်လှပါဘိတောင်း။

မြွေဆိပ်တက်၍ အမြုပ်တစီစီထပြီးမေ့မြောနေသော သမီး
ငယ်လေးမေပုလဲသည် ဆေးလိမ်း၊ ဆေးတိုက်ပြီး တခဏအကြာ
တအင်းအင်းနှင့် ညည်းညူလာပြီး သတိပြန်ဝင်လာတော့သည်။
မြွေဆိပ်တက်၍ ညိုမဲနေသော ကလေးမလေး၏မျက်နှာသည်
လည်း တမုဟုတ်ချင်း ကြည်လင်လန်းဆန်းဖြူဖွေးလာသည်။
နောက်တစ်နေ့မနက်တွင်မတော့ အကောင်းပကတိ။

ဤကား မိတ်ဆွေကြီးကိုကြည်စိန်၏ပြောပြခဲ့ပါသော
သဘာဝကုထုံးဖြစ်သည်။ ဂမ္ဘီဆန်လှသည်။ ဂမ္ဘီရဆန်သော
သဘာဝကုထုံးဟုဆိုရလိမ့်မည်။ မိတ်ဆွေကြီးကိုကြည်စိန်သည်

ဦးရွှေမြနှင့်ဆွေမျိုးနီးစပ်တော်သည်မို့ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ကြားခဲ့ရသည်ဆို၏။

ကျွန်ုပ်မှာ အဲဒီသဘာဝကုထုံးကတော့ အံ့စရာပါလေ့၊ ကြောင်နက်ထီးကြီး လူးလိမ့်စားခဲ့တာကတော့ မြင်းခွာရွက်ဒါကတော့ ဟုတ်ပြီ သစ်ပင်ကြီးပေါ်တက်စားတဲ့ သစ်ခွပင်က ဘယ်လိုမျိုးတုံး" ဟု ဗဟုတုတတိုးရာတိုးကြောင်း တီးခေါက်ကြည့်ရာ မိတ်ဆွေကြီးမှ ...

"အင်း စာရေးဆရာဆိုတော့ မေးတတ်တယ်။ ပြီးတော့ ရေးတတ်တယ် မိတ်ဆွေကြီးရယ် သစ်ခွမျိုးစိတ်ပေါင်းက ကမ္ဘာပေါ်မှာသောင်းဂဏန်းလောက်ရှိတယ်။ မြန်မာပြည်မှာလည်းပေါ ကြွယ်ဝနေလေတော့ ဘယ်သစ်ခွမျိုးစိတ်ဆိုတာ ဘယ်သိလိမ့်မှာတုံး"ဟု နိဂုံးအဆုံးသတ်၍ ပြောလိုက်ပါသတည်း။

**ကိုမောင်သန်းဝင်း**



ဒါရိုက်တာ
# မျိုးဇော်အောင်
ကျွန်တော်နှင့်
အဘဖိုးလူ



# ဒါရိုက်တာမျိုးဇော်အောင်

## ကျွန်တော်နှင့်အဘဖိုးလူ

(၁)

စကားစပ်မိကြတိုင်း ... ပြောတတ်ကြသော ... အကြောင်းအရာများစွာတို့အနက်မှ နတ်ပြိတ္တာမတို့အကြောင်းလည်း တစ်ခုအပါအဝင်ဖြစ်လေသည်။

ထိုအကြောင်းကို အများဆုံးပြောသူမှာ ကျွန်တော်တို့ရပ်ကွက်ထဲက ဦးဖိုးလူဆိုသူဖြစ်သည်။ သူကား ...ဗဟုသုတကြွယ်၏။ စကားလည်းအလွန်ပြော၏။ အသက်(၆၅)နှစ်အရွယ်လူပျိုကြီး။ သို့သော် သန်၏မြန်၏ကြံ့ခိုင်၏။

"လောကမှာ အကြားအမြင်များဖို့လိုတယ်ကွ။ မင်းက စာပေသမား ရုပ်ရှင်သမား ... ဒါရိုက်တာတစ်ယောက်ဆိုတော့ ပိုပြီးလိုအပ်တယ် မောင်မျိုး"

ဤကား ... ကျွန်တော်နှင့်တွေ့တိုင်း၊ကြုံတိုင်း၊ အဘဖိုးလူပြောပြောနေကြစကား။ ကျွန်တော်ဆိုတဲ့ကောင်ကလည်း အလွန်အမေးအမြန်းထူသူဖြစ်သည်။





အဘဖိုးလူနှင့်မတွေ့လိုက်နှင့်တွေ့လိုက်လို့ကတော့ မေးပြီးသား စပ်စုပြီးသား ...

"ပြိတ္တာတို့၊ သရဲ တစ္ဆေတို့ဆိုတာ တကယ်ကောရှိလို့လား အဘရဲ့"

"သိပ်ရှိတာပေါ့ .. ငါ့လူရ။ ကျမ်းလာ .. ပေလာတွေပဲ။ ဘယ်သူငြင်းလို့ရမှာတုန်းကွ"

ကျွန်တော်က ဤသို့စလိုက်သည်နှင့်အဘဖိုးလူက ထိုသို့အစပျိုးတော့၏။ ကျွန်တော့်နှင့်အတူပါလာကြသော ရပ်ကွက်အတူနေသူငယ်ချင်းအပေါင်းသင်းများကလည်း ...

"ကိုမျိုးရေ .. ခင်ဗျားနဲ့အဘလူတို့ဆုံတိုင်း ... ကျွန်တော်တို့အရမ်းကို ဗဟုသုတရတာပဲဗျာ ... မြောက်ပြောတာတော့ မဟုတ်ဘူး ..ပိဋကတ်တိုက်ထဲရောက်သွားသလားလို့တောင်ထင်ရတယ်"

"ဟော့ကောင် ငဖေ၊ ကျမ်းပိုပြီးပြားနေဦးမယ်။ တော်ရုံပဲမြှောက်"ဟု အဘဖိုးလူက ကွမ်းတံတွေးကို ပျစ်ခနဲထွေးရင်း ငဖေဆိုသော စာရေးဆရာပေါက်စဖေဖေထွေးကို လှမ်းပြောလိုက်သည်။ ဖေထွေးက စပ်ဖြီးဖြီးနှင့် ...

"တကယ်ပြောတာ မြှောက်တာမဟုတ်ပါဘူး" ဟုပြောရင်း ကျွန်တော့်ကို ပုခုံးစွန်းနှင့် လှမ်းတိုက်သည်။ တိုက်ရှိန်ကြောင့် ကျွန်တော်တစ်ဖက်သို့ ယိမ်းသွားသည်။

"ဖြည်းဖြည်းလုပ်ပါဟ" ကျွန်တော်က ကိုယ်ကိုပြန်ထိန်းရင်းဆိုသည်။

"မင်းတို့ ... ငါ့ဆီလာတာသိတယ် ... ကဲ ...ကဲ မင်းဘာသိချင်လဲပြော" အဘဖိုးလူက စကားလမ်းခင်းလိုက်သည်နှင့် အမေးအမြန်းထူသော ကျွန်တော်က ...

"သိချင်တာကတော့ အများကြီးပဲ အဘရေ ... ဒါပေမယ့် အားနာလို့ နည်းနည်းပဲမေးတော့မယ်"

"မေးစေဗျာ ..." အဘလူက ကွမ်းတစ်ယာထပ်ယာရင်

အမေးအဖြေတံခါးမကြီးကို ဖွင့်ပေးလိုက်လေတော့၏။

(၂)

"ကျွန်တော်သိချင်တာက ... နတ်ပြိတ္တာမတွေအကြောင်းပဲ အဘ။ အဘသိသလောက်ပြောပြပါ"

"သိသလောက် ပြောရရင် ... ဒီလိုကွ" ဟု အစချီလိုက်ပြီးနောက် ... အဘဖိုးလုက အောက်ပါအတိုင်း နတ်ပြိတ္တာမတို့အကြောင်းကို ကျွန်တော်တို့အဖွဲ့အား စတင်ပြောပြလေတော့သည်။

"လောကမှာ ကိုယ်မမြင်ဖူးတိုင်းမရှိဘူး။ မသိဘူး။ မဖြစ်နိုင်ဘူးဆိုတာမျိုး ... မရှိကောင်း ... မဖြစ်ကောင်းဘူးကွ၊ ဘယ်တော့မှ မပြောကြလေနဲ့ ...

ဒေဝါနံပိယတိဿမင်းခေတ်တုန်းက ဒေါဝနံပိယတိဿမင်းကို တောစောင့်နတ်က သမင်ယောင်ဆောင်ပြီး လှည့်စားဖူးတာ မင်းတို့ကြားဖူးမလားတော့မသိဘူး"

အဘဖိုးလုစကားကို ခဏရပ်ပြီး ကျွန်တော်တို့အဖွဲ့ကို တစ်ယောက်ခြင်းအကဲခတ်ကြည့်သည်။ ကျွန်တော်က အားလုံးကိုယ်စား"မကြားဖူးဘူးအဘလု"ဟု ဝင်ထောက်ပေးလိုက်သည်၊

"အေး ... မင်းတို့ ဗဟုသုတဖြစ်အောင် ငါပြောပြမယ်၊ သီဟိုဠ်ကျွန်းရဲ့မြောက်ဖက်ယွန်းယွန်းရာဇရဋ္ဌတိုင်းမှာ "အနုရာဇ'မြို့ဆိုတာရှိတယ် ... ယခုကိုလံဘိုမြို့နဲ့ဆို(၁၂၆)မိုင်လောက်ဝေးတယ်။ ဘုမိနက်သန်မြို့ပဲ ...။ ရှေ့ဘုရား(၃)ဆူတို့ရဲ့ လက်ထက်တော်ကဆိုရင် အဘယမြို့တော် .. ဝလုမာနမြို့တော် ဝိသာလမြို့တော်ဆိုပြီးထင်ရှားခဲ့ဖူးတယ်"

ဝိဇယမင်းလက်ထက်မှာ အနုရာဇဂါမလို့ဖြစ်လာပြီး စတုတ္ထမြောက်ပဏ္ဍုကာဘယ မင်းခေတ်ရောက်မှ ထီးစိုက်၊





နန်းစိုက် မင်းနေပြည်တော်ဖြစ်လာခဲ့တာ"

"အဘလု .. တစ်နေကုန်လိမ့်မယ်ထင်တယ်" အဘလုလေကျောရှည်နေသဖြင့် ကျွန်တော်က စိတ်မရှည်ပဲဖြတ်ဝင်လိုက်သည်။

"ဟုတ်တယ် ... ကုန်နိုင်တာပေါ့မောင်။ အဲဒီတော့ လိုရင်းနဲ့တိုရှင်းပဲပြောတော့မယ်။ ဒီလိုဟော့ ဒေဝနံပိယတိဿမင်းက လူလေးသောင်းခြံရံပြီး မိဿကတောင်ကို တောကစားထွက်လာတာကစပြောမယ်။ မင်းတို့သိချင်တဲ့နတ်ပြိတ္တာမတို့အကြောင်းပါလာပြီ။ အဲဒီမှာ တောစောင့်နတ်က ဒေဝါနံပိယတိဿမင်းကို သမင်ယောင်ဖန်ဆင်းပြီး အရှင်မြတ်တွေဆီရောက်အောင်ပို့လိုက်တယ်ဆိုပါတော့ကွာ။ ဆက်ပြောစရာရှိသေးလို့ ... အတိုချုန်းလိုက်တာနော်။ ရှည်ပြီးငြီးကာချဲ့ရင် ... သီဟိုဠ်ဘုရားသမိုင်းကတော်ရုံနဲ့ အဆုံးသတ်မှာမဟုတ်ဘူး။ မင်းတို့သိချင်တာက နတ်ပြိတ္တာမတို့အကြောင်းပဲ မဟုတ်လား"

"ဟုတ်ပါတယ် ... ကျွန်တော်တို့သိချင်တာက နတ်ပြိတ္တာမတို့အကြောင်းပဲ အဘလု" ကျွန်တော်ကပဲ အားလုံးကိုယ်စား စကားဝင်ထောက်ပေးသည်။

အဘလုက ကွမ်းလုပ်ကိုထွေးထုပ်၍ ရေနွေးကြမ်းနှင့်ပလုပ်ကျင်းကာ နောက်တစ်ခွက်ထပ်ငှဲ့၍သောက်သည်။ ပြီးတော့မှ စကားကိုဆက်သည်။

"ငါတို့ ဂေါတမဘုရားရှင်လက်ထက်တော်က ရှင်မောဂ္ဂလန်ဟာ အဲဒီတောင်စောင်းမှာ ပြိတ္တာမတွေကိုတွေ့ခဲ့ဖူးလို့ ဘုရားရှင်ကိုပြန်လျှောက်တဲ့အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က တရားဉာဏ်ရှိသတ်တွေကိုတစ်ဆင့်ပြန်ပြီး ဟောကြားတော်မူခဲ့တဲ့ တကယ်ဖြစ်စဉ်အကြောင်းအရာတစ်ခုပဲ မောင်မျိုး"

"ဟုတ်ကဲ့ အဘလု ဆက်ပြောပါဦး"

"မင်းတို့ စိတ်ရှည်မှ ပြောလို့ကောင်းတာကွ။ စိတ်မရှည်

ရင်တော့ မင်းတို့လဲနားထောင်ရတာ ကောင်းမှာမဟုတ်ဘူး၊ ငါလဲ ပါးစပ်ညောင်းတယ်"

"စိတ်ရှည်ရှည်ထားပြီးနားထောင်ပါ့မယ် အဘလုပ်ပြောသာပြောပါ"

သည်တစ်ခါတော့ ကျွန်တော့်အစားဝင်ထောက်လိုက်သူက ဖေထွေးဖြစ်သည်။

"အေး ဒါဆို ငါဆက်ပြောမယ်"ဟု အဘလုကဆို၍ အောက်ပါအတိုင်းဆက်၍ပြောပြလေသတည်း။

"ကဿပဘုရားရှင်"လက်ထက်တော်ကဖြစ်သည်။

"ကိမိက"ဟုသော မြို့တည်ရှိ၏။ ထိုမြို့၌"ဥပါသိက" တစ်ယောက်လည်းရှိလေ၏။ ထိုဥပါသိကသည် သောတပန်ဖြစ်လေ၏။ ဆန္ဒ၊ စေတနာ၊ သဒ္ဓါတရားတို့နှင့်ပြည့်စုံစွာရှိကြသော ဥပါသိကငါးရာတို့နှင့်အတူ စင်္ကြံဆောက်လုပ်ခြင်း၊ ကျောင်းပရဝုဏ်အတွင်း၌ ဥယျာဉ်ပန်းမန်များစိုက်ခြင်းစသောဝေယျာဝစ္စများကို စုပေါင်းဆောင်ရွက်လေ့ရှိကြလေ၏။ ၎င်းတို့သည်ကုသိုလ်ကောင်းမှုများစွာတို့ကိုပြုလုပ်လေ့ရှိကြလေ၏။

၎င်းတို့၏ဥပါသိကတို့၏သား၊ မယားတို့သည်လည်း လင်သားတို့နှင့်အတူ ဆန္ဒ၊စေတနာ၊ သဒ္ဓါတရားများကိုနေ့စဉ်မပြတ်ဆောင်ရွက်ကြလျက်တရား၌မွေ့လျော်ကာ တရားနာကြ၏၊ ကုသိုလ်ပြုကြ၏။ လှူဒါန်းပူဇော်ကြကုန်၏။

ဤသို့ဖြင့် တစ်ခုသော ခရီးစဉ်တစ်ခု၌ထိုဥပါသိကာမတို့သည် ကျောင်းနှင့်မြို့အကြား ဇရပ်တစ်ခုတွင်ခဏတစ်ဖြုတ်နားတတ်လေ့ရှိ၏။ ထိုသို့ခေတ္တထိုဇရပ်၌နားပြီးလျှင်ကျောင်းသို့ သွားလေ့ရှိသကဲ့သို့ အပြန်၌လည်းထိုသို့ပင် ... ထိုဇရပ်၌နားခိုလေ့ရှိလေ၏။ ယင်းဇရပ်ကားလှုခပ်သိမ်းရဟန်းခပ်သိမ်းတို့အတွက် အပန်းဖြေနားခိုရာ ဇရပ်တစ်ခုပင်ဖြစ်လေသည်။





(၃)

တစ်နေ့သ၌ ...

သေသောက်ကြူးသမားသုံးယောက်တို့သည် ထိုဇရပ်သို့ရောက်လာ နားခိုကြလေ၏။ တစ်ယောက်သော သေသောက်သမားက ...

"ဟော့ ကိုရင်တို့ ခုလေးတင်ပဲ သီလဆောက်တည်ပြီးပြန်လာကြတဲ့ မိန်းမတစ်စု ဒီဇရပ်မှာနားပြီးထသွားကြတယ်"ဟု ပြောလျှင်ကျန်နှစ်ယောက်ထဲကတစ်ယောက်က ..

"အဲဒီ မိန်းမတွေထဲက တစ်ယောက်ယောက်ကို သီလပျက်အောင်ဘယ်သူဖျက်နိုင်သလဲ"ဟု သွေးတိုးစမ်းလိုက်လေ၏။

ထိုအခါ တတိယလူက ...

"ကျုပ်ဖျက်နိုင်တယ် ... ကိုရင်တို့က ဘာကြေးလောင်းမလဲ"ဟု စိန်ခေါ်လေ၏။

"ကိုရင် ... စွမ်းနိုင်မယ်ထင်ရင် ...လုပ်ကြည့်လိုက်လေ ဖြစ်မြောက်ရင် ကျုပ်တို့နှစ်ယောက်က ကိုရင့်ကိုငွေအသပြာတစ်ထောင်စီပေးမယ်"ဟု အလောင်းအကြေးပြု၍ စိန်ခေါ်ကြလေ၏။

သီလပျက်အောင်ဖျက်မည့်သူ တတိယလူမှာ စောင်းခတ်တတ်သူဖြစ်၍ သာယာနာပျော်ဘွယ်သောတေးသီချင်းတို့ဖြင့် ကြိမ်ဖန်များစွာ တီးခတ်ဖြားယောင်းသွေးဆောင်ခြင်းပြုလေ၏။

ထိုဥပါသိကာမတို့အား သီလပျက်အောင်လုပ်လေ၏။ ဥပါသိကာမငါးရာထဲမှ အမျိုးသမီးငယ်မတစ်ဦးသည် ထိုတတိယလူသေသောက်ကြူးသောစောင်းခတ်သမားနှင့်ငြိလေ၏။ ဆိတ်ကွယ်ရာ၌ ကျူးလွန်မိကြလေ၏။

ထိုသူမ၏လင်ယောက်ျားဖြစ်သူသည် ထိုအကြောင်းကိုသိ၍ မေးမြန်းရာ ထိုသူမက...

"အရှင်ထိုအကြောင်းသည်မမှန်ပါ။ ကျွန်မ၌ဤသို့သော သဘောမရှိပါ"ဟု ငြင်းကွယ်လေ၏။ ထိုအခါ ထိုသူမ၏လင် ယောကျာ်းက ...

"သင် မဟုတ်ကြောင်းမည်သို့သက်သေပြမည်နည်း"ဟု မေးမြန်းရာ ... ထိုသူမက ..

"အရှင် .. ကျွန်မသည်ကျိန်စာဆို၍သက်သေပြပါမည်" ဟု ဆိုပြီးလျှင် အောက်ပါအတိုင်းကျိန်၍သစ္စာဆိုပြလေ၏။

"ငါသည် ယုတ်မာသောအမှုကို ပြုမိခဲ့ပါက နားရွက် ပြတ်သောခွေးနက်ကြီး၏အစားကိုခံရပါစေသတည်း"ဟူ၍ဖြစ်လေ၏။ လင်ယောကျာ်းလုပ်သူမှာ ထိုသို့ကျိန်၍သစ္စာဆိုသည်ကို ယုံကြည်မှုမရှိပေ။ ထိုကြောင့် သူမ၏အပေါင်းအဖော်များကို ဆက်လက်စုံစမ်းမေးမြန်းရာ ထိုသူမအများတို့ကလည်း ...

"သင့် ဇနီးဖောက်ပြန်သည်ကိုမသိပါ"ဟုပြောဆိုကြပြီးလျှင် ကျိန်၍သစ္စာဆိုကြပြန်လေ၏။

"ငါတို့သည် အကယ်၍သိသည်ဖြစ်ကုန်ငြားအံ့၊ ဖြစ်ရာ ဘဝတိုင်း၌သင့်ဇနီး၏ကျွန်မတို့သည်သာဖြစ်ကြပါစေသတည်း" ဟူ၍ဖြစ်လေ၏။

ထိုကျိန်တွယ်၍သစ္စာဆိုခြင်းအမှုသည် စင်စစ်လိမ်ညာ မှုသာဖြစ်လေ၏။ ထိုဖောက်ပြန်သော မိန်းမဖက်က ဝိုင်းဝန်းဖုံး ဖိလျက် အကာအကွယ်ပေးလိုက်ခြင်းသာဖြစ်သည်။

ထိုဥပါသိကာမတို့သည် ထိုသို့ကျိန်၍သစ္စာဆိုခဲ့ကြပြီး နောက် နှလုံးမသာမယာဖြစ်ကာ ခံစားကြရလေ၏။ အားလုံးပင် သေကြကုန်လေ၏။

ထိုဖောက်ပြန်သောမိန်းမ သေလွန်သောအခါ၌ ဟိမဝန္တာ ရှိအိုင်ကြီးခုနစ်အိုင်အပါအဝင်ဖြစ်သော ကဏ္ဍပုဏ္ဍအိုင်၌ ဗိမာန်ဖြင့် ပြိတ္တာမတစ်ဦးဖြစ်လာခဲ့ရတော့၏။ ထိုပြိတ္တာမသည်ထိုအရပ်၌ ရှေးကပြုခဲ့သောကောင်းမှုကံကြောင့်နေ့လည်တွင် နတ်စည်းစိမ်ကို





ခံစားရ၏။ ညဉ့်အခါ၌မူ ပြုခဲ့ဖူးသောမကောင်းမှုကံကြောင့် ထိုရေကန်သို့သွား၍နားရွက်ပြတ်ခွေးနက်ကြီး၏အစားကိုခံရလေ သတည်း။

(၄)

ဦးဖိုးလုဟုခေါ်သော ကျွန်တော်တို့၏အဘဖိုးလုသည် မောသွားဟန်ဖြင့် စကားကိုရပ်လေ၏။ ပြီးနောက် ကွမ်းတစ်ယာ ထပ်ယာ၍ စားပြန်လေ၏။

"ဆက်ပြောလေ ... အဘလု"ဟု ကျွန်တော်ကအားမလို အားမရဖြင့် အဘလုကိုလောလိုက်သည်။ အဘလုက "ပြောမှာ ပေါ့ကွာ"ဟုဆိုပြီး ကွမ်းသွေးကိုပျစ်ခနဲ ထွေးခံတွင်းထွေး၍ ဆက် ပြောလေ၏။

"ဆက်ပြောရမယ်ဆိုရင် ထူးဆန်းတာတွေ မင်းတို့ကြား ရတော့မယ်။ 'ဝစီဗေဒထိတိုင်းရှ'ဆိုတဲ့ သစ္စာစူးပြီးကျိန်စာသင့်တဲ့ သဘောပဲမောင်ရ။ အဲဒီမိန်းမတွေဟာ သူတို့ရဲ့ကုသိုလ် အကုသိုလ် တွေကြောင့်အခုလိုဘဝရောက်ရတာ။ အမှန်တော့နေ့စံ၊ ညခံဆိုတဲ့ အပယ်သားတွေလေ။ တော်တော်ကြောက်ဖို့ကောင်းတာကလား။ နားရွက်ပြတ်နေတဲ့ခွေးနက်ကြီးဟာ ရေကန်ထဲက ပေါ်လာပြီး သူတို့အားလုံးကိုကိုက်စားကြတော့တာပဲ။ အသားတွေအားလုံး စားပစ်ပြီး အရိုးတွေကိုကန်ထဲပစ်ချတယ်။ စားသောက်လို့ပြီးတော့ အဲဒီခွေးနက်ကြီးဟာလဲ ပျောက်ကွယ်သွားတော့တာပဲတဲ့"

"အဘလု ပြောသလိုသာဆိုရင် ... ခွေးနက်ကြီးဟာ တော်တော်ကံကောင်းပြီးကုသိုလ်ထူးတဲ့ခွေးကြီးပဲ" ဟုဘာစိတ်ကူး ပေါက်သွားသည်မသိ ရုတ်တရက်ကြီး ကျွန်တော့်ဇာတ်လမ်း မှတ်တမ်းရေးသူ မောင်တိုးက ဝင်ထောက်သည်။

"ဒီ ခွေးနက်ကြီးက ဘာဖြစ်လို့ ကံကောင်းတယ်လို့

မင်းကပြောနိုင်တာလဲ" အဘလှက ကွမ်းကိုမြုံရင်းမေးသည်။

"ညတိုင်းလိုလို အဆင်သင့်လူသားတွေချည်း **စားနေရလို့**ပေါ့ အဘလှရဲ့" မောင်တိုးစကားကြောင့် ကျွန်**တော်တို့**ပြုံးမိကြသည်။ အဘလှ"အဲဒါလဲ သူ့အကျိုးပေး ကုသိုလ် အကုသိုလ်ကြောင့်ပဲလေ"ဟု အစသတ်သည်။ ထိုနောက် အဘလှကပင် ဆက်ပြောပြန်သည်။

"ထူးဆန်းတာက ခွေးနက်ကြီးစားလို့ကျန်တဲ့လူရိုးတွေက ရေကန်ထဲမှပြန်ပြီး ပကတိရုပ်အသွင်နဲ့လူပြန်ဖြစ်တယ်တဲ့။ အဲဒီလိုလူပြန်ဖြစ်ပြီးတဲ့နောက် သူတို့တွေဟာ သူတို့ရဲ့ဗိမာန်တွေဆီကိုပြန်သွားကြပြီး အိပ်စက်ကြရပြန်တယ်တဲ့ကွ"

"အဆန်းပဲ" ဟု ကျွန်တော်က ရေရွတ်လိုက်သည်။

အဲဒီမိန်းမတွေနေတဲ့အရပ်မှာ အင်မတန်ထူးဆန်းတဲ့အံ့ဩဖွယ်ကောင်းတဲ့ သရက်ပင်ကြီးတစ်ပင်ရှိတယ်။ အဲဒီသရက်ပင်ကြီးကို စားမိရင် လူအိုတွေတောင်ပြန်ပြီးနုပျိုသန်စွမ်းလာတယ်တဲ့၊ တစ်နေ့တော့ အဲဒီနတ်ပြိတ္တာမတွေဟာ လူသားတွေနဲ့ပေါင်းသင်းဆက်ဆံချင်လို့ သရက်သီးတွေခူးဆွတ်ပြီး ဂင်္ဂါမြစ်ထဲချမျှောပစ်သတဲ့။ အဲဒီမှာ ဗာရာဏသီမင်းကြီးက အဲဒီသရက်သီးကိုရပြီးစားကြည့်ရာက ထူးဆန်းအံ့ဩမှုတွေခံစားရတယ်။ အဲဒီအရပ်ကိုသွားချင်စိတ်တွေဖြစ်လာတယ်။ တိုတိုပြောရရင်တော့ အဲဒီကိုရောက်သွားတယ်ဆိုပါတော့။ ဗိမာန်ရှင်နတ်ပြိတ္တာမတွေဟာ မင်းကြီးကိုမြင်တော့ အရမ်းဝမ်းသာသွားကြပြီး ခရီးဦးကြိုပြုကြတယ်။ မင်းကြီးကို နတ်ဝတ်တန်ဆာတွေဝတ်ဆင်ပေးပြီးနတ်စည်းစိမ်တွေနဲ့ ပြုစုလုပ်ကျွေးကြတယ်ဆိုပဲကွ"

"ဟာ တယ်ဟုတ်ပါလား ဆက်ပြောပါဦး အဘလှ"ဟု ကျွန်တော်က စကားဆက်ရန်ထောက်ပေးလိုက်သည်။

"ဗာရာဏသီမင်းကြီးဟာ ပြိတ္တာမနဲ့ပျော်ပါးစံစားပြီး အဲဒီမှာ အနှစ်တစ်ရာခွဲလောက် နေခဲ့တယ်တဲ့ကွ"





"ဟာ အနှစ်တစ်ရာခွဲတောင်နေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား အဘလှရဲ့"

ဖေထွေးက အနှစ်တစ်ရာခွဲကိုလက်မခံ။ မယုံကြည်ဟန်ဖြင့် စောဒကတက်မေးသည်။

"အဲဒီခေတ် အဲဒီကာလက လူ့သက်တန်းတွေရှည်တယ်ကွဲ့။ ကဿပဘုရားရှင်လက်ထက်လေ။ ငါတို့ဂေါတမဘုရားရှင်လက်ထက်မှမဟုတ်တာ" အဘလှစကားကြောင့် ဖေထွေးငြိမ်သွားသည်။

"ပြိတ္တာမတွေနဲ့နှစ်ကာလကြာလာတဲ့အခါမှ ပြိတ္တာမတွေရဲ့အကြောင်းတွေကို ဘုရင်ကြီးသိသွားတယ်။ တစ်ညမှာ ပြိတ္တာမတွေလူ့ပ်ရှားရာကိုနောက်ယောင်ခံလိုက်ပြီးချောင်းတယ်။ ခွေးနက်ကြီးတစ်ကောင်က ပြိတ္တာမတွေကိုကိုက်စားနေတာတွေ့တယ်"

"ဘုရင်ကြီးသိပ်အံ့ဩသွားမှာပဲနော် အဘလှ"ဟု မောင်တိုးက ဝင်ထောက်မေးသည်။

"ဒါပေါ့ ... ဒါနဲ့ဘုရင်ကြီးလဲ ပြိတ္တာမတွေရဲ့ဘဝကိုသိချင်တာနဲ့မေးကြည့်တယ်။ နင်တို့ဟာ ဥယျာဉ်ဗိမာန်တွေနဲ့နေရပြီး ဘာဖြစ်လို့ အခုလိုနေ့စံညခံနေရတာလဲလို့ပေါ့။ ဗိမာန်ရှင်နတ်ပြိတ္တာမကပြန်ဖြေတယ်။ အရှင်မင်းမြတ် ကျွန်မတို့ဟာ လူ့ဘဝတုန်းက ပြုခဲ့တဲ့အကုသိုလ်ကြောင့်အခုလိုဘဝရောက်နေရတာပါလို့ပြောပြတယ်။ အဲဒီတော့မှ ဘုရင်ကြီးလဲသဘောပေါက်နားလည်သွားပြီ။ လူသားစားခွေးနက်ကြီးကိုမြှားနဲ့ခွင်းပြီးသတ်ပစ်လိုက်တယ်။ နတ်ပြိတ္တာမတွေ ခွေးအစားမခံရတော့ပဲ ချမ်းသာသွားကြရသလို ဘုရင်ကြီးလဲ သံဝေဂတွေရပြီး သူ့နိုင်ငံကိုပြန်ရောက်တော့ ဒါန၊ သီလ၊ ဘာဝနာတွေပွားလို့ သေလွန်တဲ့အခါမှာ နတ်ပြည်မှာ **နတ်သားသွားဖြစ်သတဲ့**"

ကဲ ... ကဲ .. မင်းတို့သိချင်တဲ့နတ်ပြိတ္တာမတွေရဲ့အကြောင်းကတော့ ဒါပဲ ... ငါလဲ ..အာညောင်းသွားပြီ။

မင်းတို့လဲ ပြန်ကြတော့"ဟု အဘလူက ပြောပြောဆိုဆိုအဆုံးသတ်လိုက်လေ၏။

ကျွန်တော်တို့အဖွဲ့လည်း အဘလူကိုနှုတ်ဆက်၍ထွက်လာခဲ့ကြလေ၏။

အမှန်တော့ ... ကျွန်တော်တို့ကိုအဘဖိုးလူက တရားသဘောနှင့်ယှဉ်၍ရိုးရိုးသားသားပညာပေးဆုံးမလိုက်ခြင်းသာဖြစ်သတည်း။

ဒါရိုက်တာမျိုးဇော်အောင်

ကိုးကား

ဦးထွန်းလှ(ဝိဇ္ဇာသမိုင်း)





ထောင်နဲ့ရင်းစားသူ

(ရမ္မာဝတီ)

# ဇာနီအောင်(ရမ္မာဝတီ)

# ထောင်နဲ့ရင်းစားနေသူ

ဘမောင်ဆိုသူတစ်ယောက်ရှိပါတယ်။

သူဟာသိပ်ကိုရိုးသားသူ ကြိုးစားသူတစ်ယောက်ပဲ ဖြစ်ပါတယ်။ မိသားစုတွေကို သူသိပ်ချစ်ပါတယ်။အဲဒီလိုနဲ့ သူ အိမ်တစ်လုံးဝယ်ဖြစ်ခဲ့ပါတယ်။ မိသားစုတွေနေထိုင်ဖို့ အေးချမ်းဖို့ပါ။

သူ့အမေ...ညီမတွေကို သူ့နေရာမှာသူ အေးချမ်းစေလိမ့်မယ် ထင်ခဲ့တယ်။

သူ့မှာဒီနေရာမှာ ပြိုင်ဘက်မရှိ။ အတိုက်အခံမရှိ၊မိတ်ဆွေမဟုတ်ရင်လဲ ရန်သူတွေမရှိ၊သူထင်ခဲ့တယ်။

ဒါနဲ့ သူဝယ်တဲ့အိမ်ကို သူတိုက်ပြန်ဆောက်ဖို့လုပ်ခဲ့တယ်။

လက်သမားဟာလဲ သူ့မိတ်ဆွေရဲ့လူစုဖြစ်တယ်။ အိမ်ဆောက်ဖြစ်တော့ ညီမဖြစ်သူကိုငွေကြေးကိုင်ခွဲစေခဲ့ရတယ်။ အကုန်ကျွေးတာမွေးတာကအစပဲ ဖြစ်ပါတယ်။

မကြာပါဘူး။ ညီမပုံစံပြောင်းခဲ့တယ်။မိသားစုကိုရန်လုပ်လာတယ်။ မိမိကိုငြူစူလာတယ်။အမေ့ကိုရန်လုပ်လာတယ်။ လုပ်ငန်း





ထဲက လူပျိုပေါက်လေးတစ်ယောက်ကို တန်းတန်းစွဲဖြစ်လို့နေခဲ့တယ်။ သနားလို့ လို့ပြောပါတယ်။

သူတို့ချင်း လက်ဖက်ရည်သောက်ကြတယ်။ ကွမ်းတွေစားကြတယ်။ ဝယ်ကြတယ်၊စားကြတယ်၊လည်ကြတယ်။ ဒါကပြဿနာမရှိပါ။ နှစ်ယောက်သားမမြင်ရမနေနိုင်ထိ ဖြစ်လာတယ်။သူမရှိရင်မနေနိုင်ဖြစ်လာခဲ့တယ်။ နောက်ဆုံးသူတို့မိသားစုတွေနဲ့ ပတ်သက်ဆက်စပ်သူတွေက ပြောတော့လဲ ဘယ်သူမှ ပြောဆိုလို့မရပါဘူး။ အားလုံးဟာအလိုတူအလိုပါလို့ပဲ ထင်ရပါတယ်။

နောက်ဆုံး ဟိုဆရာဒီဆရာနဲ့ ပြကြည့်လုပ်ကြည့်တော့လဲ ဒီအတိုင်းပဲ။ ကောလဟာလပြောပဲဆိုကြတယ်။ ဒီအပေါ်မှာ ကိုယ်ကျိုးပဲရှာကြတယ်။ မိမိအတွက် အထောက်အကူမရပါဘူး။

ဘမောင်ကစိတ်ဓာတ်ကျတတ်သူမဟုတ်ပါဘူး။ မှန်တာကိုတော့ မရရအောင်လုပ်တတ်သူပဲဖြစ်ပါတယ်။

ဒီမှာစာရေးဆရာဦးဥက္ကရှိတယ်။ စာရေးဆရာဆိုတော့ ကိုယ့်အချင်းချင်းသိပ်ချစ်တယ်။ ယုံတတ်တယ်ပြောတာကိုလဲ အချင်းချင်းကနားလည်ကြတယ်။

အဲဒီမှာ သူနဲ့ခင်မင်တဲ့စာရေးဆရာတစ်ယောက်နဲ့ ဆက်မိတယ်။ သူ့ကို လူရှုပ်လူပွေလူလိမ် ဘာညာတွေပြောကြတယ်။ ဘမောင် ကတော့သူများပြောတာ ဘယ်တော့မှ မယုံကြည်တတ်ပါဘူး။

တချို့က လူလိမ်နဲ့လူလည်ကို မခွဲတတ်ကြပါဘူး။ လူလိမ်ဆိုတာ ဘာပြဿနာကိုမှမရှင်းနိုင်ဘူး။ ရှုပ်အောင်သာ လုပ်တတ်သူပဲ။

လူလည်ဆိုတာကတော့ ပြဿနာကိုရှင်းနိုင်တယ်။ ကျော်လွှားနိုင်တယ် အရည်အချင်းရှိတယ်...

ဘဝမှာတချို့အပိုင်းတွေမှာ ဦးနှောက်နဲ့လုပ်ရတာရှိတယ်။ တစ်ကွက်နှစ်ကွက်ကျော်ပြီးကစားရတာရှိတယ်။ အများစုတော့

ခေါင်းကိုမသုံးကြဘူး။ခေါင်းသုံးရမှာ မသိကြဘူး။ ဒီလိုလူတွေနဲ့ ခေါင်းသုံးတတ်သူနဲ့ ပေါင်းသင်းရတာ အံမကျတော့။ ခေါင်းသုံးသူချင်း ဆက်ဆံဖြစ်တယ်။ ယုံကြည်ကိုးစားဖြစ်တယ်။

အဲဒါကြောင့် ဘမောင် မောင်ခွေးကို ဆက်ဆံဖြစ်တယ်၊ နွယ်တစ်ပင်၊ မြက်တစ်ပင်ပမာပဲပေါ့။

ဘမောင်တွေ့ရတဲ့ လောကီနယ်မှာဆရာရှိတယ်။ ဆရာမရှိတယ်။သူတို့ရဲ့နောက်မှာ ရှေ့တော်ပြေးအနွယ်အပွား ပွဲစားတွေရှိတယ်။ လူနာတစ်ယောက် ပတ်သက်သူတစ်ယောက်အပေါ် အမဲဖျက်ကြတယ်။ သူတို့ချင်းကျေးဇူးခံကျေးဇူးစားတွေ ဖြစ်နေကြတယ်။လူနာက ကောင်းတာမကောင်းတာ ဘာမှအရေးမထားကြဘူး။သူတို့က လူရည်လူသွေးလဲ အများစုကညံ့ကြတယ်၊ လုပ်ဆောင်မှုက ဘာမှမဟုတ်ဘူး။ အခွင့်ရေးစကား၊ ကျေးဇူးခံကျေးဇူးစားစကားသိပ်ပြော ကြတယ်။ နောက်ဆုံးပြောရဆိုရဆက်ဆံရာမှာ စားရာသောက်ရာကအစ မနှစ်မျို့စရာဖြစ်စရာလဲဖြစ်လာရတယ်။

ဆိုလိုတာက ငါလုပ်ပေးလို့ချမ်းသာတာ၊ငါလုပ်ပေးမယ်ကြီးပွားရမယ် ဟာမျိုးတွေပါ။

ဘမောင်အာရုံက အလွန်အကျွံရှေ့ရောက်သွားခဲ့တယ်၊ ညီမကို အလိုလိုက်ခဲ့မိတယ်။ ညီမကိုယုံစားခဲ့တယ်။ သူ့ကိုယ်သူကာကွယ်နိုင်မယ်၊ ခုခံနိုင်မယ်ထင်ခဲ့တယ်။ ခုတော့ညီမဟာ အဆွယ်ကောင်း မိတ်ဆွေဖျက်တွေရဲ့စက်ကွင်းမှာ။ ဒီနယ်မှာသံသရာလည်နေခဲ့တော့တယ်။ အဲဒီမှာ ခုသူ့မိတ်ဆွေတွေ ဘယ်သူမှမရှိကြတော့ပါဘူး။

ဒီတော့မိမိတာဝန်ဖြစ်လာတယ်။ ဒီမခံချင်စိတ်နဲ့ မိတ်ဆွေမောင်ခွေးကိုပြောပြအကူအညီတောင်းရတယ်။မိတ်ဆွေက စာရူးပေရူးပါ၊ စာရေးဆရာနဲ့(စာတ်ရူးနဲ့ ဇာတ်မင်းသားမတူပါ) စာရူးဆိုတာ ရူးချင်သလောက်ရူးပါ။ စာရေးဆရာမဖြစ်နိုင်ပါဘူး၊





ဒါပေမယ့် ဒါကို သိသာထင်ရှားပါတယ်။ မိမိလဲမသိခဲ့ပါ။ သူ့ကိုစာရေးဆရာဖြစ်စေချင်ခဲ့ပါတယ်။ ဖြစ်ဖို့ကြိုးစားခဲ့မိပါတယ်။

ဒီလိုနဲ့ သူ့ကိုဝင်ထွက်စေခဲ့တယ်။ သူ အိမ်ကိုဝင်ထွက်တယ်။ စားကြသောက်ကြ လုပ်ကြကိုင်ကြဆိုပါတော့လေ။

အမိကက ညီမကိစ္စ၊ ညီမကိုဒီနယ်ကကယ်တင်ဖို့ စိတ်ပိုင်းဖြတ်ကာ ဒီကိစ္စတွေစုံသွားခဲ့ရင် မိမိခေတ်မှီနည်းနဲ့ ခေတ်မီဆေးရုံပို့ဖို့ စီစဉ်ထားခဲ့ပါတယ်။

ဘမောင်ဟာ ဒီအကြောင်းအရာပဲလေ့လာသွားဖို့ ကြိုးစားရင်းနဲ့ မိတ်ဆွေမောင်ခွေးနဲ့ ဆက်ဆံဖြစ်သွားတယ်။

သူကမိမိရဲ့ မဖြစ်စလောက်လူနေမှုကို အကြောင်းပြုပြီး ဟိုလူဒီလူခေါ်လာတယ်။ သူ့ကိုသူထင်ပေါ်ဖို့ မိမိကိုအသုံးချတယ်။ တော်ကြာလက်ဖက်ရည်သောက်ဖို့၊ မုန့်စားဖို့၊ဘာဖို့ညာဖို့လာတယ်။ ပါလာတဲ့လူတွေကလည်း ဟိုလိုလို၊ ဒီလိုလိုတွေ... ဒါဟာသိပ်တော့ ပြဿနာမရှိပါဘူး၊ ကိုယ့်အကြောင်းတရားနဲ့ကိုယ်တွေ့ပါပဲ၊ ဒါပေမယ့် သူတို့ဟာကူဖော်မရခဲ့ပါဘူး။

မိမိကိစ္စထက် သူ့ကိစ္စတွေချည်းပဲဖြစ်နေခဲ့တယ်။ မိမိ ကိုယ်သူနဲ့ပတ်သက်ပြီး မပေါင်းသင်းဖို့ပြောကြပါတယ်။ မိမိကို စကားတွေပြောကြတယ်။ သဘောထားတွေပြောကြတယ်။ ဒါဟာ ယုံကြည်မှု တည်ဆောက်ကြတာပဲ၊ မုန်းသူတောင်မှ ကြာရင်ချစ်လာမယ်။ ချစ်သူချင်းတော့ အတူနေထိုင်လေ ချစ်လေပဲ ဖြစ်ရမယ်မဟုတ်လား။

ဒီလိုနဲ့ ပြဿနာတစ်ခုဖြစ်ခဲ့တယ်။ ဘမောင်ဟာ အစကမသိပါဘူး။

ဒါပေမယ့် ပြဿနာထဲပါခဲ့ပါတယ်။ ဘမောင်က ရုန်းထွက်ဖို့၊ ရှင်းလင်းဖို့ ကြိုးစားကြည့်ပါတယ်။

အဲဒီမှာ မောင်ခွေးပျောက်နေတယ်။မောင်ခွေး...မိသားစုကလဲ လေဝေါ်းဝါးပဲ။

နောက်ဆုံးတော့ ဘမောင်အဆွဲခံရတယ်။ သူနဲ့ပတ်သက်နေတဲ့မောင်ခွေးလဲ ပါခဲ့တယ်။

ယောက်ျားပဲဘာဖြစ်လဲ။ အဲဒီလိုနဲ့သက်ဆိုင်ရာက အဆွဲခံရတဲ့အခါ မောင်ခွေးဟာ တိုင်ကြားသူဖြစ်နေခဲ့တယ်။

မိမိဆီကငွေညှစ်ဖို့ကြိုးစားခဲ့သလား။ ဘမောင်လဲနားမလည်၊ သူငွေညှစ်ဖို့ ပုံစံတော့ပြောဆိုခဲ့တာရှိတယ်။

ဘမောင်အဆွဲခံရတယ်။မောင်ခွေးသူ့ပုံစံက သူသက်သေလုပ်ပြီး ဘမောင်နဲ့ မောင်မဲတို့ကို ထိုးကျွေးပြီးသူထွက်သွားဖို့ လုပ်တယ်ဆိုတာ သေချာသွားတယ်။

ဒါပေမယ့်ဘမောင်က မကြောက်မရွံ့ရှင်းပြတဲ့အခါ ဘမောင်တို့ကမှန်နေတယ်။ မောင်ခွေးလုပ်ရပ်ကမှုမမှန်ဖြစ်နေပေမယ့် မောင်ခွေးစကားသူတို့ ယုံစားခဲ့မိပြီလေ။

အဲဒီမှာ မောင်ခွေးနဲ့ပါအတူ အားလုံးအချုပ်အနှောင်ခံလိုက်ရတယ်။ ဘမောင်ကအတူနေရင်ပြဿနာဖြစ်မှာမို့ ခွဲထားဖို့ပြောပါတယ်။ မောင်ခွေးကအတူနေပြီး ဘမောင်တို့ဆီကပါစားသောက် ချင်တဲ့အထိ အရှက်နည်းသူဖြစ်တာ သိလာခဲ့ရတယ်၊ ဘမောင်က သတိထားတယ်။ ငြင်းပယ်တယ်၊ ခေါင်းခါတယ် ရင်ဆိုင်တယ်။ ဒါဟာ ဇာတ်တူသာစားတာပါပဲ၊ သစ္စာဖောက်တာပဲ သူရင်ဆိုင်မယ်။

ဒါကြောင့်မောင်ခွေး ရုန်းထွက်မရတော့ပါဘူး။ သူခိုးလူမိဖြစ်သွားခဲ့ တယ်။ တရားလိုက တရားခံဖြစ်သွားခဲ့တယ်။ နှုတ်ထွက်မရခဲ့ဘူး။

ဒါပေမယ့် မောင်ခွေးက သူမှန်တယ်။ သူတွယ်ဖက်ပြောပြီးတော့နေခဲ့တယ်။

ချုပ်ထားရာက အချိန်တန်တော့ ရုံးထုတ်ရတယ်။အမှုတွဲဆိုတာတော့ ကြံဖော်ကြံဖက်တူသူတွေချင်း ဖြစ်တတ်ကြတယ်၊ ခုတော့ မတူတူချင်း အမှုတွဲတော့ မတူတဲ့နွားနှစ်ကောင်လိုပဲ





ဟိုဘက်ဆွဲ ဒီဘက်ဆွဲပဲ။

ကဲ... အဲဒီမှာ ကိုယ်က အားသာဖို့ရာရှိဖို့လိုတယ်။ဘမောင်မပျော့ပါဘူး။

အဲဒီနေ့က ရုံးထုတ်မယ်။ ပထမဆုံးတရားခံအဖြစ် မောင်ခွေးကိုခေါ်တယ်။ တရားခံအနေနဲ့ လက်ထိပ်ခတ်လိုက်တယ်။ အဲဒီမှာမောင်ခွေးမျက်နှာဟာ ဟိုတုန်းကပန်းဆိုးတန်းက မိန်းမပျက်တွေရဲ့မျက်နှာထက်ဆိုးသေးတယ်။ လုပ်ရဲသူဟာမခံရဲပါဘူး။မခံရဲဘဲနဲ့ ခံရတာ ဘယ်လောက်ဆိုးပါသလဲ။ သူအမိကတရားခံလုပ်ကြံသူ....

နောက်တစ်ခါ ရုံးထုတ်တယ်။ ရုံးတော်ကသူ့ကိုတရားခံအနေနဲ့ အပြင်းထန်ဆုံး အပြစ်ပေးလိုက်တယ်။ မောင်ခွေးဟာအိမ်မြောင် အမြီးပြတ်ပါပဲ...သစ္စာဖောက်တွေရဲ့ ရုပ်လက္ခဏာ။ဖောက်ပြန်သူ မှားယွင်းသူတွေရဲ့ ရုပ်ပုံလွှာလို ဘမောင်ပြချင်လိုက်တာ သိုးယောင် ဆောင်တတ်တဲ့ မြေခွေးရဲ့ရုပ်ပုံလွှာ ဆိုတာလိုပါပဲ....

ဘဝမှာအရှုံးဆိုတာ သိက္ခာရှုံး၊ ဘဝရှုံးမိတ်ဆွေမျိုးပဲ ပြီးသမိုင်းပေးရဲ့ ခရီးကမဆုံးသေး။

အချုပ်အနှောင်ဘဝတော့ အကျဉ်းသားဘဝရောက်ခဲ့ရတယ်။

သက်ဆိုင်ရာမှာ ထုံးစံအတိုင်း လုပ်စရာရှိတာလုပ်ရတယ်။ ရေးစရာရှိတာရေးရတယ်။ မှတ်စရာရှိတာမှတ်ရမယ်။

မောင်ခွေးဆောက်တည်ရာမရ ဖြစ်နေတယ်။ အလှည့်ကျ ...ကြိစတမ်းဆိုတာ ဘမောင်သတိရမိတယ်။ ခိုးတတ်ရင် ယိုးတတ်တယ်။ ခြောက်လန့်တတ်သူဟာ ကြောက်တတ်သူပဲဖြစ်တယ်။ မိသားစုတွေ သမိုင်းတွေ ဖောက်ပြားမှုတွေရဲ့ ရှက်ဖွယ်လက္ခဏာပဲ။ တကယ့်ဘဝမှာ မြေမြို့ခံနေရတဲ့ ဘဝမျိုးပဲ။ ဘယ်သူက ကယ်မှာလဲ။ သူ့ကိုဘယ်သူကကော ကယ်လို့ရမှာလဲ။

အဲဒီမှာ သက်ဆိုင်ရာလူကြီးရောက်လာတယ်။ မောင်ခွေးကို

စေ့စေ့ကြည့်တယ်။ စူးစူးရဲရဲကြည့်တယ်။

"ခင်ဗျား မောင်ခွေးမဟုတ်ဘူးလား"

"ခုဘာမှုနဲ့ကျတာလဲ..."

"ဟိုဟို...."

"ခင်ဗျားအရင်တုန်းကလဲ ထောင်ကျခဲ့ဖူးတယ်။ခင်ဗျားကြောင့် လူကောင်းတွေ ဒုက္ခရောက်တယ်။ ဘာလို့ဒုက္ခပေးရတာလဲ"

"ဟိုဟို...."

"ခင်ဗျားထောင်နဲ့လုပ်စားနေတဲ့လူပဲ"

ဘမောင်ပြုံးလိုက်မိပါတယ်။

အမှန်တရားဆိုတာ ဖုန်းကွယ်လို့ရရိုးမရှိပါဘူး။

သမိုင်းမှန်ဆိုတာ ဖုန်းထားလို့မရတတ်ပါဘူ... အမှန်ကိုအမှား ကနိုင်ရိုး ထုံးစံရှိသလား...

တွေ့ကြအုံးမယ်။ ဂူတစ်ဂူထဲခြသေ့နှစ်ကောင်...တစ်ကောင်က အမှား တစ်ကောင်ကအမှန်....

ကဲကျားရှေ့မှောက်လဲတဲ့မောင်ခွေး...

မင်းဘယ်ဆက်ပြေးအုံးမလဲ....ကဲ ဘမောင်ဆိုတာလဲ ဘာတစ်ခုမှ မဟုတ်တာ လုပ်ခဲ့သူမှမဟုတ်ပဲ ..ကဲ...ကဲ....ကဲ..

ဇာနီအောင်(ရမ္မာဝတီ)

၁၆-၄-၂၀၁၀





အဆိပ်သင့်နှာပုံးသား

# ဇလွန်ကျော်ဦး

# အဆိပ်သင့်နှလုံးသား

"ဖြစ်ပါ့မလား ညီလုံးရာ ... မင်းဦးစွာကြီးက ကြောက်စရာလန့်စရာကြီး
ကွ"

သာဂိက အရက်တစ်ပိုင်းဝင်နေသည့် ညီလုံး၏ မူးမူးနှင့်ပြောနေသည့် စကားသံကို မကြားစဖူး ကြားလိုက်ရ၍ အံ့ဩတကြီး ဖြစ်သွားမိသည်။ သာဂိအံ့ဩမည်ဆိုလည်း အံ့ဩစရာ။ ညီလုံးနှင့်သာဂိက ငယ်သူငယ်ချင်း အရင်းတွေဖြစ်သည်။ ဒါကြောင့်လား မသိ။ အကျင့်တူစရိုက်တူ ဆိုတော့ ပေါင်းဖက်မိသည်က မဆန်း။

"ဘာလဲ ... သာဂိ ...မင်းက ကြောက် ... ကြောက်နေပြီလား ... ပေးတဲ့သူက ... ပေးနေမှတော့ ...ငါတို့မယူရင် မိုက်မဲရာကျမှာပေါ့ကွာ ...ခုတစ်လော ... တို့အလုပ်ကလဲ မကောင်းဘူး ဆိုတာ မင်းလဲ အသိပဲ မဟုတ်လား"

ညီလုံးဘာကို ရည်ရွယ်ပြီးပြောနေသည်ကို သာဂိအလိုလိုသိနှင့်နေသည်။ ညီလုံးနှင့် သာဂိက အရွယ်ရောက်ပြီး အိမ်ထောင်အသီးသီးကျသော်လည်း သားကျွေးမွေးမယားကျွေးမှုအတွက် ရွာစဉ်အနှံ့ချောင်းကြိုချောင်းကြား မကျန် ဖားရှာငါးရှာ အလုပ်ပင်။ ခက်နေသည်က အရက်။ ညီလုံးနှင့် သာဂိက အရက်မသောက်ရလျှင် မနေနိုင်သည့်ဘဝ။





ခုတစ်လော ညီလုံးပြောသလို ငါးရှာဖားရှာရသည်က မလွယ်တော့။ နွေဦးပေါက်စပြုလာပြီမို့ ချောင်းရေကန်များပင် ခန်းစပင်ပြုနေပြီ။ တစ်မိုးတွင်းလုံး ချောင်းထဲမြောင်းထဲတွင် ကျက်စားခဲ့သည့် ငါးဖျံးစုံက ကောက်သင်းကောက်သလို၊ ညီလုံးနှင့်သာဂိ လက်ချက်ကြောင့် ကုန်ခန်းသလောက်ရှိခဲ့ပြီ မဟုတ်ပါလား။

"အဲဒီတော့ ... မင်းဘယ်လိုကြံထားသလဲ ဆိုတာငါ့ကိုပြော ... ပြောစမ်းပါဦး ... ညီလုံးရာ"

"သူတို့က အလုပ်တကယ်ဖြစ်မှ ပိုက်ဆံအကြေပေးမယ်လို့ ပြောတယ်ကွ ... ငါတို့လုပ်မယ်ဆိုမှ စရံငွေတစ်ဝက်ပေးထားမယ်လို့ပြောတယ်၊ ခု ... ငါတို့ လုပ်မယ့်အလုပ်က သိန်းဂဏန်းရှိတာကွ ... ရှိတာ"

ညီလုံးစကားသံကို ကြားလိုက်ရ၍ သာဂိအလိုလို မျက်လုံးပြူးသွားသည်။ သာဂိမျက်လုံးမပြူးဘဲ ရှိအံ့နည်း။ ခုလို သိန်းဂဏန်းရဖို့ဆိုတာ အိပ်မက်တောင်မမက်ဖူးခဲ့။ ပြီး သာဂိလုပ်ရမည့်အလုပ်က ခက်ခက်ခဲခဲမဟုတ်။

"ငါ ... နေ့လယ် က အခြေအနေ သွားကြည့်ပြီးပြီကွ ... သူတို့ပြောတာ တွေ့ခဲ့တာ ... အမှန်ပဲ"

ညီလုံးပြောလည်း ပြောစရာ။ တောင်ကုန်းလေးပေါ်တွင် တည်ရှိသည့် စေတီလေး။ နှစ်ပေါင်းမည်မျှ ကြာမြင့်ခဲ့သည်မသိ။ လွန်ခဲ့သည့် တစ်နှစ်က ထူးထူးဆန်းဆန်း လူတစ်ဦးရောက်ရှိလာပြီး တောင်ကုန်းလေးပေါ်ရှိ မြူနွယ်ပိတ်ပေါင်းများ ရှင်းရင်း စေတီပျက်ကလေးတစ်ဆူကို တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ရွာမှ စုပေါင်းပြီး စေတီပျက်ကလေးကို မွန်းမံပြီး ပြန်တည်ရန် ရှင်းလင်းစဉ်၊ ဘုရားဌာပနာများ ကို ထပ်တွေ့ရခြင်းဖြစ်သည်။

ထိုတောင်ကုန်းလေးနှင့် စေတီလေးက ရွာနှင့် အတန်ငယ် လှမ်းပြီး တည်ရှိခြင်းဖြစ်သည်။ စေတီလေးတွင် ဌာပနာများရှိ၍ ရွာမှ ရွာသားများ အလှည့်ကျ စောင့်ရှောက်နေရသည်။ ထိုစေတီလေးမွန်းမံပြီးလျှင် ဘုရားပွဲပြုလုပ်ရန် ရွာမှ အသက်အကြီးဆုံးဖြစ်သည့် ဘကြီးဖိုးတက်တူက ပြောထားခဲ့၍ တစ်ရွာလုံးပင် မက၊ ရွာနီးချုပ်စပ်ရွာများကပါ ဝမ်းသာနေကြသည်။

"ဒါဆို ငါတို့ ဘယ်နေ့ လုပ်ကြမလဲ ညီလုံး"

"အဲဒါ ... ငါစဉ်းစားနေတာကွ"

ညီလုံးက ပြောရင်း လက်ကျန်အရက်ပုလင်းကို ငုံ့ပြီး "ကွပ်" ခနဲမြည်အောင်မော့သောက်လိုက်သည်။ ပြီး အမြည်းစားရင်း စဉ်းစားနေသည်။ ညီလုံးမစဉ်းစားလို့ မဖြစ်။ ခုလုပ်ရမည့်အလုပ်က သိန်းဂဏန်းရမည့် အလုပ်။

သတိတစ်ချက်လွတ်သွားလျှင်မလွယ်။ ပြီးတော့ ညီလုံးတစ်သက်၊ တစ်ခါမှ မလုပ်ဖူးခဲ့သည့် အလုပ်ဖြစ်သည်။

"ငါ.... မှန်းထားတာက... လမိုက်ညပဲ သာဂိ ...တို့အလုပ်က ရှာနဲ့ခြားနေတော့ အေးအေးလူလူ လုပ်လို့ရတယ်ကွ ...ဒါပေမယ့် ခက်နေတာက စောင့်နေတဲ့သူက အမြဲတမ်းရှိနေတာကွ ...အဲဒါ အခြေအနေကြည့်မှ ဖြစ်မယ်"

"ဒါက လွယ်ပါတယ် ညီလုံးရာ တို့က အချိုကြီးရမှာ မဟုတ်လား၊ လက်လွှတ်ခံလို့ မဖြစ်ဘူး၊ အခြေအနေမပေးရင် အပြတ်ရှင်းသင့်ရင် ရှင်းရမှာပေါ့ကွာ"

သာဂိက ညီလုံးကို ပြောရင်းရလာမည့် ပိုက်ဆံများကို မျက်စိထဲတွင် မြင်ယောင်မိပြီး ခါးကြားတွင် အမြဲတမ်းပါသည့် ဓားမြောင်ကို စမ်းလိုက်မိသည်။

"မနက်ဖြန်ည ...စမယ်ကွာ ...ငါ့စရံငွေယူထားလိုက်မယ်..... ဘယ်နဲ့လဲ သာဂိ ... မင်း စိတ်ချရပဲ့မလား"

"စိတ်ချစမ်းပါ၊ ညီလုံးရာ .... မင်းနဲ့ငါက ငယ်ငယ်လေးထဲက ပေါင်းလာတဲ့ သူငယ်ချင်း အရင်းတွေပါကွာ"

သာဂိက အတော်ကြီး မူးနေပြီဖြစ်၍ ညီလုံးက စိတ်မချ၍ ထပ်မေးလိုက်ခြင်းဖြစ်သည်။ ညီလုံးမမေးလို့မဖြစ်။ သာဂိက လက်မြန်ခြေမြန်သမား။ ထစ်ခနဲဆို ဓားပါတတ်သူ။

□□□

ညအမှောင်ဆိုသော်လည်း ကြယ်ရောင်မှုန်တိမှုန်ဝါးရှိနေသည်၊ ညီလုံးက ပုဆိုးတစ်ထည်ကို ကွင်းသိုင်းလွယ်ထားပြီး ကြယ်ရောင်ဖြင့် မှိုးတဝါးလှမ်းမြင်နေရသည့် တောင်ကုန်းလေးဆီသို့ ချဉ်းကပ်လိုက်သည်။ တောင်ကုန်းလေးတစ်ခုလုံးက တိတ်ဆိတ်နေသော်လည်း တောင်ကုန်းလေး မနီးမဝေးရှိ မြင့်မြင့်မားမားနှင့် အုပ်ဆိုင်းနေသည့် ညောင်ပင်ကြီး ဆီမှ လေအဝေ့တွင် ယိမ်းနွဲ့ လှုပ်ခတ်နေသည့် တဝေါဝေါမြည်သံများက တိတ်ဆိတ်သည့်ည အမှောင်ထုထဲတွင် စူးစူးနက်နက်ကြားနေရဆဲ ဖြစ်သည်။

"ညီ ...ညီလုံး မင်းနေရာ .... သေသေချာချာ သိတယ် နော်"

"အေးပါကွာ ... မင်းကလဲ ... အရေးထဲ စကားပြောနေပြန်ပြီ... ဟိုမှာ မီးရောင်တွေ့ရတယ်ကွ ... သတိလဲ ...ထားဦး"

ညီလုံးက တောင်ကုန်းလေးပေါ်ရှိ တဲလေးအတွင်းဆီမှ မီးရောင်ကို တွေ့လိုက်ရ၍ သာဂိကို သတိပေးနေခြင်း ဖြစ်သည်။ ညီလုံးနှင့် သာဂိတို့ အစောင့်တွေ့သွားလျှင်မလွယ်။ ညီလုံးက သာဂိကို သတိပေးပြီး တောင်ကုန်း





လေးပေါ်သို့ တွားတက်ရင်း အသံများကို နားစွင့်လိုက်သည်။

ညောင်ပင်ကြီးဆီမှ အဆက်မပြတ်ယိမ်းနွဲ့ လှုပ်ခတ်နေသည့် အသံနှင့်အတူ၊ ကွင်းဖက်ဆီမှ အဆက်မပြတ် တိုက်ခတ်နေသည့် လေပြင်းသံ ဝူးဝူး။ ညီလုံးနှင့် သာဂိတောင်ကုန်းလေးပေါ်သို့ တွားတက်ခဲ့သည်က သိပ်မကြာမြင့်ခဲ့၊ စေတီပောင်းတည်ရှိရာကို ကြယ်ရောင်မှုန်ဝါးဝါးဖြင့် တွေ့လိုက်ရသည်။

ညီလုံး စေတီပောင်းလေးကို ကြည့်ပြီး ထူးထူးခြားခြား မမက်စဖူးမက်ခဲ့သည့် အိပ်မက်ကို အလိုလိုအမှတ်ရမိသွားသည်။ မိမိစိတ်ကပဲစွဲလန်းနေတာလားဟု တွေးမိရင်း ညီလုံးယူထားမိသည့် စရံငွေနှင့် နောက်ထပ်ရမည့် ငွေများ။

ထိုစဉ် ရွာဖက်ဆီမှ စူးစူးရှားရှားထိုးပေါင်လိုက်သည့် ခွေးဟောင်သံနှင့်အတူ ဆက်တိုက် ဆွဲဆွဲငင်ငင်ဖြင့် ရှည်လျားစွာ အူလိုက်သည့် ခွေးအူသံများကို မကြားစဖူး ကြားလိုက်ရ၍ ညီလုံးရင်ထဲထိတ်ခနဲ ဖြစ်သွားမိသည်။

"ညီ ...ညီ ... လုံး"

"ဘာလဲ ကွ"

"အခြေအနေက ဘယ်လိုလဲ"

"စောင့်တဲ့သူတော့ အိပ်သွားပြီကွ"

ညီလုံးက သာဂိကို ပြောရင်း စေတီပောင်းလေးနှင့် မနီးမဝေးရှိ၊ တဲအတွင်းမှ မီးရောင်လှဲ့လှဲ့ကို မတွေ့ရမှ စိတ်ချလက်ချဖြစ်သွားမိသည်။

"သွားကြမယ်... သာဂိ ... သတိလဲ ထားနော်"

"အေးပါကွာ ... ဒါပြီးရင် ပိုက်ဆံအပြည့်ရမှဖြစ်မယ်... ငါသိပ်အရေးကြီးနေတယ်ညီလုံးရာ"

"မင်းကွာ ... အရေးထဲ ...စကားရှည်နေပြန်ပြီ"

ညီလုံးက သာဂိအမေးစကားကြောင့် ဘဝင်မကျဖြစ်သွားမိသည်၊ သာဂိကိုကြည့်ပြီး ညီလုံးဒေါသကို မျိုသိပ်လိုက်ရသည်၊ ညဦးကထဲက အတန်တန်မှာထားရက်နဲ့ အရက်သောက်လာသည့်သာဂိ။ သာဂိက အရက်မူးလာလျှင် စကားကြောရှည်သည့် အကျင့်ကရှိသည်။

"မြန်မြန်လာ ... သာဂိ...အချိန်ရတုံး ဝင်ကြရအောင်"

ညီလုံးက ပြောပြောဆိုဆို အစောင့်ရှိသည့် တဲနှင့် မလှမ်းမကမ်းရှိ တဲအတွင်းသို့ ဝင်လိုက်ပြီး နားစွင့်လိုက်သည်၊ ဘာလှုပ်ရှားသံမှ မကြားရ၍ ညီလုံးလက်ထဲမှာ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်မိသည်။

တဲအတွင်းတွင်တွေ့မြင်နေရသည့် ဌာပနာများစွာထဲမှ ဘုရားလေးတစ်ဆူ၊ ညီလုံးစေတီလေးကို လာကြည့်ခဲ့စဉ်က မှတ်သားထားခဲ့သည့်နေရာက မရွေ့၊ ညီလုံးဝွင်းသိုင်းပြီး လွယ်လာသည့် ပုဆိုးထဲသို့ ဘုရားလေးကိုကရျာကရာ ထည့်ထုပ်ပြီး အခြေအနေနားစွင့်လိုက်သည်။ ဘာသံမှ မကြားရ။

ညီလုံးက စိတ်ချလက်ချဖြစ်ပြီး တဲအတွင်းမှ ထွက်ပြီး တောင်ကုန်းလေးဘေးမှ အပြေးဆင်းလိုက်သည်။

"ငါ ... ငါတို့ ချမ်းသာပြီသာဂိ ရော့ မင်းယူထားဦး"

ညီလုံးက ဘုရားလေးထည့်လာသည့် ပုဆိုးထုပ်ကို သာဂိကို ပေးပြီးကြယ်ရောင်ဝိုးတဝါးဖြင့် တွေ့ရသည့် ညောင်ပင်ကြီးအောက်ဆီသို့ ဝင်ပြီး [illegible]ဒီးသား အမောဖြေလိုက်မိသည်။

"ရှီး — ရှီး"

"ဟာ ... မြွေ... မြွေ တွန်သံတွေ ကြားတယ် ညီလုံး မင်းလက်နှိပ်ဓာတ်မီးနဲ့ — ထိုးကြည့်ပါဦး"

သာဂိ၏ ထိတ်ထိတ်ပျာပျာ စကားသံကြောင့် ညီလုံးလက်နှိပ်ဓာတ်မီးဖြင့် မြွေတွန်သံကြားရာဆီသို့ လှမ်းထိုးကြည့်လိုက်မိသည်။ ရုတ်တရက်တွေ့လိုက်ရသည့်မြင်ကွင်းက အသည်းထိတ်စရာ၊ လက်နှိပ်ဓာတ်မီးအလင်းရောင်ဖြင့် တုန့်ပြန်ပေါ်လာသည့် စူးရှဝင်းလဲ့သည့် မျက်လုံးနှစ်လုံး။

"ညီ — ညီလုံး — မြွေ — မြွေကြီးတို့ဆီလာနေတယ်"

သာဂိ၏ကြောက်လန့်တကြား ပေါ်လာသည့် စကားကြောင့် ညီလုံးလက်နှိပ်ဓာတ်မီးအလင်းရောင်ဖြင့် မြွေကြီးကို အဆက်မပြတ် ထိုးထားလိုက်သည်၊ မြွေကြီးက တရွေ့ရွေ့ဖြင့် ညောင်ပင်ကြီးဆီသို့ လာနေဆဲ ဖြစ်သည်၊ ညီလုံးက ကမန်းကတန်းပင် ပုဆိုးဖြင့် ထုပ်ယူလာသည့် ဘုရားလေးကို မွေ့ပြီး

"သာဂိ — သတိ — သတိထား — ပြေး — ပြေး"

"အား"

ညီလုံးစကားပင် မဆုံး၊ အားဟုသော အသံနှင့် အတူ ညီလုံးလက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်၊ သာဂိကို ရစ်ပတ်နေသည်ကို ညီလုံး[illegible]င်သက်မိပြီး ကြည့်နေမိသည်၊ သာဂိဓားချက်ကြောင့်လား မသိ၊ မြွေကြီးကိုယ်လုံးတွင် သွေးများ ထွက်နေသည်က အသည်းထိတ်စရာ ဖြစ်နေသည်။

"ညီ... ညီ... လုံး ... ငါ့ကို ကယ်....ကယ်ပါဦး — ကြောက်ပါပြီ အားအီး"

သာဂိထံမှ ကြောက်ရွံ့ တကြီး ဖြင့် ပလုံးပထွေးပေါ်လာသည့် စကားကြားမှ ညီလုံးဘာမှ မစဉ်းစားနိုင်တော့၊ လက်ထဲမှ လက်နှိပ်ဓာတ်မီးကို





ပစ်ချပြီး ခြေဦးတည့်ရာဆီသို့ ပြေးလာမိသည်၊ ညီလုံးမပြေးလို့မဖြစ်၊ သာဂိနှင့် မြွေကြီးအဖြစ်က အသည်းတုန်အူတုန်စရာပင်၊

ညီလုံး မည်မျှ အားသွန်ပြေးနေမိသည်မသိ၊ အဝေးဆီမှ ကြားလိုက်ရသည့် အော်သံများကြောင့် ညီလုံးရင်ထိတ်သွားမိသည်၊ ဘုရားလေးကိုမိုက်ပြီး သစ်ပင်ကြီးတစ်ပင်ကို ဝိုးတဝါးတွေ့ လိုက်ရ၍ အပြေးဝင်ကပ်လိုက်မိသည်၊ ရုတ်တရက်လစ်ဟာသွားသော အသိနှင့်အတူ နာကျင်မှုများကြောင့် ညီလုံးကြည့်လိုက်မိစဉ်၊ တွင်းချိုင့်ကြီးထဲသို့ ကျခဲ့သည့်အဖြစ်၊ ညီလုံးအမှောင်ထဲတွင် စမ်းရင်း ချိုင့်ကွက်တစ်ခုကို တွေ့လိုက်ရ၍ ဘုရားလေးကို ထည့်ပြီး မြေကြီးများ ဖုံးအုပ်လိုက်ပြီး တွင်းချိုင့်ထဲမှ တက်လာမိသည်၊

တွင်းချိုင့်ကြီးအပေါ်ရောက်မှ ကြည့်လိုက်မိသည်၊ ဘယ်နေ[illegible] ကြည့်ကြည့် ပကာပဒိတ်တိတ်ဆိတ်နေသည့် ညမြင်ကွင်း။ ညီလုံးသာဂိအဖြစ်ကို သတိရမိပြီး ရွာသို့ အမြန်ဆုံး ပြန်ရန် တောင်ကုန်းလေးကိုကြည့်လိုက်မိသည်၊ တောင်ကုန်းလေးကို ဘယ်လိုမှ မှန်းစ မရနိုင်တော့၊

"ရှီး — ရှီး"

"ဟင် — မြွေ — မြွေ"

ညအမှောင်ကြားမှ စူးစူးရှရှပေါ်လာသည့် မြွေတွန်သံကို ကြားလိုက်ရ၍ ညီလုံး ခေါင်းနပန်း ကြီးသွားမိသလို တစ်ကိုယ်လုံး ဇောချွေးများ ပြန်လာမိသည်၊ ညီလုံးရှေ့သို့ ကြည့်လိုက်မိသည်၊ ကြယ်ရောင်မှုန်ပျပျဖြင့် ပြေးနေမိသည်၊ ညီလုံးပြေးရင်း နောက်သို့ လှည့်ကြည့်မိစဉ်၊ ကြယ်ရောင်ကြားမှ ညီလုံးနောက်သို့ တရွေ့ရွေ့လိုက်လာသည့် မြွေကြီး၊

□□□

"လူလေး ... လူလေး"

ညီလုံး မြွေကြီးရန်က လွတ်အောင် မည်မျှ အားသွန်ပြေးနေမိသည် မသိ၊

ရုတ်တရက်ပေါ်လာသည့်အသံလှိုင်းကြောင့် ညီလုံးကြောက်ကြောက်ရွံ့ရွံ့ဖြင့် မျက်စိကို ဖွင့်ကြည့်လိုက်မိသည်၊ ညီလုံးကို စိုးရိမ်စွာ ကြည့်နေသည့် မျက်နှာ၊

"ဟင် — အ — ဘ — ဖိုးတက်တူ — ကျွန်တော် — ကျွန်တော့်ကို ကယ် — ကယ်ပါဦး — ဟိုမှာ မြွေ — မြွေကြီးလာနေပြီ"

ညီလုံး ထံမှ ကြောက်ရွံ့တကြီး ပေါ်လာသည့် အသံနှင့်အတူ ခန္ဓာကိုယ်

ဟစ်ခုလုံး ဒဏ်ရာများနှင့် တွေ့ရသည့် အဖြစ်ကြောင့် အဘဖိုးတက်တူပင် တအံ့တသြဖြစ်မိပြီး မယုံနိုင်အောင်ဖြစ်သွားမိသည်။ ညီလုံးက အကြောက်အရွံ့ မပြေနိုင်ဘဲ မြွေကြီးလာနေပြီဟု ပြောနေ၍ အဘဖိုးတက်တူ စဉ်းစားမရနိုင်တော့။

"မြွေကြီး ... မရှိပါဘူး ... လူလေးရယ် ... လူလေးအဘတဲကို ရောက်နေတာကွဲ့"

"ဗျာ .... ကျွန်တော် ... ကျွန်တော် ရောက်နေတာ"

ညီလုံးက အိပ်မက်မက်နေရာမှ လန့်နိုးသွားသည့်နယ်၊ အဘဖိုးတက်တူစကားကြောင့် မျက်စိဝေ့ပြီး ကြည့်လိုက်မိသည်။ ညီလုံးရောက်နေသည်က အဘဖိုးတက်တူတဲ၊ ညီလုံး မိမိအဖြစ်ကို မယုံနိုင်အောင် ဖြစ်သွား...သည်။ ညီလုံး မျက်စိထဲတွင် မိန်းမသဏ္ဍာန် နှင့် မြွေကြီးကို မြင်ယောင်မိရင်း ကြောက်လန့်စိတ်က မပြေနိုင်ဘဲ ရှိနေသည်။

"ကဲ ... ကဲ ... လူလေး ခြေထောက်က ဒဏ်ရာအတွက် အနာသက်သာအောင် ဆေးတစ်ခွက်သောက်လိုက်ဦး"

အဘဖိုးတက်တူက ပြောပြီး ဆေးတစ်ခွက်တိုက်လိုက်မှ ညီလုံး ဆေးသောက်ပြီး ခြေထောက်နစ်ဖက်လုံး ကို သတိရပြီး လှုပ်ရှားကြည့်မိသည်။ ဘယ်လိုလှုပ်ရှားကြည့်ကြည့် ညီလုံးခြေထောက်နစ်ခုစလုံး လှုပ်ရှား၍ မရတော့။ အဘဖိုးတက်တူက ရေနွေးကြမ်းတစ်ခွက်ကို သောက်ပြီး ...

"ဘယ်လိုဖြစ်ခဲ့တာလဲ .... လူလေးရယ် .... မသေကောင်းမပျောက်ကောင်းကွယ် .... အဘလူလေးကို တွေ့ရတော့ အံ့သြသွားမိတာ အမှန်ပဲကွဲ့"

"သာ ... သာဂိရော အဘ"

"အင်း ... သာဂိအဖြစ်ကတော့ .... စိတ်မကောင်းစရာပါပဲ ... လူလေးရယ်"

"ဗျာ ...သာ...ဂိဘာဖြစ်လို့လဲ ... အဘ"

"သာဂိ ... တောင်ကုန်းလေးဘေးက ညောင်ပင်အောက်မှာ မြွေဆိပ်သင့်ပြီး ဆုံးနေတာ တွေ့ရတယ် ... လူလေး"

"ဟာ .... ဒါဆို ကျွန်တော် ... ကျွန်တော်"

ညီလုံးက သာဂိအဖြစ်ကို သိလိုက်ရ၍ စကားပင် ဆက်မပြောနိုင်တော့၊ တစ်ကိုယ်လုံး ကတုန်ကယင်ဖြစ်ပြီး စိတ်မလုံသလို ဖြစ်သွားမိသည်။

"အင်း ... သာဂိအဖြစ်က ထူးဆန်းတယ်လို့ ပြောရမှာပဲ လူလေး .... ညက အဘလဲ ဘယ်လိုဖြစ်တယ် မသိပါဘူးကွယ် .... တစ်ညလုံး ထူးထူးခြား





ခြား အိပ်လို့ မပျော်ခဲ့ဘူး ... အဘကို မိန်းကလေးတစ်ယောက်က နိုးနေသလို ခံစားရတယ် လူလေး"

အဘဖိုးတက်တူ က ပြောရင်း ညီလုံးကို ကြည့်နေသည့်အကြည့်၊ ညီလုံး အဘဖိုးတက်တူမျက်နှာကို ရဲရဲ မကြည့်ဝံ့တော့၊ အပြစ်ရှိသူပိပိ ခေါင်းကြီးငုံ့ ထားမိသည်။ အဘဖိုးတက်တူက စကားဆက်သည်။

"အဲဒါနဲ့ ... အဘတဲအပြင်ဘက်ကို ထွက်ကြည့်တော့ ... စေတီလေးဆီက မီးတုတ်အလင်းရောင်တွေကို ထူးထူးခြားခြား တွေ့ခဲ့ရတယ် လူလေး"

"အဘ ... မီး .... မီးတုတ် ... အလင်းရောင်တွေကို တွေ့ရတယ်"

ညီလုံး မယုံနိုင်အောင် ဖြစ်သွားမိသည်။ ညက စေတီလေး ရှိသည့် တောင်ကုန်းနားတွင် မီးရောင်ဆို၍ ညီလုံး ၏ လက်နှိပ်ဓာတ်မီး ရော...ရှိသည်။

"ဟုတ်တယ်လူလေးအဘလဲ စေတီလေးမှာတစ်ခါမှ မီးတုတ်အလင်းရောင် မတွေ့ဘဲ ညက ထူးထူးခြားခြား တွေ့ရလို့ အံ့သြပြီး လာခဲ့တာ ... အဘ စေတီလေး မရောက်ခင် အော်သံကြားလို့ ကြည့်လိုက်တော့ သာဂိကို ညောင်ပင်အောက်မှာ လူးလိမ့်ပြီး စေတီလေးကို လက်ညှိုး ထိုးပြရင်း ဆုံးသွားလို့ .... အဘတဲ ကို ခေါ်ပြီးလာခဲ့ရတာပဲ"

ညီလုံး ကြားနေရသည့်အဖြစ်က အံ့သြစရာ၊ မိမိနှင့် သာဂိပြုလုပ်ခဲ့သည် အဖြစ်၊ ပြီးယူခဲ့မိသည့် ဘုရားလေး။ ညီလုံး စိတ်မလုံခြုံတော့၊

"အဘ .... စေတီလေးက .... ဘုရား ... ဘုရား"

"လာ လူလေး ... ဘုရားလေး ဘာဖြစ်လို့လဲ လူလေး ... အဘ မနက်က သွားကြည့်တော့ စေတီလေး ဌာပနာတွေ ကြားမှာ ရှိနေသားပဲ..."

အဘဖိုးတက်တူ စကားကြောင့် ညီလုံး မိမိကြုံ ခဲ့ရသည့် အဖြစ်**ကို** မယုံနိုင်အောင်ဖြစ်သွားမိသည်။ ညက ညီလုံးသာဂိနှင့် ပြေးရင်း ဘုရားလေး**ကို** ပုဆိုးဖြင့် ထုပ်ပြီး တွင်းချိုင့်ကြီးထဲတွင် ဝှက်ထားခဲ့သည် မဟုတ်ပါလား။ ညီလုံးမိမိအဖြစ်ကို ပြန်တွေးမိရင်း ကြက်သီးအလိုလို ထသွားမိသည်။

"အဲဒီ ... ဘုရားလေးကို .... ညက ...ကျွန်တော်နဲ့ သာဂိ ရောင်းစားဖို့.... နိုး.... နိုးခဲ့တာ ... အဘ"

"ဟေ"

ညီလုံး၏ တုန်ယင်စွာပေါ်လာသည့်စကားကြောင့် အဘဖိုးတက်တူပင် အာမေဋိတ်သံ ထွက်သွားမိသည်၊ ပြီး ညီလုံးကိုကြည့်ပြီး အံ့သြထိတ်လန့်သွားမိသည်၊ ပြီး အဘဖိုးတက်တူသည် စေတီလေးနှင့် ပတ်သက်ပြီး

ထုံးထူးခြားခြားမကြာခဏ မက်ခဲ့သည့်အိပ်မက်ထဲမှ မိန်းကလေး။

"ဘာသာမှန်း မသိ... သာသနာမှန်းမသိ.... လောဘ သက္ကာယ တွေ ဖုံးလွှမ်းပြီး မိုက်တွင်းနက်ကြပါလား ...လူလေးတို့ရယ် ၊ အင်း မိမိအပြုမှား ခဲ့တဲ့မကောင်းမှုကံက၊ ကြာကြာဆိုင်း မနေဘူးဆိုတာ .... မသိကြရော့သ လားကွယ်"

အဘ ဖိုးတက်တူ၏ စကားသံကြားမှ ညီလုံးပို၍ မနေနိုင်မထိုင်နိုင် အောင် ဖြစ်သွားမိသည်။ ပြီး မိမိကျူးလွန်မိခဲ့သည့်အဖြစ်ကို နောင်တရမိသွား သည်။

"အဘ ... ကျွန်တော့်ကို ... ကယ်ပါဦး ... ကျွန်တော်... မှားခဲ့ပြီ အဘ... ...ခဲ့ပြီ"

ညီလုံးက ပြောရင်း ဟန်ပင်မဆောင်နိုင်တော့ ရှိုက်ကြီးတစ်ငင် ငိုလိုက်မိသည်။ ညီလုံး မငိုလို့မဖြစ်။ သာကိအသေဆိုးဖြင့် သေခဲ့ရသည့်အဖြစ် က၊ ကြောက်မက်ဖွယ်ရာ အတိပင်။

"လူလေးတို့ ကြံစည်ခဲ့တဲ့ ဘုရားလေးက မြဘုန်းနွယ်ဆိုတဲ့ မင်းသမီး လေး လှူဒါန်းထားခဲ့တာကွဲ့"

"မြ– ဘုန်းနွယ် ... မင်းသမီး"

အဘဖိုးတက်တူ စကားကြောင့် ညီလုံး တအံ့တသြဖြစ်မိပြီး မိမိကို မောင်ကြီးဟု ခေါ်ကာ အိပ်မက်ပေးခဲ့သည့် မိန်းကလေး၊ ပြီး မိမိနှင့် သာကိယူခဲ့ သည့်ဘုရားလေးက ရွှေဘုရားလေးအစစ်၊ ဒါကြောင့်လည်း ညီလုံးနှင့်သာကိ ကြံစည်ခဲ့ခြင်းဖြစ်သည်။

"အဘက ဒီဘုရားလေးကို ရွှေဘုရားလေး အစစ်ဆိုတာ သိခဲ့တယ် လူလေး ... ဘာကြောင့်လဲ ဆိုတော့ အဲဒီကြေးဘုရားလေးနဲ့ ရွှေဘုရားလေးတို့ မှာ ထိုးထားတဲ့ စာလေးကိုတွေ့ရပြီး မြဘုန်းနွယ် မင်းသမီးလေး လှူဒါန်းပြီး ဌာပနာခဲ့တဲ့စေတီလေးမှန်း သိခဲ့ရတယ်"

အဘ ဖိုးတက်တူက ပြောပြီး ကွမ်းတစ်ရာ ပါးစောင်းတွင် ငုံထားလိုက် သည်။ ညီလုံးအဘဖိုးတက်တူကိုကြည့်ပြီး ညက ဝှက်ထားခဲ့သည့် ဘုရားလေး ကို သတိရသွားမိသည်။

"ကျွန်တော် ညက တွင်းချိုင့်ကြီးထဲမှာ ရွှေဘုရားလေးကို ဝှက်ထား ခဲ့တယ် ... အဘ"

"ဘာ လူလေး ရွှေဘုရားလေးကို ဝှက်ထားခဲ့တယ် ဟုတ်လား"

ညီလုံးစကားကြောင့် အဘဖိုးတက်တူ ပင် မယုံနိုင်အောင် ဖြစ်သွားမိ





သည်။

"လူလေးတို့ယူသွားခဲ့တာ ရွှေဘုရားလေး မဖြစ်နိုင်ဘူးကွဲ့ အဘက ရွှေဘုရားမှန်း သိလို့ ဖျူးဘာသာနဲ့ သာသနာ အမွေအနှစ်လက်ရာတွေကို မသမာသူတွေရဲ့ လက်ထဲရောက်ပြီး ပျောက်ကွယ်သွားမှာ စိုးလို့ ရွှေဘုရား လေးကို ရှာဦးဆရာတော်ထံမှာ အပ်နှံခဲ့တာ ကြာခဲ့ပြီလူလေး"

"ဒါ ... ဒါဆို ... ကျွန်တော်ယူခဲ့တာ ရွှေဘုရားမဟုတ်ရင် ကြေးဘုရား လေးပဲ... ဖြစ်မယ် အဘ"

ညီလုံးက မိမိအဖြစ်ကို ပြန်မတွေးရဲ အောင် ခံစားနေမိသည်။ အဘဖိုးတက်တူ က ညီလုံးစကားကို အတန်ကြာစဉ်းစားပြီးမှ ...

"မဖြစ်နိုင်ဘူး လူလေး ...စေတီလေးပေါ်မှာ ကြေးဘုရားလေး ရှိသားပဲ"

"ဗျာ"

ညီလုံး အဘဖိုးတက်တူ စကားကြောင့် ဘာစကားဆက်ပြောရမှန်း မသိတော့၊ မိမိအဖြစ်ကိုအံ့သြတကြီးဖြစ်မိပြီး၊ မယုံနိုင်အောင်ဖြစ်သွားမိသည်။ ပြီးမိမိကိုယ်အိပ်မက်ပေးခဲ့သည့်မိန်းမပျို၏စကားသံကိုပြန်လည်ကြားယောင် မိသည်။

"မပြစ်မှား အပ်တဲ့ ပစ္စည်းတွေကို ဘာဖြစ်လို့ ကြံရွယ်ချင်ရတာလဲ ... မောင်ကြီးရယ် .... နမလေးနဲ့ မောင်ကြီးက ဘဝအဆက်ဆက်က ဆွေမျိုးတွေ ပါ၊ ဘုရားဆင်းတုတော်ကို နမလေးလှူဒါန်းပြီး သစ္စာပန်ခဲ့တာ ကြာခဲ့ပြီ ... မောင်ကြီးပြစ်မှားဖို့ ကြံရွယ်ခဲ့ရင် မောင်ကြီး အပြစ်ဒဏ်ကို မောင်ကြီး ခံရမှာ"

ညီလုံး မကြားဝံ့သည့်အလား နားနှစ်ဖက်ကို လက်ဖြင့် ပိတ်ပြီး မျက်ရည်တွေတွေ ကျနေမိသည်။ ညီလုံးမျက်ရည်ကြားမှ တောင်ကုန်းလေး ပေါ်ရှိ စေတီလေးကို ကြည့်လိုက်မိသည်၊ စေတီလေးရှိရာသို့ သွားနေသည့် ဝိုးတဝါး အရိပ်သဏ္ဍာန် တစ်ခု။ ညီလုံးအကြည့်မမှားနိုင်တော့ပါ။ ညီလုံး အိပ်မက်မက်ခဲ့သည့်အတိုင်း နန်းဝတ်နန်းစားဖြင့် ပိုးပဝါဖြူဖြူလေးကို ပုခုံးပေါ်လွှမ်းပြီး တရွေ့ ရွေ့ သွားနေသည့် ဝိုးတဝါးအသွင် သဏ္ဍာန်က မြဘုန်းနွယ်မင်းသမီး လေးကလွဲ၍ ဘယ်သူမှ မဖြစ်နိုင်သည်ကို။ ကာယကံရှင် ညီလုံးက လွဲ၍ .....

ဇလွန်ကျော်ဦး

ကာရန်မှားသောသီချင်းတစ်ပုဒ်

# မြင့်မြတ်ဖြူစင်

(အရှေ့ပိုင်းတက္ကသိုလ်)



## မြင့်မြတ်ဖြူစင် (အရှေ့ပိုင်းတက္ကသိုလ်)

### ကာရန်မှားသောသီချင်းတစ်ပုဒ်

"ဂျစ်"

"ဂျစ် ... ဂျစ် ..."

"ဒလိန်း ... ဒိန်း ... ဒိန်း ... ဂျိမ်း"

"ဒလုန်း ... ဒုန်း ... ဒုန်း ... ဂျုန်း"

"ဝုန်း"

မိုးသည် သဲသဲမဲမဲရွာသွန်းလျက်ရှိပြီး 'လှစ်ခနဲ' 'လက်ခနဲ' 'ဖျတ်ခနဲ' အထောင်လိုက်(ဒေါင်လိုက်)လက်လိုက်သော ပန်းခက်ပန်းနွယ်လျှပ်စီးကြောင်း၏နောက်မှ ထပ်ကြပ်မကွာလိုက်ပါမြည်ဟည်းဟိန်းဟောက်ကာ ပစ်ချလိုက်သော မိုးကြိုးပစ်သံကြောင့်ကမ္ဘာမြေကြီးတစ်ခုလုံး သိမ့်သိမ့်ခါအောင်တုန်လှုပ်ခါယမ်းသွားသည်။

"တဝေါဝေါ" တိုက်ခတ်နေသော လေပြင်းမုတ်သုန်တို့နှင့်အတူ"တဖျောင်းဖျောင်း" "တဂျောင်းဂျောင်း"သံများကိုပေးကာမြည်စေလျက် ကောင်းကင်ယံမှ အရှိန်ပြင်းစွာနှင့်ပစ်ချလိုက်သလို

ရှိကြကုန်သော "ဆီးဖြူသီး" လုံးခန့်ရှိ မိုးသီး၊ မိုးစက်ပေါက်များက "မြား" အစင်းစင်းတို့အား လေးညို့မှပစ်လွှတ်လိုက်သလို လေထုအား ထိုးဖောက်ကာ ကမ္ဘာမြေကြီးကိုပြင်းစွာထိမှန်၍ စိုက်ဝင်ပျောက်ကွယ်သွားကြလေသည်။

လဆုတ်လကွယ်ရက် လမိုက်ညမိုးမှောင်ထဲတွင်လျှပ်စီးလက်သည့်အခိုက်အတန့်တစ်ခဏတာမှလွဲ၍ညသည်ပကတိမည်းတူးမှောင်ပိန်းလျက်။ မဟူရာကတ္တီပါခြုံလွှာတစ်ထည်ဖုံးအုပ်လွှမ်းခြုံထားသည့်အလား။ ပိတ်ပိတ်သည်းသည်းမှောင်မိုက်လျက်။ ရင်ကျက်လွန်းလှသည်ဟု ထင်မည်ဆိုက ထင်စရာ။ တစ်ချက်ချက်တွင် ...

လျှပ်စီးအလယ်၌ မြင်တွေ့ရသောမြင်ကွင်းများ၊ မိုးညအမှောင်ထဲတွင် အေးစက်ငြိမ်သက်၍တုပ်တုပ်မျှပင် မလှုပ်ရှားကြသော သင်္ချိုင်းအုတ်ဂူများ၊ မြေပုံမှတ်တိုင်အသစ်နှင့် အဟောင်းများ။ ပြီးလျှင် သုသာန်သင်္ချိုင်းတစပြင်တွင် တစ်ပင်တည်းထီးထီးမားမားကြီးနှင့်ရပ်တည်ရှင်သန်လျက်ရှိသည့်လေပြင်းမုတ်သုန်အမွှေ့တွင် အရက်၊ ထန်းရည်အမူးသမားတစ်ယောက်ပမာယိမ်းယိုင်ယမ်းခါနေသော ကုက္ကိုပင်ကြီး။ ထိုပြင်တစ်ဝမြင်တွေ့ရသည်က ထိုသစ်ပင်ကြီးအောက်မှာ "တကျွီကျွီ" "တဖြောင်းဖြောင်း" နှင့် လှုပ်ခါတုန်ယင်နေသော သုသာန်ဇရပ်အိုပျက်ကြီးတစ်ဆောင်။

နောက်ထပ် ...

အေးစက်ကြမ်းကြုတ်သော လေပြင်းတစ်ချက်အခတ်အဝေ၊ လျှပ်စီးတစ်ပြက် "ရှပ်ခနဲ" အပြက်အလက် ...

"ဂျိမ်း"

"ဒလိန်း .. ဒိန်း"

"ဂျိမ်း .. ဂျိမ်း ... ဂျုန်း ..."

"ဝုန်း"





ဟူသော မြည်ဟည်းသံကြီးနှင့်အတူ ပစ်ချလိုက်သော မိုးကြိုးလျှပ်ရောင်အောက်တွင် ရုတ်တရက် "ဖျက်ခနဲ" မြင်တွေ့လိုက်ရသည်မှာ ...

(၂)

သင်္ချိုင်းအုတ်ဂူများ၊ မြေပုံမှတ်တိုင်များ၊ ဆူးခက်ချုံပုတ်ချုံနွယ်တန်းများကြားမှ မိုးရေစက်သဲသဲမဲမဲတို့ထဲတွင် တစ်ရွေ့ချင်းတစ်ရွေ့ခြင်း တစ်လှမ်းချင်း တစ်လှမ်းချင်းနှင့် ရွေ့လျား[illegible]သော မည်းမည်းမည်းမည်းနှင့် သဏ္ဌာန်သုံးခု။ တွေ့မြင်ရသည်က သုသာန်တစပြင်မို့လား မပြောတတ်၊ ချောက်ချားစရာ။ ထိုမည်းမည်းသဏ္ဌာန်များဦးတည်ရွေ့လျားနေသည်က သင်္ချိုင်း၏အလယ်ဗဟိုရှိ တစ်ပင်တည်းသောကုက္ကိုပင်ကြီးအောက်မှ သုသာန်ဇရပ်ပျက်အိုကြီးဆီသို့။

ဝင်းလက်တောက်ပနေသော လျှပ်ရောင်များ တစ်ချက်တစ်ချက် "ဖျတ်ခနဲ" "ဖျတ်ခနဲ" လက်လိုက်စဉ် မြင်တွေ့ရသည်မှာ သုသာန်တစပြင်မှ တစ္ဆေသရဲသုံးကောင်လား ... မိုးညအမှောင်၏ကြောက်မက်ဖွယ်ရာ ညဆိုးထဲတွင်အရုပ်ဆိုးအကျည်းတန်လှသည့်မြင်ကွင်း။

ထိုစဉ် ...

လျှပ်စီးတစ်ပြက် "ရှက်ခနဲ" အလက် ...

"ဂျုန်း .."

"ဒလုန်း .. ဒိန်း ..ဒိန်း ..."

"ဂျိမ်း .... ဝုန်း "

ကျယ်လောင်စွာမြည်ဟည်းပစ်ချလိုက်သည့် မိုးကြိုးပစ်ချသံနှင့်အတူ လေပြင်းမုတ်သုန်တို့၏ ခပ်ကြမ်းကြမ်းပွေ့ဖက်ထိတွေ့များရှပ်ထွေးရောယှက်ကာ ပတ်ဝန်းကျင်တစ်ခုလုံး သိမ့်သိမ့်

ခါအောင်တုန်လှုပ်သွားပြီး ...

ထိုမည်းမည်းသဏ္ဍာန်သုံးခုသည်ရွာထဲဆီသို့ ဦးတည်လျက် တစ်ရွေ့ချင်း တစ်ရွေ့ချင်းနှင့် ...။

ပြီးတော့ ...

တစ်လှမ်းချင်း တစ်လှမ်းချင်းနှင့် သုသာန်တစပြင်အား ကျောခိုင်းလျက်။

(၃)

" ဟာ ... ကိုလှကျော်၊ ဘယ်တုန်းကရောက်လဲ၊ ဒီတစ်ခေါက်တော့ စောစောစီးစီးကြီးများတောင်ရောက်လာပါလားဗျ။ လာဗျာ ... ရေနွေးကြမ်းလေးဘာလေးသောက်ပါဦး"

တောကျေးလက် ဇနပုဒ်သားတို့၏ထုံးစံအတိုင်းသဘောမနောကောင်းလွန်းလှရှာသော ကိုမိုးကြွယ်က ၎င်း၏မိတ်ဆွေကြီး ကိုလှကျော်ဆိုသူမှာ နယ်ထိန်းရဲတစ်ဦးဖြစ်ပြီး၊ ရမည်းသင်းမြို့အရှေ့တောင်ဘက် ခပ်ယွန်းယွန်း(၁၀)မိုင်ခန့်အကွာရှိ "တူးကုန်းရဲစခန်း"တွင် တာဝန်ကျနေသူဖြစ်သည်။

ကိုလှကျော်သည် တာဝန်အရဆိုသလို တစ်လလျှင်တစ်ခေါက်လောက်နီးပါးရမည်းသင်းမြို့အရှေ့ဘက် ခပ်ယွန်းယွန်း(၉)မိုင်ခန့်အကွာရှိ ကိုမိုးကြွယ်တို့၏'ကျီစုရွာ'သို့ရောက်လာတတ်လေသည်။

ကိုမိုးကြွယ်နှင့် ကိုလှကျော်သည်အရင်းနှီးဆုံးသော မိတ်ဆွေရင်းချာများလို ခင်ကြသည်။ ကိုလှကျော်သည် တစ်လတစ်ခေါက်ကျီစုရွာသို့ရောက်လာလေတိုင်း ကိုမိုးကြွယ်ထံသို့ဝင်ကာ ကိုမိုးကြွယ်၏မိန်းမဒေါ်ဗျောကိုယ်တိုင် ထန်းလျက်အကြမ်းခဲကြီးများနှင့် ထနောင်းပင်အခေါက်တို့ရောကာချက်လုပ်သည့် တောချက်အရက်ကို ကိုမိုးကြွယ်နှင့်အတူ ရင်းရင်းနှီးနှီးသောက်နေ





ကျ။

ခုလည်း ...။

ကိုလှကျော်တစ်ယောက် ရဲတပ်ဖွဲ့ဝင်နောက်လိုက်နှစ်ယောက်နှင့်အတူ စောစောစီးစီး ကိုမိုးကြွယ်တို့၏ရွာသို့ရောက်လာပြန်လေသည်။ ကိုလှကျော်က ကိုမိုးကြွယ်ပြောစကားကို ဘာတစ်ခွန်းမျှတစ်စုံတစ်ရာ တုံ့ပြန်ခြင်းမပြုဘဲ ခရီးရောက်မဆိုက် မဆိုင်းမတွပင်။

"ဆောရီးပဲ ကိုမိုးကြွယ် ... စိတ်တော့မရှိပါနဲ့။ ကျုပ်တို့အခု ခင်ဗျားကို လာဖမ်းတာ။ စိတ်တော့ မကောင်းပါ ဒါကလဲ တာဝန်အရမို့ပါ"

"ဟာဗျာ .. ခင်ဗျားကလဲ နမိတ်မရှိ၊ နမာမရှိနဲ့။ စောစောစီးစီး လာနောက်နေပြန်ပါပြီ။ ခင်ဗျားမသောက်ရသေးဘူးနဲ့တူတယ်။ ကဲ ... သောက်မလား။ ဟဲ့ ..မိဗျောရေတစ်ပိုင်းလောက်အရင်ချပေးပါဟာ။ ဒီမှာငါ့ညို့သည်ကြီးရောက်နေလို့"

ကိုမိုးကြွယ်သည် ကိုလှကျော်(နယ်ထိန်း)နောက်ပြောင်ပြောနေသည်ထင်၍ အထက်ပါအတိုင်းပြန်ပြောကာ မီးဖိုခန်းထဲတွင် အရက်ပေါင်းအိုးတစ်လုံးနှင့် အလုပ်ရှုပ်နေသော သူ၏မိန်းမဒေါ်ဗျောအားတစ်ဆက်တည်း လှမ်းပြောလိုက်ခြင်းဖြစ်လေသည်။

နယ်ထိန်း ကိုလှကျော်က ကိုမိုးကြွယ်အား ရှုတည်တည်မျက်နှာသေမျက်နှာထားနှင့် ပြန်ကြည့်ကာ ...

"ကျုပ် မနောက်ဘူး ကိုမိုးကြွယ် ... ကျုပ်တကယ်ပြောနေတာ။ ဒီရွာက ခင်ဗျားနဲ့ နောက်ထပ်နှစ်ယောက်ကို ဓားပြမှုနဲ့ ညကကျုပ်တို့စခန်းမှာ လာပြီးတိုင်ချက်ဖွင့်ထားလို့ ကျုပ်စောစောစီးစီးလာခဲ့ရတာပဲ"

"ဘာ ... ဘာ ... ပြောတယ်။ ကျုပ်တို့ရွာက ကျုပ်နဲ့တခြားနှစ်ယောက် ညကဓားပြတိုက်တယ်။ ဟုတ်လား ... ဘယ်မှာတိုက်တာလဲ။ ဘယ်သူ့အိမ်ကိုတိုက်တာလဲ။ ဘယ်သူက

လာတိုင်တာလဲ။ ကျန်တဲ့နှစ်ယောက်ဆိုတာကကော ဘယ်သူတွေလဲ။ ဟာ ..., ကိုလှကျော် ခင်ဗျားဟာက မဟုတ်သေးပါဘူး"

ကိုမိုးကြွယ်မှာ နယ်ထိန်းကိုလှကျော်၏စကားကြောင့် ထိတ်လန့်တုန်လှုပ်ကာ အံ့သြမှုနှင့်အတူ ပြန်ပြောလေရာ ..

ကိုလှကျော်က ...

"ဟုတ်တယ် ... ကိုမိုးကြွယ် ... 'ထနောင်းကုန်းရွာ' တောင်ဘက်တံခါးအထွက်ဘေးက ကိုချက်ကြီးအိမ်ကို မနေ့ညက မိုးတွေရွာနေတုန်း တိုက်သွားတာ။ အဲဒီကိုချက်ကြီးကို ခင်ဗျားလဲ [illegible]ယ်။ အေး ... အဲဒီချက်ကြီးကိုယ်တိုင်ပဲ စခန်းကိုလာပြီး တိုင်ချက်ဖွင့်သွားတာ။ ကဲ ... ခင်ဗျားရှင်းပြီလား"

ကိုလှကျော်၏ရှင်းပြသောစကားကြောင့် ကိုမိုးကြွယ်မှာ အလန့်တကြားဖြစ်ရသည်ကတော့အမှန်ပင်။ သို့သော်မိမိမှာ ဘုမသိ ဘမသိနှင့် စွပ်စွဲခံနေရလေသည်။ တစ်ခုခုတော့ တစ်ခုလွဲချော်နေပြီဟု ကိုမိုးကြွယ် ထင်လိုက်မိသည်။ ဘာတွေလွဲချော်၍ ဘာတွေတိမ်းစောင်းနေသည်လဲဆိုတာတော့ ကိုမိုးကြွယ်ကကယ်ပင်မသိခဲ့တာအမှန်ပင်။

ကိုလှကျော်ကပင် ဆက်၍ ...

"ခင်ဗျားတို့ ဓားပြတိုက်ပြီး ပြန်အထွက်ကိုချက်ကြီးကိုယ်တိုင်ခြေရာခံလိုက်လာတာ ခြေရာတွေက ခင်ဗျားအိမ်ရှေ့မှာတင် လမ်းဆုံးနေကြတယ်တဲ့"

"ဟာ ..ဒီမှာ ကိုလှကျော် .. ခြေရာတွေက ကျုပ်ရဲ့ အိမ်ရှေ့မှာဆုံးတိုင်း ကျုပ်ကဓားပြတိုက်တဲ့တရားခံဖြစ်ရမှာလား။ ခင်ဗျားစဉ်းစဉ်းစားစားလဲပြောပါ။ လုပ်ပါဗျာ .. ခြေရာတွေက ကျုပ်အိမ်ရှေ့မှတင် လမ်းဆုံးရအောင် ကျုပ်က ကျုပ်အိမ်ကနေ ထနောင်းကုန်းရွာမပြောနဲ့ ဝေးလို့အိမ်ပေါ်ကနေ အိမ်အောက်ကိုတောင် ဆင်းပြီးလမ်းလျှောက်တဲ့ကောင်မဟုတ်ဘူးဗျ"

ကိုမိုးကြွယ်သည် ပြောရင်းပြောရင်းဖြင့် အသားများပင်





တဆတ်ဆတ်ပင်တုန်ယင်ကာ ဒေါသပါထွက်လာလေတော့သည်။ ပြောရင်းနှင့်ပင် ဒေါသသံပါလာပြီးအသံများ မာကျောပြတ်တောက်လာကာ ကျယ်လောင်ကျယ်လောင်ပင်ဖြစ်လာသည်အထိ။ ရွာထဲမှလူအများသည်လည်း ဘာဖြစ်ကြတာလဲဟူသောအသံများ နှင့်ဝိုင်းအုံလာကြလေရာ ကိုမိုးကြွယ်မှာ အလွန်ပင်ရှက်နေရလေသည်။

သည်တွင် ကိုလှကျော်က ...

"ကဲ ... ကိုမိုးကြွယ် ခင်ဗျား ဒီထက်ရှင်းအောင်ကျုပ်ပြောမယ်။ ဓားပြတိုက်တဲ့ သုံးယောက်ထဲမှာ တစ်ယောက်ရဲ့ ညာဘက်ခြေညှိုးကပြတ်နေတယ်။ ပြီးတော့ ခြေရာခံလိုက်[illegible] တော့လဲ ခြေရာတွေက ခင်ဗျားရဲ့အိမ်ရှေ့မှာဆုံးနေကြတယ်။ နောက်ပြီး ခင်ဗျားရဲ့ညာဘက်ခြေညှိုးကလဲ တိုနေတယ်ဗျာ။ ကဲ ခင်ဗျားဘက်ဆက်ငြင်းချင်သေးလဲ။ ခင်ဗျားနဲ့အတူတိုက်တာက ရွာအနောက်ပိုင်းက ညွန့်ဝင်းနဲ့ အရှေ့ဘက်ပိုင်းက ကျင်မောင်တို့ပဲ"

"ဗျာ"

"ဟာကိုလှကျော် .. ခင်ဗျား"

ကိုလှကျော်၏ရှင်းပြချက်စကားအဖြေကြောင့် ကိုမိုးကြွယ်မှာ ဗျာတစ်လုံးသာ'တ'နိုင်ရှာပြီး ဘာမျှပင်ဆက်၍ပြန်ပြောရမှန်းပင် မသိအောင်ဖြစ်သွားသည်။

ထို့နောက် ...

ကိုမိုးကြွယ်နှင့်အတူ ညွန့်ဝင်းနှင့်ကျင်မောင်တို့အား လက်ထိတ်များကိုယ်စီခတ်လျက် ...

(၄)

ဓားပြတိုက်ခံရသူ ကိုချက်ကြီး၏ထနောင်းကုန်းရွာနှင့်

ကိုမိုးကြွယ်၏ 'ကျိုစုရွာ'သည်တစ်မိုင်ခန့်မျှသာဝေးပြီး ရွာဟစ်ရွာနှင့်တစ်ရွာကြားတွင် လယ်ကွင်းများမန်ကျည်းပင်အုပ်အုပ်များသာခြား၍မိနစ်(၂၀)မျှလမ်းလျှောက်လျှင်ရောက်နိုင်သည်။

ရွာနှစ်ရွာ၏ မင်းလမ်းဟာ ဟိုးရှေးစဉ်ဆက်ကတည်းကခေါ်ဆိုခဲ့ကြသော တစ်ရွာနှင့်တစ်ရွာဆက်သွယ်ရာလမ်းကြောင်းမကြီးပေါ်တွင် တောင်နှင့်မြောက်တစ်တန်းတည်းကျကာတည်ရှိကြလေသည်။

ရွာစဉ်ရွာဆက်များနီးကာ ထနောင်းကုန်းရွာသည်ကျိုစုရွာ၏တောင်ဘက်တွင်တည်ရှိပြီး ကျိုစုရွာ၏မြောက်ဘက်တစ်မိုင်ခန့်ကွာတွင် ရမည်းသင်းမြို့နယ်၏နယ်ဆုံးရွာဖြစ်သော 'ဝကုန်းရွာ'တည်ရှိလေသည်။ ထိုဝကုန်းရွာမှမြောက်ဘက်ဆက်၍သွားလျှင်ပျော်ဘွယ်မြို့နယ်ထဲ ရောက်သွားမည်ဖြစ်လေသည်။

ဓားပြတိုက်ခံရသူ ကိုချက်ကြီးနှင့်ဓားပြတရားခံအဖြစ်ဖမ်းဆီးချုပ်နှောင်ခံနေရသူ ကိုမိုးကြွယ်မှာအလွန်မတန်မှပင် ရင်းနှီးကျွမ်းဝင်ခဲ့ကြသော မိတ်ရင်းဆွေဖော်များဖြစ်ကြလေသည်။

ယခုတော့မူ ...

တရားလို ကိုချက်ကြီးကိုယ်တိုင်ကပင် ဓားပြတိုက်သူတရားခံမှာ ကိုမိုးကြွယ်ပါဟု အတိအလင်းဖြေဆိုထွက်ရှိကာရဲစခန်းတွင်တိုင်ချက်ဖွင့်ထားသဖြင့် ကိုမိုးကြွယ်အပါအဝင်ရွာသားနှစ်ယောက်ဖြစ်ကြသော ညွန့်ဝင်းနှင့်ကျင်မောင်တို့မှာ ရဲစခန်းတွင်ရှိ အချုပ်ခန်းကျဉ်းကျဉ်းထဲတွင် ထည့်ပိတ်ကာတစ်ယောက်ပြီးတစ်ယောက်စစ်ကြောမေးမြန်းမှုများကိုခံနေခဲ့ကြသည်မှာ(၇)ရက်ခန့်ပင်ရှိပြီဖြစ်လေသည်။ သုံးယောက်စလုံးမှာလည်း နာကျင်ပင်ပန်းနွမ်းလျလွန်းလှလေပြီ။

ဓားပြတိုက်သူများထဲတွင် ခြေညှိုးတစ်ချောင်းတိုပြတ်နေသူတစ်ယောက်ပါသည်ဟုဆိုသည်။ ပြီးလျှင် မိမိ၏အိမ်ရှေ့တွင်ပင် ခြေရာတွေက ဆုံးနေသည်ဟုဆိုထားပြန်လေသည်။ ကိုမိုးကြွယ်အနေနှင့် မိမိ၏ညာဘက်ခြေညှိုးတစ်ချောင်းမွေးကတည်းကတိုပြတ်နေသည်ဆိုသည်ကိုတော့ မငြင်းလိုပေ။ ဒါကလည်းအမှန်တကယ်ပင်တိုပြတ်နေ၍ပင်။





သို့သော် ...

ဓားပြတိုက်သူမှာ မိမိပါဟု စွပ်စွဲလာသည့်အဆိုကိုတော့ဖြင့် ကိုမိုးကြွယ်ငြင်းဆိုချင်ပါသည်။

ဒါပေမယ့် ...

ဓားပြတိုက်ခဲ့သော ခြေတိုနေသူမှာမိမိမဟုတ်ပါဟု အဘယ်ကဲ့သို့သော အကြောင်းပြချက်များဖြင့် သက်သေပြကာ ကိုမိုးကြွယ်အနေနှင့် အဘယ်ကဲ့သို့ရှင်းပြပြောပြရပါမည်နည်း။

ယခုတော့မူ ...

မိမိနှင့်ရွာသားနှစ်ယောက်မှာ ရဲစခန်းတစ်ခု၏ကျဉ်းမြောင်းကျပ်တည်းလှစွာသော အချုပ်ခန်းထဲတွင် ...

အလူးအလဲနှင့်ဆုပ်လည်းစူး၊ စားလည်းရူးနမ်းလည်းမူးဆိုသည့်ပဒိုင်းသီးလိုအဖြစ်မျိုး။ ရှေ့တိုးတော့ ထမ်းပိုး၊ နောက်ဆုတ်တော့လှည်းထုတ်၊ ဘေးသို့ကန်၍ဆွဲပြန်လျှင်လည်း ကြိမ်ဒဏ်ကိုခံစားကြရမည့် နွားတစ်ကောင်၏အဖြစ်မျိုးများနှင့်။

(၅)

"နန်းခွဲ"ဟု အမည်မှည့်တွင်ကာ အခေါ်ခံနေရသောတောင်ပေါ်ရွာငယ်ကလေးတစ်ရွာ။ ဦးမောင်ကလေး၏အသုဘအိမ်။ ခုနစ်ရက် ခုနစ်လီညလုံးပေါက်ဖဲဝိုင်းတွင်ဖြစ်သည်။ လူနှစ်ယောက်။ ဟုတ်သည် ကျော်ဝင်းနှင့်ပွားတင့်တို့နှစ်ယောက်ဖဲအကြီးအကျယ်ရှုံးနေကြသည်။ ပါသမျှငွေအထပ်လိုက်ကုန်ပြီ။ လက်စွပ်လက်ကောက်ဆွဲကြိုး၊ဘယက်များမှစ၍ ပါသမျှရွှေထည်ပစ္စည်းများအားလုံးလည်းပေါင်နှံရောင်းချ၍ ရှုံးခဲ့ပြီ။

သည်တွင် ...

မထင်မှတ်သောအဖြစ်အပျက်တစ်ခုက ရုတ်ချည်းဆိုသလို မထင်မှတ်စွာနှင့် ဝင်ရောက်လာသည်။

"ကဲ ... မင်းတို့နှစ်ယောက်ဘာပြောချင်သလဲ။ အသာ တကြည်လိုက်ခဲ့ပါ"

ဩဇာအပြည့်အဝပါလေသော အမိန့်ပေးသံနှင့်အတူ လက်များကိုနောက်ပြန်ချုပ်ကာကြိုးဖြင့် တုပ်ချည်ထားစေလျက် နန်းခွဲရွာသူကြီးနှင့် လုံခြုံရေးတပ်ဖွဲ့မှအရာရှိတစ်ဦးနှင့် သူ၏ ညှများခြံရံလျက်ဖမ်းဆီးခေါ်ဆောင်စစ်ကြောမေးမြန်းခြင်းခံလိုက် ရစဉ် ...

(၆)

သည်နေ့ပါဆိုလျှင် အခန်းကျဉ်းကလေးထဲတွင် အချုပ် အနှောင်ခံနေခဲ့ကြရသည်မှာ(၁၀)ရက်မြောက်ခဲ့ပြီ။ အခြေအနေက လုံးဝမကောင်း။ လွတ်ရန်လမ်းစအခွင့်က မသာလေပြီ။ မိမိတို့ သုံးယောက်စလုံးပင် ထောင်ကျဖို့ကျိန်းသေသလောက်ဖြစ်နေလေ ပြီ။

သွားပြီ။

ကိုမိုးကြွယ်တစ်ယောက်တွေးရင်းနှင့်ပင် အတော်စိတ်ညစ် သွားရလေသည်။ မိမိမှာအသက်(၅၀)ကျော်မှ ထောင်နန်းစံကာ ထောင်ထဲ၌ပင်လျှင် လမ်းဆုံး၊ ဘဝတုံးကိစ္စပြီးရလိမ့်မည်ဟု ထင်သည်။ ဘာကြောင့်များ ဒီလိုဖြစ်ပြီးခံနေရတာလဲ။ ဒါဟာ ဝဋ်ကြွေးတစ်မျိုးကို ပေးဆပ်ခံစားရခြင်းပေပဲလား။ ဒါဆိုဘယ်ဘဝ က ပြုခဲ့မိတဲ့ ပေးဆပ်စရာကျန်နေခဲ့တဲ့ဝဋ်ကြွေးလဲ။ ကံကြမ္မာလဲ။ ငါဘယ်ဘဝမှာ ဘယ်သူ့အပေါ်မှာ ဘယ်လောက်အထိပြုခဲ့မိ သလဲ။ ကိုမိုးကြွယ် မသိပေ။





ကိုမိုးကြွယ် သိတာတစ်ခုတည်းပင်ဖြစ်သည်။ ယခုလတ် တလောတွင် ကိုမိုးကြွယ်ခံစားပေးဆပ်နေရလေသော ဝဋ်ဆင်းရဲ ဒုက္ခသည်ကား အတော်ပင်ကြီးမားဆိုးရွားလှသည်ဟုထင်သည်။

ထိုစဉ် ...

"ဒေါင် ... ဒေါင် ... ဒေါင်"

ဟူသော သုံးချက်၊ သုံးချက်၊ ဆင့်ခေါက်လိုက်သည့်မီး ကင်းတဲမှ နာရီသံချောင်းခေါက်သံလေးကြိမ်ဆက်ခေါက်သဖြင့် ညဘယ်နှစ်နာရီရှိပြီဆိုသည်ကို ကိုမိုးကြွယ်သိလိုက်ရသည်။

အင်း...

ည(၁၂)နာရီတောင်ထိုးပြီ။ ကိုမိုးကြွယ် အိပ်၍မပျော်။ အိပ်၍လည်းမရ။ တစ်ကိုယ်လုံးနာကျင်ကိုက်ခဲကာ မျက်လုံးများ က ကျိန်းစပ်ဖန်ခါးလျက်။ ငြိမ်သက်စွာလဲလျောင်းကာအတွေး တွေက ဟိုတစ်စ သည်တစ်စ ပြန့်လွင့်ဝဲပျံကာ ဆောက်တည် ရာမရ။

ညသည်ကား တိတ်ဆိတ်ငြိမ်သက်လွန်းလှပေသည်။

ရုတ်တရက်။

စူးရှရဲတင်းသော လက်နှိပ်ဓာတ်မီး၏လင်းရောင်တန်းများ က ကျိန်းစပ်နေသော မိမိ၏မျက်ဝန်းသို့တိုက်ရိုက်ပြင်းပြင်းထန် ထန်ထိမှန်လေသည်။

မိမိတို့အားလာရောက်ဖမ်းဆီးစစ်ကြောချုပ်နှောင်ကာ ထား လေသော ကိုလှကျော်သည်နယ်ထိန်းတပ်ကြပ်နှင့်အတူ တပည့် လက်သားငါးယောက် အချုပ်ခန်းတံခါးကိုဖွင့်ကာဝင်လာသည်။

မိမိတို့သုံးဦးစလုံး ရဲများမြင်လျှင်ပင် လန့်ချင်နေကြပြီ။ လိပ်ပြာက လွင့်ချင်နေကြပြီ။ 'ထနှောင်းကုန်းရွာ'ကိုချက်ကြီး၏ အိမ်အား ဓားပြတိုက်ပါသည်ဟု မဖြေမချင်း မဖော်မချင်းစစ် ကြောမေးမြန်းကြဦးမည်ထင်သည်။ မဖော်ဖော်အောင်လုပ်ကြပေ လိမ့်မည်။ ဘုရား ... ဘုရား။

ကိုမိုးကြွယ်တစ်ယောက် ဘုရားတရားသာအာရုံပြုလိုက်မိတော့သည်။ ဘုရားမှတစ်ပါးအခြားကိုးကွယ်စရာမရှိပြီဟု ကိုမိုးကြွယ် ထင်လေသည်။

သို့သော် ..

အချုပ်ခန်းအတွင်းသို့ရောက်လာကြလေလျှင် ...

"ကဲ .. ကိုမိုးကြွယ် ခင်ဗျားတို့သုံးယောက်စလုံး ဒီညပဲ အခုအချုပ်က လွှတ်လိုက်တယ်"

"ဗျာ"

ကိုလှကျော်၏မထင်မှတ်သော စကားကြောင့် သုံးယောက်စလုံးအာမေဋိတ်သံတစ်လုံးတည်းကို တစ်ပြိုင်တည်း'တ' ... တစ်ယောက်နှင့်တစ်ယောက် မယုံကြည်နိုင်လွန်းသော အံ့ဩ ...န်များနှင့်ကြည့်မိလျက်သားဖြစ်သွားကြသည်အထိ။ အိပ်မက်များမက်နေကြလေပြီလားဟု ထင်မိလိုက်သော်လည်း .. အိပ်မက်မဟုတ်လေဘဲ ကိုလှကျော်ကပင် ဆက်၍ ...

"အဲဒါ ခင်ဗျားတို့ သုံးယောက်စလုံးဒီညဒီမှာပဲ အိပ်ပြီးနောက်နေ့မနက်ကျမှပဲ ပြန်ချင်ပြန်၊ ဒါမှမဟုတ်ရင်လဲ ခုပြန်ချင်လဲ ပြန်လို့ရတယ်"

ဟား ... အိပ်မက်မဟုတ်ဘူး။ အမှန်တကယ်ပင်ဖြစ်နေသည်။ ကိုမိုးကြွယ်ဝမ်းသာလွန်းမကဝမ်းသာကာ ညတွင်းချင်းပင် ရွာသို့ပြန်ခဲ့လေသည်။

တူးကုန်းရဲစခန်းထဲတွင်တော့ ..

(၇)

"တူးကုန်းရဲစခန်း"တစ်ခုလုံးအလုပ်ရှုပ်ကုန်ကြတယ်။ နန်းခွဲရွာလုံခြုံရေးတပ်ဘက်အရာရှိကြီးတစ်ဦးနှင့်နန်းခွဲရွာသူကြီးက ပေးပို့လိုက်သော အကြောင်းကြားစာကြောင့်ရှုပ်ယှက်ခတ်သွားကြရခြင်း





ဖြစ်လေသည်။

လုံခြုံရေးအရာရှိကြီးများနှင့် နန်းခွဲရွာသူကြီးက ဖမ်းဆီးပေးလိုက်သော ဓားပြတရားခံ(၃)ဦးအား ညတွင်းချင်ပင် သွားရောက်ခေါ်ဆောင်ရလေသည်။

ဤဓားပြမှု၏အဖြစ်အပျက်အပြည့်အစုံမှာ နန်းခွဲလုံခြုံရေးအရာရှိကြီးစစ်ကြောပေးလိုက်သော စစ်ချက်များမှာ အောက်ပါအတိုင်းပင်ဖြစ်လေသည်။

++++

ဆရာချိုဆိုသူမှာ နတ်အင်းရွာ၊ နန်းခွဲရွာအပါအဝင်တောင်ပေါ်ရွာစဉ်တစ်ကြော၌ သိုင်းဆရာကြီးအဖြစ်ထင်ရှားလှ ... ဖြစ်သည်။ ငယ်ရွယ်နုစဉ်က သိုင်းပညာသင်ယူရင်း ညာဘက်ခြေညိုးတစ်ဖက်ဓားချက်ထိကာ အရင်းမှပင်တိတိရိရိပြတ်နေလေသည်။

တပည့်တပန်းများစွာရှိသည့် အနက်ရမည်းသင်းမြို့နယ်၊ ဝကုန်းရွာသား ပွားတင့်နှင့် ကျော်ဝင်းဆိုသူနှစ်ယောက်မှာ လူသတ်၊ ခိုးဆိုး၊ လုယက်၊ ဓားပြမှုများစွာကို မကြာခဏကျူးလွန်ကြသဖြင့် မကြာခဏဆိုသလိုပင် ထောင်အကြိမ်ကြိမ်ကျကာ ထောင်နှင့်အိမ်၊ အိမ်နှင်ထောင် ဆိုသလိုဖြစ်ကာအိမ်ဦးနှင့် ကြမ်းပြင်ပမာ ဖြစ်ခဲ့ကြသည်။

ထောင်ကို အိမ်အဖြစ်သတ်မှတ်ကာ ထောင်မှလွှတ်လာလျှင်လည်း အပြင်ထွက်ကြာကြာမနေ။အမေက မွေးထောင်က ကျွေးဟူသော စကားပုံကို လက်ခံကျင့်သုံးနေကြသူများ။

ထနောင်းကုန်းရွာ ကိုချက်ကြီး၏အိမ်အား ဓားပြတိုက်သည့်ညက မိုးများအလွန်ရွာနေသည်။ ပွားတင့်က ဈေးဝယ်ရန်ဟု ဟန်ဆောင်ပြောကာ ဝင်တိုက်ခဲ့ကြပြီး ရှိသမျှရွှေငွေလက်ဝတ်လက်စားများကိုယူကာ နန်းခွဲရွာအသုဘဦးမောင်ကလေးအိမ်သို့ ဖဲရိုက်ရန်လာခဲ့ကြောင်း၊ မိမိတို့ပါလာသမျှငွေများကုန်သဖြင့်

ရွှေထည်ပစ္စည်းများကိုရှာပြင်ဝှက်ထားသော နေရာသို့အလိုပ(?) သွား၍ ယူကာ ပေါင်နှံသည်ကို မြင်သဖြင့် နန်းခွဲရွာသူကြီးက မသက်ာ ဖြစ်လာကာ နန်းခွဲလုံခြုံရေးတပ်ဖွဲ့သို့ အကြောင်းကြား ကာ ဖမ်းဆီးခြင်းခံရခြင်းဖြစ်ကြောင်းအားလုံးမှ စစ်ဆေးခံကြလေ သည်။

သည်တွင် ...

ထောင်ကို အိမ်အဖြစ် သတ်မှတ်ထားကြလေသော ကျော် ဝင်းနှင့် ပွားတင့်မည်သော ရမည်းသင်းမြို့နယ်၊ ဝကုန်းရွာသား နှစ်ယောက်နှင့်သိုင်းဆရာကြီးအဖြစ် နာမည်ကြီးသော နန်းခွဲရွာမှ ရာချိုတို့ သုံးဦးစလုံးသည် ....

နောက်ထပ် တစ်ကြိမ်ထောင်နန်းစံခဲ့ရပြန်လေတော့သည်။

မှတ်ချက် ။ ။ ၁၉၈၂–ခုကဖြစ်ပွားခဲ့သော အမှန်တကယ် အဖြစ်အပျက်အား နာမည်များလွှဲကာ ရေးဖွဲ့ ထားကြောင်း အသိပေးဝန်ခံအပ်ပါသည်။

မြင့်မြတ်ပြုစင်
(အရှေ့ပိုင်းတက္ကသိုလ်)





## ဟိန်းထက်နေဇော်

# ဆင်သွားလမ်းပေါ်ကရွာကလေး

"ကဲ . .ဆရာတို့ သွားကြရအောင် .....လူစုံပြီ "

သစ်တောအရာရှိလေး ကိုဝင်းအောင်က ကျွန်တော်တို့အား လှမ်းပြောလိုက်သည်။ ကျွန်တော်လည်း နံနက်စာထမင်းကြော်နှင့် ရေနွေးကြမ်းကိုလက်စသတ်လိုက်ပြီး အနားမှခရီးဆောင်အိတ်ကို လှမ်းယူလိုက်သည်။ထို့နောက် အိတ်ထဲမှ နီကွန် (အက်ဖ်အမ်တူး) ကင်မရာကိုထုတ်ကာ နော်မယ် ၅၀မီလီမီတာမှန်ဘီလူးကိုဖြုတ်ပြီး (၃၅–၁၀၀)မီလီမီတာ ဇိုက်ဇွန်းမှန်ဘီလူးကို လဲ၍တပ်လိုက်၏။ ဝတ်ထားသော ဆာဖာရီဝေ့(စ်)ကုတ် အင်္ကျီအိတ်လွတ်တစ်ခုထဲသို့ ရိုက်လက်စအိုလံပတ်(ဟတ်ဖရိန်)ကင်မရာကို ထည့်၍ ဖလင်လိပ်များကိုလည်း အခြားအိတ်များတွင် ထည့်လိုက်၏။

ထို့နောက် တောတက်ရန်အတွက် နီကွန်ကင်မရာကိုလွယ်၍ ကိုဝင်းအောင်၏ စခန်းရုံးတဲပေါ်မှ ဆင်းခဲ့တော့၏။ တဲအောက် ကွပ်ပျစ်ပေါ်၌ ကိုဝင်းအောင်၏ အလုပ်သမားများက သယ်ပိုး စရာပစ္စည်းကိုယ်စီဖြင့် အဆင်သင့်စောင့်နေကြပြီ။ ကျွန်တော့် လက်မှ နာရီကိုငုံ့ကြည့်လိုက်သောအခါကိုးနာရီ ထိုးတော့မည်။ နွေလယ်ကာလ သကြန်နားနီးရက်များမို့ မိုးလင်းသည်နှင့် နေရောင်ကပူလောင်ပြင်းပြ အစွမ်းပြနေချေ၏။





ကိုဝင်းအောင်တို့က လုပ်ငန်းတာဝန်ဖြင့် တောတွင်းသို့ ဝင်ကြခြင်းဖြစ်၏။ ကျွန်တော်နှင့် ကျွန်တော်၏သူငယ်ချင်းဖြစ်သူ လှအောင်တို့မှာ ကိုဝင်းအောင်နှင့် ညီအစ်ကိုလိုခင်မင်ရင်းနှီးသော ကြောင့် ဗဟုသုတရရန် ပဲခူးရိုးမအတွင်းသို့ လိုက်ခဲ့ကြခြင်း ဖြစ်လေ၏။

(ထိုစဉ်က (လွန်ခဲ့သော အနှစ်သုံးဆယ်ကျော်က) နွေရာသီ ကျောင်းအားရက်လည်းဖြစ်၊ ကျွန်တော်က ဓာတ်ပုံဝါသနာပါ သဖြင့် အဖော်ကောင်း၍ ကင်မရာလွယ်ကာ ပဲခူးရိုးမအလယ်တွင်ရှိ တိုင်းသုံးတိုင်းစုံရာ(ပဲခူးတိုင်းမကွေးတိုင်း၊ မန္တလေးတိုင်း) ဆုံရာသို့ သွားခဲ့ကြခြင်းဖြစ်၏။)

အားလုံးအဆင်သင့်ဖြစ်သောအခါ တဲစခန်း၏နောက်ဘက်မှ ဖြတ်ကာ စခန်းဝင်းနှင့်ကပ်လျက်ရှိသော သိုင်းချောင်းထဲသို့ ဆင်းခဲ့ကြ၏။ နွေရာသီဖြစ်၍ သိုင်းချောင်းရေကလည်း ခန်းခြောက်စပြုနေချေပြီ။ သဲသောင်စပ်များမှ ချောင်းကိုဖြတ်ကြရာ တချို့နေရာများ၌ ဒူးဆစ်ခန့်သာနက်သော ရေအိုင်လေး များ သဖွယ် ရေစီးကြောင်းလေးများသာရှိတော့၏။

ချောင်းရိုး အထက်ဘက်မှ ဆင်ခလောက်သံ ဆင်အော်သံ များကြား၍ ကြည့်လိုက်ရာ ချောင်းရေအိုင်တစ်ခု၌ စခန်းမှခိုင်း ဆင်များ ရေကစားနေသည်ကို တွေ့ရပြန်လေ၏။ ထိုချောင်းမှ တက်လာလိုက်သောအခါ ကိုဝင်းအောင်တို့အဖွဲ့မှ စောသာဒီးက ဝင်ချက်စတာ ရိုင်ဖယ်ကိုထမ်းကာ ရှေ့မှဦးဆောင်၍ မြောင် တစ်ခုသို့ ဝင်သွားကြလေ၏။

ကျွန်တော်လည်း သူတို့နောက်မှ ခပ်သွက်သွက်လိုက်ကာ ထိုမြောင်ထဲသို့ဝင်ရောက်ခဲ့တော့၏။ မြောင်ဆိုသည်ကတောင်ကုန်း နှစ်ခုကြားမှ မြောင်းကြီး တစ်ခုကဲ့သို့ပင်၊ မိုးရာသီတွင် တောင်ကျ ရေများ စီးဆင်းသောကြောင့် ရေစီးမြောင်းသဖွယ် ဖြစ်ပြီး၊ ယခုနွေရာသီ၌ပင်လျှင် စမ်းရေစီးကြောင်းလေးများ ကျန်နေ

တတ်၏။ လျှိုဟုလည်းခေါ်ကြ၏။ ဝါးခုတ်သမားများက လည်နှစ်ဖက်တောင်ကုန်းများပေါ်မှ ဝါးများကိုခုတ်ကာ ထိုလျှိုထဲသို့ပစ်ချကာ ထိုလျှိုထဲမှတစ်ဆင့် မြေပြန့်သို့လွှယ်ကူစွာဆွဲယူတတ်ကြသည်။

စမ်းရေစီးကြောင်းလေးများထဲမှ ကျောက်တုံးလေးများအပေါ် သတိထား၍နင်းရင်း ရှေ့မှသွားနေသော ကိုဝင်းအောင်က . .

"စောသာဒီးရေ . . .ရှေ့ကိုသတိထားပြီးလျှောက်ဟေ့ . .ဟင်းမျိုးကြီးတွေက ဒီလိုမြောင်တွေထဲမှာ အောင်းနေတတ်တယ်"

ကိုဝင်းအောင်၏ စကားသံကြောင့် ကျွန်တော်လည်း ကြက်သီးထသွား၏။ ဟင်းမျိုးဆိုသည်က တောတောင်ထဲ၌ ကျားကိုမဆိုးတွေက နာမ်နိမ်ကာ ဟင်းမျိုးဟုခေါ်ခြင်းပင်။

ကျားတို့၏သဘာဝကား ထိုသို့လျှိုမြောင်ထဲသို့ ဝင်လာသော သားကောင်များကို ချောင်းမြောင်း၍ တိုက်ခိုက်တတ်ကြလေ၏။ ပြောင်၊ တောကျွဲ၊ စိုင်စသော သားကောင်ကြီးများမှာ အင်အားလည်းကြီး သန်လည်းသန်မာကြ၍ ကွင်းပြင်ထဲ၌ တစ်ကောင်ချင်းတိုက်ခိုက်ရန် ကျားအတွက်မလွယ်လှ။

ထိုသားကောင်ကြီးများအား လျှိုထဲသိုဝင်လာအောင် မောင်းသွင်း၍ လျှိုကျဉ်းသောနေရာသို့ ရောက်သောအခါ သားကောင်၏ နောက်ခြေထောက် တံကောက်ကြောကိုဝင်ရောက်ကိုက်ကာဖြတ်ပစ်တတ်လေ၏။ သားကောင် ကြီးများကလည်း လျှိုထဲတွင်ညပ်နေသောကြောင့် နောက်ကိုလှည့်၍ ပြန်လည်မတိုက်ခိုက်နိုင်။ နောက်ခြေထောက်ကြောများ ပြတ်သွား၍ ဖင်ထိုင်ကျကာ ဆက်မသွားနိုင်တော့သော သားကောင်ကြီးများ၏ လည်မျိုကို ကိုက်ခဲသတ်ဖြတ်ကာ စားသောက်တတ်ကြလေ၏။

ကျားများက အစာစားပြီးလျှင် ရေသောက်တတ်ကြလေ၏။ ထိုလျှိုမြောင်များထဲတွင် အမြဲစီးနေတတ်သော စမ်းရေများကလည်းရှိနေတတ်ပြန်၍ ကျားတွေအတွက်ပို၍ အဆင်ပြေလေ





၏။ စားပြီးအစာများကိုလည်း ထိုနေရာတွင်ပင်အပုပ်ခံထားကာ စားသောက်တတ်ကြလေ၏။

လျှိုထဲသို့ ဆယ့်ငါးမိနစ်ခန့် ဝင်လာသောအခါ လျှိုကပို၍ ကျဉ်းမြောင်း လာချေ၏။ ပုပ်အဲ့အဲ့ အနံ့အသက်များကလည်း နှာခေါင်းဝသို့မသိမသာတိုး ဝင်လာ၏။ ရှေ့ဆက်လျှောက်လေ အပုပ်နံ့က ပို၍ပြင်းလာလေပင်။

စောသာဒီးက . . .

'ဆရာကိုဝင်းအောင်ရေ . .ရှေ့မှာသားကောင်တစ်ကောင်ကို ဟင်းမျိုးကြီးစားထားပုံရတယ်ဗျို့ . . .ကုန်ပုံတော့မရသေးဘူး အပုပ်နံ့ကတော့ထွက်နေပြီ'

ကျားများက သားကောင်များကို ပုပ်အောင်ထား၍ စားသောက်တတ်ကြလေ၏။ ကိုဝင်းအောင်က သူ့ရှေ့မှဦးဆောင်သွားနေသောလမ်းပြအား . . .

'တောင်ကုန်းပေါ်တက်ကြအောင် တက်လမ်းလေးရွေးကွာ'

ထိုလမ်းပြကလည်း . . .

'ဆရာတို့ . .ရှေ့ဝါးရုံကြားကနေ တောင်ကုန်းပေါ်တက်ကြမယ်' ဟုဆိုကာဦးဆောင်၍တက်သွားလေ၏။ သူ့နောက်မှ ကိုဝင်းအောင်ကလိုက်တက်ကာ စောသာဒီးနှင့်သူ့အဖော် တစ်ယောက်က ကျွန်တော်တို့အဖွဲ့ကို ရှေ့မှတက်ခိုင်းကာ နောက်တွင်ချန်နေခဲ့လေ၏။

တောင်ကုန်းတက်ရသည်ဆိုသည်ကား ပြေပြေလေးတက်ရခြင်းမဟုတ်၊ တောင်ကုန်းမြေနံရံကို လက်နှင့်ကုပ်တွယ်၍ တက်ရခြင်းဖြစ်လေ၏။ ထိုသို့ပေနှစ်ဆယ်ခန့်မြင့်သော တောင်ကုန်းသုံးခုလောက် တက်ပြီးသွားသောအခါ ဝါးနှစ်ပြန်သုံးပြန်ခန့်မြင့်သော တောင်ကုန်းလေးထိပ်သိုရောက်သွား လေတော့၏။

တောင်ကုန်းပေါ်သို့ရောက်သောအခါ ကျွန်တော်တို့လည်း အတော်မောဟိုက်နေကြပြီ။ ကိုဝင်းအောင်တို့မှာ ကျင့်သားရနေ

သောကြောင့် မောပန်းပုံမရ။ အားလုံးလူစုံသောအခါ ဆက်၍ ထွက်ကြပြန်၏။ တောင်ကုန်းတစ်ဖက် ဆင်ခြေလျှောလမ်းလေးမှ ပြန်ဆင်းကာ တောနက်ထဲသို့ ဆက်တိုး ခဲ့ကြပြန်လေ၏။

မွန်းကည့်ချိန်မို့ အပူရှိန်ကလည်း ပို၍ပူအိုက်စပ်လာ သလိုပင်။ ကျွန်တော်လည်း တောတောင်၏ သဘာဝအလှများကို ကင်မရာတစ်လုံးဖြင့် မှတ်တမ်းတင်ရင်း နောက်ဆုံးမှလိုက်လာ ခဲ့လေ၏။ ကိုဝင်းအောင်က စိတ်မချသဖြင့် ကျွန်တော့်အနားမှ စောင့်ခေါ်ရင်း လိုက်လာလေ၏။

တောတောင်တွင်း၌ သားကောင်မျိုးစုံတို့၏ အသံများကို ကြားနေရ၏။ ကိုဝင်းအောင်က အတွေ့အကြုံရင့်သူပီပီ ဒီအသံက ဘာအကောင် ဟိုအသံက ဘာအကောင် ဟူ၍ရှင်းပြလေ၏။

ကျွန်းပင်ကြီးများထိပ်၌ဝဲပျံနေသော ဆင်လိပ်ပြာကြီးများ၊ ဟိုအပင်ဒီအပင်ကူးနေသော ရှဉ့်ငပေါလေးများ၊ သစ်ပင်ပန်းပင် တို့ကိုလည်း ဓာတ်ပုံရိုက်ယူရင်း အမောဖြေကာ သူတို့နောက်မှ အမီလိုက်နေရလေ၏။ တောတွင်းခရီးကြမ်းမို့အတွေ့ အကြုံမရှိ သော ကျွန်တော်တို့အတွက် ပို၍မလွယ်။ မောလိုက်သည့်ဖြစ်ခြင်း။

'ဆရာလေး . . .တောဝက်ကျိုသံကြားတယ်'

ကိုဝင်းအောင်၏လမ်းပြလေး မောင်မောင်က ကိုဝင်းအောင် အနားသို့ တိုးကပ်ခါလေသံလေးဖြင့်ပြောလိုက်၏။ အကင်းပါး သော စောသာဒီးက မောင်မောင်ကိုလက်ကာပြ၍ ကျွန်တော်တို့ အဖွဲ့ကိုလည်း လက်ဟန်ဖြင့် ရှေ့ဆက်မတိုးရန်ဟန့်လိုက်၏။

ကိုဝင်းအောင်က ကျွန်တော်တို့အား နားကြရန်လက်ဟန်ပြ လိုက်သဖြင့် ကျွန်တော်လည်း ကျောပိုးအိတ်ကိုချွတ်ကာ ဝါးရွက် များပေါ်ထိုင်၍ ပတ်လက်လှန်ကာ မောပန်းသမျှကိုပြေပျောက်စေ ရန် မျက်လုံးစုံမှိတ်ပြီး နားနေလိုက်လေ၏။

နေကလည်းပူ၊ ဗိုက်ကလည်းဆာ၊ မောကလည်းမော၊ သို့ကြောင့် ကျွန်တော်၏အမြတ်နိုးဆုံး နီကွန်(အက်ဖန်တူး)





ကင်မရာကိုပင်သတိမရနိုင်အား၊ မှေးခနဲငိုက်သွားလေ၏။ မည်မျှ ကြာသွားသည်မသိ . . .

"ဒိုင်း .. .ဝုန်း . .ဝုန်း . .ဖြောင်း . . .ဝေါ . .ဝေါ"

ထိတ်လန့်ဖွယ် အသံများကြောင့် ကျွန်တော်လည်း မှေးနေရာက လန့်ဖျပ်ကာ ငုတ်တုတ်ထိုင်မိလေ၏။ မျက်လုံး များကလည်း အသံလာရာဘက်သို့ အားစိုက်ကာ အကြောင်း ခြင်းရာကို ရှာဖွေနေမိ၏။

ကျွန်တော်တို့စခန်းချရာမှ ကိုက်တစ်ရာခန့်အကွာ ဝါးတော ထဲမှ ဖုန်လုံးများ ဝါးရွက်ခြောက်များ လေထဲသို့အလိပ်လိုက် လွင့်ပျံကာ အသံများကလည်းတဝုန်းဝုန်းကျဲ ဆူညံနေချေ၏။ ကျွန်တော်လည်း ထိတ်လန့်တကြား ကင်မရာကိုဆွဲကိုင်ကာ ကြက်သေသေနေမိသည်။ ခဏကြာမှ အနားက ကိုဝင်းအောင် အား လှမ်းကြည့်မိသည်။ ကိုဝင်းကား ပြုံးစစဖြင့်ကျွန်တော့်အား လှမ်းကြည့်လိုက်ပြီး . . .

'ခင်ဗျားတို့တော့...ဒီနေ့ တောဝက်သားစားရပြီ'

'ဗျာ...ဘယ်လို ဘယ်ကတောဝက်သားလဲဗျ'

ကျွန်တော်က နားမလည်စွာဖြင့် ကိုဝင်းအောင်အား ပြန်မေးလိုက်မိ၏။ ကိုဝင်းအောင်က ကျွန်တော့်ကိုစိုက်ကြည့်ရင်း သူစကားလောသွားမှန်းသိလိုက်လေ၏။ သို့ကြောင့် . . .

'ခုနက တောဝက်တစ်အုပ် ကျွန်တော်တို့သွားမယ့်ရှေ့က ဝါးရုံနားမှာ မြစ်လက်ကျန်ဝါးနုလေးတွေ တူးပြီးစားနေကြ တယ်လေ...အဲ့ဒါကိုစောသာဒီးက အကြီးဆုံးဝက်တောင်းကြီးကို ရွေးပြီးချက်ကောင်းကိုပစ်လိုက်တာ ဟိုမှာလေ'

ကိုဝင်းအောင်လက်ညိုးညွှန်ပြရာသို့ ကျွန်တော်လှမ်းကြည့် လိုက်လေ၏။ကိုယ်လုံးက လူလက်တစ်ဖက်နီးပါးရှိသော မည်းညစ်ညစ်တောဝက်တစ်ကောင် ဝါးရုံပင်ခြေရင်းကို ခေါင်းစိုက် ထိုးကာ နောက်ခြေထောက်က အစွမ်းကုန်ယက်နေသည်ကို

ဖုန်လုံးများကြား၌မြင်လိုက်ရလေ၏။ သို့သော် သိပ်မကြာလိုက်ပေ ငြိမ်သွားလေတော့၏။

ထိုအခါမှ ဝါးရုံပင်နောက်ကွယ်မှ စောသာဒီးကငြိမ်သွား သောဝက်ကို သေနတ်နှင့်ချိန်ကာ အနားကပ်သွားချေ၏၊ တောဝက်ကားမလှုပ်နိုင်တော့ပြီ။ သေနေပြီကိုး။ ကိုဝင်းအောင်က ကျွန်တော်တို့အား . . .

'တောကောင်တွေထဲမှာ တောဝက်ပစ်ရတာမလွယ်ဘူးဗျ တောဝက်တွေက သူတို့ရဲ့အစွယ်ကိုလည်း အားကိုးတယ်... မြန်လည်းမြန်တယ်သူတို့ကိုနာကျင်အောင် လေးနဲ့ဖြစ်ဖြစ် သေနတ်နဲ့ဖြစ်ဖြစ်ပစ်လိုက်ရင် ထိသွားတာနဲ့ ပစ်တဲ့နေရာကို တမ်းကနဲဝင်ပြီး အဆွယ်နဲ့ပက်တော့တာပဲ နားကလည်းပါးတယ် ပြေးဝင်လာတဲ့အရှိန်ကလည်း ပြင်းသလားမပြောနဲ့ လူဆိုရင် ဗိုက်ကိုဟက်တက်ပွင့်ပြီး ကလီစာတွေတောင် တစ်စစီပြတ်သွား နိုင်တယ်။သူတို့ကိုပစ်တဲ့သူက ဝါးပင်သစ်ပင်အကွယ်တစ်နေရာ ရာကနေ အကာအကွယ်ယူပြီးပစ်ရတယ် . .ဒါမှ ထိသွားတဲ့ တောဝက်ပြေးပက်ရင် ကာဗာဖြစ်နေမှာအခုတောင် တောဝက်ပက် ထားတဲ့ ဝါးဘိုးပင်ခြေရင်းကို ကြည့်ပါလား'

ကိုဝင်းအောင်ပြော၍ တောဝက်ပက်ထားသော ဝါးဘိုး ပင်ကြီးအား ကျွန်တော်လှမ်းကြည့်လိုက်လေ၏။ တောဝက်အစွယ် ကြောင့် ဝါးဘိုးပင်ကြီး အခြေကဟက်တက်ကွဲနေသည်။ အား ကောင်းသော လူကြီးတစ်ယောက် ပုဆိန်နှင့်ပေါက်ထား သကဲ့သို့ ပင်။

ကျွန်တော်ကြက်သီးထသွားသည်။ စောစောက ကျွန်တော် တို့ ငိုက်နေချိန်သာ ကျွန်တော်တို့ဘက်သို့ ကျုံဝင်လာပါက ဘာမှန်းပင်သိလိုက်မည် မဟုတ်။ ဗိုက်ပွင့်ကာဘဝကူးသွား နိုင်ပေ ၏။ သို့ကြောင့် တောထဲတောင်ထဲသို့ ဝင်တာနဲ့ သတိတော့ ရှိဖို့လိုကြောင်း သိလိုက်ရပေတော့၏။





ကျွန်တော့်လက်မှနာရီကို ငုံကြည့်လိုက်တော့ ဆယ့်နှစ်နာ ရီခွဲကိုပြနေ၏။ အတွေ့အကြုံကလည်းနည်းသေး၍ ခရီးကလည်း ပန်း ဗိုက်ကလည်းဆာ မနက်ကစားလာသည့် ထမင်းကြော် တစ်ပန်းကန်က ဘယ်သို့ရောက်သွားပြီမသိ။ ဗိုက်ထဲ၌ တကြုပ် ကြုပ်မြည်လာ၏။

ကိုဝင်းအောင်တို့ အလုပ်သမားများကတော့ ဗိုက်ဆာပုံမပေါ် တောဝက်ဖျက်ရန်အတွက် လုံးပန်းနေကြ၏။ ထမင်းထည့်လာ သော ပလိုင်းများက ကျွန်တော့်အနီးတွင် ထောင်ထားသော်လည်း ယူမစားရဲ။ သူတို့၏ ထုံးတမ်းစဉ်လာတွေက ဘယ်လိုဆိုသည်ကို ကိုယ်ကမသိ။ သို့ကြောင့် ရေကိုသာ အဆာပြေ တစ်ငုံပြီးတစ်ငုံ သောက်နေရလေတော့၏။

'ကဲ ကိုယ့်လူတွေလည်း ဆာကြရော့မယ်'

ကျွန်တော်တို့ဘက်သို့ လမ်းလျှောက်လာရင်း ကိုဝင်းအောင် က ပြောလိုက်သည်။ ထိုအသံက ကျွန်တော့်အတွက် နားဝင်ချိုလှ ပေ၏။ သို့သော်ကျွန်တော့်၏နံဘေးတွင် ကျောပိုးအိတ်ကို ခေါင်းမှီ၍ မျက်နှာပေါ်သို့သက္ကလတ်ဦးထုပ်ကို နေရောင်မထိုးရန် အုပ်ကာ မှိန်းနေသော လှအောင်က . . .

'ရပါတယ်ဗျာ ကိုဝင်းအောင်ရာ...သိပ်လည်းမဆာ သေးပါ ဘူး'

ကျွန်တော်က လှအောင်ကို ထထိုးချင်စိတ်ပေါက်သွား၏။ ခင်း မဆာသေးပေမယ့် ကျွန်တော်ကတော့မနေနိုင်။ သို့ကြောင့်

'ကျွန်တော်တော့ ဆာပြီဗျို့ ...ကိုဝင်းအောင်ရေ'

ဟန်မဆောင်နိုင်ဘဲပြောလိုက်မိလေ၏။ ကိုဝင်းအောင်က

'ဒါဆိုလည်း ကျွန်တော်တို့ စားနှင့်ကြတာပေါ့... အလုပ် သမားတွေတော့ တောဝက်ဖျက်နေတာနဲ့ စားမှာမဟုတ်ဘူး... သူတို့ကလည်း မနက်စာကို နေ့လယ်တစ်နာရီ နှစ်နာရီလောက်မှ စားနေကျ'

ကိုဝင်းအောင်က ပြောပြောဆိုဆိုဖြင့် ထမင်းထည့်ထား
သောပလိုင်းကို ဆွဲယူလိုက်လေ၏။ သို့နောက် ပုလိုင်းထဲမှ
အင်ဖက်များနှင့်ထုပ်ထားသော ထမင်းထုပ်ကို ယူ၍ဖက်ရွက်များ
ပေါ်သို့ ခွဲ၍ပုံပေးလိုက်သည်။ နောက်ထပ် ပလိုင်းတစ်ခုထဲမှ
ဒန်ချိုင့်တစ်လုံးကိုဆွဲထုတ်ကာ အဖုံးဖွင့်၍ ကျွန်တော်တို့ရှေ့သို့
ချပေးလိုက်၏။ ချိုင့်ထဲ၌ဆီဆမ်းထားသော ဆတ်သားခြောက်များ
ကျွန်တော်လည်း ဆတ်သားခြောက်နှင့် ထမင်းခဲကို ရေအားကိုးနှင့်
မနင်အောင် အားပါးတရစားနေမိလေတော့၏။

အလုပ်သမားများလည်း တောဝက်ကိုဖျက်ပြီးထမင်းစားကာ
နားနေကြလေ၏။ ခရီးဆက်မည်ဟု ပြင်ကြတော့ နေ့လယ်
နှစ်နာရီထိုး။ နွေနေ့လယ်မို့ အပူချိန်က ပိုလာသည်ဟုထင်ရ၏။
တောရိပ်တောင်ရိပ်နှင့်ပင် ပူလောင်အိုက်စပ်နေ၏။

ကျွန်တော်လည်း အားရအောင်နားလိုက်ရ၍ ပင်ပန်းမှုများ
ပြေလျော့သွားလေ၏။ သို့ကြောင့် ထုံးစံအတိုင်း ကင်မရာတစ်လုံး
နှင့် တောတွင်းအလှတို့ကို မှတ်တမ်းတင်ရင်း လိုက်ပါလာခဲ့လေ
တော့၏။

ထိုသို့လျှောက်နေစဉ် ရေဝေကုန်းတန်းလေးတစ်ခုသို့
တက်လိုက်သောအခါ ဆင်အော်သံများကို ခပ်သဲ့သဲ့ကြားနေရ
လေ၏။ ကျွန်တော်က ကိုဝင်းအောင်အား . . .

'ကိုဝင်းအောင်ရေ . . .ကျွန်တော်တို့ ဆင်စခန်းတစ်ခုနားကို
ရောက်တော့မယ်နဲ့တူတယ်နော်'

ကိုဝင်းအောင်က ခဏမျှစဉ်းစားဟန်ပြုပြီး . . .

'ဒီနားမှာ ဘာဆင်စခန်းမှ နီးနီးနားနားမရှိဘူးဗျ...
ဒီဆင်အော်သံတွေက တောဆင်တွေအသံပဲဖြစ်ရမယ် ... အိမ်ဆင်
တွေက ဒီလိုမအော်ဘူးဗျ'

ကိုဝင်းအောင်က အတွေ့အကြုံရင့်သူပီပီ ကောက်ချက်ချ
လိုက်၏။





ကျွန်တော်က စိုးရိမ်စွာဖြင့် . . .

'ဒါဆို နီးလားဝေးလားဗျ ကိုဝင်းအောင်ရ'

"အင်း...ကြားရသလောက် ခန့်မှန်းရရင်တော့ တစ်မိုင်ကျော်
ကျော်လောက်ကပဲဖြစ်မယ် ကျွန်တော်လည်း နားစွင့်ပြီးတွက်ကြည့်
နေတာ"

အဝေးမှလာသော ဆင်အော်သံများကအသံဝေးသော်လည်း
သဲကွဲလေ၏။ ဆင်အော်သံနှင့်အတူ သစ်ကိုင်းများ ချိုးဖွဲ့နေသော
အသံများကိုပါတဖျောင်းဖျောင်းတဝုန်းဝုန်းနှင့် ကြားနေရချေ၏။

ကိုဝင်းအောင်က သူ၏အလုပ်သမားလေးတစ်ဦးအား...

"မောင်ဝင်းရေ ဟိုပျဉ်းကတိုးပင်ကြီးပေါ်က နေတက်ကြည့်
လိုက်စမ်းကွာ ဘယ်နေရာလောက်ကလဲလို့"

မောင်ဝင်းဆိုသော အသက်အစိတ်ခန့်ရှိ အလုပ်သမားလေး
တစ်ဦးက 'ဟုတ်ကဲ့'ဆိုကာ ဖြောင့်တန်းမြင့်မားသော ပျဉ်းကတိုး
ပင်ကြီးတစ်ပင်ပေါ်သို့ မျောက်တစ်ကောင်အလား ပေါ့ပါးလျင်မြန်
စွာတက်သွားလေတော့၏။အပင်ထိပ်သို့ ရောက်သောအခါ
အဝေးသို့လှမ်းမျှော်ကြည့်ရင်း . . .

'ဆရာရေ . . .တစ်မိုင်ကျော်ကျော်လောက်ပဲဝေးမယ်.. .
ကျွန်တော်တို့တောဝက်ပစ်ခဲ့တဲ့နေရာကို ရောက်နေပြီ ဒီဘက်ကို
းတည့်နေတယ်'

'ဘယ်နှစ်ကောင်လောက်ရှိလဲ '

'အပင်တွေအုပ်နေလို့ ....သေသေချာချာတော့ မမြင်ရ
သေးဘူး'

ကိုဝင်းအောင်က သူအဖွဲ့သားများဘက်သို့လှည့်ကာ...

'တို့တွေ တောင်ကုန်းပေါ်ရောက်အောင်တက်ကြမယ်ဟေ့
ဆင်တွေက ဒီတောင်ကုန်းအောက်က လျှိုသွားလမ်းအတိုင်း
သွားကြမှာ ကဲ..ခပ်သွက်သွက်လေး လျှောက်ကြဟေ့ဆင်တစ်ယိုင်
ယိုင်းတစ်ပြေးတဲ့ တစ်မိုင်လောက်ကတော့ ဆင်တွေက ခဏလေး

လျှောက်တယ်'

ကျွန်တော်တို့လည်း ကိုဝင်းအောင်တို့ အဖွဲ့နှင့်အတူ ကုန်းတက် ကိုခပ်သွက်သွက်တက်နေရလေ၏။ အချိန်ကလည်း ညနေစောင်း လေးနာရီခွဲလောက်မို့ အပူချိန်ကပို၍အစွမ်းပြနေသလို ကျွန်တော်တို့တက်နေသော တောင်ကုန်းကလည်း အနောက် ဘက် မျက်နှာပြုထား၍ နေရောင်ကကျလေထိုးလေမို့ ပို၍ ပူလေတော့၏။ တစ်ကိုယ်လုံးလည်း ချွေးများက ရေဖျန်းထား သလို။ ကိုဝင်းအောင်ကတော့ လျှောက်ရင်းဖြင့် ပါးစပ်ကလည်း မမောနိုင်မပန်းနိုင် တောသဘာဝအကြောင်းကို ကျွန်တော်တို့အား ရှင်းပြနေသေး၏။

ဆင်များ၏သဘာဝကား တစ်နေ့လျှင်အစာနှစ်မျိုး သုံးမျိုး လောက် ပြောင်းစားတတ်ကြလေ၏။ ဝါးရွက်များကို စားတတ်ကြ သလို မြက်များကိုလည်း စားတတ်ကြလေ၏။ ဆင်များကြိုက် သောမြက်များကား ကျွန်တော်တို့တက်လာသော ရေဝေကုန်းတန်း အောက်ခြေတွင် များစွာပေါက်ရောက်နေသည်ကိုတွေ့ခဲ့ရ၏။

သို့ကြောင့် ကိုဝင်းအောင်က တောင်ကုန်းအထက်သို ရောက်ရန် အမြန်တက်ခိုင်းနေခြင်းပင်ဖြစ်၏။ ဆင်များက သူတို့အစာရှိရာကို အာရုံစိုက်နေ၍ တောင်ကုန်းများပေါ်သို့ တက်လာမည်မဟုတ်ဟု ခန့်မှန်းရလေ၏။ အခုလည်း နေ့လယ်က ကျွန်တော်တို့စခန်းချခဲ့ရာ ဝါးတောထဲတွင်ဝါးရွက်များကို စားသောက် နေကြချေ၏။

တောဆင်များ၏စရိုက်ကား လူဆိုလျှင်အရမ်းမုန်းတီးကြ၏။ သို့ကြောင့် လူများစခန်းချသွားသော နေရာ လူများကိုင်တွယ်သွား သောပစ္စည်းအနံ့အသက်များရပါက စိစိညက်ညက်ကျေအောင် ဖျက်ဆီးတတ်ကြလေ၏။ သို့ကြောင့် တောတောင်ထဲရှာငယ်များ လည်း ဆင်များဖျက်ဆီး၍ ရွာလုံးကျွတ်ပျက်စီးခဲ့ရသည်များလည်း ရှိခဲ့ဖူးလေ၏။





တစ်နာရီခန့်တက်ပြီးသောအခါ ကျွန်တော်တို့အဖွဲ့လည်း တောင်ကုန်းထိပ်သို့ရောက်လာလေတော့၏။ တောဆင်အုပ်စုလည်း ကျွန်တော်တို့တက်လာခဲ့ရာ တောင်ခြေသို့ရောက်ချေပြီ။ မုတ်သု အကျန်မြက်နုများနှင့် ရောနေသောမြက်ခြောက်များကို အားရစွာ စားသောက်နေကြလေ၏။

တောဆင်အကောင်နှစ်ဆယ်ကျော်ခန့်ပါမည်။ ဆင်ပေါက် လေးများလည်းပါသေးသည်။ ဆင်အော်သံတကျိုကျိုနှင့်အတူ သစ်ကိုင်းချိုးသံ ဝါးပင်များကို ချိုးချေသောအသံများကလည်း တဝုန်းဝုန်းတဖျောင်းဖျောင်းနှင့် ကြားနေရလေ၏။ ကျွန်တော်တို့ လည်း တောင်ကုန်းအထက်မှ ကြောက်ကြောက်နှင့် ခပ်လှမ်း လှမ်းဆီမှ တောဆင်အုပ်ကို ငေးကာကြည့်နေမိ၏။

ကျွန်တော်တို ရောက်နေသောနေရာကား ဆင်တွေရှိသော တောင်အောက်နှင့် ကုန်းတက်ကုန်းဆင်းမတ်ကာ အတော်လှမ်း သည်ကတစ်ကြောင်း လေအောက်ဖြစ်နေသောကြောင့် လည်း ကောင်း စိုးရိမ်စရာမလိုပေ။ သို့ကြောင့် ကိုဝင်းအောင်က သူ့အလုပ်သမားများအား ထိုနေရာ၌ပင် တစ်ညအိပ်ရပ် နားကြရန် အမိန့်ပေးလိုက်၏။

အလုပ်သမားများကလည်း ညစာအတွက်ချက်ပြုတ်ရန် ပြင်ဆင်ကြလေ၏။ နေ့လယ်ကရလာသော တောဝက်သားကို ကင်ရန်အတွက် မီးဖိုကြီးတစ်ဖိုလုပ်ကြ၏။ ထို့နောက် ရင်ခွဲ၍ရေနှင့် ဆေးကြောထားသော တောဝက်ကို တံစို့ထိုးကာ မီးဖိုအလယ်၌ ကင်လေတော့၏။ တောဝက်ဆီမီးလောင်သောအနံ့နှင့် တောဝက် း်ကင်သောအနံ့ကား ပတ်ဝန်းကျင်တစ်ခုလုံးပျံ့နှံ့နေလေတော့၏။

ကျွန်တော်တို့လည်း တောင်ပေါ်ရေထွက်ရာလျှိုတစ်ခုမှ အလုပ်သမားများ ရှာဖွေခပ်ယူလာသော ဝါးကျည်တောက်ထဲမှ ရေဖြင့် မျက်နှာသစ် ရေစိုအဝတ်နှင့် တစ်ကိုယ်လုံးပွတ်တိုက်လိုက် သောကြောင့် အနည်းငယ်တော့ လန်းဆန်းသွားလေတော့၏။

တဖြည်းဖြည်းနှင့်နေလုံးက အနောက်ဘက် မိုးကုပ်စက်ဝန်းသို့ငုပ်လျှိုးကာ ဝင်သွားလေပြီ။ မှောင်ရိပ်ပျိုးစ အလင်းရောင်ကြောင့် မြင်ကွင်းကမသဲကွဲ။ သို့သော် တောဆင်ရိုင်းများ၏ လှုပ်ရှားမှုများကို ဝိုးဝိုးဝါးဝါး တွေ့မြင်နေရ၏။ တောဆင်များက စခန်းချသည့်ပုံစံနှင့် ရပ်မနေကြ။ အစာစားရင်းရွေ့လျား နေကြသဖြင့် ခဏကြာသောအခါ တောဆင်အုပ်ကြီးလည်း အမှောင်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့၏။

တောဆင်များ၏ အသံများက တဖြည်းဖြည်းတိုးသွားသော်လည်း ခပ်သဲ့သဲ့ကြားနေရချေသေး၏။ ကျွန်တော်တို့လည်း မီးပုံနံဘေးစုထိုင်ကာ ညစာစားရန်ပြင်ဆင်ကြလေ၏။

ညဦးပိုင်းမို့ဆင်သံများ ဝေးကွာသွားသော်လည်းတောကြက်တွန်သံ၊ ချေတောက်သံ၊ မျောက်အော်သံ၊ အမည်မသိတောကောင်သံတွေက စုံလှချေ၏။ ထိုအသံများထဲတွင် ပုစဉ်းရင်ကွဲသံက နားထဲတွင် စူးရှစွာကြားနေရ၏။

အလုပ်သမားတစ်ဦးက ညစာစားရန် ခူးထားသောအင်ဖက်များကို ချခင်းနေခိုက် ကိုဝင်းအောင်က ရမ်အရက်ကိုကြွေရည်သုတ်မက်ခွက်ထဲသို့ ငှဲ့ထည့်ကာ ကျွန်တော်တို့ကို လှမ်းပေးလိုက်၏။ ပထမတော့ တောထဲတောင်ထဲ၊ အရေးအကြောင်းကြုံလျှင်မူးနေရင် မကောင်းဟုတွေးကာ မသောက်ဘဲနေမည် စိတ်ကူး သော်လည်း၊ တစ်နေ့လုံးပင်ပန်းထားတာလေးတွေ ပြေပျောက်စေရန် တစ်ခွက်တလေပဲဟု ဆုံးဖြတ်ကာယူ၍ မော့ချလိုက်လေ၏။ အလုပ်သမားတစ်ယောက်က အမြည်းအဖြစ် တောဝက်ကင်ကို လှီးကာဒန်ဇလုံတစ်ခုထဲထည့်ကာ လာပေးလေ၏။

ကျွန်တော်တို့လည်း ကိုဝင်းအောင်၏ရမ်ကို ခွက်လှည့်သောက်နေရင်း စောသာဒီးက ကိုဝင်းအောင်အနားသို့ကပ်ကာ

'ဆရာ . . .ဟိုအဝေးကဆင်သံတွေက ထူးခြားတယ်ဆရာ'

'ဘယ်လို ထူးခြားလို့လဲ စောသာဒီးရဲ့ '





'လူသံတွေပါ ကြားသလားလို'

စောသာဒီး၏ စကားသံကို ကျွန်တော်တို့ စိတ်ဝင်စားသွားလေ၏။ ကိုဝင်းအောင်လည်း ထိုင်ရာမှထ၍အသံလာရာဘက် နားစွင့်လိုက်လေ၏။ ကျွန်တော်တိုလည်း ကိုဝင်းအောင်အနားမှ ကပ်ကာ နားစွင့်လိုက်၏။ ဆင်အော်သံများကြား၌ ကယ်ပါယူပါ အကူအညီတောင်းသံများကို သဲ့သဲ့ကြားနေရ၏။

နားစိုက်ထောင်လိုက်သော တစ်ခဏအတွင်း၌ပင် ပို၍ပီပြင်လာသလိုပင် ကြားနေရချေ၏။ ကိုဝင်းအောင်တို့လည်း ထိုနည်းအတူ။

ကျွန်တော်က ကိုဝင်းအောင်အား . . .

'သိပ်တော့အဝေးကြီးမဟုတ်ဘူး . . .တောဆင်အုပ်က ရွာတစ်ရွာရွာကို ဝင်ဖျက်နေတာပဲဖြစ်မယ်'

'ဟုတ်တယ်ဗျ...ညကလည်းဖြစ် ကျွန်တော်တို့မှာ ကလည်း လက်နက်ကမပါတော့ ဘာမှမတတ်နိုင်ဘူး . . .'

ကိုဝင်းအောင်၏ အလုပ်သမားတစ်ယောက်က . . .

'အဲဒီဘက်မှာ ဘာရွာမှမရှိဘူးဆရာ . . ဆင်စခန်းတွေလည်းမရှိ ဘူးဆရာ . .ဟိုတစ်လောကတင် ဆုံမှတ်ကိုသွားရင်း အဲဒီနေရာတွေ ရောက်ခဲ့သေးတယ်'

ကိုဝင်းအောင်က စဉ်းစားဟန်ပြုပြီး . . .

'အင်း . .မစဉ်းစားတတ်တော့ဘူး ကျွန်တော်တို့ခရီးကလည်း အဲဒီဘက်ကိုသွားမှာဆိုတော့...ရောက်မှပဲ လိုအပ်သလို အကူအညီပေးရုံပေါ့ . .မနက်စောစော . .အမြန်သွားမှဖြစ်မယ်'

အော်သံဟစ်သံများကလည်း မိန်းမအသံ ကလေးအသံများကိုပါ ကြားနေရ၏။ ကျွန်တော်တို့လည်း ထမင်းပင်မစားနိုင်တော့ဘဲ စိတ်မကောင်းစွာဖြင့် နားစွင့်နေရပေ၏။ အားလုံးကလည်း အသံကြားရာမှ ဒုက္ခသည်တွေအားလုံးအတွက် ခန္တရာယ်ကင်းစေရန် ဆုတောင်းပေးနေကြလေ၏။

အသံက မကျယ်လောင်သော်လည်း အော်သံဟစ်သံတို့ကို သဲသဲကွဲကွဲ ကြားနေရလေ၏။ တစ်ခဏကြာသောအခါ စောသာဒီးကသူ၏ ရိုင်ဖယ်သေနတ်ကိုကိုင်၍ တောင်ကုန်းစပ် အမှောင်ထဲသို့တိုးဝင်သွားလေ၏။

ကျွန်တော်က ကိုဝင်းအောင်ဘက်သို . .

'ကိုဝင်းအောင် စောသာဒီးက အဲ့ဒီနေရာကိုသွားမလို့နဲ့ တူတယ် . .အမှောင်ထဲမှာ . .လက်နက်အင်အားလည်းမရှိဘဲနဲ့ အန္တရာယ်များလှတယ်'

ကိုဝင်းအောင်ကလည်း စောသာဒီးကို လှမ်း၍ . . .

'ဟေ့ . .ဟေ့ . .စောသာဒီး ဘယ်လဲ . .'

စောသာဒီးက ဦးဝင်းအောင်အား နောက်မလှည့်ဘဲ လက်ထောင်ပြကာ ကုန်းစပ်သို့ဆက်ကာ တိုးဝင်သွားလေ၏၊ ကိုဝင်းအောင်နှင့် ကျွန်တော်တို့က သူ့အခြေအနေကို လှမ်းကာ အကဲခတ်နေလိုက်၏။

တောင်ကုန်းစပ်သို့ ရောက်သောအခါ စောသာဒီးက အသံလာရာ ဘက်သို့ မျက်နှာပြု၍ လက်ထဲမှ ရိုင်ဖယ်သေနတ်နှင့် ချိန်ကာ . . .

'ဒိုင်း . . .'

'ဒိုင်း . . .'

နှစ်ချက်ဆင့်ကာ ပစ်လိုက်လေ၏။ ကော်ဒိုက်ယမ်း၏ ပေါက်ကွဲသံက ကျယ်လောင်စွာမြည်ဟီးသွား၏။ တစ်တောလုံး မြည်ဟီးကာ ပုံတင်ထပ်သံတို့ အဆုံး၌ အိပ်တန်းတက်နေကြသော ငှက်များကလည်းလန့်၍ ထပျံကာ အော်ဟစ်ကုန်ကြ၏၊ မျောက်အော်သံများ၊ တောကောင်တို့ လန့်ဖျပ်၍ပြေးလွှားသံများ ကလည်း တစ်တောလုံး ဆူညံသွားလေ၏။

ဆယ့်ငါးမိနစ်ခန့်ကြာမှ အသံများက ငြိမ်သက်သွားပြန်၏၊ တစ်တောလုံး ငြိမ်သက်သွားသောအခါ စာစောကကြားနေရသော





ဆင်အော်သံများ၊ ရွာသားများ၏ အော်ဟစ်အကူအညီတောင်းသံ များလည်း လုံးဝမကြားရတော့ချေ။

သေချာစွာနားစိုက်ထောင်သော်လည်း တောကတိတ်ဆိတ် လျက်၊ တစ်ချက်တစ်ချက် ရှူးရှူစွာအော်သော ပုစဉ်းရင်ကွဲသံသာ ကြားရတော့၏။

စောသာဒီးက ကျွန်တော်တို့ဘက်သို့လျှောက်လာကာ...

'ကျွန်တော်လည်း အဟုတ်မှတ်လို့ စိတ်မကောင်းဖြစ်နေတာ ကျွန်တော့် အပါးပြောဖူးတာကို သွားသတိရလိုက်လို့ ဆော်ထည့် လိုက်တာ ကွက်တိပဲ . . .'

စောသာဒီး၏စကားကို ကျွန်တော်တို့ကနားမလည်။ ကိုဝင်းအောင်က . . .

'စောသာဒီးရဲ့အဖေက မုဆိုးကြီးပဲ ဒီရိုးမတောတစ်လျှောက် ယဉ်စဉ်ထဲက အမဲလိုက်နေတာ . .ဒီတောရဲ့အကြောင်းကို ဘယ်နေရာမှာ ဘာရှိတယ် . .ဘာဖြစ်တတ်တယ်ဆိုတာ ဂဃနဏ သိတယ်...စောသာဒီးကလည်း ဒီတောရဲ့အကြောင်းကို ကျွန်တော် ထက်ပိုသိတယ် ဒါကြောင့် ကျွန်တော်တောတက်ရင် စောသာဒီး ကိုပဲ အမြဲခေါ်နေကျ'

ကိုဝင်းအောင်၏ စကားအဆုံး၌ ကျွန်တော့်သူငယ်ချင်း လှအောင်က

'ဒါဆို စောစောက တောခြောက်တာပေါ့'

စောသာဒီးက . . .

'ဟုတ်တယ်ဗျ တောခြောက်တာ အကယ်၍များ ကျွန်တော် တို့က အကူအညီပေးဖို့ ညအမှောင်ထဲမှာထွက်သွားရင် မျက်စိ လည်မယ် ... လမ်းပျောက်မယ် ...လှုစုကွဲမယ် ... ပြီးတော့သားရဲ တိရစ္ဆာန်တွေ အန္တရာယ်ပြုတာခံရမယ် အမျိုးမျိုး ဒုက္ခရောက် နိုင်တာပေါ့ဗျာ'

စောသာဒီး၏ စကားကြောင့် ကျွန်တော်လည်း ကြက်သီး

ထသွားလေ၏။ ကိုယ့်အလှည့်ရောက်လာသော ရမ်ခွက်ကိုပင် မယူရဲတော့ဘဲ ငေးကြောင်၍သာကြည့်နေမိတော့၏။ ကိုဝင်းအောင်က . .

'သောက်မှာသာသောက်လိုက်ပါဗျာ . .ပြဿနာမရှိပါဘူး ဒါမှ တစ်ကိုယ်လုံးကိုက်ခဲ ပင်ပန်းနေတာပျောက်သွားမှာ'

ထိုညက ကျွန်တော်လည်း တော်တော်နှင့်အိပ်၍မပျော်။ မီးပုံဘေးတွင် ဝိုင်းစုကာ မြေပြင်ပေါ်၌အင်ဖက်များတာလပတ်များ ခင်းကာအိပ်ကြ၏။

ကိုဝင်းအောင်နှင့် စောသာဒီးတို့က ကင်းစောင့်ကြလေ၏။ ကျွန်တော်လည်း အိပ်မပျော်မည့်အတူတူ သူတို့နှစ်ဦးနှင့်ထိုင်ကာ စကားပြောနေဖြစ်လေ၏။

တောသဘာဝမို့ တောကောင်တို့၏ အသံတို့ကား တစ်မျိုးပြီးတစ်မျိုး တစ်သံပြီးတစ်သံကြားနေရ၏။ ကျားများအစာရှာရင်း အော်သည့်ကျား'တစ်'သံ၊ တောဝက်တို့အစာလုသံ၊ ဒီးဒုတ်၊ လင်ကောင်ပိုးအော်သံ စသည်တို့ကိုကြား နေရလေ၏။

ကိုဝင်းအောင်တို့ စောသာဒီးတို့ကလည်း ဒီအသံက ဘာအကောင်၊ ဟိုအသံက ဘာအကောင်ဆိုတာကို ခွဲခြားကာရှင်းပြလေ၏။ ကျွန်တော်လည်း နံနက်လေးနာရီထိုး ခါနီးမှ မှေးခနဲတစ်ချက် အိပ်ပျော်သွားတော့လေ၏။

နံနက်ခုနစ်နာရီထိုးတော့ ခရီးဆက်ခဲ့ကြပြန်လေ၏။ ညက စခန်းချရာ တောင်ကုန်းပေါ်မှဆင်း၍ ဆင်သွားလမ်းအတိုင်း ဆက်ခဲ့ကြ၏။ ဆင်သွားလျှင် လမ်းဖြစ်ဟူသော စကားပုံအတိုင်း မနေ့ကဆင်သွားခဲ့သော လမ်းတစ်လျှောက် သစ်ပင်ငယ်၊ ဝါးပင်များ ချုံနွယ်များကား ကျိုးကြေပိပြားနေကြလေ၏။

မနေ့ညဦးပိုင်းက ဆင်များဖျက်ဆီး၍ အော်ဟစ်အကူအညီတောင်း သောနေရာ၌လည်း ဘာရွာမှမတွေ့ရ စောသာဒီး ပြောသည့် တောခြောက်သည် ဟုဆိုသည်မှာသေချာ၏။ တစ်နေ





ရာအရောက် စောသာဒီ က ကိုဝင်းအောင်အား လှမ်း၍ . .

'ဆရာ . .ဒီမှာလာကြည့်ပါဦး . . .'

စောသာဒီး လက်ညှိုးညွှန်ပြရာနေရာသို့ ကြည့်လိုက်မိ၏။ ဆင်သွားလမ်းပေါ်မှ လူတစ်ရပ်ခန့်ရှိသော တောင်ပို့ကြီးတစ်ခု။ ဆင်များအစွယ်နှင့်ထိုး ခွာနှင်သက်၍ မွစာကြနေ၏။

အသက်သုံးဆယ်ကျော်ခန့် အလုပ်သမားတစ်ဦးက ဒီနေရာမှာ သူတို့နှိုစိုးသားအရွယ်လောက်က ရွာကြီးတစ်ရွာရှိခဲ့ဖူးကြောင်း၊ ထိုရွာမှာ တစ်ရွာလုံး တောဆင်ရိုင်းများဖျက်၍ ပျက်ခဲ့ရကြောင်း ပြောပြလေ၏။

ပို၍ထူးဆန်းသည်က ထိုနေရာတစ်ဝိုက်တွင် ပုတ်သင်ညို အသေကောင်လေးများကမနည်း။ အားလုံးလိုလိုက ပြားချပ်ကာ ကလီစာများထွက်၍ သေနေကြလေ၏။

ကျွန်တော်လည်း ငယ်စဉ်ကကြားဖူးခဲ့သော ကျတ်ပုံပြင်အား သတိရမိ၏။ ကျတ်သေရင် ပုတ်သင်ညိုဖြစ်သည်ဆိုတာ တကယ်များလားဟု တွေးမိလေတော့၏။

ဟိန်းထက်နေဇော်